www.burmeseclassic.com

# မောင်ဝံသ

## ရွှေနေကြီး ပယ်ရီမေဆင် နှင့် လျှို့ဝှက်သော စာရေးဆရာမအမှု

The Case of
THE MYTHICAL MONKEYS
By
Earl Stanley Gardner



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


မှုခင်းစုံထောက်နှင့် ဥပဒေပညာပေး

# မောင်ဝံသ

# ရှေ့နေကြီး ပယ်ရီမေဆင် နှင့် လျှို့ဝှက်သော စာရေးဆရာမ အမှု

## THE CASE OF THE MYTHICAL MONKEYS

By - Earl Stanley Gardner

စီစဉ်သူ - ရည်မွန်ဦး

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုချက် | ◆ ၃၆၁/၂၀၀၄(၄) |
| မျက်နှာဖုံးခွင့်ပြုချက် | ◆ ၄၆၈/၂၀၀၄(၅) |
| မျက်နှာဖုံးပန်းချီ | ◆ ကိုကိုနိုင် |
| ကွန်ပျူတာစာစီ | ◆ ငွေတောင်တန်း D.T.P<br>အမှတ်(၂၀၉)၊ ၃၉-လမ်း။<br>ကျောက်တံတားမြို့နယ်။ |
| ပုံနှိပ် | ◆ ဦးကျော်လှိုင် (မြ - ၀၅၅၇၃)<br>စေတနာအော့ဖ်ဆက်<br>အမှတ်(၅၉)၊ ၁၉ လမ်း။<br>လသာမြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းဖလင် | ◆ ကိုဦးနှင့် ညီများ |
| ထုတ်ဝေသူ | ◆ ဦးခင်မောင်သိန်းဆွေ<br>သလ္လာဝတီစာပေ(မြ-၀၇၄၇)<br>တိုက်(၂၄၀)၊ ၂၅ ရပ်ကွက်၊<br>ဓမ္မသုခလမ်း၊ သုဝဏ္ဏ |
| ထုတ်ဝေသည့်ကာလ | ◆ ၂၀၀၄ ခုနှစ် ဖွန်လ။<br>(ဒုတိယအကြိမ်) |
| အုပ်ရေ | ◆ ၅၀၀ |
| တန်ဖိုး | ◆ ၁၀၀၀ ကျပ် |


BURMESE CLASSIC

## ရည်ညွှန်းချက်

✿ တရားဥပဒေကြောင်းနှင့် ဆက်စပ်သက်ဆိုင်သော ဆေးပညာ၏ လူ့ဘဝ၌ အရေးပါမှုအခန်းကဏ္ဍကို သာမန်လုပ်သားပြည်သူတို့ သိပ်သတိထား မိကြပုံမရ။

ထိုကဲ့သို့သော ဆေးပညာရှင်တို့သည် ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရ သေဆုံးသူများ၊ သို့မဟုတ် ဘာကြောင့် သေဆုံးမှန်း မသိရသေးသူများ အကြောင်း၊ ဖြစ်သည့် အမင်္ဂလာလုပ်ငန်းခွင်၌ လေ့လာကြရသူများ ဖြစ်သော် လည်း၊ ယင်းပညာရှင်တို့၏ ထိုသို့လေ့လာတွေ့ရှိချက်များကိုမူကား လူသား တို့၏ အသက်ပေါင်းများစွာကို ကယ်တင်ခဲ့ယုံမျှမက နောင်တွင်လည်း ကယ်ဆယ်သွားဦးမည်သာ ဖြစ်သည်။

ဤနေရာတွင် လူသတ်မှုမှန်းမသိအောင် လူသေကို ခွဲစိတ်လေ့လာမှု မပြုနိုင်သည့် အရပ်ဒေသ လူ့အဖွဲ့အစည်းအတွင်း ဖော်ထုတ်နိုင်ခြင်းမရှိခဲ့သော လူသတ်မှုများ အဘယ်မျှ ရှိနေခဲ့ကြောင်း ပြဿနာရပ်မှာ စိတ်ဝင်စားဖွယ်ရာ ဖြစ်လာသည်။ အချေအတင် ငြင်းခုံဆွေးနွေးဖွယ်ရာလည်း ဖြစ်လာသည်။

လွန်ခဲ့သောနှစ် အနည်းငယ်အတွင်းခန့်က အထက်ပါ ဆေးပညာ

www.burmeseclassic.com

www.burmeseclassic.com

သည် ကဏ္ဍတစ်ရပ်အနေဖြင့် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ထို့ကြောင့် ထိုဆေးပညာရပ်၏ အရေးပါမှု အကြောင်းကိုလည်း အများပြည်သူတို့ ပိုမိုနားလည်လာခဲ့ကြကုန်သည်။ ထိုကဲ့သို့ ပိုမိုနားလည်လာနိုင်ကြခြင်းမှာ ထိုဆေးပညာရပ် နယ်ပယ်အတွင်းရှိ ဦးဆောင်ပညာရှင်များ၏ စွမ်းစွမ်းတမံ ကြိုးပမ်းမှုကြောင့် ဖြစ်ပေသည်။ ထိုပညာရှင်များသည် အသက်မွေးဝမ်းကြောင်း ပညာရပ်အပေါ် ဘဝပါ မြှုပ်နှံထားခဲ့ကြသောကြောင့်လည်း ဖြစ်သည်။

ဥပမာအဖြစ် ကျွန်ုပ်၏ မိတ်ဆွေကြီး ဒေါက်တာဂျိုးဇက်ဆိုပါလျှင် အမ်ဒီခေါ် ဆေးပညာဘွဲ့ပင်မက အဲလ်အဲလ်ဘီခေါ် ဥပဒေပညာဘွဲ့ပါ ရရှိထားသူ ပုဂ္ဂိုလ်ကြီးဖြစ်သည်နှင့်အညီ အထက်ပါ ပညာရပ်ဘက်၌ ထူးချွန်ခဲ့သူဖြစ်ကြောင်း ထောက်ပြလိုပေသည်။ ဒေါက်တာဂျိုးဇက်သည် အမေရိကန်ပြည်ထောင်စု တက္ကဆပ်ပြည်နယ် ဟူစတန်မြို့ရှိ ကျန်းမာရေးရုံး၌ တရားဥပဒေရေးရာ ဆေးပညာရှင်အဖြစ် အမှုထမ်းခဲ့သူ ဖြစ်သည်။

ဒေါက်တာဂျိုးဇက် တာဝန်ထမ်းဆောင်ခဲ့ပုံကိုလည်း ကြည့်ပါ။ အခြားပုဂ္ဂိုလ် ၄–၅ ဦး ရုံးအားရက် အနားယူရက်များ၌ ရက်အားယူပြီး အလုပ်လုပ်ကြသော စံနှုန်းနှင့်ညီမျှသည်အထိ တစ်ဦးတည်း ရက်အားမယူ၊ တစ်ပတ် ၇–ရက် အလုပ်လုပ်ခဲ့သူ ဖြစ်သည်။ ခွင့်ရက်ရှည် အနားယူမှုမျိုး သူ့အဘိဓါန်တွင် မရှိ။ ထို့ကြောင့် သူသည် သူ့လုပ်ငန်းတာဝန်အတွက် ကိုယ်ကျိုးစွန့်ဆောင်ရွက်ခဲ့ရုံမက သူ့မိသားစုကပါ သူ့လုပ်ငန်းတာဝန်အတွက် ကိုယ်ကျိုးစွန့်ကူညီခဲ့ကြရသည်။ ထို့ကြောင့်လည်း ဒေါက်တာဂျိုးဇက်၏ ဇနီးနှင့်သားသမီးများသည် တရားဥပဒေရေးရာ ဆေးပညာရှင်တို့၏ မိသားစုဘဝနှင့်အညီ လူမှုရေးဘဝ လူမှုဆက်ဆံရေးပိုင်း၌ ဆုံးရှုံးအနစ်နာ ခံခဲ့ကြရကြောင်း ကြိမ်ဖန်များစွာ ကျွန်ုပ်ကိုယ်တိုင် ကြုံတွေ့ဖူးသည်။ ညနေအချိန်မရွေး တယ်လီဖုန်းသံများကို မိသားစုက နားရည်အကျင့်ရထားကြပြီး ဖြစ်သည်။ စနေ၊ တနင်္ဂနွေနေ့များဆိုပါက အားလပ်ရက်၌ ဖြစ်ပွားသော မတော်တဆမှုများကြောင့် အသေအဆုံး ပိုများပေရာ သူ့မိသားစုမှာ ခါတိုင်းနေ့ရက်များထက် ပိုအလုပ်များတတ်ရ၏။

ထိုမျှ အလုပ်များကြသည့်တိုင် ထိုမိသားစုတို့သည် လိုလိုလားလား ကိုယ်ကျိုးစွန့်လျက် ကူညီခဲ့ကြချေ၏။

တရားဥပဒေရေးရာ ဆေးပညာရှင်ဟူသည် ဆေးရုံလုပ်ငန်းခွင်ကျွမ်းကျင်ရုံမျှမက ရာဇဝတ်မှုတို့၏ သဘောသဘာဝကိုလည်း ကျွမ်းကျင်ရချေသည်။ သူ၏ လစာမှာ ဆေးရုံ၌ တာဝန်ထမ်းရသော ဆရာဝန်ထက် အများကြီးနည်းပါးသည့်တိုင် သူ့လုပ်ငန်းတာဝန်ပိုင်းမှာကား အိပ်ချိန်ဟူ၍ပင် တသီးတခြား သတ်မှတ်မထားနိုင်လောက်အောင် ညကြီးမင်းကြီး အိပ်ရာမှ နိုးလာပြီး ရာဇဝတ်မှု ဖြစ်ပွားရာ အခင်းဖြစ်ပွားရာအထိ အပြေးအလွှား ကိုယ်တိုင်လိုက်ပေးရသည်များပင်ရှိသည်။ ထို့ကြောင့် ထိုကဲ့သို့သော ပညာရှင်များ၏ ကျေးဇူး ကျွန်ုပ်တို့အပေါ် မည်မျှကြီးမားလှကြောင်း ကျွန်ုပ်တို့ ယခုပိုမို တန်ဖိုးသိလာချိန်မျိုးတွင်မှ ထိုပညာရှင်တို့၏ လစာ ပိုမိုကောင်းလာနိုင်ဖွယ်ရှိပြီး အလုပ်ချိန်ကိုလည်း အတိုင်းဖြင့် သတ်မှတ်ပေးနိုင်ကြဖွယ် ရှိချေသည်။ ယနေ့မှာမူကား ထိုကဲ့သို့ ကျွမ်းကျင်သူများ နည်းလှသေးပေရာ အပင်ပန်းခံကြရဦးမည်သာ ဖြစ်သည်။

ဒေါက်တာဂျိုးဇက်အကြောင်း ပြန်ဆက်ရလျှင် သူကိုယ်တိုင် ကိုင်တွယ်ဆောင်ရွက် ပြသခဲ့သော လက်တွေ့မှုခင်းအချို့တို့သည် ကျွန်ုပ်ရှင်းပြဆွေးနွေးမှုထက် ပိုမိုထိရောက် လက်တွေ့ကျသည်။ ဥပမာတစ်ခုအဖြစ် အသက် ၃၇–နှစ်အရွယ် အမျိုးသားတစ်ဦး အိပ်ရာထဲတွင် နှလုံးရောဂါဟု ယူဆရသော ရောဂါကြောင့် သေဆုံးမှုကို တင်ပြလိုသည်။ ထိုအမျိုးသားသည် မိန်းမရှာဆန်သူဟူသော အချက်မှလွဲ၍ အခြားမသင်္ကာဖွယ်ရာ အချက်ဟူ၍ မတွေ့ကြရ။ ပုံမှန်အခြေအနေ တစ်စုံတစ်ရာကိုလည်း မတွေ့ရ။ သို့သော် သေသူကို ခွဲစိတ်ဖြတ်တောက် လေ့လာကြည့်သောအခါတွင်ကား လည်ပင်း၌ ဒဏ်ရာတစ်ခုရရှိပြီး ကွယ်လွန်ခြင်းဖြစ်ကြောင်း သိလာရသည်။ သာမန်ကြည့်လျှင် ဒဏ်ရာမှာ မမြင်သာချေ။ ထိုကဲ့သို့သော ဒဏ်ရာမျိုးကြောင့် သေဆုံးခြင်းဖြစ်ကြောင်း သိလိုက်ရပြီး နောက်ပိုင်းတွင်ကား ထိုတရားခံကြောင့်ပင် ယခင် ၆–လအတွင်း အခြားနှစ်ဦးလည်း အလားတူ ဒဏ်ရာမျိုးဖြင့် သေဆုံးခဲ့ဖူးပြီး အခြားပြည်နယ်တစ်ခု၌ အလားတူ ဒဏ်ရာဖြင့် ၁၀–ဦးခန့် ရှိခဲ့ကြောင်း သိလာရ၏။ ထိုဒဏ်ရာ၏ လက်သည်ကို ဖော်ထုတ်နိုင်ခြင်းမှာ ဒေါက်တာ ဂျိုးဇက်၏ ပညာရပ်ကြောင့်ဟု ဆိုနိုင်သည်။ ယခင်ကဆိုသော် လူသတ်မှု အတော်များများကို ဖော်ထုတ်နိုင်ခြင်း လုံးဝမရှိခဲ့ချေ။ သို့ဖြင့် ဒေါက်တာဂျိုးဇက်၏ ပညာရပ်

www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ရာ ကျွမ်းကျင်မှုကြောင့် အခြား လူသတ်မှုအများကို ကြိုတင် ကာကွယ်နိုင်ခဲ့သည်ကိုလည်း ဤဥပမာအရ သိနိုင်သည်။

အခြားမှုခင်းတစ်ခုမှာ မိန်းကလေးတစ်ဦး ခြံထဲတွင် ဆော့ကစားနေစဉ် ရုတ်တရက် တုန်လှုပ်ချောက်ချားသွားပြီး သေဆုံးသွားမှုဖြစ်၏။ ရင်ခွဲရုံ၌ ခွဲစိတ်စစ်ဆေးတော့မှ ထိုကလေးမကို စောစောပိုင်းက ဆွေမျိုးတစ်ဦးက ရိုက်နှက်ဆုံးမခဲ့ရာ၌ လည်ပင်းအကြော လွဲသွားခဲ့ကြောင်း တွေ့ရသည်။ ထိုအကြောလွဲမှုကြောင့် ခဏအကြာ၌ တုန်လှုပ်ချောက်ချား ဖြစ်လာလျက် ရုတ်တရက် သေဆုံးသွားခြင်း ဖြစ်သည်။ ရင်ခွဲစစ်ဆေးခြင်း မရှိက ထိုအဖြစ်ကို သိနိုင်ဖွယ် မရှိချေ။

အခြားဥပမာတစ်ခု ရှိသေး၏။ ဒဏ်ရာမဲ့ သွေးထွက်မဲ့ သေဆုံးနေသော အမျိုးသားတစ်ဦး အမှုဖြစ်သည်။ သာမန် ဆရာဝန်တစ်ဦးက နှလုံးရောဂါကြောင့် သေဆုံးခြင်းဟု သတ်မှတ်သည်။ သို့သော် ဒေါက်တာဂျိုးဖက်က မကျေနပ်သဖြင့် ရင်ခွဲရုံ၌ စစ်ဆေးရာတွင် ရင်ဘတ်တွင် ဘားမြှောင်နှင့် အထိုးခံရသကဲ့သို့သော ဒဏ်ရာမျိုး တွေ့ရသည်။ ရေခဲဆွ ပေါက်ချွန်းဖြင့် ပေါက်သတ်ခဲ့ခြင်းဖြစ်သည်။ ရဲအဖွဲ့က ထိုအချက်အပေါ် အခြေခံစုံစမ်းခဲ့ရာ တရားခံအမျိုးသမီးကို ဖော်ထုတ်နိုင်ခဲ့၏။ အလားတူနည်းဖြင့် အခြားပြည်နယ်၌ လူနှစ်ဦးကို သတ်ခဲ့ကြောင်း အစစ်ခံသည်။ ထိုအမှုနှစ်ခုလုံးကို ရဲအဖွဲ့ဝင်တို့ပင် လူသတ်မှုဟု မယူဆခဲ့ကြကုန်။ ဤကား ဒေါက်တာဂျိုးဖက်၏ ကျွမ်းကျင်သူ ဆေးပညာရှင်တို့သည် အခြားသက်ရှိ လူသားအများအပြား၏ အသက်ဘေးကို ကြိုတင်ကာကွယ်ပေးနိုင်ကြကြောင်း။ ပြောမဆုံး ရှိတော့မည်။ ထို့ကြောင့် သာမန်လုပ်သားပြည်သူတို့သည် တရားဥပဒေရေးရာ ဆေးပညာအကြောင်း ထိတွေ့သိထားသင့်သည်။ ထိုဆေးပညာရပ်က မိမိတို့ဘဝအတွက် အဘယ်ကဏ္ဍမှ အကျိုးပြုလျက်ရှိကြောင်းလည်း သိထားသင့်ကြသည်။

ထို့ကြောင့် ယခု ဤစာအုပ်ရေးသားရာ၌ ကျွန်ုပ်သည် ကျွန်ုပ်၏ မိတ်ဆွေကြီး ဒေါက်တာဂျိုးဖက်(အမ်ဒီ၊ အဲလ်အဲလ်ဘီ)အား ရည်ညွှန်း ဦးညွှတ်လိုက်ရပါကြောင်း . . . . . ။

အားလ်စတင်လေဂဒ္ဒနာ
**Earl Stanley Gardner**

# အခန်း(၁)

✿ 'ဂလက်ဒီဗွိုင်းလ်'သည် စာရေးဆရာမကြီး 'မိုဗီနိုင်းလ်မီ'၏ အတွင်းရေးမှူးအဖြစ် ဇန်နဝါရီလဆန်းကတည်းက အလုပ်စဝင်ခဲ့သည်။ ယနေ့ ဖေဖော်ဝါရီလ ၆–ရက်နေ့တွင် လုပ်သက် တစ်လတင်းတင်း ပြည့်ပြီဖြစ်၏။ သို့သော် သူ့အလုပ်ရှင် စာရေးဆရာမကြီး မိနှင့် ပတ်သက်၍ 'ဘုမသိ ဘမသိ' အခြေအနေသာ ရှိသေးသည်။ မိသည် ဘယ်သို့သော မိန်းမစားမျိုးဖြစ်ကြောင်း ရေရေရာရာ မသိရသေးဟု ဆိုလိုသည်။

အတွင်းရေးမှူးတစ်ယောက် အနေဖြင့်ကား စာရေးဆရာမကြီးမိထံ စာအမြောက်အမြား ရောက်လာသည်ကိုလည်း တွေ့ရသည်။ ဧည့်သည် အများအပြား လာကြသည်ကိုလည်း တွေ့ရပါ၏။ သို့သော် အရောင်းရတွင်ကျယ်လှသော စာအုပ်တစ်အုပ် မကြာမီကမှ ထွက်ခဲ့သည့် ကျော်ကြားလှသော ဤစာရေးဆရာမကြီး၏ အတွင်းရေးမှူးလည်းဟုတ်၊ အဖော်သဟဲလည်းဟုတ်၊ အထွေထွေလက်ထောက်လည်း ဟုတ်သော တာဝန် မျိုးစုံ ထမ်းဆောင်ပေးနေရသော ဂလက်ဒီကဲ့သို့ မိန်းမဖော်တစ်ဦးအဖို့ စာရေးဆရာမကြီး မိ၏ ကိုယ်ရေးဘဝအကြောင်း ယခုအချိန်တွင် အဖော်ကလေး



www.burmeseclassic.com

www.burmeseclassic.com



တော့ တီးမိခေါက်မိ သိထားသင့်ပြီဖြစ်သည်။

မိသည် သူ့အတွင်းရေးမှူးပင် ဘာမျှမသိနိုင်လောက်အောင် ဤမျှအထိ တစ်သီးတစ်ခြား နေတတ်ချေသည်တကား။ ဤကား ဂလက်ဒီ၏ ခံစားရချက်ဖြစ်သည်။

မိနှင့် ဂလက်ဒီတို့ ရေစက်ဆုံခဲ့ရပုံမှာလည်း လော့စ်အိန်ဂျယ်လိမြို့ကြီး၏ ကြေးကြီး တိုက်ခန်းကျယ်တစ်ခုတွင် မိက လာရောက်ငှားရမ်းနေထိုင်ပြီးနောက် အတွင်းရေးမှူး၊ အထွေထွေလက်ထောက်နှင့် မိန်းမဖော်အဖြစ် အတူလာရောက် နေထိုင်သူ အမျိုးသမီးတစ်ဦး အလိုရှိသည်ဟု ကြော်ငြာခဲ့ရာမှ မိနှင့် ဂလက်ဒီ တို့ ဆုံဆည်းရခြင်း ဖြစ်သည်။ မိ လိုချင်သော အတွင်းရေးမှူး အရည်အချင်းများတွင် နှုတ်လုံပြီး ဆက်ဆံမှု ပါးနပ်လိမ်မာရမည်။ အသက် ၂၂–နှစ်ထက် မငယ်ရ၊ ၂၄–နှစ်ထက်လည်း မကြီးရ၊ ကြည့်ပျော်ရှုပျော်ရုပ်ရည်နှင့် ကိုယ်လုံးကိုယ်ပေါက်ရှိရမည်။ အတွင်းရေးမှူး အတွေ့အကြုံ ရှိရမည် စသော အချက်အလက်များအတိုင်း ဂလက်ဒီက မိကို ဆက်သွယ်ခဲ့ရာမှ ဆုံဆည်းမိလာခြင်းပင် ဖြစ်သည်။

အလုပ်ဝင်စဉ်ကတည်းက မိ က အတိအကျ လုပ်ငန်းစည်းကမ်းများကို ပြောပြထား၏။ လုပ်ငန်းတာဝန်မှာ ၂၄–နာရီ အချိန်ပြည့် ဖြစ်သည်။ မိ၏ တိုက်ခန်းကျယ်ကြီးထဲတွင်ပင် ထောင့်ဘက်ရှိ အိပ်ခန်းတစ်ခန်း ဂလက်ဒီအတွက် သီးသန့်ပေးသည်။

သို့ဖြင့် စတင်တွေ့ဆုံပြီး နောက်တစ်နေ့၌ ဂလက်ဒီတစ်ယောက် အလုပ်စတင်ရလေတော့သည်။

လုပ်ငန်းတာဝန်များမှာ စာတိုစာရှည်များ ရေးသားပြန်ကြားရခြင်း၊ ကြေးနန်းရိုက်ပေးရခြင်း၊ တယ်လီဖုန်း လက်ခံပြောကြားရခြင်း၊ ကျော်ကြားမှုအတွက် စာနယ်ဇင်းသမားများနှင့် တွေ့ဆုံပွဲများကို စီစဉ်ပေးရခြင်းမှသည် မိ တစ်ယောက် တွေ့လိုသူနှင့်သာ တွေ့ပြီး၊ မတွေ့လိုသူများနှင့် မတွေ့နိုင်စေရန် စီစဉ်ပေးရခြင်းအဆုံး အားလုံးပါဝင်၏။

မိအကြောင်း သတင်းစာများတွင် စာပေသတင်း ကဏ္ဍများ၌ ဖော်ပြနေကြသော သတင်းများအဆိုအရ မိသည် စာအုပ်သစ်တစ်အုပ်ကို နောက်ထပ်ရေးသားနေပြီဖြစ်၍ အလုပ်ရှုပ်နေသည်ဟု ဆိုသော်လည်း စာအုပ်အသစ်





ရေးသားနေသည့် ပုံစံကိုကား တစ်ချက်လေးမျှ ဂလက်ဒီမတွေ့ရသေး။

ဂလက်ဒီသည် မိ၏ နောက်ကြောင်းနှင့် ပတ်သက်၍လည်း များများစားစား မသိရသေး။ မိ ၏ အရောင်းရ တွင်ကျယ်လှသော နောက်ဆုံးထုတ်စာအုပ်(ယောကျ်ားသားဆို နုပ်နုပ်စဉ်းပစ်) ပါ အချက်အလက်များကို စူးစမ်းလျှင်ကား မိ၏ ဘဝအတွေ့အကြုံနှင့် သဘောထားများကို အတန်အသင့် သိနိုင်ဖွယ်ရှိမည်ဖြစ်၏။

ယင်းဝတ္ထု၏ ဇာတ်လမ်းသဘောမှာ မြို့ငယ်တစ်မြို့မှ မိန်းကလေးတစ်ဦး မြို့ကြီးရောက်သွားရာမှ ဘဝမျိုးစုံ ကျင်လည်ခဲ့ပြီး နောက်ဆုံးတွင် မူးယစ်ဆေးစွဲလျက် ပျက်စီးစပြုနေစဉ် မူးယစ်ဆေး စရိတ်စကအတွက် ပြဿနာပေါ်နေရပုံအကြောင်း တစ်စိတ်တစ်ဒေသ ဖော်ပြထား၏။ ထိုအချိန်တွင် ထိုကလေးမ၏ အလှကြောင့် အမျိုးသားတစ်ဦးက တန်းတန်းစွဲ ဖြစ်လာခဲ့သည်။ မိန်းကလေး ဆေးစွဲနေမှန်းကို သိရသောအခါ ချစ်သူကို ဆေးစွဲဘဝမှ ကယ်တင်ပုံနှင့် နောက်ဆုံး ‘မူးယစ်ဆေးရအောင် လုပ်ပေးသူမှန်သမျှ အသတ်ခံရမည်ဟု ချစ်သူလူမိုက် မြေအောက်ဂိုဏ်းသားက ကြေငြာခဲ့ပုံ’ စသည်လည်း ပါဝင်၏။

ဆေးစွဲနေသူ ကလေးမ၏အလှသည် ရှေ့နေကြီးတစ်ဦးကိုလည်း ဖမ်းစားနိုင်ခဲ့သေးသည်။ ထိုရှေ့နေမှာ ဩဇာကြီးမားသူတစ်ဦး ဖြစ်လေသည်။ ထိုဩဇာကြီးမားသူကို မမျှော်လင့်သော တစ်နေရာ၌ ဆုံဆည်းရပုံလည်း ဇာတ်လမ်းထဲ၌ ပါနေ၏။

ဇာတ်လမ်းပါ ဇာတ်ကောင်တို့၏ နောက်ကြောင်းဖော်ပြချက်များတွင် လူငယ်လူရွယ်တို့၏ စိတ်ကူးစိတ်သန်းအကြောင်း ကိုယ်တိုင် တွေ့ခဲ့ဖူးသည့်အလား မိက ပယ်ပယ်နယ်နယ်ဖော်နိုင်သူ ဖြစ်၏။ ထိုစာအုပ်ပါ ချစ်ခြင်းမေတ္တာ ဖွဲ့ဆိုမှု အခန်းများကလည်း မည်သူကမျှ ဝေဖန်စရာ မလိုလောက်အောင် ခိုင်မာလှသည်။ တကယ့်အဖြစ်အပျက်ဟုပင် ထင်မှတ်ထိုက်ကြောင်းဖြင့် ဝေဖန်ရေးဆရာတစ်ဦးက ရေးသားခဲ့ဖူး၏။

ဤကား မိ အကြောင်း သူ့စာအုပ်ပါ ဇာတ်ဆောင်တို့၏ စရိုက်ဖော်ပြချက်အပေါ် အခြေပြုလျက် ဂလက်ဒီ ခန့်မှန်းသမျှဖြစ်၏။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



သောကြာနေ့တစ်နေ့ မွန်းလွဲပိုင်းတွင် မိက သူ့အတွင်းရေးမှူး ဂလက်ဒီကို အခန်းထဲခေါ်တွေ့သည်။ ဂလက်ဒီကလည်း လက်ရေးတို မှတ်စုစာအုပ်နှင့် ခဲတံပါ အသင့်ကိုင်လျက် အခန်းထဲ ဝင်သွားရာ မိ သည် ပက်လက်ကုလားထိုင်ကြီးပေါ်၌ ဆင်စွယ်စွပ်တံရှည်ဖြင့် စီးကရက်လက်ကြားညှပ်လျက် တစ်ဝက်လျောင်းအနေအထားမှ လှမ်းပြောသည်။

"ဂလက်ဒီ လက်ထဲက အလွယ်သုံးဖို့ ငွေကျန်သေးရဲ့လားကွယ့်"

"ဟုတ်ကဲ့ရှင့်၊ ဒေါ်လာ ၅၀ လောက် ရှိပါသေးတယ်"

မိက ချက်ချင်း ဘေးရှိပိုက်ဆံအိတ်လေးဖွင့်လျက် ငွေစက္ကူအထပ်လိုက်ထဲမှ ဒေါ်လာ ၁၀၀ တန် သုံးရွက်ဆွဲယူသည်။ ပြီး ခေါက်လျက်သား လက်ညှိုးနှင့် လက်ခလယ်ကြား ညှပ်ကာ –

ဂလက်ဒီထံ ကမ်းပေးရင်း ပြော၏။

"လိုလိုမယ်မယ် ထပ်ယူထားလိုက်အုံး၊ ရော့ ... "

ဂလက်ဒီက ပေးလာသောငွေကို လှမ်းယူပြီး မှတ်စုစာအုပ်နှင့် ခဲတံ ပြင်ရင်း ညွှန်ကြားချက် စောင့်နေ၏။ မကြာပါ၊ မိ နှုတ်မှ စပြောတော့သည်။ သို့သော် လိုက်မှတ်ရန် မဟုတ်သေး။

"ဂလက်ဒီရေ ... ကိုယ့်ကိုယ်စား အမျိုးသားတစ်ဦး ချိန်းထားတာ သွားတွေ့ပေးစမ်းပါ"

"ရှင် ... အမျိုးသားတစ်ဦးကို သွားတွေ့ပေးရမယ်၊ ဟုတ်ပါသလားရှင်"

"ဟုတ်တယ်ကွယ့် ... ဒါပေမယ့် ဒီလိုပါ။ နောက်ဆုံးထွက်သွားတဲ့ တို့ဝတ္ထုစာအုပ်ကို ရုပ်ရှင်ရိုက်ဖို့ကိစ္စပါ၊ အမှန်ကတော့ တို့ ရုပ်ရှင်ရိုက်ဖို့ ဓာတ်လမ်း မရောင်းချင်ပါဘူး"

ဝတ္ထုကို ရုပ်ရှင်ရိုက်ရေးအတွက် စာရေးဆရာမ မိတစ်ယောက် ဒေါ်လာ ၂၇၅,၀၀၀ ရထားပြီးဖြစ်သည်ဟုလည်း သတင်းထွက်ခဲ့ပြီးဖြစ်သဖြင့် ဂလက်ဒီက ဘာမျှပြန်ပြောရန်လည်းမလို၊ မေးရန်လည်းမလို။

"အဲဒီကိစ္စပါကွယ့် ... သွားတွေ့မယ့်လူက အက်ဂါကာလစ်တဲ့၊ ဒီလူနဲ့တွေ့ရမယ့်ရက်က ရုံးပိတ်ရက် စနေ၊ တနင်္ဂနွေ။ ဟိုတောင်ထိပ်စွန်း ဟိုတယ်ကလေးမှာ တို့စကားပြောရင်း ရေခဲလျှောစီးမယ်လို့ သူ့ကို ပြောထားပြီးဖြစ်နေတယ်၊ ဒါပေမယ့် တို့သွားချင်စိတ် မရှိဘူး၊ ဒီတော့ ဂလက်ဒီက အဲဒီမှာ





သွားအပန်းဖြေရင်း ကိုယ့်ကိုယ်စား တွေ့ပေးဖို့ပါပဲ"

မိက ခေတ္တနားပြီး ဆက်ပြောပြ၏။

"တို့ ဂိုဒေါင်ထဲက ဟို စတေရှင်ဝက်ဂွန်းကားကို ယူသွား၊ ရေခဲလျှောစီးကိရိယာတွေလည်း ရှိတယ်မဟုတ်လား၊ အဲဒါလည်းယူသွား၊ တောင်ထိပ်ဟိုတယ်မှာ အားလပ်ရက် ရုံးပိတ်ရက်တိုင်း စနေ တနင်္ဂနွေ တို့များ အနားယူလေ့ရှိလို့ အခန်းတစ်ခန်း သီးသန့်အမြဲရှိတယ်၊ အခန်းကို သုံးသုံး မသုံးသုံး အခန်းခကို လစဉ်ပေးစနစ်နဲ့ ရှင်းပေးထားတယ်၊ ဒါကြောင့် အခန်းခရော ဟိုမှာ စားသောက်တာအတွက်ရော ဘာမှ ပေးစရာမလိုဘူးနော်၊ ကျသလောက် လက်မှတ်ထိုးခဲ့ရုံပဲ"

မိက ခေတ္တနားပြီး ဆက်ပြောသည်။

"အက်ဂါက ဒီညမှာ အဲဒီဟိုတယ်ကိုရောက်လာပြီး လာတွေ့လိမ့်မယ်၊ တို့မလာနိုင်တော့လို့ ကိုယ်စားလာတွေ့တယ်လို့ သူ့ကိုပြောပြ၊ တို့ရဲ့လက်ထောက်လို့လဲပြော၊ ပြီးတော့မှ စကားပြောရင်း ဘာလိုချင်မလဲလို့လဲ လေ့လာပါ၊ အချုပ်ကတော့ ဝတ္ထုကို ရုပ်ရှင်ရိုက် ဖြန့်ချိရေးမှာ ကြော်ငြာမယ့်ကိစ္စနဲ့ ပတ်သက်ပြီး ညှိနှိုင်းချင်တာ ဖြစ်လိမ့်မယ်"

ငြိမ် နားထောင်ခဲ့သော ဂလက်ဒီက ပြန်လည်မေးမြန်းသည်။

"ဘယ်လောက်အထိ ကျွန်မ သူ့ကို ပြန်ပြောနိုင်ခွင့် ရှိပါသလဲရှင်"

"ကိုယ့်ဘာသာကိုယ် ချင့်ချိန်ပြီး ပြောနိုင်ပါတယ်၊ စာအုပ်ကို တွင်ကျယ်အောင် ကြော်ငြာဖြစ်နိုင်တဲ့ ကိစ္စမှန်သမျှ ဖြစ်လာအောင်ဆိုပါတော့။ ရုပ်ရှင်ကိစ္စက တို့က ရာခိုင်နှုန်းနဲ့ တောင်းထားတာ ရှိပါတယ်၊ ဒါကို သူတို့က လက်မခံသေးဘူး။ သူတို့က အပြတ်ဝယ်တာ၊ တို့ကိုယ်စားလှယ်က ရာခိုင်နှုန်းကိစ္စအထိ မစွမ်းဆောင်နိုင်ခဲ့ရှာဘူးကွယ့်၊ ရုပ်ရှင်တွင်ကျယ်ရေးအတွက် စာအုပ်လုပ်ငန်းကို မထိခိုက်စေချင်တာလဲပါတယ်၊ သူတို့ကတော့ သူတို့ရုပ်ရှင် တွင်ကျယ်ရေးသက်သက်ပဲ ကြည့်တယ်၊ ဒါကြောင့် ဂလက်ဒီက အဲဒီမှာစကားပရိယာယ် ကြွယ်ရမယ်၊ ကိုင်တတ်တွယ်တတ်ရမယ် ရုပ်ရှင်ကို ကြော်ငြာပေးမယ်၊ ဒါပေမယ့် စာအုပ်တွင်ကျယ်ရေးလဲ အထောက်အကူဖြစ်စေရမယ်၊ အဲဒီလို ဖြစ်အောင် ဆွေးနွေးခဲ့ရမယ်၊ ဪ ... တစ်ခုကျန်သေးတယ် ဂလက်ဒီရေ... "



www.burmeseclassic.com

www.burmeseclassic.com



"ဘာပါလဲရှင်"

"အက်ဂါဟာ လူငယ်လူရွယ်တစ်ယောက်ပဲ၊ ဖုန်းထဲက စကားသံနားထောင်ကြည့်ရတာ ထောက်ရင် နည်းနည်းပါးပါးမြာပွေချင်ပုံရှိတယ်နော်"

"ဒီလိုဆို ကျွန်မက ခပ်ချာချာခပ်တန်းတန်း ဆက်ဆံရင် လုပ်ငန်းပိုင်းသဘောလောက်သာ အလုပ်ဖြစ်အောင် ဆွေးနွေးရမှာပေါ့"

"ဒါက ကိုယ့်ဘာသာကိုယ် မီးစင်ကြည့်က,ပါလေ၊ အခြေအနေကိုသာတို့က ကြိုပြောပြထားတာ၊ ဪ... နောက်တစ်ခု ရှိသေးတယ်၊ တောင်ထိပ်စခန်းဟိုတယ်ကို ဒီနေ့ညနေ ၃ နာရီ သွားရမယ်နော်၊ တနင်္ဂနွေညနေ ၆ နာရီကျော်မှ အဲဒီကပြန်ထွက်ခဲ့၊ အချိန်အတိအကျရှိပါစေ၊ အပြန်မှာလမ်းဆုံးက မပြန်နဲ့၊ တလမ်းလုံးကားတွေ သိပ်ရှုပ်မယ်၊ လူတိုင်း ပြန်ကြမှာမဟုတ်လား၊ ဒီတော့ ဖြတ်လမ်းကပြန်လာ၊ အဲဒီဖြတ်လမ်းမြေပုံကြမ်းက ဒီမှာ"

ဂလက်ဒီသည် မြေပုံကို ခဏချင်းလေ့လာမိလိုက်၏။

"ကဲ... မြေပုံကို အံဆွဲထဲ ပြန်ထည့်ထားလိုက်တော့"

"ဪ... ဒါထက်၊ လိုအပ်မယ့်အဝတ်အစားအားလုံး ရှိရဲ့နော်"

"ဟုတ်ကဲ့"

"ရေခဲလျှောစီး ကိရိယာကော"

"ရှိပါတယ်၊ ကျွန်မလည်း ဝါသနာပါလို့ ဝယ်ထားပါတယ်"

"ကောင်းပြီ၊ ခု ညနေ ၃ နာရီ ဒီက ထွက်ဖြစ်အောင် ထွက်ပေတော့၊ တနင်္ဂနွေညနေ ၆ နာရီအထိ ဟိုတယ်မှာ ရှိနေပါ၊ ၆ နာရီကျော်မှ ဟိုတယ်ကထွက်ပြီး ဖြတ်လမ်းက ပြန်ခဲ့ရမှာ၊ မှတ်မိတယ်နော်"

"ဟုတ်ကဲ့၊ ၃ နာရီ စထွက်ရမယ်ပေါ့"

"ဟုတ်တယ်၊ စတေရှင်ဝက်ဂွန်းကားကို ဓါတ်ဆီအပြည့်ဖြည့်ထားပေးမယ်၊ တာယာတွေ ဘာတွေပါ စစ်ဆေးလဲလှယ်ထားပေးမယ်၊ ခုပဲ တို့အပြင်ထွက်တော့မယ်၊ ဖုန်းဘယ်က လာလာ တို့ခရီးထွက်နေတယ်၊ တနင်္လာနေ့မှတွေ့နိုင်မယ်ပြော၊ ကဲ... ဂလက်ဒီရေ... ပြင်ဆင်စရာရှိတာတွေ ပြင်ချည်တော့"

လူချင်းခွဲလိုက်ချိန်မှာပင် ဂလက်ဒီလည်း ခရီးစဉ်အတွက် ပြင်ဆင်တော့၏။ ခရီးမစမီ အလှပြင်ဆိုင်သို့ ခေတ္တသွားလိုက်သေး၏။ ပြန်အရောက်





ခရီးစ,တော့မည့်အချိန် မှတ်စုစာအုပ်ကိုယူလိုက်ရာတွင်ကား ထူးခြားချက်တစ်ခုကို တွေ့လိုက်ရ၏။ စောစောက မိ ညွှန်သည့်လမ်းညွှန်ချက် မြေပုံကြမ်း ကူးထားသည့် စာရွက်ကို မှတ်စုစာအုပ်ထဲမှ တစ်စုံတစ်ယောက်က ဆွဲထုတ်ယူသွားခြင်း ဖြစ်၏။

မိ သည် ထိုအချိန်၌ အပြင်ထွက်သွားပြီဖြစ်သည်။ မည်သူဆွဲထုတ်ယူလိုက်ချေသနည်း။ ဒေါ်လာ ၃၀၀ ရရှိကြောင်း မှတ်စုစာအုပ်၌ ရေးမှတ်ပြီးဖြစ်သည်။ အက်ဂါ၏အမည်ကိုကား ရေးမှတ်ထားရန် မလို၊ မှတ်မိသည်။

အပြန်ခရီး၌ ပြန်လာရမည့် ဖြတ်လမ်းအညွှန်းမှာကား မြေပုံကြမ်းပျောက်သွားသဖြင့် စိတ်ထဲက မရေမရာ ဖြစ်သွားရ၏။ ဤတွင် ဂလက်ဒီသည် စောစောက အံဆွဲထဲတွင် သိမ်းခဲ့သော မြေပုံကို သတိရပြီး ထိုမြေပုံထဲမှတဆင့်ပြန်ကူးယူလိုက်၏။ ထိုမြေပုံကြမ်းမှာ ပြည့်ကား မပြည့်စုံ၊ ကိစ္စမရှိ၊ သို့ရာတွင် တွေးစရာတစ်ခုပေါ်လာပြန်သောကြောင့် ဆက်တွေးနေမိသည်။

ဟိုတယ်စရိတ် တစ်ပြားတစ်ချပ်မျှ ကုန်ရန်မလိုပဲ အဘယ်ကြောင့် ဒေါ်လာ ၃၀၀ ပေးလိုက်ပါသနည်း။

တဖန် ဟိုတယ်မှ တနင်္ဂနွေညနေ ၆ နာရီကျော်မှ ပြန်ခဲ့ရန် အထပ်ထပ်မှာနေသည်မှာလည်း အဘယ်ကြောင့်နည်း။ ကြီးကျယ်သည်ကား မဟုတ်။ ဤနှစ်မျိုးလုံးသည် အသေးအဖွဲများသာ ဖြစ်သည်။

ဆက်တွေးရင်း အကောင်းဘက်မှ အချက်အလက်များကို တွေးမိပြန်တော့လည်း...

"အင်း... သူ့စရိတ်နဲ့သူ ကိုယ့်က တစ်ပြားမှ မကုန်ရပဲ ရုံးပိတ်ရက်စနေ,တနင်္ဂနွေ နှစ်ရက်လုံး တောင်ထိပ်စခန်းဟိုတယ်ခရီးမှာ အပန်းဖြေ ရေခဲလျှောစီးရင်း မြာပွေတတ်တယ်ဆိုတဲ့ ကိုလူချောတစ်ယောက်ကို လက်ခံတွေ့လုပ်ငန်းကိစ္စ ဆွေးနွေးခဲ့ရမယ့် အတွင်းရေးမှူးအလုပ်၊ ဤအလုပ်သည် မနက် ၉ နာရီမှ ညနေ ၅ နာရီထိ ရုံးခန်းထဲထိုင်လုပ်ရသော အလုပ်ထက်ကား အစစအရာရာ သာပါချေသည်တကား"

ထိုအတွေး ရင်ဝယ်ပိုက်ရင်း ဂလက်ဒီတစ်ယောက် ခရီးထွက်ခဲ့လေတော့သည်။

✿ ✿ ✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

✿ တောင်ထိပ်စခန်းတစ်ခွင်၌ ရေခဲလျှောစီးရန် ရာသီဥတုအခြေ အနေ အလွန်ကောင်းလျက်ရှိသည်။ အက်ဂါကာလစ်ဆိုသူမှာ လူငယ်လူချော တစ်ယောက်ဖြစ်နေရုံမျှမက ချင့်ချင့်ချိန်ချိန် ပြောတတ်ဆိုတတ်သူလည်း ဖြစ်သည်။ ယခုကိစ္စကို စာရေးဆရာမကြီးမိက သူ့အတွင်းရေးမှူး ဂလက်ဒီ နှင့်လွှဲလိုက်သည့်အတွက်လည်း စိတ်အနှောင့်အယှက်ဖြစ်ပုံမရ။ အက်ဂါမှာ ဂလက်ဒီကဲ့သို့ပင် အသုံးစရိတ်အတွက် မပူရသူဖြစ်သည်။ ဂလက်ဒီ၏ ခရီးတစ်ခုလုံး အဆင်ချောလျက် အလွန်ပျော်ခဲ့၏။

လက်တွေ့တွင် မိက သတိပေးလိုက်သလောက် အက်ဂါသည် ပြာမှေ လိုဟန်မပေါ်ပါ။ ယောက်ျားတို့ထုံးစံအတိုင်း မိန်းမပျိုများအား စိတ်ဝင်စားပြီး အတွဲရှာသော အကျင့်လေးရှိသည်။ နံပါတ်ရှိပြီးသူများဘက် လုံးဝမလှည့် စည်းမဖောက်။ ဂလက်ဒီနှင့် ဆက်သွယ်ခဲ့ရာ၌လည်း စည်းကမ်းကို အလေး ထားခဲ့သူဖြစ်၏။ သို့ဖြင့် ဂလက်ဒီသည် ညွှန်ကြားချက်အတိုင်း ဆောင်ရွက်မည်း ဟိုတယ်၌ တနင်္ဂနွေညနေ ၆ နာရီအထိ အတိအကျ နေခဲ့သည်။ ကျကျ နပ်နပ်နေခဲ့ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေနေ့ မွန်းလွဲကတည်းက ရာသီဥတု သိပ်မကောင်း။ မိုးသားတိမ်လိပ်တို့ ထူထပ်လာ၏။ ဤအတိုင်းဆိုပါက မိုးနှင်းကျနိုင်၏။ မိုးရွာလျှင် တောင်ပေါ်လမ်းဖြစ်သဖြင့် ကားအတွက် ချိန်းကြိုးများ လိုအပ်သည်။ ယခုချိန်းကြိုးလုံးဝ မဝယ်လာခဲ့မိ။ သတိထားမောင်းနှင်လျှင် လမ်းမကြီးပေါ်၌ ဘီးအုပ်ချိန်းကြိုးမလို။ သို့သော် လမ်းမကြီးပေါ်ရှိ ယာဉ်ထိန်းများက တိကျလှသည်။ ကြိုတင်ကာကွယ်မှုအဖြစ် ကားပေါ်ချိန်းကြိုးပါမပါ၊ တိတိကျကျစစ်တတ်သေးတတ်၏။ ထိုအကြောင်းကြောင့် လမ်းမကြီးမှဖြတ်၍ လုံးဝမပြန်နိုင်တော့၊ ကိစ္စမရှိ၊ မိ ညွှန်လိုက်သော ဖြတ်လမ်း မြေပုံကြမ်း တစ်စိတ်တစ်ဒေသသူ့တွင် ပါလာပြီ။

သို့ဖြင့် အပြန်ခရီးစခဲ့သည်။

တောင်ဆင်းလမ်း ထုံးစံအတိုင်း ဂီယာနှင့် ဆင်းသည်။ သတိကားအကြီးအကျယ်ထားရ၏။ မိုးနှင်းများကျနေသည် မဟုတ်ပါလား။

ဖြတ်လမ်းတစ်လျှောက်တွင်ကား မိ ပြောခဲ့သည့်အတိုင်း ကားရှင်းလှပါဘိ။ ကားမရှိသလောက်အထိပင် ရှင်းသည်။

အညွှန်းအတိုင်း ဒုတိယလမ်းခွဲအရောက် မိုးနှင်း ပိုထန်လာသည်။ ထို့ကြောင့် ခေတ္တဆိုင်းလိုက်ရပြီး လမ်းကို အသေအချာ မမှားအောင် ရွေးရတော့၏။ တစ်ပိုင်းတစ်စမြေပုံတွင် မြားဖြင့် ဗယ်ဘက်သို့လမ်းခွဲကို ညွှန်ထားကြောင်း တွေ့ရသည်။ မိနှင့် စကားပြောခဲ့ကြစဉ်က ညာဘက်လမ်းလိုက်ရမည်ဟု သိထားသဖြင့် စိတ်ထွေလာ၏။

ညကလည်း ည။ နှင်းမိုးကလည်း ပြင်းထန်၊ လမ်းတွင် အခြားကားတစ်စီးမှလည်း မရှိ။ ဤအခြေအနေတွင် ဂလက်ဒီတစ်ယောက်တည်း လမ်းဆုံ၌ ကားတစ်စီးမှလည်းမရှိ၊ ဤအခြေအနေတွင် ဂလက်ဒီတစ်ယောက်တည်း ကားတစ်စီးဖြင့်၊ ဗယ်ဘက်လမ်းခွဲအတိုင်း လိုက်ခဲ့ပြီး တစ်မိုင်ခန့်အရောက်၌ လမ်းမှာ ရွံ့ထူလာ၏။ ကားဘီး ချောစပြုချေပြီ။ တောင်ကြားလမ်း လျှိုကြီးတစ်ခုအတက် တောင်စောင်းနှင့် ကားဘီးချော်နေခြင်းဖြစ်သည်၊ အောက်ဘက်တွင်ကား နက်ရှိုင်းလှသော လျှိုကြီး။ သတိထားပြီး ဆက်မောင်းခဲ့သည်၌ လမ်းမှားခဲ့ပြီဟု နားလည်လိုက်တော့၏။ ညာဖက်လမ်းခွဲကို ရွေးရမည့်အစား ဗယ်ဘက်လမ်းခွဲကို ရွေးမိခဲ့ပြီကော။





ဤအခြေအနေ၌ ဂလက်ဒီတစ်ယောက် နောက်မဆုတ်သာတော့ပြီ။ လာလမ်း ပြန်လှည့်ရန်မှာ တောင်ကြားလမ်းဖြစ်၍ မည်သို့မျှ ကားကွေ့မရ။ ညမှောင်ထဲတွင် ပိုဆိုးတော့မည်။

ပထမတော့ ဤနေရာတွင် တစ်ဦးဦးနှင့်တွေ့မည်ကို ကြောက်သေး၏။ နောက်တော့ တစ်ဦးဦးနှင့်တွေ့ရန်ပင် မျှော်မိပါသည်။ တစ်ဦးတည်း ဖြစ်နေပြီ မဟုတ်လား။

အားတင်း၍ ဖြည်းဖြည်းဆက်မောင်းသွားခဲ့ရာ ကားရှေ့မီးရောင်ကြောင့် ရှေ့တွင် ညာကွေ့တောင်ပတ်လမ်းရှိကြောင်း သိလိုက်ရ၏။ လမ်းကိုလုံးဝ လှမ်းမမြင်ရတော့။ အကွေ့မှာလည်း ညာတစ်ဆစ်ချိုးကွေ့ကြီး ဖြစ်နေသည်။ ဗယ်ဘက်ကြည့်လိုက်ပြန်တော့ မှောင်နှင့်မည်းမည်း လျှိုကြီး။

ဤနေရာအရောက် ကားဘီးကျွံလေတော့သည်။ ရှေ့ဆက်မောင်း၍ဘာလည်း မရတော့၊ နောက်ပြန်ဆုတ် စမ်းကြည့်ရာ၌မူ အနည်းငယ်ဆုတ်ရ၏။ ထို့ကြောင့် ကျွံနေသောဘီး လွတ်သွားအောင် ဖြည်းဖြည်းစမ်းကြည့်၏။ နောက်ဘီးတော့ လွတ်သွားပါပြီ။ သို့သော် နောက်ဘီးအရာထဲသို့ ရှေ့ဘီးက ကျွံကျသွားပြန်ချေပြီတကား။

ယခုမှ ရှေ့လည်းမတိုးနိုင်၊ နောက်လည်း မဆုတ်နိုင်တော့။

ကားထဲတွင် ဆလိုက်မီးကြီးမျိုးလည်းမပါ။ မှောင်နှင့်မည်းမည်းထဲတွင် ကားတစ်စီးနှင့် တစ်ယောက်တည်း ... ။

ဤအတိုင်းဆိုပါက တစ်စုံတစ်ယောက် အကူအညီမရလျှင် မိုးလင်းအောင် ထိုင်စောင့်ရတော့မည်။ မတတ်နိုင်ပြီ။

ဂလက်ဒီသည် ကားထဲ၌ သက်တောင့်သက်သာ ထိုင်နေလိုက်တော့၏။

၁၅ မိနစ်ခန့် စက်ရပ်ထားပြီးချိန်တွင် ကားထဲ၌ စ,အေးလာ၏။ နာရီဝက်ကျော်ချိန်တွင်ကား ခိုက်ခိုက်တုန်လာချေပြီ။

ထို့ကြောင့် အန္တရာယ်ရှိသည့်တိုင် မတတ်နိုင်တော့။ ကားစက်နှိုးထားရတော့သည်။ ရပ်လိုက် နှိုးထားလိုက်။ သို့ဖြင့် အပူဓါတ်ရအောင် လုပ်နေရသည်။ အမြဲနှိုးထားလျှင်လည်း ကားတွင်း၌ ကာဗွန်ဒိုင်အောက်ဆိုဒ်ငွေ့ဒဏ်ခံရမည်။ ရပ်ထားလျှင်လည်း အဆုပ်အအေးမိတော့မည်။ ဤအန္တရာယ်နှစ်ခုအကြား ဂလက်ဒီတစ်ယောက် ကြားလမ်းစဉ် သုံးနေရတော့၏။ အေးလာ



www.burmeseclassic.com

www.burmeseclassic.com



လျှင် ကားစက်နှိုးထားလိုက်၊ နောက် ခေတ္တရပ်ထားလိုက်၊ အေးလာလျှင် စက်ပြန် နှိုးထားလိုက်။

ဤနည်းဖြင့် နောက်ထပ် မိနစ် ၂၀ ကြာသွား၏။ ဤအတိုင်း ဆက်နေ၍မဖြစ်မှန်း နားလည်လာသည်။ ထို့ကြောင့် တစ်စုံတစ်ရာ ဆုံးဖြတ်လျက် ကားထဲမှ ထွက်သည်။ ကားနောက်ခန်းထဲ 'ဂျိုက်' ရှာသည်။ တွေ့၏။ ကျွံသောကားဘီးကို မ,နိုင်အောင် ကြိုးစားပြီး မ,သည်။ မရ၊ လုံးဝမရ။

ဘာဆက်လုပ်မည်နည်း ...

အကူအညီ တစ်စုံတစ်ဦး တွေ့လျှင်လည်းတွေ့၊ မတွေ့ကလည်း ရောက်သလောက် ခြေကျင်လျှောက်သွားရန် ဆုံးဖြတ်လိုက်ရတော့၏။ ခုနစ်မိုင်ခန့်လျှောက်လျှင် လူနေအိမ်ခြေ တစ်ခုခုသို့ ရောက်နိုင်ကြောင်းကိုလည်း တွေးမိ၏။

ဝိန်းဝိတ်အောင် မှောင်မိုက်သည်မှာကား တစ်လှမ်းချင်းစမ်းလျှောက်နေရသည် အထိပင်။ တောင်ပေါ်ဖြတ်လမ်းဖြစ်၍ တောထူထပ်သည် တစ်ကြောင်း၊ တိမ်ထူသောည ဖြစ်သည်တစ်ကြောင်းကြောင့် အလင်းရောင်ဟူ၍လည်း လုံးဝမရှိ။

နောက်ကြောင်းပြန်လှည့်လျှင်လည်း မိုးစင်စင်လင်းပြီးနောက်မှ ဟိုတယ်ပြန်ရောက်နိုင်ဖွယ်ရှိသည်။ ယခု နောက်ဆုံးအခြေအနေမှာ ရှေ့တစ်လှမ်းပင် မလှမ်းရဲသလောက် ရှိ၏။ မှောင်မိုက်လွန်းနေ၍ မမြင်မစမ်းနှင့် ခြေလှမ်းမှားသွားလျှင် ချောက်ကြီးထဲ ကျသွားဖို့ရာရှိသည်။

ထိုစဉ် မနီးမဝေး ရှေ့မှောင်ထုထဲတွင် မီးရောင်တန်းတစ်ခု လှမ်းမြင်လိုက်ရာ ဝမ်းသာမဆုံး ဖြစ်သွားတော့၏။ ပထမ ထိုမီးရောင်သည် ကားတစ်စီးလာနေသော မီးရောင်ဟု ထင်လိုက်၏။ အသေအချာကြည့်တော့မှ မီးရောင်မှာ တစ်နေရာတည်းမှ ထွက်ပေါ်နေခြင်းဖြစ်ကြောင်း တွေ့ရသည်။

အော်ဟစ်အကူအညီတောင်းလိုစိတ် ပေါ်လာသေး၏။ သို့သော် စိတ်ထိန်းပြီး ထိုမီးရောင်ဆီ တဖြည်းဖြည်းလျှောက်သွားတော့၏။

မီးရောင်ထွက်လာရာ အဆောက်အအုံငယ်ရှေ့ ရောက်ချိန်တွင် ဂလက်ဒီ၏ တစ်ကိုယ်လုံး ရွှဲရွှဲစိုနေချေပြီ။ ချမ်းလိုက်သည်မှာလည်း ခိုက်ခိုက်တုန်နေ၏။





အဆောက်အအုံမှာ သစ်လုံးအဆောက်အအုံဖြစ်၏။ သူ မြင်ခဲ့ရသော မီးရောင်သည်လည်း ထိုအဆောက်အအုံထဲမှ တစ်ခုတည်းသော မီးပွင့်ငယ်ဖြစ်၏။ ပြတင်းတွင် ခန်းဆီးမရှိ၊ ထို့ကြောင့် အဆောက်အအုံထဲ၌ တစ်စုံတစ်ဦး လှုပ်ရှားနေကြောင်း နံရံပေါ်၌ အရိပ်ထင်နေသည်ကို တွေ့ရ၏။

ဂလက်ဒီက တံခါးခေါက်လိုက်၏။ နှုတ်မှလည်း အော်ဟစ်အကူအညီတောင်းသည်။

"ဒုက္ခရောက်လာလို့ပါရှင်၊ တဆိတ်ကူညီပါ"

အိမ်ထဲမှ ပရိဘောဂ ရွှေ့သံကြားရသည်။ အိမ်နောက်ဘက်တံခါး ဆွဲပိတ်လိုက်သံလည်း ကြားရသည်။ ထို့နောက်တွင်မှ အိမ်ရှေ့ဘက်လျှောက်လာသော ခြေသံတစ်ခု ကြားရပြန်သည်။ ပြီးမှ ရှေ့တံခါး ပွင့်လာ၏။

ယောကျ်ားတစ်ယောက် တံခါးပေါက်၌ ရပ်နေသည်။ ကျောပေးဘက်မှ မီးရောင်ကြောင့် အရိပ်သဖွယ်သာ တွေ့ရ၏။ ဘယ်သူ ဘယ်ဝါဟု ရုပ်ရည်မသဲကွဲ၊ အရပ်ရှည်ရှည် ပခုံးကျယ်ကျယ် ဆံပင်တွန့်တွန့် လူခပ်ငယ်ငယ် ဖြစ်ဟန်တူ၏။

"ဘယ့်နှယ် ... ဘယ့်နှယ်၊ ခင်ဗျားဒီကို ဘာလာလုပ်တာလဲ"

လူငယ်၏အသံက မသက်မသာ ပါနေ၏။

"ကျွန်မလမ်းမှားလာလို့ပါရှင်၊ တောင်ထိပ်ဟိုတယ်က ကားမောင်းပြန်လာခဲ့တာ၊ ကားဘီး ကျွံကျနေတာနဲ့ ခြေကျင်လျှောက်လာခဲ့ရပါတယ်၊ နောက် ဘက်အကွေ့ကြီးနားမှာ ကားထားခဲ့ရပါတယ်"

လူငယ်က အတော်ကြာ တုံ့ဆိုင်းဆိုင်းဖြစ်နေသဖြင့် ဂလက်ဒီ တစ်ယောက် စိတ်မရှည်နိုင် ဖြစ်လာ၏။ ဒီတော့မှ လူငယ်က ဖိတ်ခေါ်သည်။

"သြော် ... ဒီလိုဆိုလဲ ဝင်ပါ၊ ဝင်ပါ။ အထဲဝင်ပါ။ နည်းနည်းတော့ နွေးနွေးထွေးထွေး ဖြစ်သွားပါလိမ့်မယ်"

ဂလက်ဒီ အထဲဝင်လိုက်ချိန်တွင် လူငယ်ကပြော၏။

"ဟာ ... တစ်ကိုယ်လုံးလည်း ရွှဲလာတာကိုး၊ ဟိုဘက်နားမှာ မီးဖိုရှိတယ်၊ အဲဒီသွား မီးလှုံလိုက်အုံး"

ဂလက်ဒီက ပြုံးပြီးမေးလိုက်မိသည်။

"ရှင့်ဇနီးများ ရှိနေရင် ... "



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်မှာ မိန်းမ မရှိပါဘူး၊ ကျွန်တော် တစ်ယောက်တည်းပါ"

"သြော် . . . ဟုတ်လား"

ဂလက်ဒီက ယခုမှ လူငယ်ကို အသေအချာ လှေ့လာကြည့်မိသည်။ အသက် ၂၈–၃၀ ခန့် ဥပဓိရုပ်ကောင်းကောင်း၊ သို့သော် ပြတ်သားမည့်ရုပ်မျိုး။

ဂလက်ဒီက မေးသည်။

"တယ်လီဖုန်းများ ရှိပါသလားရှင်"

"ဘယ်ရှိမလဲဗျာ . . . ဒီနေရာမျိုး . . . "

"လျှပ်စစ်မီးတော့ ရှိသားပဲရှင်"

"သြော် . . . ဒီမီးလုံးလား၊ ဒါက လေရဟတ်နဲ့ အားသွင်းတဲ့ ဘက်ထရီ မီးပါ"

လူငယ်ညွှန်ပြသော မီးလင်းဖိုကို ဂလက်ဒီ လှမ်းကြည့်လိုက်ပြန်တော့ ဂါလံ ၅၀ ဝင် စည်ပိုင်းကြီးကိုလုပ်ထားခြင်း ဖြစ်ကြောင်းတွေ့ရ၏။ မီးအလှမှိန်တား အားကျောင်းလှသည်။

ဂလက်ဒီက အကူအညီတောင်းကြည့်၏။

"ကျွန်မ လော့စ်အိန်ဂျယ်လိကပါ၊ ဒီည မြို့ကို ပြန်ရောက်မှဖြစ်မှာမို့ ပါရှင်၊ အဲဒါ တနည်းနည်းနဲ့ မကူညီနိုင်ဘူးလား"

လူငယ်က ယတိပြတ်ခေါင်းခါသည်။

"ဘာဖြစ်လို့လဲရှင် . . . ကျွန်မ ပိုက်ဆံဘယ်လောက်ပေးရပေးရ ပေးပါမယ်၊ ဖြစ်အောင်ကူညီပါနော် . . . "

"ဟာ . . . ပိုက်ဆံက ဒီမှာ အကြောင်းမဟုတ်ပါဘူးဗျ၊ အကြောင်းကတော့ နေထွက်မှ ခင်ဗျား ဒီကနေ ခရီးဆက်နိုင်မယ်၊ ပြီးတော့ ကွေ့ထိပ်က တံတားများ တောင်ကျရေထဲကျပါသွားရင် ပြီးပါလေရော . . . "

"နေပါအုန်း၊ ခု ဒီလမ်းက ဘယ်ကိုရောက်ပါသလဲရှင့်"

"ရွှေတစ်မိုင်ခွဲ တောင်အောက်ရောက်ရင် အပျော်ခရီးစခန်း တစ်ခု ရှိတယ်"

"ဒီလိုဆိုလဲရှင် . . . ရှင့်စခန်းမှာ တောလမ်းသုံးဂျစ်ကားတော့ ရှိမှာပါ။ အဲဒီဂျစ်နဲ့ ကျွန်မကားကို နည်းနည်းဆွဲပေးပါလားရှင်"

လူငယ်က ခေါင်းတွင်တွင်ခါပြ၏။





"ဘာပဲပြောပြောရှင် . . . ရှင့်မှာ ကားတစ်စီးစီးတော့ ရှိတယ်မဟုတ်လား၊ ရှင် ကားမရှိဘဲ ဒီနေရာ ရောက်မနေနိုင်ပါဘူး၊ ဒီတော့ ရှင့်ကားနဲ့ ကျွန်မကားကလေးကို ရွံ့ထဲက ဆွဲထုတ်ပြီး တောင်အောက်ဘက် ခေါင်းတည့် ပေးပါလား"

"အင်း . . . ဒီအခြေအနေမှာတော့ ကျွန်တော့်မှာ ကားတစ်စီးမှ မရှိ ပါဘူးဗျာ . . . "

"ရှင် . . . ကားတစ်စီးမှ မရှိဘူး ဟုတ်လား . . . "

"ဟုတ်ပါတယ်၊ လုံးဝမရှိပါဘူး . . . "

"မဖြစ်နိုင်တာရှင် . . . ဒီနေရာကို ကားမရှိပဲ ရှင်ဘယ်လိုလုပ် ရောက်နေနိုင်ပါ့မလဲ"

"သြော် . . . အမိ ကျုပ် ကိုယ်ရေးကိုယ်တာဘက် မလှည့်ပါနဲ့လေ"

"ထားပါတော့လေ ခုဘယ်လိုလုပ်ကြမလဲ၊ ကျွန်မလဲ ဒီည ဒီမှာ ဘယ်လိုလုပ်အိပ်လို့ဖြစ်မှာလဲ အိပ်လည်းမအိပ်နိုင်ပါဘူး"

လူငယ်က ပခုံးတွန့်ပြလိုက်ပြီး မေး၏။

"အမိက ဘယ်လိုဖြစ်စေချင်သလဲ ပြောလေ"

"အခု ကားမရှိဘူးဆိုရင်လည်း ရှင့်မှာ မိုးကာလေးတစ်ထည်တစ်လေ ရယ်၊ ဖွက်တောစီးဖိနပ်ရှည်ရယ်တော့ ရှိမှာပါ။ ဒါဆိုရင် ကျွန်မ ကားဘီးကျွံ နေတဲ့ နေရာကို သွားနိုင်မယ်၊ ကျွန်မလည်း လိုက်ကူမှာပါ၊ ကျွံနေတဲ့ ဘီးကို ကျွန်မ ဂျိုက်နဲ့မ,တင်နိုင်မယ် ထင်တယ်"

"ဒါပေမယ့် အဲဒါ မနက်မှ လုပ်လို့ရမယ်ဗျ၊ နေ့လည်နေ့ခင်းမှ လုပ်ရတဲ့ အလုပ်မျိုး"

"ရှင့်ဆီမှာ ဆလိုက်မီးရှိတယ် မဟုတ်လား"

"အင်း . . . ရှိတော့ရှိတယ်၊ ဒါပေမယ့် ဘက်ထရီအပို မရှိဘူး။ နက်ခင်းဆိုရင် ကျွန်တော်ကူညီနိုင်ပါတယ်၊ ဒီညတော့ သည်းခံပါ၊ ကျွန်တော် မကူညီနိုင်ပါဘူး"

"ရှင်ကလည်း ရှင် . . . ဒီကိစ္စ ကျွန်မအတွက် သိပ်အရေးကြီးနေတာ အနာသင့်ပါတယ်"

"ပြောရင်လည်း ပြောတော့အမိ၊ ကျွန်တော်တော့ ဝမ်းနည်းပါတယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုရတော့မယ်၊ ဘာကြောင့်လည်းဆိုတော့ ကျွန်တော်နမိုးနီးယားရောဂါဖြစ်ခဲ့တာ အခု နာလန်ထစပဲ ရှိသေးတယ်။ ဒီလောက်မိုးထဲလေထဲ ကျွန်တော် မထွက်ရဲသေးပါဘူး၊ ပြီးတော့ ပြောကြစတမ်းဆိုရင် အမိ ဒီကို ဘာကြောင့် ရောက်လာတယ်၊ ဘယ်လိုရောက်လာတယ်ဆိုတာလည်း ကျုပ် သေသေချာချာ မသိရသေးဘူး၊ အမိ ရှင်းပြတာတွေလည်း ကျေနပ်လောက်စရာ မရှိသေးတော့"

"ကျွန်မ ဘာမှမရှင်းသေးပါလားရှင်"

"ဟုတ်ပါတယ် ... ဒီတော့ ... ပြောပါ"

"ကျွန်မ လမ်းမှားပြီး ဒီကိုရောက်လာရတာပါ"

"ဒီလောက် အဝေးကြီးအထိတောင် လမ်းမှားလာရသတဲ့ လားဗျ"

"ဟုတ်ကဲ့ ... ကျွန်မ ဖြတ်လမ်းဆိုပြီး ဖြတ်လမ်းဘက် လိုက်ခဲ့တာပဲ"

"ခင်ဗျား ကျောက်လမ်းဘက် ဘာလို့မလိုက်ခဲ့သလဲ"

"လမ်းညွှန်လိုက်တဲ့လူက ဒီဘက်ချိုးရမယ် ဆိုထားလို့"

လူငယ်က သဘောကျသွားဟန်ဖြင့် ...

"ဩ ... လက်စသတ်တော့ လမ်းမှားလာတာမှ မဟုတ်ဘဲ၊ ခင်ဗျားတာ လမ်းညွှန်ချက်အတိုင်း လာခဲ့တာကိုး၊ နေပါအုံး၊ ဘယ်သူ ညွှန်လိုက်တာလည်း ဆိုပါအုံး"

"ဩော်ရှင် ... ဒါတော့ ကျွန်မလည်း ရှင့်စကားပြန်သုံးရတော့မယ်၊ ဒါက ကျွန်မကိုယ်ရေးကိုယ်တာပါရှင်"

ဤစကားကိုကား လူရွယ်က သဘောကျစွာပြုံး၏။

လူငယ်၏အပြုံးကို အမျိုးသမီးက စကားဖြင့် ဆက်၍ပေးလိုက်၏။

"ရှင့်ကိုကြည့်ရတာ တကယ့်တစ်မျိုးပဲ၊ ခုလည်း ကြည့်ပါအုံး၊ ဒီလောက်ခိုက်ခိုက်တုန် တကိုယ်လုံး စိုရွဲနေတဲ့ အမျိုးသမီးတစ်ဦး အကူအညီမဲ့နေပြီး ရှင့်အိမ်ရောက်လာပါတယ်၊ ဝီစကီလေးဘာလေးနဲ့ ထွေးထွေးနွေးနွေး မပြုစုသင့်ဘူးလား၊ ဩော် ... တစ်ခုတော့ဆက်သတိပေးထားမယ်နော်၊ ဒီညဒီမှာ ကျွန်မ တည်းခိုနေရမယ်ဆိုရင်တော့ ကျွန်မခွင့်ပြုချက်မရှိဘဲ မဖိတ်မခေါ်ပဲ ကျွန်မဆီ ဘယ်သူမှမလာရဘူးနော်၊ လာရင်တော့လား၊ လာတဲ့လူ တစ်သက်နဲ့တစ်ကိုယ် မကြုံဖူးတာမျိုး တွေ့သွားမယ်"





"ဗျာ ... ဒါတော့ အမိ လုံးဝစိတ်ချ၊ ခင်ဗျား ဒီညဒီရောက်လာတာကိုက ကျွန်တော့်အတွက် အကြီးအကျယ်အနှောင့်အယှက်ဖြစ်နေပြီ၊ ခင်ဗျားရောက်လာရခြင်း အကြောင်းရင်းကိုလည်း ကျုပ် မကျေနပ်သေးဘူး၊ ကဲ ... ဆိုပါအုံး၊ ခင်ဗျားနာမည်က ဘယ်သူလဲ"

"ရှင့်နာမည် အရင်ပြောမှပေါ့"

"ဗွန်လို့ ခေါ်နိုင်ပါတယ်"

"နာမည် အပြည့်အစုံကရော"

"မရှိပါဘူး၊ တစ်လုံးတည်းပါ"

"ဟုတ်ပါပြီ၊ ကျွန်မကိုလည်း ဂလက်ဒီလို့ ခေါ်နိုင်ပါတယ်၊ အပြည့်အစုံတော့ သိဖို့မလိုပါဘူးလေ"

"ဟုတ်ပြီ ဒါဆို ဆက်ပြောလို့ရပါပြီ၊ အခု ရေနွေးရမယ်၊ အရက်တစ်ခွက်ရမယ်၊ ကျွန်တော်စီစဉ်ပေးမယ်"

"အရက်အများကြီးလည်း ထည့်မယူခဲ့နဲ့အုံးနော်"

လူငယ်က နေရာမှထသွားပြီး လုပ်စရာရှိသည်များ စီစဉ်နေရာ ဂလက်ဒီကလည်း စိုက်ကြည့်လေ့လာနေ၏။ လူငယ်၏ လှုပ်ရှားဟန်သည် အားကစားသမားဟန် ပေါက်နေ၏။ ဖျတ်လတ်သွက်လက်သည်။ ထို့ကြောင့် အားကစားသမား ဖြစ်ရမည်ဟု သတ်မှတ်လိုက်သည်။

ခဏအကြာ၌ ဂလက်ဒီက လှမ်းပြောလိုက်ပြန်၏။

"ဒီမှာရှင့် ကျွန်မ တစ်ညလုံး ဒီအတိုင်း မီးဖိုလေးမှာပဲ အဝတ်အစိုတွေနဲ့ ထိုင်နေရတော့မှာလား"

"ဩော် ... ဩော် ... ဒီလိုမဟုတ်ရပါဘူး၊ ဒီအိမ်မှာ အိပ်ခန်းနှစ်ခုရှိပါတယ်၊ အပူငွေ့ပေး အခန်းတွေတော့ မဟုတ်ဘူးနော်၊ စောင်တွေပဲရှိတယ်၊ ရေချိုးခန်းမှာတော့ ရေနွေးအသင့်ရှိပါတယ်"

"တယ်ဟုတ်ပါလား၊ ကိုင်း ... ဒါဖြင့် ရှင် မကန့်ကွက်ဘူးဆိုရင် ကျွန်မခုပဲ ရေနွေးနဲ့ ရေချိုးလိုက်ချင်ပါတယ်"

"အခုချိုးတော့မှာလား"

"အင်း ... အရက်ကလေး နွေးနွေးထွေးထွေး မော့ပြီးရင် ချိုးမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



လှုငယ်ညွှန်ခဲ့သော အရက်မှာကောင်းလှ၏။ အရက်အနည်းငယ်သောက်ပြီးသည်နှင့် ဂလက်ဒီက ရေချိုးခန်းထဲ ဝင်သွားပြီး အထဲမှ မင်းတုပ်ထိုးပိတ်လိုက်၏။ ထို့နောက် အဝတ်ချွတ်ရေချိုးသည်၊ ပြီးစီးသော် ... အနီး၌တွေ့ရသော မျက်နှာသုတ်ပဝါဖြင့် ကိုယ်သုတ်ရင်း တံခါးဖွင့်ကာ သူ အိပ်ရမည့်အခန်းကို လှမ်းကြည့်လေ့လာသည်။ ထို့နောက် အိပ်ရာပေါ်မှတွေ့လိုက်ရသော စောင်ကြီးတစ်ထည်ဖြင့် တစ်ကိုယ်လုံးကိုပတ်လျက် အဝတ်အစိုများ ရေညှစ်ကာ မီးဖိုရှိရာ ညှိခန်းဘက် ပြန်ထွက်လာရင်း ပြောသည်။

"ရှင့်စောင်ကြီးတစ်ထည်ကို မပြောမဆို ကျွန်မဝတ်ရုံအဖြစ် သုံးလိုက်ရတယ်၊ ဒီ အဝတ်စိုတွေ မီးဖိုမှာ လှမ်းနိုင်အောင်လို့ပါရှင်"

ပြောပြောဆိုဆို ညှိခန်းထဲ လှုငယ်ရှိမည့်နေရာ ကြည့်လိုက်ရာ မည်သူမျှ မရှိကြောင်း တွေ့ရသဖြင့် ရှက်ကိုးရှက်ကန်းဖြစ်သွားသည်။

သို့ဖြင့် ကုလားထိုင်တစ်လုံးဆွဲထိုင်လျက် အခြားကုလားထိုင်ပေါ်အဝတ်စိုများကိုတင်ပြီး မီးဖိုတွင် မီးကင်၏။ ခြုံထားသော စောင်လွှာမှာအနည်းငယ်ပွယောင်းယောင်း ဖြစ်နေ၍ ဆွဲကပ်ပြီး ကုလားထိုင်၌ အမြိုက်သားထိုင်ကာ မီးလှုံ၍ အနားယူနေလိုက်သည်။

အရက်ကလေးကလည်း ဝင်ထား။ စောင်နှင့် မီးဖိုကြောင့် ထွေးထွေးနွေးနွေးလည်းဖြစ်လာကာ ဗိုက်ကျနေ၏။ ခဏအကြာတွင် အဝတ်စိုများကိုလှန်ပြီး မီးကင်ပြန်သည်။ ထိုအခိုက်တွင် ခြေသံကြားရပြီး လှုငယ်အခန်းထဲပြန်ဝင်လာ၏။ မိုးကာအင်္ကျီကလည်း ရေတစ်စက်စက်၊ ဘွတ်ဖိနပ်ကြီးတွင်လည်း ရွှံ့ပေလျက်။

"အမယ် ... အမယ်၊ ခုတော့လည်း ပြန်မှားမှာ မကြောက်လို့မိုးထဲ ထွက်လာတာလားရှင့်"

လှုငယ်က ဂလက်ဒီ စောင်ဖြင့်ကိုယ်ကိုပတ်ထားသည်ကို မြင်ရသည်နှင့် လှမ်းပြော၏။

"ဩော် ... အမိက တယ်ဟုတ်နေပါလား။ ကောင်းတယ် ကောင်းတယ်၊ ကိုယ့်အိမ်ကိုယ့်ရာ သဘောထားနေပြီပဲ"

"ကျွန်မ ဒီလို စောင်ကြီးပတ်ပြီး ညှိခန်းထဲထိုင်နေတာ ရိုင်းနေလို့လား ရှင့်"





"အို ... အို ... ဒီလို ကျွန်တော် မပြောပါလား ဗျာ"

"ကျွန်မ အဝတ်စိုတွေ ခြောက်သွားအောင် မီးကင်ချင်လို့ပါရှင်"

"ကျွန်တော် ဘာမှမပြောပါဘူးခင်ဗျာ၊ ဒီတိုင်းပြည်မှာ လွတ်လွတ်လပ်လပ် နေခွင့် ရှိပါတယ်ဗျာ"

"တစ်ခုတော့ သတိထားပါရှင်၊ မဟုတ်က ဟုတ်ကတွေတော့ ကျွန်မကို မချီးမွမ်းပါနဲ့နော်"

လှုငယ်က အခုမှ လေရှည်တော့သည်။

"ဒီမှာအမိ၊ အမိကိုကြည့်ရတာ ယောကျ်ားရိုင်းတွေနဲ့ ကြုံဆုံဖူးပုံမရဘူး၊ အမိက လှလည်းလှတယ်၊ ဒီတော့ တစ်ခုပြောရအုံးမယ်၊ ခင်ဗျားဒီအိမ်လာဖို့ ကျွန်တော်က ဖိတ်ခေါ်တာမဟုတ်ဘူးနော်၊ ခင်ဗျားရောက်လာတဲ့အတွက် ကျုပ်အဖို့ အနှောင့်အယှက်တောင် ဖြစ်နေသေးတယ်၊ ဒါတောင်ကျုပ် တတ်နိုင်သမျှ အကူအညီပေးတယ်၊ ကဲ ... ဒီတော့အမိ၊ ဟိုမှာ ခင်ဗျားဒီညအိပ်ဖို့ အိပ်ခန်း၊ အထဲက မင်းတုပ်ထိုးပြီး တံခါးပိတ်လို့ရတယ်၊ ခင်ဗျားအဝတ်တွေယူ အခန်းထဲကြွပေတော့၊ မီးမှိတ်တော့မယ်၊ အခန်းထဲသွား တံခါးပိတ်အိပ်ချည်တော့"

"နေပါအုံးရှင်၊ ရှင်က မိုးထဲလေထဲ ဘာသွားလုပ်တာလဲ၊ ဟိုပွင့်နေတဲ့ပြတင်းပေါက်ကနေ ကျွန်မကို ချောင်းကြည့်တယ်လား"

"စကားမရှည်နဲ့တော့ အမိ၊ မီးမှိတ်တော့မယ်၊ အခန်းထဲ မြန်မြန်ကြွ၊ တံခါးမင်းတုပ်ထိုး အိပ်ပေတော့"

လှုငယ်က ပြောရင်းဆိုရင်း အခန်းဘက် လက်ညှိုးညွှန်ရင်း အတင်းသွားအိပ်နိုင်းပြန်၏။ ဂလက်ဒီက ထိုအပြောကို မကြိုက်သဖြင့် လှမ်းအော်၏။

"ကျွန်မ ကလေးမဟုတ်ဘူးရှင့်၊ ကျွန်မကို ကလေးတစ်ယောက်လိုမဆက်ဆံနဲ့"

"ဒါဆို အမိကလည်း ကျုပ်ကို ဟိုရုပ်ရှင်ထဲက မုဒိမ်းလူကြမ်းတွေလို သဘောမျိုးနဲ့ မဆက်ဆံပါနဲ့၊ ပြီးတော့ အမိနားလည်ထားအောင် ပြောရဦးမယ်၊ ကျုပ်ဟာ မိန်းကလေးတိုင်းကို ချစ်လှချည်ရဲ့ ကြိုက်လှချည်ရဲ့ ဆိုတဲ့အကောင်စားမျိုး မဟုတ်ဘူးဗျ"

အမယ် ... အမယ်၊ တယ်စာတဲ့ ဆိုပါလား။ ကျွန်မ တော်တော်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားသွားပြီ၊ တယ်နားထောင်လို့ကောင်း"

လှငယ် ဘာမှပြန်မပြောတော့ပဲ အဝတ်စိုများကို လှမ်းယူလျက် အိပ်ခန်းတံခါးဖွင့် ခုတင်ပေါ်ပစ်တင်ပေးရင်း ပြောပြန်သည်။

"ကဲ . . . အိပ်ခန်းထဲ ကြွပါတော့ မယ်မင်းကြီးမလေး"

ဂလက်ဒီက ကလန်ကဆန်အမူအရာဖြင့် သူ့ကို ကြည့်နေပြန်၏။ ဤတွင် လှငယ်က ဂလက်ဒီဆီ လျှောက်လာပြီး ကိုယ်ထိလက်ရောက်ချိမ့်၍ အိပ်ခန်းထဲ ပို့တော့မည့်ဟန် ချဉ်းကပ်လာသည်။

အရိပ်အကဲ နားလည်လိုက်သည့် ဂလက်ဒီက ဒီတော့မှ ကိုယ့်ဘာသာ ကုလားထိုင်မှထလျက် စောင်ကို တင်းအောင် ဆွဲစေ့ပြီး အိပ်ခန်းထဲ ဝင်သွားတော့သည်။

"မင်္ဂလာညပါ ဂွန်း၊ ကျွန်မ အိပ်ပါတော့မယ်ရှင်" အခန်းအရောက် ယဉ်ကျေးစွာ နှုတ်ဆက်လိုက်သေး၏။

"မင်္ဂလာညပါ ဂလက်ဒီ၊ ကဲ အိပ်ပေတော့"

သူ့အသံမှာ ဂလက်ဒီ အခန်းထဲဝင်သွားခြင်းသည် အနှောင့်အယှက်ကြီးတစ်ခု သူ့မျက်ကွယ်ရောက်သွားသဖြင့် ကျေနပ်သွားသည့် သဘော။ ယခုမှ အခြားဦးစားပေး ပြဿနာတစ်ခုကို စ,နိုင်တော့မည့် သဘောမျိုး အဓိပ္ပါယ် ထွက်နေချေသတည်း။

✿✿✿✿✿✿✿



## အခန်း(၃)

✿ အိပ်ခန်းထဲရောက် တံခါးပိတ်ပြီးချိန် ဂလက်ဒီက မီးမွှင့်ငယ်လေးကို နှိပ်ဖွင့်လိုက်၏။ ပြီး စောင်ခြုံခွာချလိုက်သည်တွင် စင်မြင့်ပေါ် အဝတ်မပါ မီးရောင်အောက် ရပ်နေမိသည့်အလား ခံစားမိလာရသည်။ အကြောင်းမှု ပြတင်းတွင် အခန်းဆီးမရှိသောကြောင့်တည်း။ ထိုပြတင်းမှကြည့်လျှင် သူ့ကို မိမွေးတိုင်းဖမွေးတိုင်း တွေ့ရချိမ့်မည်ဟု ခံစားမိခြင်းလည်းဖြစ်၏။ ထို့ကြောင့် ချက်ချင်း မီးပိတ်ပစ်သည်။ အဝတ်များ မခြောက်သေး၍ ဝတ်မနေတော့ပဲ စောင်တင်းတင်းကြီး ခြုံလျက် ခုတင်ထက် အကျွဲသား အိပ်ပစ်လိုက်သည်။

ညတစ်နာရီခန့်တွင် တစ်ရေးနိုးလာ၏။ အိပ်ခန်းတံခါးအတွင်းမှ မင်းတုပ်မထိုးမိမှန်း ယခုမှ သတိရသည်။ သို့သော် မလိုအပ်ဟုပင် ထင်မြင်လာလျက် မင်းတုပ်မထိုးတော့ပဲ အိပ်ရန် ကြိုးစားသည်။ အိပ်မပျော်သေးမီ ကားစက်သံလိုလို ကြားမိ၏။ ဤတွင် ကိုယ်ဆန့်လျက် တစ်ချက်သန်းလိုက်ပြီး တစ်စောင်းထောက်၍ ကိုယ်ကိုကြွကာ နားထောင်နေမိ၏။ သို့သော် ခေါင်းအုံးပေါ် ပြန်ခေါင်းချပြီး စိတ်ချလက်ချ အိပ်ပစ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ကြိမ် တစ်ရေးနိုးလာချိန် နာရီကြည့်လိုက်ရာ မနက် ၇ နာရီခွဲပင် ရှိနေကြောင်း တွေ့ရသည်။ ထို့ကြောင့် အိပ်ရာမှ ချက်ချင်းထ အဝတ်အစားများ ပြန်ဝတ်၊ တံခါးဖွင့် အပြင်ထွက်လိုက်သည်။ သို့သော် ဧည့်ခန်းထဲ မည်သူမျှ ရှိမနေ၊ မီးဖိုကြီးကိုလည်း မီးသတ်ထားသည်။ တစ်အိမ်လုံးမှာလည်း တိတ်တိတ်ဆိတ်ဆိတ် . . . ။

ညကလူငယ် ဘယ်သွားနေသနည်း၊ ဂလက်ဒီက အော်ခေါ်ကြည့်၏။

"ဂျွန် . . . ဂျွန် ဘယ်မှာလဲဟင် . . . "

ဘယ်ကမှ အသံပေါ်မလာ။

အိမ်ရှေ့တံခါးဖွင့်ပြီး အပြင်ဘက် အော်ခေါ်ကြည့်ပြန်၏။

"ဂျွန် . . . ဂျွန် . . . ရှင်ဘယ်မှာလဲ"

ဂလက်ဒီ၏ အသံသည် အိမ်ပြင်ရှိတောင်ပေါ် လေတိုက်သံများ အကြား ပျောက်သွား၏။ အိမ်ထဲပြန်ဝင်လာလျက် တံခါးပိတ်ထားသော ကျန်အိပ်ခန်းတစ်ခုကို ကြည့်မိ၏။ အထဲတွင် ဂျွန် အိပ်ပျော်နေဆဲ ဖြစ်နိုင်၏။ ထို့ကြောင့် အပြင်မှ လှမ်းအော်ပြော၏။

"ဂျွန် . . . ဂျွန်ရေ . . . စားစရာ သောက်စရာ ဘာရှိသလဲရှင့်၊ ကျွန်မ ဆာလှပြီ"

အထဲမှ ပြေသံမကြားသဖြင့် တံခါးလိုက်ကိုင်ဘုကို လှည့်ဖွင့်သည်။ တံခါးပွင့်သွားသောအခါ ဂလက်ဒီက လှမ်းအော်လိုက်ပြန်သည်။

"အိုရှင့် . . . ကာလနဂါးကြီး ထပါတော့၊ ကျွန်မက အလုပ်ဆင်းရဦးမှာ၊ ကျွန်မဖို့ ဘာစားစရာရှိ . . . "

အော်ပြောအပြီး တံခါးတချပ်လုံး ပွင့်သွားချိန် ဂလက်ဒီ အခန်းထဲ ကြည့်လိုက်ရာ ကြက်သေ သေသွား၏။

ကြမ်းပေါ်တွင် လဲကျနေသော လူတစ်ယောက် . . .

အချိန်အတော်ကြာကြာကလေး ရပ်ကြည့်နေပြီးမှ ထိပ်လန့်တကြား အော်မိတော့သည်။

စိတ်ပြန် ထိန်းလိုက်ချိန်တွင် လဲနေသူအနီး ဒူးထောက်ပြီး အခြေအနေကြည့်၏။ သွေးကွက်အတွင်း အသက်ပျောက်နေချေပြီတကား။ အနီးတွင်





လည်း အသေးစား ရိုင်ဖယ်သေနတ်ရှိနေ၏။ ကောက်ကိုင်ကြည့်ပြီးမှ သေနတ်ကို ပြန်လွှတ်ချလိုက်၏။

နောက်ဆုံး သူ့ကိုယ်သူ ဂလက်ဒီ သတိထားမိသည်မှာကား သူသည် အိမ်အပြင်ထွက်ပြေးလာခဲ့သည်၊ ရွှံ့ဗွက်လမ်းတစ်လျှောက် ထွက်ပြေးလာခဲ့သည်။

✿✿✿✿✿✿✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

✿ ရွှေနေကြီး ပယ်ရီမေဆင်၏ အတွင်းရေးမှူးမကလေး ဒယ်လာ စထရိက သူ့ဆရာအား သတင်းလာပို့သည်။

"ဆရာ … အမျိုးသမီးတစ်ယောက် အပြင်မှာ စောင့်နေတယ်။ မယ်ပြာလောင်ကလေးတစ်ယောက်ပဲ ဆရာ၊ တုန်တုန်လှုပ်လှုပ် ချောက်ချောက်ချားချားနဲ့ သိပ်အရေးကြီးလို့ ဆရာနဲ့ တွေ့ချင်ပါသတဲ့"

ပယ်ရီမေဆင်က မျက်ခုံးပင့်ကြည့်လိုက်ရာ ဒယ်လာက ဆက်အစီရင်ခံသည်။

"နာမည်က ဂလက်ဒီဗွိုင်းလ်တဲ့။ ဟိုတလောက အရောင်းရ အတွင်ကျယ်ဆုံးစာအုပ်ရေးတဲ့ စာရေးဆရာမကြီး မိုဗီနိုင်းမိရဲ့ အတွင်းရေးမှူး ပါတဲ့ဆရာ၊ အဲဒီစာအုပ် ဆရာမှတ်မိတယ်နော်၊ 'ယောကျ်ားသားဆို နုပ်နုပ်ဆိုင်းယစ်' ဆိုတဲ့ စာအုပ်လေ"

"အေး … ဟုတ်ပြီ၊ မှတ်မိတယ်၊ အိမ်ပြေးမလေးအကြောင်း အခြေခံထားတဲ့ ဝတ္ထုမဟုတ်လား။ ဒါနဲ့ စောစောက ဒယ်လာသုံးလိုက်တဲ့ စကားလုံး က ဘာတဲ့၊ မယ်ပြာလောင် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဆရာကလည်း သူ့ပုံပန်းကြည့်ပြီး နာမည်ပေးလိုက်တာပါ။ မိုးကာအင်္ကျီ ဖိုးရိုးဖားလျားနဲ့ မိုးထဲလေထဲလျှောက်လည်ပြီး အပြေးအလွှား အိမ်ပြန်လာခဲ့တဲ့ ပုံမျိုး"

"အံ့သက်အရွယ်ကကော"

"၂၂ -၂၃ လောက်ပဲရှိတယ်၊ ကိုယ်လုံးကိုယ်ပေါက် ဖြောင့်တယ်၊ ဆွဲဆောင်မှုရှိပါတယ်"

"တွေ့လိုက်တာပေါ့"

မေဆင်၏စကားကြောင့် ဒယ်လာက ပြုံးလိုက်ရာ မေဆင်က ဖြေရှင်းရသေးသည်။

"အလိုလေး ဖြောင့်လို့ တောင့်လို့ လှလို့ တွေ့ချင်တာ မဟုတ်ပါဘူးကွယ်၊ သုပ်သီးသုပ်ပြာ ဖြစ်လာတယ်ဆိုလို့ပါ၊ ဒီမိန်းကလေးမျိုးတွေက ရှေ့နေကို အလုပ်ဖန်းပြပြီး ငှားဖို့လာတာဆိုရင် အလုပ်ပြင်ခန်း အရင်သွားပြီးမှ လာမှာပေါ့။ ခု ဒီပုံစံနဲ့ ရောက်လာတယ်ဆိုတော့ ဒါဟာ တကယ်အရေးတကြီးဖြစ်ရမယ်၊ ပြီးတော့ ရှေ့နေခလည်း ချက်ချင်းလက်ငင်း ပေးနိုင်မယ့် လူမျိုးဖြစ်နိုင်တယ် မဟုတ်လား"

"ဆရာ့အမြင်နဲ့အတွေးက တကယ့်အမှန်၊ ကျွန်မ ပထမတွေးလိုက်တာက ဆရာ စောစောကပြောသလို ဖြစ်သွားတယ်၊ ကိုယ်လုံးကိုယ်ပေါက် ကောက်ကြောင်းတွေပြပြီး ... အင်းလေ ဆရာ ကျွန်မ အထဲခေါ်ခဲ့မယ်"

ဒယ်လာကိုယ်တိုင် အမှုသည်မိန်းကလေးကို သွားခေါ်သည်။ မေဆင်က လှမ်းနှုတ်ဆက်လိုက်၏။

"မင်္ဂလာနံနက်ခင်းပါ ... ၊ မစ္စ ဂလက်ဒီဒွိုင်းလ်၊ ဒယ်လာပြောပါတယ်၊ သိပ်အရေးကြီးတယ်ဆို ... "

ဂလက်ဒီက ခေါင်းညိတ်ဖြေ၏။

"ကဲ ... ဒီလိုဆို အမြန်ဆုံးသာပြောပြပေတော့၊ ဒါမှ ကျုပ် ကူညီနိုင် မကူညီနိုင် စဉ်းစားရမှာ ... အရေးကြီးတဲ့ အချက်ကို အရင်ပြော၊ ပြီးမှ နောက်ကြောင်းပြန်ရှင်းပေါ့၊ ဟုတ်လား ... "

အမျိုးသမီးက သဘောပေါက်ပြီး ချက်ချင်းပြောပြလေသည်။

"ကျွန်မအရင်အပတ်က ရုံးပိတ်ရက် စနေတနင်္ဂနွေမှာ ရေခဲလျှောစီး





ခရီးထွက်ခဲ့ပါတယ်၊ အဲဒီမှာ ကျွန်မ သူ့အကြောင်း သိပ်မသိရသေးတဲ့ အမျိုးသားတစ်ယောက်နဲ့ တွေ့ခဲ့ရတယ်၊ စာရေးဆရာမ မိကိုယ်စား တွေ့ဆုံဆောင်ရွက်ပေးရတာပါ"

"ဟုတ်ပြီ အခုအဲဒီကနေ လမ်းလျှောက်ပြီး ပြန်လာတာလား"

မေဆင်က ဂလက်ဒီ၏ ရွှံ့ပေနေသော ဖိနပ်ကိုကြည့်ပြီး ဖြတ်မေးခြင်းဖြစ်သည်။

ဂလက်ဒီက ခေါင်းခါပြပြီး ဆက်ပြောသည်။

"မဟုတ်ပါဘူးရှင်၊ ကျွန်မဖြတ်လမ်းက ကားနဲ့ ပြန်ခဲ့တာပါ၊ လမ်းမှာ ကားဘီး ရွှံ့ချိုင့်ထဲ နစ်နေလို့ အနီးအနားက တောတွင်းအိမ်တစ်အိမ်မှာ အကူအညီတောင်းပြီး ဝင်တည်းပါတယ်၊ အဲဒီအိမ်မှာ ယောကျ်ားတစ်ယောက်ထဲရှယ်၊ အသက်က ၂၈ နှစ်လောက်ရှိမယ်၊ အဲဒီမှာ တည်းခဲ့ရပါတယ်"

"နှစ်ယောက်ထဲလား"

"ဟုတ်ပါတယ်၊ တခြား ဘယ်မှ သွားစရာမရှိတော့လို့ပါ"

"ဒါဆိုရင် ... မစ္စဂလက်ဒီ ရဲစခန်းသွားတိုင်ဖို့ကောင်းမယ်ထင်တယ်"

"ကျွန်မ ပြီးအောင် ပြောပါရစေအုံးရှင်၊ ကျွန်မကို လွှတ်နေတဲ့ အိပ်ခန်းထဲ အတင်းသွားအိပ်ခိုင်းခဲ့ပါတယ်၊ အထဲက မင်းတုပ်ချအိပ်ဖို့လည်း ပြောတယ်၊ မနက်က ကျွန်မအိပ်ရာက နိုးတော့ အိမ်ထဲမှာ ဘယ်သူမှ မရှိတော့ဘူး၊ ဒါနဲ့ တစ်ဘက်အိပ်ခန်းတံခါး တွန်းဖွင့်ကြည့်လိုက်တော့ ... အထဲမှာ လူတစ်ယောက် ကြမ်းပေါ်လဲကျသေနေတာ တွေ့ရတယ်"

"သေနေတာက ညက ခင်ဗျားနဲ့တွေ့ခဲ့တဲ့လူလား ... "

"မဟုတ်ဘူးရှင့် ... ၊တစ်ခြားလူတစ်ယောက်၊ ဒါနဲ့ ကျွန်မလည်း ကားဆီပြန်ပြေးခဲ့ရော၊ ကားဆီရောက်တော့ ညက နွံနစ်နေတဲ့ကားဘီးကို လမ်းပေါ် မ,တင်ထားတာ တွေ့ရတယ်၊ ကားခေါင်းကိုလည်း ပြန်လှည့်ပေးထားတယ်၊ သော့လည်းအသင့်တပ်ပေးထားတယ်၊ မောင်းသွားရုံပဲ"

"ဒီတော့ ဘာဆက်လုပ်သလဲ ... "

"မောင်းခဲ့တာပေါ့"

"ဟိုလူ တကယ်သေနေတာ သေချာတယ်နော်"

ဂလက်ဒီက ခေါင်းညိတ်ဖြေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ်သိသလဲ"

"အသားဖွေး ပြာနေပြီလေ၊ တစ်ကိုယ်လုံးတောင့်တင်းနေတယ်၊ ကြမ်းပေါ်မှာလည်း သွေးကွက်ကြီးနဲ့၊ သူ့ဗောား ဒူးထောက်ပြီး လက် သွေးတိုး မတိုးလည်း ကျွန်မ စမ်းကြည့်ခဲ့ပါသေးတယ်"

"သွေးကွက်ကြီး တွေ့တယ်လား"

ဂလက်ဒီက ခေါင်းညိတ်ပြသည်။

"ဒီတော့ . . . ဘာဆက်လုပ်သလဲ၊ ကျုပ်ဆီ တိုက်ရိုက် လာခဲ့တာ ပဲလား"

"မဟုတ်ပါဘူး၊ ကျွန်မအလုပ်လုပ်ရင်း အတူနေတဲ့ စာရေးဆရာမ မိရဲ့ အခန်းကို ပထမသွားတယ်၊ အခန်းထဲရောက်လို့ ကြည့်လိုက်တော့ တစ်ခန်းလုံးကို တစ်ယောက်ယောက်က ပြောင်းဆန်အောင် မွှေနှောက်သွားပုံ မျိုး တွေ့ရတယ်"

"စာရေးဆရာမ မိ ကကော . . . "

"အရိပ်အရောင်တောင် မတွေ့ပါဘူးရှင်၊ သူတစ်ခါ ကျွန်မကို ပြောဖူးတယ်၊ သူသာ တကယ်လို့ ဒုက္ခတွေ့ရရင် ရွှေနေကြီး ပယ်ရီမေဆင်ဆီ ပြေးမယ်တဲ့ ဟော . . . အခု ကျွန်မဒုက္ခတွေ့လာရတော့ သူ့စကားကို သတိရပြီး ရွှေနေကြီးဆီ လာခဲ့တာပါပဲ"

"ကောင်းပါပြီဗျာ၊ ကဲ . . . ခုအတိုင်းဆိုရင် ရဲစခန်းကို ခင်ဗျား မသွားခင် အမှုကိစ္စ ပိုသေချာအောင် မေးပါရစေအုံး။ အလောင်းတွေ့တွေ့ချင်း ရဲစခန်းကို ဘာလို့အကြောင်းမကြားတာလဲ"

"ကျွန်မ ဘယ်အခြေအနေရောက်နေတယ်ဆိုတာ သိနေလို့ပါပဲရှင်၊ အဲဒီအချိန်မှာ ညက ကျွန်မရှိနေခဲ့တာ ဘယ်သူမှ မသိစေချင်ဘူး"

"ဘာကြောင့်"

"ကျွန်မအတွက် အခြေအနေမကောင်းလို့ပေါ့၊ ညကတွေ့ခဲ့တဲ့လူရဲ့ နာမည်လည်း ကျွန်မ အပြည့်အစုံ မသိခဲ့ရ၊ ဗွန်လို့ပဲ အဖျားဆွတ်သိခဲ့ရတယ်၊ အမှန်တော့ ကျွန်မ အဲဒီအိမ်ရောက်ချိန် ဟိုလူအခန်းထဲမှာ သေပြီးဖြစ်လိမ့်မယ်၊ ဗွန်ကတော့ ဒီလူအကြောင်း သိမှာသေချာပါတယ်"

ခေတ္တနားပြီးမှ ဂလက်ဒီက ဆက်ပြော၏။





"အိမ်ထဲရောက်ရောက်ချင်း ဗွန်ဟာ ကျွန်မရောက်လာတာကို မလို လားမှန်း ကျွန်မ အကဲခတ်မိပါတယ်၊ ဒါကြောင့် ကျွန်မ မြန်မြန်သွား အိပ်စေ ချင်တာ ဖြစ်မှာပါ၊ ကျွန်မ နေရာကလည်း ကြည့်ပါအုံးရှင်၊ ညက ကျွန်မ တစ်ကိုယ်လုံး ရွှဲရွှဲစိုလို့ အိပ်ခန်းထဲဝင်သွားပြီးတော့ ကျွန်မအဝတ် အစိုတွေ အားလုံး ချွတ်ပစ်လိုက်ရပါတယ်၊ ပြတင်းပေါက်မှာ အခန်းဆီးမရှိဘူးရှင်၊ ဒီတော့ ဗွန်ဟာ ပြတင်းအပြင်ကနေ ကျွန်မ ဘာလုပ်တယ်ဆိုတာ ချောင်းကြည့် နေခဲ့ပုံရတယ်၊ ကျွန်မကို မိန်းကလေးတစ်ယောက် အဝတ်မဲ့နေတုန်း ခိုးကြည့် တဲ့သဘော မဟုတ်ဘူးဆိုတာ ခုမှ တွေးမိတယ်၊ ဟိုဘက်ခန်းကို တစေ့ တစောင်းကြည့်မကြည့် အကဲခတ်တယ်ထင်တာပဲ"

"အခန်းထဲမှာ မင်းတုပ်ရှိတယ်ဆို"

"ဟုတ်ကဲ့ . . . ၊ အတွင်းက ပိတ်ရတဲ့ မင်းတုပ်ပါ"

"အိပ်ရာဝင်တော့ တံခါးမင်းတုပ်ထိုးပိတ် အိပ်တယ်မဟုတ်လား"

ဂလက်ဒီ မျက်နှာတစ်ချက် ရဲသွားသေး၏။ ပြီးမှ ရယ်မောပြီး ဖြေသည်။

"ကိုယ့်ရှေ့နေကိုတော့ အမှန်အတိုင်း ဖွင့်ပြောရမှာပေါ့နော်"

မေဆင်က ခေါင်းညိတ်ပြသည်။

"အမှန်အတိုင်းပြောရရင် ကျွန်မ မင်းတုပ်ထိုးမအိပ်ဘူးရှင့်၊ တစ်ရေး နိုးလာတော့လည်း တမင်ပဲ မင်းတုပ် ထ မထိုးတော့ဘူး၊ ကျွန်မ မေ့တာ မဟုတ်မှန်းလည်း သတိရပါတယ်"

"အဓိပ္ပါယ်က . . . "

"အဓိပ္ပါယ်က ကျွန်မလို လှလှပပမိန်းမပျိုကို သူက ဂရုမစိုက် သလိုလို၊ နှိမ်သလိုလို စကားပြောခဲ့တော့၊ ညပိုင်း ဆောင်တော်ကူးလာအောင် လမ်းဖွင့်ပေးတာပဲ၊ ဆောင်တော်ကူးလာတော့မှ သူ့ကို နှိမ်ပစ်လိုက်မယ်လို့ စဉ်းစားထားတယ်၊ ဒီလူ ကျွန်မကို ပြတင်းပေါက်က ချောင်းကြည့်တာလည်း ကျွန်မ အသေအချာသိပါတယ်၊ ဒီတော့ အဝတ်မပါတဲ့ ကျွန်မအလှကို သူ တွေ့မှာပဲ၊ ဒါနဲ့တောင် ကျွန်မ စောင်ကလေး တစ်ထည်တည်း ပတ်ပြီး ညှော်ခန်း ထဲ ထွက်လာတော့ သူက သွားအိပ်ချေတော့၊ အခန်းတံခါး မင်းတုပ်ထိုးအိပ် လေဘာလေးပြောလွှတ်တော့၊ ဒင်းတော့ နေနှင့်အုံးလို့ တေးထားလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ၊ ဆောင်တော်ကူးလာမှ နိမ်ပစ်မယ်ပေါ့၊ ဒါ... ကျွန်မရှေ့နေကို ကျွန်မ အမှန်အတိုင်း ဖွင့်ပြောတာနော်"

"ဒီလိုလုပ်တော့ ဝွန်က တစ်ချက်ကလေးမှ လှုပ်မလာဘူးလား"

"တကယ်ပါပဲရှင်၊ ဘယ်လို လူစားမျိုးမှန်းတောင် မပြောနိုင်အောင် ပါပဲ၊ ဘာမှမကြိုးစားဘူးရှင်"

"တကယ်... ဆောင်တော်လည်း မကူးဘူးပေါ့"

"တကယ် မတုန်မလှုပ်ပါပဲရှင်၊ ကျွန်မ ကြားဘူးနားဝရှိသလောက်မှာတော့ တကယ့်ကို ထူးဆန်းနေတယ်"

"ဟုတ်ကဲ့... ၊ ကျုပ် နားလည်မိပါတယ်"

"စောင်ကလေး တစ်ထည်တည်း ပတ်ထားတဲ့ မိန်းကလေးကို ဘယ်သူဖြစ်ဖြစ် တစ်နည်းနည်း ကြိုးစားကြမယ်လို့ ကျွန်မ ထင်ခဲ့တာ၊ ဒီလို ဖြစ်လာရင်လည်း ကျွန်မဘက်က အခြေအနေကို ကိုင်တွယ်နိုင်အောင် ပြင်ဆင်ထားပါတယ်၊ အဲဒီအခြေအနေမျိုးမှာ သူက ကျွန်မအိပ်ခန်းထဲသွား၊ တံခါးမင်းတုပ်ပိတ် အိပ်နိုင်းပြီး သူတစ်ယောက်တည်း ကျွန်မ ကားဘီးကျွံနေတာကို သွားဖော်ပေးပုံရတယ်၊ ပြီးတော့ ကားမောင်းနိုင်ဖို့ အားလုံး အဆင်သင့် လုပ်ထားပေးပြီး ကားခေါင်းပါ လှည့်ပေးထားတယ်၊ ဒီတော့ ကျွန်မ ဒီမှာ ရှိခဲ့ပါတယ်လို့တောင် ဘယ်သူမှ မသိစေချင်ဟန် ဒီနေရာက ကျွန်မ မြန်မြန် ပြန်သွားစေလိုဟန် ယူဆရပါတယ်"

"သူသုံးတဲ့ကား ဘာကားမျိုးလဲလို့တော့ ကားဘီးရာတွေ၊ ဘာတွေ မကြည့်ခဲ့ဘူးလား"

"ဘာမှ ကြည့်မနေအားတော့ပါဘူးရှင်၊ အိမ်ထဲက ကားဆီထွက်ပြေး ကားဆီရောက်တော့ အတင်းမောင်းပြေး လာခဲ့တာပါပဲ၊ စာရေးဆရာမ မိ အခန်းပြန်ရောက်တော့လည်း တစ်ခန်းလုံး မွှေနှောက်ခံရလို့ မွှမွှကြဲနေတာ တွေ့ရပြန်တယ်၊ တစ်စုံတစ်ယောက်ဟာ တစ်ခုခုလိုချင်လို့ ဝင်ရှာသွားပုံပါပဲ"

"တောထဲက အိမ်ငယ် တည်နေရာ အတိအကျ ပြောမပြနိုင်ဘူးလား ဂလက်ဒီ"

"ပြောပြနိုင်ပါတယ်၊ မှတ်မိသလောက် ပုံကြမ်းဆွဲပြပါ့မယ်"

ဂလက်ဒီက တောင်ထိပ်ဟိုတယ်မှ ထွက်လာလမ်း၊ ဖြတ်လမ်း၊ ထိုမှ





တဆင့် တောတွင်းအိမ်ငယ်အရောက် ပုံကြမ်းဆွဲပြလိုက်သည်။

"ဒီဖြတ်လမ်းအကြောင်းလည်း မိက ကျွန်မကို လမ်းညွှန်ခဲ့တာပါရှင်"

ဂလက်ဒီကမ်းပေးသော မြေပုံကြမ်းကို လှမ်းယူရင်း မေဆင်က မေးသည်။

"စာရေးဆရာမ မိ အကြောင်း သိသလောက် ထပ်ပြောပါအုံး၊ သူ့ဆီမှာ ခင်ဗျားလုပ်တဲ့ အလုပ်အကြောင်းရော၊ တောင်ထိပ်ဟိုတယ်မှာ ခင်ဗျား သွားအနားယူရတဲ့ အကြောင်းရောဆိုပါတော့"

ဂလက်ဒီက ဖြစ်ခဲ့သမျှကို အကျဉ်းချုံး ရှင်းပြလိုက်သည်။ ရှင်းပြပြီး ချိန်၌ မေဆင်က လုပ်သင့်သည့်ကိစ္စများကို ညွှန်ကြားတော့သည်။

"ကဲ... ဂလက်ဒီ ဒီလိုလုပ်ပေတော့၊ မိ အခန်းထဲမှာ အဝတ်အစား တွေ ရှိသေးတယ်မဟုတ်လား"

"ဟုတ်ကဲ့... ရှိပါတယ်၊ အခန်းပြန်ရောက်တုန်းကလည်း တစ်ခန်း လုံးမွှေနှောက်ထားတော့ ဘာလုပ်ရမှန်းမသိလို့ ဒီကို တိုက်ရိုက်ပြေးလာခဲ့ပါတယ်၊ ကျွန်မကို မိ မှာလိုက်တာက တနင်္ဂနွေနေ့ညအရောက် ပြန်ခဲ့ရမယ်တဲ့ရှင်"

"အဲဒီတော့ ခင်ဗျားအခန်းကိုပြန်၊ ခင်ဗျား အဝတ်အစားတွေကိုယူ၊ နေအုံးနေအုံး ဒီလိုလုပ်၊ ခင်ဗျား အဝတ်အစားအတိုင်းအတွာ ဒယ်လာကို အခု ပြောပြလိုက်၊ ပြီးတော့ အသစ်တစ်စုံ ကပျာကသီဝယ်ပြီးဝတ်၊ ဝယ်ဖို့ ငွေကြေးပါရဲ့လား"

"ဟုတ်ကဲ့... ၊ ပါပါတယ်"

"ဒါဆို... အသစ်တစ်စုံ ဝယ်ပေတော့၊ ခင်ဗျား ကိုယ်တိုင် သွားမဝယ်ပါနဲ့၊ ဩော်... နေအုံး၊ ဒယ်လာဆီက အဝတ်တစ်စုံ ဖြစ်ဖြစ် ခဏငှားဝတ်၊ အဝတ်လဲပြီးရင် မိရဲ့ တိုက်ခန်းကို ပြန်သွား၊ တိုက်မန်နေဂျာနဲ့တွေ့၊ မိလည်း ဒီနေ့ မနက် ပြန်ရောက်ဖို့ ရှိတယ်လို့ပြော"

"ဟုတ်ကဲ့၊ ကျွန်မနဲ့ ဒီနေ့မနက် လုပ်စရာလည်း ရှိပါတယ်"

"နေအုံး၊ ခဏထိုင်ပါအုံး၊ ခဏလေးနော်"

မေဆင်သည် ပြောပြောဆိုဆို ရဲဌာနသို့ ဖုန်းဆက်သည်။ လူသတ်မှု ဆိုင်ရာဌာနခွဲမှ လက်ဖတင်နင်ထရက်နှင့် ဆက်သွယ်မိ၍ အလောင်းအစ်ခု တွေ့ကြောင်း ပြောပြလိုက်သည်နှင့် တစ်ပြိုင်နက် ထရက်က ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



"သွားကြည့်ပြီးပြီ မဟုတ်လား"ဟု ဆီးဟောက်ကာ ရဲအဖွဲ့မရောက်ခင် ထိုသို့ သွားခြင်းမျိုးကို မလိုမလား ဖြစ်ဟန်ဖြင့် ပြောသည်။

"ကျုပ် မရောက်သေးပါဘူးဗျ"

"ဒီတော့ . . . "

"ဒီတော့ ကျုပ် ခင်ဗျားတို့နဲ့ ဒီကိစ္စ ပူးပေါင်းဆောင်ရွက်လိုပါတယ်၊ အလောင်းက တောတွင်းအိမ်ငယ်တစ်ခုမှာပဲ၊ တောင်ထိပ်စခန်းဟိုတယ်က မြို့ဘက်ကိုလာတဲ့ ဖြတ်လမ်း-လမ်းပေါ်မှာ ရှိတယ်၊ ကျုပ်က အဲဒီကိစ္စမှာ အမှုသည်တစ်ယောက်ရဲ့ ရှေ့နေပါ"

"မစ္စတာမေဆင်၊ ခင်ဗျား သိထား တွေ့ထားသမျှ ရဲအဖွဲ့လက်ထဲ လွှဲပြောင်းပေးဖို့ လိုမယ်ထင်တယ်"

"ကျုပ်က ရဲအဖွဲ့ဝင်မှ မဟုတ်ပဲ၊ ခင်ဗျားရဲတွေကို လွှတ်ပေါ့ဗျ"

"ခင်ဗျားအမှုသည်အကြောင်းကော မပြောပြနိုင်ဘူးလား"

"ဒါတော့ ဘယ်သူ့မှ ပြောလို့မဖြစ်သေးဘူး"

"ဒါနဲ့ ခင်ဗျား ပူးပေါင်းကူညီမယ်ဆို"

"ကူညီမှာပေါ့"

"အဲဒီအိမ် ဘယ်နေရာလဲ၊ မစ္စတာမေဆင်"

"ပြောပြမယ်လေ၊ လိုက်မှတ်ပေတော့"

မေဆင်ပြောပြချက်များကို ထရက်က လိုက်မှတ်၏။ ပြီး . . . မေးလိုက်သည်။

"ခင်ဗျားအမှုသည်က ဒီကိစ္စ ဘယ်လိုလုပ် သိနေတာလည်းဗျ"

"ဒါလည်းပြောလို့ မဖြစ်သေးဘူး"

"ဒါဆို ခင်ဗျားတရားသူကြီးရှေ့မှာ အစစ်ခံရလိမ့်မယ်နော်"

"ရပါတယ်"

"ကျမ်းကျိန်ပြီး သက်သေအဖြစ် အစစ်ခံရမှာနော်"

"ဒါတော့ ထရက်၊ ခင်ဗျားမှားသွားပြီ၊ ကျမ်းတော့ကျိန်မယ်၊ ဒါပေမဲ့ မယ့် ထုတ်ဖော်ပြောချင်မှ ပြောမှာဗျ၊ ဘာကြောင့်လဲဆိုတော့ ဒါဟာ ရှေ့နေ တစ်ယောက်မှာ ရှိနေတဲ့ ရှေ့နေအခွင့်အရေးပဲ"

ထရက်က ခေတ္တစဉ်းစားလိုက်သေးသည်။ ပြီးမှ ဆက်ပြော၏။





"ကောင်းပြီလေ၊ ကြည့်ကြသေးတာပေါ့"

ဖုန်းပြောအပြီး မေဆင်က ဂလက်ဒီကို ဆက်ပြောသည်။

"ကဲ . . . ဂလက်ဒီ၊ စောစောက ပြောတဲ့အတိုင်း စ,လုပ်ပေတော့၊ ဒါနဲ့ မီ အခန်းထဲ မွှေနှောက်တဲ့ကိစ္စ ဆွေးနွေးရင် ခင်ဗျားပြန်ရောက်တော့ အဲဒီအတိုင်း တွေ့ရတယ်လို့ပဲ ပြော၊ ခင်ဗျား အဲဒီအချိန်က ဘယ်သွားနေလဲ ဘယ်တုန်းက ပြန်ရောက်သလဲ၊ အသေးစိတ်မေးရင် ဘယ်သွားနေတယ်လို့ အမှန်အတိုင်းမပြောနဲ့၊ မီ ကို ဘယ်မှာတွေ့နိုင်မလဲ လိုက်ရှာနေတယ်လို့ပဲပြော၊ မီ နဲ့ ပြန်မတွေ့မချင်း ဘာမှ မပြောနိုင်ဘူးလို့လည်း ပြောပြ၊ မီ အတွက် ကိုယ်ရေးကိုယ်တာကိစ္စတစ်ခု ရုံးပိတ်ရက်မှာ ဆောင်ရွက်ပေးနေတယ်လို့သာ ပြော၊ အကျပ်ကိုင်မေးလည်း ဘာမှ မပြောနဲ့"

"ကျွန်မ တောင်ထိပ်ဟိုတယ် အကြောင်းနဲ့ လူသတ်မှုအကြောင်း မပြောရဘူးလား"

"လုံးဝ မပြောရဘူး၊ ဒီအမှုကို လူသတ်မှုလို့လည်း မသတ်မှတ်နဲ့အုံး ဒါ ကိုယ့်ကိုယ်ကိုယ် သတ်သေမှုလည်း ဖြစ်နိုင်တယ်"

✿✿✿✿✿✿✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

✿ မွန်းလွဲပိုင်း၊ ပယ်ရီမေဆင်၏ရုံးတွင် ဖြစ်သေး အပြင်ခန်း ဖုန်းအော်ပရေတာမကလေး ဂါတီက မေဆင့်ထံ ရုံးတွင်းပြော တယ်လီဖုန်းဖြင့် အကြောင်းကြားသည်။

"ဆရာ၊ လက်ဖတင်နင်ထရက် ရောက်နေတယ်၊ ဆရာ့ကို ချက်ချင်းတွေ့ရမယ်ဆိုပြီး ဝင်လာနေပါပြီ"

မေဆင် မော့ကြည့်လိုက်ချိန်တွင် ထရက်မှာ အတွင်းရုံးခန်းထဲသို့ ဝင်လာနေပြီဖြစ်၏။

"လမ်းကြုံရင်း ဝင်တာပါ၊ ရှေ့နေကြီးကို ဂါရဝပြု ဝင်နှုတ်ဆက်တာပဲလို့ဆိုပါစို့၊ ပြီးတော့ ဟို . . . တောစခန်းအိမ် လူသတ်မှုအကြောင်းလည်း နည်းနည်းပါးပါး ဆွေးနွေးချင်လို့ပါ"

ထရက်က ရောက်မဆိုက် ပြောလိုက်ရာ မေဆင်ကလည်း ဝတ်ကျေတမ်းကျေ ပြန်နှုတ်ဆက်ရင်း . . .

"တွေ့ရတာ ဝမ်းသာပါတယ်၊ ဒါပေမယ့် နောင်ဆိုရင်တော့ ကြိုတင်အကြောင်းကြားပြီးတော့ အပြင်မှာစောင့်၊ အထဲကိုဖိတ်ခေါ်မှ ဝင်ဘို့ အလေ့



www.burmeseclassic.com

www.burmeseclassic.com



အကျင့်ကလေး လိုမယ်ထင်ပါတယ်"

ထရက်က ခေါင်းခါပြီးပြောလေသည်။

"ဒီအစဉ်အလာတွေအတွက် အချိန်မဖြုန်းနိုင်ဘူးဗျို့၊ အခု ကျုပ်နည်းက အချိန်ကုန်သက်သာတယ်၊ အလုပ်တွင်ကျယ်တယ်"

"ဘယ်ဟုတ်မလဲဗျ၊ ကျုပ်ဆီမှာ အမှုသည်ရှိနေရင် ဘယ့်နှယ့်လုပ်မလဲ"

"ပိုကောင်းတာပေါ့၊ ရဲအဖွဲ့ရဲ့ လုပ်ငန်းကျွမ်းကျင် လျင်မြန်မှုအကြောင်း အမှုသည်ပါ နားလည်သွားမှာပေါ့၊ ခုလည်း ခင်ဗျားဆီမှာ ကျုပ်တွေ့ချင်တဲ့ လူတစ်ယောက် အမှုသည်အဖြစ် ရောက်နေတယ်ထင်တယ်"

"ခင်ဗျားကို ဖုန်းနဲ့ ပြောပြီး အကြောင်းကြားပြီးပြီလေ"

ထရက်က ယခုမှ ဒယ်လာကို လှမ်းနှုတ်ဆက်သည်။ ဒယ်လာကလည်း ပြန်နှုတ်ဆက်သည်။ ထိုနောက် ထရက်က မေဆင်ကို လှမ်းပြော၏။

"ရဲအဖွဲ့ဝင်တွေဆိုတာကတော့ မှန်မှန်ပဲ အလုပ်လုပ်တတ်ကြပါတယ်၊ ဒါကြောင့်လည်း တစ်ခုခုဆို ဖြည်းဖြည်းတော့ အမှန်ပေါ်လာတတ်စမြဲပါ။ ခုလည်း ဒီနည်းနဲ့ပဲ ဂလက်ဒီဆိုတဲ့ မိန်းကလေး တစ်ယောက်အကြောင်း သိလာရပြီ မစ္စတာမေဆင်"

"ဂလက်ဒီက ဘယ်လိုလဲ၊ ဘာဖြစ်တာလဲ"

"ဂလက်ဒီဆိုတာ စာရေးဆရာမ မိရဲ့ အတွင်းရေးမှူးအဖြစ် အလုပ်လုပ်နေတဲ့ ကလေးမတစ်ယောက်ပဲ၊ ရုံးပိတ်ရက် စနေ တနင်္ဂနွေမှာ တစ်နေရာ သွားနေပုံရတယ်၊ ပြန်လာတော့ သူ့အခန်း မွှေနှောက်ခံထားရတာ တွေ့ရသတဲ့"

"ရဲစခန်းကို အကြောင်းကြားသလားဗျ"

"တိုက်ခန်းမန်နေဂျာကို အကြောင်းကြားတော့ မန်နေဂျာက ရဲစခန်းကို ဖုန်းဆက်တာပေါ့"

"ဒီတော့ . . . "

"ဂလက်ဒီကို ရဲက စစ်မေးရတာပေါ့၊ ဘယ်အချိန်ပြန်ရောက်ပြီး အခန်းအခြေအနေကို တွေ့တာလဲ၊ ဘယ်သွားနေလို့လဲ ဆိုတော့ စနေ တနင်္ဂနွေ ရုံးပိတ်ရက်မှာ စာရေးဆရာမ မိအတွက် ကိုယ်ရေးကိုယ်တာကိစ္စအချို့ အပြင်





ထွက် ဆောင်ရွက်ပေးခဲ့ရသတဲ့၊ ဘယ်ကိုသွားနေခဲ့သလဲလို့မေးတော့ မပြောဘူး၊ ဒါနဲ့ပဲ ရဲတို့တတ်အပ်သော ပညာများနဲ့ ဆက်စုံစမ်းတော့ မိရဲ့ကားကိုဒေါင်စောင့်ဆီကရယ်၊ တိုက်ခန်းအဆောက်အအုံ စောင့်တဲ့လူဆီကရယ် တစ်မျိုး ထပ်သိလာရပြန်တယ်၊ ဂလက်ဒီဟာ ရုံးပိတ်ရက်မှာ တောင်ထိပ်စခန်းဟိုတယ်ကို သွားနေခဲ့တယ်ဆိုပဲ၊ တနင်္ဂနွေနေ့ညက ညစာစားပြီးချိန်မှာ ဟိုတယ်ကနေ ပြန်ထွက်လာသတဲ့၊ မိန်းမလေးတယောက်ထဲ ညဘက် ဘယ်မှာနေလဲလို့ မမေးသင့်ဘူးပေါ့၊ ဒါနဲ့ တစ်ခြားမှာပဲ စုံစမ်းလိုက်တော့ ဟိုတယ်မှာပြောတယ်ဆိုပဲ၊ အပြန်မှာ ဖြတ်လမ်းကပြန်မယ်တဲ့၊ ကဲ အဲဒီညမှာပဲ ဖြတ်လမ်းပေါ်မှာရှိတဲ့ တောတွင်းအိမ်ကလေးထဲမှာ လူသတ်မှု ဖြစ်ခဲ့တယ် . . . ဒီတော့ "

"ဟာ . . . ခင်ဗျားတို့ ရဲကြီးတွေ သိပ်တော်တာပဲဗျို့၊ ဆက်ပါအုံး" မေဆင်ကချီးမွမ်းလိုက်၏"

ရိုးရိုးအခန်းမွှေနှောက် ဖောက်ထွင်းမှုကိုတော့ ကျုပ်မကိုင်ပါဘူး၊ ခုဟာက လူသတ်မှုပါ တွဲလာတော့ ကျုပ်ကိုင်ရတော့တယ်ပေါ့၊ ဒါနဲ့ ဂလက်ဒီရဲ့ အဝတ်အစားတွေကို စစ်ဆေးနိုင်ဖို့ ရှာခိုင်းရတာပေါ့၊ ဟိုညက ဂလက်ဒီ ဝတ်သွားတဲ့ အဝတ်အစားတွေမှာ သွေးစက်ရှိမရှိ သိချင်တယ်လေ"

"ဒီတော့ . . . "

"သွေးစက်တော့ မတွေ့ပါဘူး။ ဒါပေမယ့် အဲဒီအဝတ်အစားတွေကို သိပ္ပံနည်းသုံးပြီး ခရမ်းလွန်ရောင်ခြည်တွေနဲ့ စစ်ဆေးပြန်တော့ ပင်မင်းဆိုင် အမှတ်အသားက ဂလက်ဒီရဲ့ တစ်ခြားအဝတ်အစားမှာပါတဲ့ အမှတ်အသားနဲ့ မတူဘူး။ ဒါနဲ့ ဆက်စုံစမ်းကြည့်တော့ မတူတဲ့ ပင်းမင်းအမှတ်အသားက ဟောဒီအတွင်းရေးမှူးမလေး ဒယ်လာစထရိရဲ့ ပင်းမင်းဆိုင် ဖြစ်နေတယ်၊ ပြီးတော့ အဲဒီညက ဂလက်ဒီဝတ်သွားတယ်ဆိုတဲ့ အဝတ်အစားတွေ ဖြစ်နေကြောင်း တွေ့ရပါတယ်ဗျာ"

ထရက်က ခေတ္တနားပြီးမှ ဒယ်လာဘက်လှည့်ပြီး ပြောလိုက်လေ၏။

"ဒီတော့ ဂလက်ဒီကို အဝတ်အစားတွေ ဘာကြောင့်ပေးလိုက်ရကြောင်း ဟောဒီက ဒယ်လာက ရဲအဖွဲ့ကို ရှင်းပြလိမ့်မယ်ထင်ပါတယ်၊ ပြော် . . . တစ်ဆက်တည်းပြောရရင် ဒယ်လာရဲ့အခန်းထဲမှာများ ဂလက်ဒီရဲ့ အဝတ်အစားတွေ ရှိနေလိမ့်မလားပဲ၊ အဲဒီအဝတ်အစားတွေမှာတော့ သွေးစွန်း



www.burmeseclassic.com

www.burmeseclassic.com



နေလိမ့်မယ် ထင်တယ်"

"မေဆင်က ဖြတ်မေး၏။

"ရှာကြည့်ချင်လို့လား"

"ဟုတ်ကဲ့ . . . ကျွန်တော်တို့ စုံစမ်းနေပါပြီ"

"ဟာ . . . ခင်ဗျားတို့ သိပ်တော်တာပဲဗျို့"

မေဆင်က ထပ်ချီးကျူးလိုက်ပြန်ရာ ထရက်က ပြော၏။

"ဒီလောက်တော့ မဟုတ်ပါဘူးဗျာ၊ ကဲ . . . အခု ဒယ်လာ့အခန်းကို ဝရမ်းနဲ့ရှာဖို့ ကျွန်တော် ဆုံးဖြတ်လိုက်ပြီးပါပြီ၊ ဒီတော့ ဒယ်လာကူညီမယ် မဟုတ်လား။ ဪ . . . ပြီးတော့ ဒီလူသတ်မှုက မစ္စတာမေဆင် အစဖော်ပေးတာပဲ၊ သူ့ဆီမှာ ဒီအလောင်းကိုတွေ့ခဲ့ရတဲ့ အမှုသည်က မစ္စတာမေဆင်ရဲ့ အတွင်းရေးမှူး ဒယ်လာပိုင်အဝတ်အစားတွေ ဝတ်ထားတယ်ဆိုတာ တွေ့ရပြန်တော့ . . . ၊အင်းလေ နှစ်နဲ့နှစ်ပေါင်း လေးဖြစ်လာတယ် ဆိုပါတော့ . . . "

မေဆင်က ဝင်ပြောလေ၏။

"ထရက်၊ ခင်ဗျားအခုလို ပြောနေတာ့ ဒယ်လာက ကြိုက်မယ် မထင်ဘူးဗျ"

"ဘယ်ကြိုက်မလဲဗျာ . . . မိန်းကလေးဆိုတာ သူတို့အခန်း ရဲအဖွဲ့က ဝင်ရှာတယ်ဆိုရင်ပဲ ဘယ်သဘောကျမှာတဲ့လဲ၊ ဒါကြောင့် ရဲအဖွဲ့ဝင်တွေကို ကျွန်တော် မှာလိုက်ပါတယ်၊ ရဲအဖွဲ့က လိုချင်တဲ့ အဝတ်အစားကိုပဲ ရှာပြီးယူခဲ့ပါလို့"

ထိုအချိန်တွင် ဖုန်းခေါ်သံမြည်လာ၏။ ဒယ်လာက ကောက်နားထောင်လိုက်ပြီး ထရက်အား လှမ်းပေးလိုက်၏။

"ရှင်နဲ့ပြောချင်လို့ပါတဲ့"

ထရက် ဖုန်းကိုနားထောင်၍ ပြန်ချလိုက်ပြီး ရှင်းပြ၏။

"ကဲ . . . မစ္စဒယ်လာ အခန်းထဲမှာ ဂလက်ဒီရဲ့ အဝတ်အစားတွေ တွေ့ရပါသတဲ့၊ ခု . . . ဖုန်းဆက်တာ ကျွန်တော့် ရဲအမှုထမ်းတစ်ဦးပါ၊ အဝတ်အစားတွေကို စစ်ဆေးဖို့ အခုယူသွားပါပြီ၊ စစ်ပြီးလို့ ထူးခြားချက်မတွေ့ရင် ပြန်ပို့ပေးပါ့မယ်နော်"

ထရက်က ခေတ္တနားပြီး မေဆင်ကို လှမ်းပြောပြန်သည်။





"ဒီတော့ မစ္စတာမေဆင်၊ ခင်ဗျားရဲ့ အမှုသည်ဆိုတာ လူသတ်မှု အကြောင်း ခင်ဗျားကိုပြောပြတဲ့ ဂလက်ဒီလား။ ဟုတ်မဟုတ် ပြောစေ လိုပါတယ်"

"ဪ . . . ဪ . . . ဒယ်လာ့ရဲ့ အဝတ်တွေ မှားဝတ်မိလို့ ဂလက်ဒီဟာ လူသတ်တရားခံလို့ ခင်ဗျားပြောလိုက်ချင်တယ်လား"

"ခင်ဗျားကလည်းဗျာ၊ ကောက်ချက်ဆွဲတာက မြန်လွန်းလှချည့်၊ ကျုပ်က ဒီလိုမပြောပါလား။ တစ်ခုတော့ ရှိသပေါ့၊ ဓါတ်ခွဲခန်းမှာ ဟို . . . အဝတ်အစားတွေ စစ်ဆေးပြီးရင်တော့၊ ခင်ဗျားတောင် အံ့ဩသွားမယ် ထင်ပါတယ် မစ္စတာမေဆင်"

ဒယ်လာကလည်း ခုမှဝင်ပြော၏။

"လက်ဖတင်နင်ထရက်၊ သတင်းကြိုပြောတာ ကျေးဇူးတင်ပါတယ်၊ ကျွန်မအခန်းတော့ ပွနေမှာပဲ"

ထရက်က ဒယ်လာ့ကိုကြည့်ပြီး ခေါင်းခါလည်ခါ လှမ်းပြော၏။

'ဒယ်လာ . . . ခင်ဗျား ကြားက ဘာမှဝင်မပြောပါနဲ့၊ ခင်ဗျားရဲ့ ဆရာနဲ့သာ ကျုပ်ပြောနေတာပါ၊ ခင်ဗျားကို ကျုပ် ဘာမှမပြောရသေးဘူး တစ်ခုတော့ရှိပါတယ်၊ ဒယ်လာဘာပဲလုပ်လုပ် ခင်ဗျားရဲ့ဆရာ မစ္စတာမေဆင် ရဲ့ ညွှန်ကြားချက်အရ လုပ်တာဖြစ်မှာပါ၊ ဒါကြောင့် အဲဒီညွှန်ကြားချက် ဘာတွေဆိုတာ မစ္စတာမေဆင်ကိုပဲ မေးချင်ပါတယ်ဗျာ၊ မစ္စတာမေဆင် ဥပဒေ နားလည်ပါတယ်၊ သက်သေခံပစ္စည်း ဖုံးဖိဖျောက်ဖျက်တာ ဝိုအပြစ်ကြီးပါတယ်"

မေဆင်က ကြားဖြတ်ပြောသည်။

"ဒယ်လာရော ကျုပ်ရော ဒါမျိုးလုပ်ဖို့ မစဉ်းစားပါဘူး။ ဥပဒေဆိုလို့ ဥပဒေအကြောင်းတစ်ခုကို ခု ကျုပ် သတိရလိုက်မိတယ်၊ သက်သေခံပစ္စည်း ဖုံးဖိဖျောက်ဖျက်တယ်ဆိုတာက အဲဒီလူဟာ အဲဒီပစ္စည်းကို သက်သေခံပစ္စည်း လို့သိတယ်၊ သိရက်နဲ့လုပ်တယ်ဆိုမှ ပြစ်မှုမြောက်ပါတယ်၊ ခု ဒီကိစ္စမှာ ဂလက်ဒီရဲ့ အဝတ်အစားတွေကို ဒယ်လာရဲ့အခန်းမှာ တွေ့တယ်ဆိုပေမယ့် ဖျောက်ထားတာတော့ မဟုတ်ဘူး။ ထင်ထင်လင်းလင်းပဲ၊ ခု ခင်ဗျားပြောလာတော့ အဲဒီအဝတ်အစားတွေမှာ သွေးကွက်၊ ဒါမှမဟုတ် အခြားထူးခြားချက်တွေမှ သက်သေခံပစ္စည်းဖြစ်လာမှာပါ၊ မတွေ့ရင် အဝတ်ဟာ အဝတ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း... ဒီမေးခွန်းကိစ္စ ဒယ်လာအတွက် မစ္စတာမေဆင်ပဲ ဖြေရမှာပါ။ ခု မစ္စတာမေဆင်ပြောတာကတော့ မှုခင်းကျွမ်းကျင်သူရဲ့ အမြင်ကိုး"

ပြောရင်း ထရက်က နေရာမှ ထ,သည်။ ထို့နောက် နှုတ်ဆက်ပြီးထွက်သွား၏။

"လမ်းကြုံလို့ဝင်လာတာပါနော် ... မစ္စတာမေဆင်"

ပြောပြောဆိုဆို ထရက်ထွက်သွားချိန် မေဆင်နှင့် ဒယ်လာတို့ တစ်ဦးနှင့်တစ်ဦး လှမ်းကြည့်မိကြ၏။

"ကဲ... ဆရာရေ မီးပုံထဲတော့ လောင်စာဆီပုံး ရောက်နေပြီ"

"ဘယ် ဒီလောက်ကမလဲ၊ လောင်စာဆီပုံးထဲ မီးလောင်နေတာတောင် ဖြစ်နိုင်တယ် ဒယ်လာရေ့"

ဒယ်လာက သူ့ဆရာကို အရေးတကြီး သတိပေးသည်။

"ဒီလိုဆို ကျွန်မတို့ စာရေးဆရာမ မိ အခန်းသွားပြီး ဂလက်ဒီကို ရှာရလိမ့်မယ်ထင်တယ် ဆရာ"

မေဆင်က ခေါင်းခါပြီးပြောသည်။

"ဂလက်ဒီတစ်ယောက် အချုပ်ထဲ ရောက်နေလောက်ပြီ ဒယ်လာ၊ ဖုန်းဆက်ခွင့်ပေးမှာတောင် မဟုတ်ဘူး။ စွဲချက်အတွက် ပြင်ဆင်ပြီးမှ တို့ဆက်ခွင့်ရတော့မယ် ထင်တယ်"

"ဒါဖြင့်... လောလောဆယ် ကျွန်မတို့ ဘာလုပ်ကြမလဲ ဆရာ"

"လောလောဆယ်တော့ ပေါလ်ဒရိတ်ကိုပဲ ခေါ်ရမှာပေါ့"

"ကျွန်မ ဖုံးဆက်လိုက်ရမလား"

မေဆင် ခေါင်းညိတ်ပြ၍ ဒယ်လာက ဒရိတ်စုံထောက်အဖွဲ့ခေါင်းဆောင် ပေါလ်ဒရိတ်ရုံးသို့ ဖုန်းဆက်ပေးသည်။ ရှေ့နေကြီး ပယ်ရီမေဆင်၏ အမှုများအတွက် ထောက်လှမ်းရေးတာဝန်ကို လုပ်ပေးနေကျဖြစ်သော စုံထောက် ပေါလ်ဒရိတ်၏ရုံးမှာ မေဆင်၏ရုံးနှင့် အဆောက်အအုံတစ်ခုတည်း တစ်ထပ်တည်းတွင်ပင်ရှိ၍ စက္ကန့်အနည်းငယ်မျှအကြာတွင် ပေါလ်ဒရိတ် ရောက်လာသည်။

ဒရိတ်က ဒယ်လာကို နှုတ်ဆက်ပြီးနောက် မေဆင်ကို လှမ်းမေး၏။

"ကဲ... ဆို၊ ဒီတစ်ခါ ဘယ်လိုအရေးအခင်းလဲ"





"ဒီတစ်ခါ အရေးအခင်းကတော့ ဟိုဟာ ဒီဟာ စုံနေတာပဲဟေ့၊ ဗိုမဆက်ဆံရေးကိစ္စရော၊ လျှို့ဝှက်သဲဖိုရော၊ လျှို့ဝှက်ဆန်းကြယ်ဇာတ်လမ်းရော တကယ်စုံတယ်ကွ"

"လိုရင်းကိုသာပြောတော့ဗျာ"

" 'ယောက်ျားသားဆိုရင် နုပ်နုပ်စဉ်းပစ်' ဆိုတဲ့ ဝတ္ထုရေးဆရာမ မိ ဆိုတာရှိတယ်၊ ဂလက်ဒီဆိုတဲ့ ကလေးမကို သူ့အတွင်းရေးမှူးအဖြစ် အလုပ်ခန့်ထားတယ်၊ အခု ရဲအဖွဲ့က ဂလက်ဒီကို ခေါ်စစ်နေပြီး ညက လူသတ်မှုကိစ္စပေါ့"

"ဖြစ်တဲ့နေရာက ဘယ်မှာလဲဗျ"

"တောင်ထိပ်ဟိုတယ်နဲ့ ဒီမြို့အကြား ဖြတ်လမ်းပေါ်မှာ ရှိနေတဲ့ တောတွင်းအိမ်ငယ်ကလေးမှာကွ"

"အဲဒီတောတွင်း အိမ်ကလေးကို ကျွန်တော်သိတယ်ဗျို့"

"ဟုတ်တယ်၊ အဲဒီအိမ်ကလေးမှာ ညက လူသတ်မှုဖြစ်တယ်၊ အဲဒီ လူသတ်မှုကိစ္စကို မင်းလိုက်ပေတော့၊ အထူးသဖြင့် စာရေးဆရာမ မိရဲ့ အကြောင်း ရယ်၊ အခု သူ ဘယ်မှာရှိတယ်ဆိုတာပါ သိချင်တယ်၊ ညက မိအခန်းလည်း ဘယ်သူ့လက်ချက်လည်းတော့ မသိဘူး၊ မွှေနှောက် ခံလိုက်ရတယ်တဲ့"

"ဟာ... ဒီ စာရေးဆရာမအကြောင်းဆိုရင် ခုတောင် ကျွန်တော် နည်းနည်းပါးပါး ပြောနိုင်ပါတယ်၊ သူ့ဝတ္ထုထဲမှာပါနေတဲ့ အကြောင်းတစ်ခုကြောင့် ပုဂ္ဂိုလ်ကြီးတစ်ယောက် အတော်ကလေး စိတ်အနှောင့်အယှက် ဖြစ်နေရတယ်လို့တောင် သတင်းထွက်နေတယ်ဗျ"

"ဘယ်လိုပုဂ္ဂိုလ်ကြီးမျိုးလဲ"

"ရှေ့နေကြီး တစ်ယောက်တဲ့"

"ဘယ်ရှေ့နေကြီးလဲ"

"ဒါတော့ အတိအကျ မသိသေးဘူး"

"စာအုပ်ထဲ ဘာတွေပါလို့ ရှေ့နေကြီး စိတ်မချမ်းမသာ ဖြစ်ရတာ သဲကွ"

"ခင်ဗျား မဖတ်ရသေးဘူးနဲ့ တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဖတ်ရသေးပါဘူးကွာ၊ ဒါပေမယ့် သိထားရသမျှကတော့ ဝတ္ထုက ဘဝစုံကျင်လည်နေခဲ့တဲ့ မိန်းမတစ်ယောက်အကြောင်းလို့ ဆိုတာပဲ"

"ဟုတ်တယ်၊ အဲဒီမိန်းမ ကျင်လည်ခဲ့တဲ့ ဘဝထဲမှာ အဲဒီ ရွှေနေကြီးလည်း ပတ်သက်နေလို့ပေါ့ဗျ။ ဝတ္ထုထဲက ရွှေနေကြီးဟာ အပြင်မှာ တကယ်ရှိနေသလိုပဲတဲ့၊ ရွှေနေကြီးက မိ ဆိုတဲ့ မိန်းမကို အတော်ကျခဲ့တယ် ဆိုပဲ၊ အဲဒီ မိဆိုတဲ့ မိန်းမက စာရေးဆရာမဖြစ်သွားတော့ အင်းလေ၊ အဲဒါ ဆိုးသွားတော့တာပေါ့"

"ရွှေနေကြီးက သိပ် အာချောင်တယ် ထင်ပါရဲ့ကွာ"

"မိ နဲ့ ဆက်သွယ်နေတုန်းက တကယ်အာချောင်ခဲ့ပါလိမ့်မယ်"

"အဲဒီရွှေနေကြီးက ဘယ်မှုခင်းမျိုး ဦးစားပေးတဲ့ ရွှေနေလဲ"

"အရင်းအနှီး အရောင်းအဝယ်တွေနဲ့ ဆိုင်တဲ့ ကိစ္စတွေတဲ့ဗျာ"

"ဘယ်လို အရင်းအနှီးတွေလဲကွ"

"တော်ပြီဗျာ ပယ်ရီ၊ ခင်ဗျားကိုယ်တိုင် အဲဒီဝတ္ထုကို ဖတ်ကြည့်ရင် ကောင်းမယ်ဗျာ"

"အေးပါကွာ ဖတ်ပါ့မယ်၊ ခုတော့ချုံပြီးတော့ အကျဉ်းလောက် ပြောပြပါအုံး"

"တိုဗျာ၊ ငွေလုံးငွေရင်းနဲ့ လုပ်ထားတဲ့ ရင်းနှီးမြှုပ်နှံမှုမျိုးထဲမှာ စီးပွားဖြစ် လောင်းကစားတာလည်း ပါတယ်လေ၊ အဲဒီလောင်းကစားရယ်၊ မှောင်ခိုရောင်းဝယ်မှုရယ်၊ ဒီအမှုတွေကို ပြောတာ"

"ဆက်ပါအုံး"

'ဆက်ပါ့မယ်၊ ဒါပေမယ့် မေးခွန်းတစ်ခုလောက်တော့ ခင်ဗျားကို မေးပါရစေ၊ လူတစ်ယောက်ဟာ ကစားဝိုင်းမှာ အကြီးအကျယ်နိုင်ရင် အဲဒီ ငွေတွေကို ဘာလုပ်တတ်သလဲ၊ ဖြုန်းပစ်တာပဲလား"

"အစိုးရက အခွန်အကောက်အဖြစ် ဝင်ငွေပေါ်က အတော်များများ ကောက်ယူလေ့ရှိတယ်"

"ဒါ ကျွန်တော်သိချင်တဲ့ အချက်ပဲ၊ လူတစ်ယောက်ဟာ တရားမဝင် လုပ်ငန်းတစ်ခုကနေပြီး ဒေါ်လာတစ်သန်းလောက် ရတယ်ဆိုပါတော့၊ အခွန် အကောက် နှုတ်မယ်လို့ဆိုရင် ဆယ်ပုံကိုးပုံ အခွန်ဆောင်ရမှာကိုး၊ ဒီတော့





မူလကတည်းကတောင် ဥပဒေတစ်ခု ချိုးဖောက်ပြီး ဝင်ငွေဒေါ်လာတစ်သန်း ရှာခဲ့ပြီပဲ၊ အခွန်အကောက် ဥပဒေကိုလည်း ချိုးဖောက်တော့မှာပေါ့၊ ဘယ်အခွန် ပေးချင်မှာလည်းဗျာ"

"အစိုးရကတော့ ဝင်ငွေခွန်ဟာ အရေးကြီးတယ်လို့ ယူဆတာပဲကွ"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ဝင်ငွေခွန်ကောက်တယ် ဆိုတာက လည်း ဒီငွေတစ်သန်းရထားတာ အစိုးရက သိအုံးမှကိုး။ လုပ်ငန်းကိစ္စအတွက် ဘဏ်တိုက်ဆီ ငွေမအပ်ရင်၊ ချက်လက်မှတ်နဲ့ အလုပ်မလုပ်ရင်၊ ငွေလက်ငင်း စနစ်နဲ့လုပ်ရင် အစိုးရ ဘယ်လိုလုပ်သိမလဲဗျ၊ ဒီနေရာမှာ အခွန်ငွေ အရှောင် အတိမ်းတွေ ဖြစ်လာတာပေါ့၊ ပိုဆိုးတာက ပတ်သက်တဲ့လူဟာ အမျိုးသမီး ချောချောလှလှဆိုရင် တရားရုံးမှာတောင် မာယာလေးဆယ်နဲ့ လွတ်အောင် လုပ်နိုင်တယ်"

မေဆင်က အတန်ကြာ စဉ်းစားဆင်ခြင်နေပြီးမှ ဖြတ်ပြောလေသည်။

"မိကို တွေ့ဖို့ မခဲယဉ်းဘူးထင်တယ်ကွ"

"အင်း ... လွယ်နိုင်ပါတယ်၊ ခင်ဗျား အလွယ်ဆုံးနည်းနဲ့တောင် ရှာမကြည့်ရသေးဘူးလားဗျ"

"ဘာလဲကွ၊ အလွယ်ဆုံးနည်း ဆိုတာ"

ဒရိတ်က တယ်လီဖုန်းကို လက်ညှိုးထိုးပြလိုက်၏။

"နေ့လည်ပိုင်းကတော့ ဘယ်မှ ဆက်လို့မရဘူး၊ အေးလေ ခု ထပ်စမ်းကြည့်သေးတာပေါ့၊ သူက လူမြင်သူမြင်ခံရင်လည်း ခုချိန်ဆိုရင် သတင်းစာဆရာတွေ ဝိုင်းနေတော့မှာပဲ"

"မိဟာ ဟို ပင့်ဟောက်စ် တိုက်ခန်းကြီးမှာ ငှားနေတယ်ဗျ၊ ခင်ဗျား အမှုသည် ဂလက်ဒီကကော သူ့ဆီမှာအလုပ်လုပ်နေတာ ဘယ်လောက် ကြာပြီလဲ"

"တစ်လလောက်ရှိပြီ ထင်တယ်"

"ဂလက်ဒီကို တစ်ယောက်ယောက်က စိတ်ကြိုက်ရွေးပို့ထားတာ ဖြစ်မယ်ဗျို့"

"ဘာကြောင့်"

"ကျွမ်းကျင်တဲ့ ရွှေနေကြီးတစ်ယောက်ယောက် ကပေါ့၊ ရွှေနေကြီး



www.burmeseclassic.com

www.burmeseclassic.com



မှာ အကျပ်အတည်းတစ်ခု ရှိနိုင်တယ်၊ ဒီအကျပ်အတည်းက လွတ်နိုင်အောင် ရည်ရွယ်ပြီး ဂလက်ဒီကို မိဆီ သွင်းထားတာ ဖြစ်နိုင်တယ်''

''မိကလည်း အလားတူ ဂလက်ဒီကို သုံးနေတာ ဖြစ်နိုင်တယ်ကွ''

ခဏကြာမျှ မေဆင် စဉ်းစားနေလိုက်၏။ ထိုနောက် ဒယ်လာကို လှမ်းပြောလိုက်၏။

''ဒယ်လာရေ . . . ပေါလ်ပြောတာ အချက်ပိုင်တယ်ဟေ့ . . . မိ အခန်းကို ဖုန်းဆက်ကွာ၊ ပယ်ရီမေဆင်ရဲ့အတွင်းရေးမှူးလို့ပြော၊ ပယ်ရီမေဆင်က သိပ်တွေ့ချင်နေတယ်၊ ပြန်လာရင် ချက်ချင်း ဖုန်းပြန်ဆက်ခိုင်း''

''ဒယ်လာ ဖုန်းဆက်နေစဉ် မေဆင်က ဒရိတ်ကိုလှမ်းပြော၏။

''ကဲ . . . ပေါလ်ရေ လောလောဆယ်တော့ လူသတ်မှုကိစ္စ တတ်နိုင်သမျှ စုံစမ်းပေးပါ၊ မိကို သတင်းထောက်တွေ မတွေ့ရခင် တို့များ တွေ့ခွင့်ရရင် . . . ''

ဒယ်လာ လှမ်းပြောသဖြင့် စကားပြတ်သွား၏။

''ဆရာ . . . မိ အခုပဲ ပြန်ရောက်သတဲ့၊ ဖုန်းစာရေးမ အပြောတတော့ ငါးမိနစ်လောက်ပဲ ရှိသေးသတဲ့၊ ခု မိဆီ သူ ဖုန်းဆက်နေပြီ၊ ဆရာက တွေ့ချင်တယ်လို့ ပြောခိုင်းထားတယ်''

မိထံမှ ဖုန်းရလျှင် ရချင်း ဒယ်လာက မေဆင့်လက်ထဲ ဖုန်းလှမ်းပေးလိုက်၏။

''ဟဲလို . . . ကျုပ် ပယ်ရီမေဆင်ပါ''

''ဟုတ်ကဲ့ . . . မစ္စတာပယ်ရီမေဆင် . . . မင်္ဂလာပါရှင်''

''မင်္ဂလာပါ မိ၊ ကျွန်တော် ခင်ဗျားကို သိပ် အရေးတကြီး တွေ့ချင်နေပါတယ်''

''ဟာ . . . အတော်ပဲ၊ ကျွန်မလည်း တွေ့ချင်နေပါတယ်''

''ဒီတော့ . . . မိအခန်းမှာ ရှိနေမယ်နော်''

''ဟုတ်ပါတယ် . . . ရှိနေပါမယ်၊ ဪ . . . ကျွန်မ အပြင်ခရီးထွက်နေတုန်း တစ်ယောက်ယောက် အခန်းထဲ ဝင်မွှေသွားတယ် မသိဘူး၊ တစ်ခန်းလုံးလည်း ပွနေတာပဲ၊ တိုက်မန်နေဂျာတော့ အလုပ်များနေလေရဲ့''

''မန်နေဂျာ မိ အခန်းထဲမှာလား''





''ဟုတ်ကဲ့''

''ဒီလိုဆို အခု သူ့ကိုမှာထားပေးပါခင်ဗျာ၊ အခုပြန်ရောက်လာတာ ဘယ်သူမှ မပြောပါနဲ့အုံးလို့၊ ခင်ဗျားရဲ့ အတွင်းရေးမှူး ဂလက်ဒီ အခု ဒုက္ခတွေ့နေလေရဲ့၊ သူက အခု ကျုပ်အမှုသည် ဖြစ်နေတယ်၊ ခင်ဗျားကူညီနိုင်မယ် ထင်ပါတယ်''

''ရှင် . . . ဒီရောက်အောင် ဘယ်လောက်ကြာအုံးမှာလဲ''

''အမြန်ဆုံးရောက်လာမှာပါ မိ''

''နေအုံး''

မိက ခေတ္တ တုံ့ဆိုင်းနေသည်။ အတန်ကြာမှ ပြောလာ၏။

''မစ္စတာမေဆင် နားထောင်နေတယ်နော်''

''ဟုတ်တယ်၊ စောင့်နေပါတယ်''

''ခုချက်ချင်း လာခဲ့ပေတော့၊ ကျွန်မ ရှင်နဲ့ အရင်တွေ့မယ်၊ အခန်းနံပါတ်က ၄၆(အေ) တစ်ခါတည်းသာ ဝင်ခဲ့ပေတော့''

''ဪ . . . တစ်ခုရှိသေးတယ် မိ၊ ခင်ဗျားအခန်း တယ်လီဖုန်းလိုင်းတွေ ခဏဖြတ်ထားပေးဖို့ ဖုန်းစာရေးမကိုလည်း ပြောထားပါအုံး''

''ကျွန်မ စဉ်းစားပေးပါ့မယ်၊ ရှင်အခုလာခဲ့တော့ မြန်မြန်နော်''

''ခုပဲ လာနေပါပြီ မိ''

ဖုန်းချပြီးချိန် ဒယ်လာနှင့် ဒရိတ်ကို အရေးတကြီး လှမ်းပြောသည်။

''ကဲ . . . တို့သွားမယ်၊ ဒယ်လာက ရုံးပိတ်လိုက်တော့၊ ပေါလ်ကတော့ တို့ပြန်လာချိန် တွေ့နိုင်အောင် အသင့်ရှိနေနော်''

''ကျွန်တော် . . . ကျွန်တော့် ရုံးခန်းမှာ ရှိနေပါ့မယ်''

''ဆရာ၊ ကျွန်မ ရုံးခန်းတော့ ပိတ်ထားပါ့မယ်၊ ဒါပေမယ့် မပြန်သေးပဲဆရာ့ကို စောင့်နေပါ့မယ်''

မေဆင်က ဒယ်လာ၏ အလိုက်သိပုံကို ကျောကလေးပုတ်၍ ချီးမွမ်းပြီး ရုံးအပြင်သို့ အမြန်ထွက်သွားတော့သည်။

✿ ✿ ✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

✿ ပယ်ရီမေဆင်က အခန်းနံပါတ် ၄၆(အေ) ရှေ့သို့ ရောက်ရောက်ချင်း လူခေါ်ခလုပ်နှိပ်လိုက်ရာ အတွင်းမှ အသံကြားရပြီး တံခါးဖွင့်ပေး၏။

ဖွင့်ပေးသူမှာ အလွန်လှပသော အမျိုးသမီးတစ်ဦး၊ အနက်ရောင် ညဝတ်ပိုးတွန့် ဝတ်ရုံလွှာဝတ်လျက် အိပ်မံထဲ လွတ်လွတ်လပ်လပ် နေဟန်အတိုင်း အဖိုးတန် ဆင်စွယ်စီးကရက်စွပ်တံ လက်ကြားညှပ်ကာ ပြုံးရွှင်စွာ နှုတ်ဆက်ကြိုဆို၏။

"အို ... မစ္စတာမေဆင်၊ ရှင်ဟာ အပြင်မှာလည်း ဓာတ်ပုံထဲက အတိုင်းပါပဲလား။ တကယ့်ယောက်ျား ပီပီသသ ခန့်ချောကြီးပါပဲ၊ အထဲဝင်ပါရှင်၊ အထဲဝင်ပါ၊ တစ်ခန်းလုံးကတော့ မြင်တဲ့အတိုင်း ရှုပ်ပွနေတယ်၊ ဂလက်ဒီရှိုရင် သိပ်ကောင်းမှာ၊ ရဲတွေကလည်း ဘယ်လောက်ကြာကြာ စစ်နေအုံးမှာ တဲ့လဲရှင်"

"ဒါကတော့ အခြေအနေပေါ် တည်ပါလိမ့်မယ်"

မိက မေဆင်ကို ဧည့်ခန်း ကုလားထိုင်များဆီ ဦးဆောင်ခေါ်သွားရင်း ထိုင်ခိုင်း၏။

ညိုမွန်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါရှင်... တစ်ခုခုများ သောက်သုံး လိုပါသလား"

"ခုတော့ မသောက်သေးပါဘူးဗျာ၊ တစ်ခြားတစ်ဦးဦး ရောက်မလာခင် ကျွန်တော်သိချင်သမျှကလေးတွေ မေးစမ်းပါရစေအုံး"

မိက မျက်လွှာချလျက်မေး၏။

"အလို တစ်ယောက်ယောက်လာမယ်လို့ ရှင်ထင်နေသလား"

"ဟုတ်ကဲ့... ထင်ပါတယ်၊ ရောက်ကောင်းရောက်လာလိမ့်မယ်"

"ဒါနဲ့ရှင် ကျွန်မအခန်းမှာလည်း ပစ္စည်းတွေ ရှုပ်ပွနေတယ်၊ ကြည့်ပါအုံးတော့၊ ဘာမှတောင် ပြန်နေရာမချရသေးဘူး၊ ဩော်... ဆေးလိပ်တောင် မတည့်မိဘူး။ စီးကရက် သောက်ပါအုံး"

မိက စကားကို တစ်ဆက်တည်းပြောပြီး စီးကရက်တည်၏။ မေဆင်က သူသောက်နေကျ စီးကရက်ပါကြောင်း ပြောပြီး ငြင်းလိုက်ပြီး အချိန်မဆိုင်းတော့ပဲ မေးတော့သည်။

"အခု ဂလက်ဒီ အစစ်ခံနေရတဲ့ကိစ္စအကြောင်း မိ ဘယ်လောက်အထိ သိထားပါသလဲ၊ သိသလောက်ပြောပြပါလား"

"သိပ်မသိပါဘူးရှင်၊ နည်းနည်းပါးပါးပဲ သိပါတယ်၊ အက်ဂါကာလစ်ဆိုတဲ့ အမျိုးသားနဲ့ ကျွန်မတို့အုပ်ကို ရုပ်ရှင်ရိုက်ဖို့ကိစ္စ စကားပြောဖို့ ချိန်းထားရှတယ်၊ ကြော်ငြာဖို့အတွက် ကျွန်မဆီက အကူအညီတောင်း ဆွေးနွေးချင်လို့တဲ့၊ ကျွန်မတို့အုပ် ရုပ်ရှင်ရိုက်ဖို့ သူတို့က ဝယ်ထားကြပြီလေ။ အကျိုးအမြတ်မှာ ကျွန်မလည်း ရာခိုင်နှုန်းနဲ့ ရချင်သေးတယ်။ အဲဒီကိစ္စအတွက် ကုန်ခဲ့တဲ့စနေ့,တနင်္ဂနွေက တောင်ထိပ်ဟိုတယ်မှာ ကျွန်မနဲ့တွေ့ဖို့ ချိန်းထားတယ်။ ဒါပေမယ့် ကျွန်မ မသွားတော့ပဲ ဂလက်ဒီကို ကျွန်မကိုယ်စား လွှတ်လိုက်တာပါ။ စရိတ်လည်း တော်တော်များများ ပေးလိုက်ပါတယ်။ ကားလည်း ပေးလိုက်တယ်"

"အပြန် ဖြတ်လမ်းက ပြန်ဖို့လည်း ညွှန်ကြားလိုက်တယ် မဟုတ်လားဗျ"

"ဟုတ်ပါတယ်၊ တနင်္ဂနွေညနေဆို အပန်းဖြေခရီးက ပြန်တဲ့ကားတွေက သိပ်များတော့ တောင်ကြားလမ်းမှာ သိပ်ကြာတတ်တယ်။ အန္တရာယ်လည်းများတယ်။ ဒါကြောင့် ဖြတ်လမ်းက ပြန်လာခိုင်းလိုက်တာ"





"အပြန်မှာ ဘာတွေဖြစ်လာလဲ မိ သိလား"

"အကြမ်းဖျင်းလောက်ပဲသိပါတယ်။ ဒါ တောင် မနက်နေ့ဂျာက ပြောပြလို့ သိရတယ်၊ ဂလက်ဒီဟာ ဖြတ်လမ်းကအပြန်မှာ ကားဘီးကျွံနေလို့ တောစခန်းအိမ်ကလေးတစ်ခုမှာ ညအိပ်ခဲ့ရတယ်။ မနက်ကတော့ အိမ်လေး ထဲမှာ အလောင်းတွေ့တယ်၊ ခု ရဲကစစ်နေတယ်။ ဒီကိစ္စမဟုတ်လား..."

"နေပါဦး၊ မိက ဖြတ်လမ်းကို ဘယ်လိုလုပ်သိနေတာလဲ"

မိက ချက်ချင်းမဖြေသေးပဲ ပက်လက်ကုလားထိုင်ပေါ်တွင် ကိုယ်ကို ဆန့်လျက် အညောင်းဖြေလိုက်သည်။ ကိုယ်ကိုဆန့်လိုက်စဉ် ညဝတ်ရုံ အပျော့စားအောက်မှ ရင်အလှကို အထင်းသား ပြလိုက်သကဲ့သို့ ရှိနေသည်။ တချိန်တည်းတွင် မေဆင်ကိုလည်း အကဲခတ် လေ့လာနေလိုက်၏။

ပြီးမှ မေးခွန်းကို မဖြေပဲ ပြောလာသည်။

"ကျွန်မမှာ ရှေ့နေတစ်ယောက်တော့ လိုနေပြီထင်ပါတယ်ရှင်၊ ဂလက်ဒီကိုတောင် ပြောမိသေးတယ်၊ ကျွန်မ ဒုက္ခတစ်ခုခုများ တွေ့ရရင် ပယ်ရီမေဆင်လို ရှေ့နေမျိုး ငှားရမယ်လို့၊ အင်း... ခုတော့ ဂလက်ဒီက ဒုက္ခတွေ့ရတယ်။ ဒီတော့ ရှင့်ကို သူက လာငှားတယ်..."

"ဒီတော့..."

"အမှုတစ်ခုတည်းမှာ ရှင်က ဂလက်ဒီအတွက် လိုက်နေတဲ့ အခါ ကျွန်မက ဂလက်ဒီနဲ့ ဆန့်ကျင်ဘက်အဖြစ် ရှင့်ကို ငှားလို့ရတော့မှာလား ရှင်ရဲ့"

"အဖြစ်ကတော့ အဲဒီလို ဖြစ်နေပြီပေါ့ဗျာ"

"ရှင့်အကြောင်း ဂလက်ဒီကို ပြောလိုက်မိတာ ကျွန်မအတွက် အမှားပေါ့ရှင်"

"နေပါဦး၊ ခင်ဗျားပြောတဲ့အထဲမှာ ခင်ဗျားက ဂလက်ဒီနဲ့ ဆန့်ကျင်ဘက် အခြေအနေဆိုတာ ပါတယ်။ တကယ်တော့ ခင်ဗျား ဂလက်ဒီနဲ့ ဆန့်ကျင်ဘက်ဖြစ်ရမယ့် အခြေအနေ ရှိနေလို့လားဗျ..."

"ဒါတော့ ကျွန်မ မသိနိုင်ဘူးရှင့်၊ ကျွန်မက နတ်မျက်စိရနေသူမှ မဟုတ်တာ"

"နတ်မျက်စိ ရှိဖို့လိုတဲ့ ကိစ္စမျိုးမို့လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"နတ်မျက်စိမရှိဘဲ အနာဂတ်ကို ဘယ်သူကြိုသိမလဲရှင့်"

"ကဲ... ဒါဖြင့် ခင်ဗျား ရွှေနေတစ်ယောက် လိုလိမ့်မယ်လို့ ဘာကြောင့် တွက်ဆခဲ့ပါသလဲ"

မိက တစ်ချက် ပြုံးလိုက်ပြီးမှ ပြောသည်။

"မစ္စတာမေဆင်ဟာ တော်တော် အကင်းမပါးသေးတဲ့သူပဲ"

"ဟုတ်လား..."

"ရှင်ပြောပုံကလည်း အဲလိုထင်စရာ ဖြစ်နေတာကိုး"

"ကျုပ်ကို ထုတ်မပြောသင့်တဲ့ ကိစ္စမျိုး ရှိနေတယ်ပေါ့"

မိက ခေါင်းခါပြသည်။

"အင်းလေ... ဒါပေမယ့် ဂလက်ဒီနဲ့ ခင်ဗျားနဲ့ ကိစ္စမှာ ဗီလာဆန်ကျင်တဲ့ အခြေအနေလို့ ခင်ဗျားစိတ်ထဲမှာ ရှိနေတယ်ပေါ့"

"ဒါကို ကျွန်မ အကျယ်မချဲ့ပါရစေနဲ့ရှင်၊ ရှင့်ကိုတော့ အကင်းမပါးသူလို့ပဲ ကျွန်မယူဆတော့မယ်"

"ကောင်းပါပြီ၊ ဒီလိုဆို ခင်ဗျားက သက်သေ၊ ကျွန်တော်က ခင်ဗျားကို လာတွေ့မေးသူလို့ပဲ သဘောထားပြီးဖြေပေါ့"

"ရှင်... ၊ ဘယ်လို... ဘယ်လို၊ သက်သေ ဟုတ်လား၊ ဘာအတွက် သက်သေလဲရှင့်"

"ခင်ဗျားသိတဲ့ ကိစ္စတစ်ခုခုအတွက် သက်သေခံနေတယ်လို့ သဘောထားပေါ့"

"ရှင်... ကျွန်မက ဘာအကြောင်း ဘယ်လောက်သိထားလို့လဲ"

"ဒါဆို အစက စ,မေးပါမယ်လေ၊ မိဟာ ကျော်ကြားအောင်မြင်သွားတဲ့ ဝတ္ထုတစ်အုပ် ရေးခဲ့တယ်နော်"

"ဆိုပါတော့ရှင်"

"အဲဒီ ဝတ္ထု ရုပ်ရှင်ရိုက်မယ်ဆိုတော့ ဘယ်လောက် ထပ်ရလိုက်ပါသလဲ၊ ပြောနိုင်မယ်ဆိုရင် ပြောပြပါလား"

"သတင်းစာတွေကတော့ ကျွန်မဝတ္ထု ရုပ်ရှင်ရိုက်ဖို့အတွက် ဒေါ်လာ ၂၇၅,၀၀၀ ရလိုက်တယ်လို့ စွတ်ရေးနေကြလေရဲ့"

"သိပ်မကွာလှဘူး မဟုတ်လား"





"သတင်းစာတွေက တိကျအောင် ကြိုးစားလေ့ ရှိကြပါတယ်ရှင်"

"စာမူခ ကကော..."

"ကတ်ထူဖုံးစာအုပ်အတွက် ကျေနပ်လောက်ရုံ ရပါတယ်၊ ဒါပေမယ့် အဖုံးအပါးစား ဈေးချိုချိုထုတ်တဲ့အပေါ် အဓိက ဝင်ငွေရမှာပါ၊ နှစ်စဉ် နှစ်ချုပ်ပေးစနစ်နဲ့ ၁၀-နှစ် ဆက်တိုက် ရသွားဖို့ရှိပါတယ်"

"ခင်ဗျားစာအုပ်ကို ၁၀ နှစ်တောင် ဆက်တိုက်ရောင်းရမယ်လို့ တွက်ထားတယ်ပေါ့"

"ဒီလိုထင်လို့ မဟုတ်ပါဘူး၊ ဝင်ငွေကို လုံးကနဲ ယူလိုက်မယ့်အစား ၁၀ နှစ်စာ မျှယူသွားမယ့် အစီပွါယ်ပါ၊ လုံးကနဲ ယူလိုက်ရင် ဝင်ငွေခွန်ကလည်း လာအုံးမယ် မဟုတ်လား"

"နောင် စာအုပ်အသစ်တွေ ရေးအုံးမယ် မဟုတ်လား"

"မသေချာသေးပါဘူး"

"အောင်မြင်နေပြီပဲ၊ ဆက်ရေးဖြစ်မှာပါ"

"ဆက်တိုက်ကြီးတော့ မရေးဖြစ်သေးဘူး ထင်ပါတယ်၊ အင်း... နောက်တော့လည်း ရေးဖြစ်သွားချင် ရေးဖြစ်သွားမှာပေါ့၊ တစ်ခုရှိတာက လူ တွေဟာ စာပေရေးရာမှာ သိက္ခာပိုင်းအကြောင်း သိပ်ပြောကြတယ်၊ ဒါပေမယ့် သိက္ခာမဲ့အကြောင်းတွေကိုသာ အများဆုံး ဖတ်ချင်ကြတာ၊ ဥပမာ စာရေးဆရာ ချောချောလှလှတစ်ယောက်က ဝတ္ထုတစ်ပုဒ်ထဲမှ သူ့ ဇာတ်လိုက် မကလေး အဝတ်တွေ ကိုယ်လုံးတီးဖြစ်တဲ့အထိ ချွတ်ပစ်လိုက်တယ်လို့ ရေးမယ်၊ ပြီးတော့ ကိုယ်လုံးတီးဖြစ်နေတဲ့အချိန် ဖြစ်လာနိုင်တဲ့ ကိစ္စတွေအကြောင်း ရေးမယ်ဆိုပါတော့၊ ပရိသတ်က ဖတ်ပြီးတွန့်သွားကြမယ်။ ဟယ်... ဒီစာရေးဆရာမနှယ် ဒီလို ရေးရဲလှချည်လားလို့ပေါ့။ ဒါပေမယ့် အဲဒီလိုအခန်းမျိုးကို ပရိသတ်က ကြိုက်တယ်ရှင့်၊ အခု အရောင်းရအတွင်ဆုံးဝတ္ထုတွေ သေသေချာချာ လေ့လာကြည့်ပါလား၊ အဲဒီလို ချောချောလှလှ စာရေးဆရာမမျိုးကရေးတဲ့ အညှီအဟောက် စာအုပ်တွေ အတွင်ကျယ်ဆုံး ဖြစ်နေတယ်၊ မိန်းမစာဖတ်ပရိသတ်ကလည်း အညှီစာပေတွေကို အမျိုးသမီးအမြင်နဲ့ ဖတ်ချင်ကြတယ်၊ ယောကျ်ားတွေကျတော့ မျက်နှာဖုံး မိန်းမလှကလေးတွေရဲ့ မထုံ့အလုံ့ ပုံကိုကြိုက်မယ်၊ ပြီးတော့ အထဲမှာ အညှီအဟောက်အကြောင်း ဖွဲ့နွဲ့



www.burmeseclassic.com

www.burmeseclassic.com



ထားတာတွေ့ရင် ဟယ် . . . ဒီစာရေးဆရာမနှယ် ဒါမျိုး ဘယ်လိုများ အတိအကျ သူသိနေပါလိမ့်လို့ အံ့သြကြမယ်၊ မိန်းမကောင်းဆို ဒါမျိုး သိတောင်သိမှာ မဟုတ်ဘူးလို့လည်း တွေးမယ်၊ အဲဒီလိုနဲ့ အဲဒီဝတ္ထု စာအုပ်မျိုးတွေ အတွင်ကျယ်ဆုံး ရောင်းရနေတော့တာပါပဲပေါ့ရှင်''

ခေတ္တနားပြီး မိက ဆက်ပြောပြန်၏။

''မိန်းကလေး စာရေးဆရာ တစ်ယောက်ဟာ ပထမစာအုပ်မှာ အဲဒီလို ရေးလိုက်ပြီးတော့ ဒုတိယစာအုပ်မှာ အဲဒီလို ဆက်ရေးရင် ပရိသတ်ရဲ့ တုန့်ပြန်မှုက မတူတော့ဘူးရှင့်၊ အရင်ကလို မကောင်းတော့ဘူး။ ပထမတုန်းကတော့ လိင်အကြောင်း ရိုးရိုးပဲလို့ သတ်မှတ်ကြမယ်၊ ဒုတိယစာအုပ်ကျတော့ ဒီလို မဟုတ်တော့ပဲ၊ စာပေပြည့်တန်ဆာလုပ်ငန်းလို့သတ်မှတ်လာကြမယ်၊ ဒါ ခြားနားချက်ပဲ''

''ဒါတွေ ခင်ဗျားအားလုံး တွက်ဆမိပြီးသား ဖြစ်နေတယ်နော် . . . မိ''

''ဟုတ်ကဲ့၊ ကျွန်မရေးပြီးတဲ့စာအုပ်ကို ဈေးကွက်အခြေအနေပါ ကျွန်မလေ့လာပါတယ်။ တစ်ခြား စာအုပ်တွေကိုလည်း လေ့လာတယ်။ အဲ . . . လိင်ကိစ္စနဲ့ပတ်သက်ပြီး သုတေသနလည်း ပြုတယ်၊ ကွင်းလည်း ဆင်းတယ်''

''ရသမြောက်စာအုပ် ရေးနိုင်ဖို့သက်သက် လေ့လာကွင်းဆင်းတယ် ဆိုချင်တာလား''

''အင်း . . . တစ်ခြားကိစ္စတွေလည်း ပါတယ်ဆိုပါတော့လေ''

''ခင်ဗျားစာအုပ်ထဲမှာ လူတစ်ချို့ရဲ့ စရိုက်တွေကို တော်တော် ဖော်ထားတာပဲ၊ အထူးသဖြင့် ရှုန့်ရင်းကြမ်းတမ်းကရုဏာမဲ့တဲ့ ယောကျ်ား တစ်ချို့ အကြောင်း''

''အင်းလေ ခွန်အားပြည့်တဲ့ ယောကျ်ားတိုင်းဟာ ကရုဏာခေါင်းပါး ကြတာပါပဲ၊ အထူးသဖြင့် ယရာဂသကိစ္စ အောင်မြင်ရေးဘက်မှာ ဆိုပါတော့၊ လိုချင်တာ ရဖို့လောက်ပဲ ကြည့်တတ်ကြတယ်။ တစ်နည်းနည်းနဲ့ အလိုပြည့် အောင် လုပ်တတ်ကြတယ်၊ ဒီအကြောင်းမျိုးကို ပရိသတ်ကလည်း ဖတ်ချင်တယ်၊ အဲဒီထဲပါတဲ့ အမျိုးသမီးလိုဟာမျိုးကိုလည်း စိတ်ကူးယဉ်ချင်ကြတယ်၊ အင်မတန်လှတဲ့ အမျိုးသမီးနဲ့ ခပ်ကြမ်းကြမ်း ဆက်ဆံတတ်တဲ့ ယောကျ်ား





တွေအကြောင်းဆို ပရိသတ်က သိပ်ကြိုက်ပေါ့၊ ပြီးတော့ အမျိုးသမီးက အိမ်ထောင်မပြုပဲ သူ့ အလှအပကို အသုံးချပြီး အကျိုးအမြတ်ရအောင် ကစားသွားတာမျိုး ဆိုရင်လည်း ကြိုက်ကြတာပဲ''

မေဆင်က မိ ကို စိတ်ဝင်တစား စိုက်ကြည့် လေ့လာပြီးမှ မေးလိုက်သည်။

''အဲဒါ ဘာကြောင့်လဲဗျ''

''အင်း . . . ဒါကတော့ သိက္ခာရှိရှိ လက်ထပ်အိမ်ထောင်ပြုခဲ့တဲ့ မိန်းမတိုင်းဟာ သူတို့ဟာ အဲဒီအခြေအနေမျိုး မရောက်ဘဲ လမ်းပေါ်ရောက်ခဲ့ရင် ဒီလိုအောင်မြင်မှု ရှိနိုင်မရှိနိုင် စိတ်ကူးယဉ်ချင်ကြလို့ပေါ့''

''ဒါဟာ ဘဝနဲ့ စာပေကို ပေါင်းပြီး သရုပ်ဖော်တဲ့ အဖွဲ့အနွဲ့မျိုးလို့ ဆိုရမလားပဲ''

''စာပေဈေးကွက်က အဲဒီလိုဟာမျိုး ဦးစားပေး ဖြစ်နေတယ်ရှင့်၊ စာပေတို့ ဘဝတို့ကို ဒီဈေးကွက်က နားလည်တာမဟုတ်ဘူး''

''ခင်ဗျားကျတော့ အဲဒီဘဝထဲ တစ်ခါတည်း စုံးစုံးမြှုပ်ပစ်လိုက်တယ်လား''

''ဟုတ်တယ် ကိုယ်တွေ့လေ့လာပြီး ရေးတာလို့ ဆိုနိုင်တယ်၊ ကျွန်မ ဒီလိုမှ မပြောရင် ရှင်က တစ်မျိုးထင်အုံးတော့မှာကိုး၊ ဥပမာ ယောကျ်ားတွေက ကျွန်မအလှအပေါ် အမြတ်ထုတ် သွေးစုပ်သွားကြတဲ့အတွက် ဒီဝတ္ထုရေးပြီး ကျွန်မက အကြံအဖန်လုပ် ငွေရှာတယ်လို့ ထင်မှာစိုးရတယ်''

''အဲဒီလိုကော ဟုတ်သလား''

''ရှင်အဲဒီလိုထင်မှာစိုးတယ်လို့ ကျွန်မ ပြောပြီးပြီ မဟုတ်လား''

''အေးဗျာ၊ ကျုပ်ကတော့ ညက ဂလက်ဒီတစ်ယောက် ကိုယ်တွေ့ကြုံခဲ့ရတဲ့ အမှုနဲ့ဆက်စပ်ပြီး စိတ်ဝင်စားနေပါတယ်၊ ခင်ဗျားရဲ့ အတွင်းရေးမှူးတာဝန်နဲ့ အဲဒီအမှု တစ်နည်းနည်း လာပတ်သက်နေတယ်ထင်တယ်''

မိ က ပြုံးပြီး ခေါင်းခါသည်။

''ဆက်စပ်တယ်လို့ မိ က မထင်ဘူးပေါ့ ဟုတ်လား''

''ဂလက်ဒီဟာလည်း အရွယ်ရောက်ပြီး ချောမောလှပတဲ့ မိန်းကလေး ပဲ သူ့ဟာသူ လုပ်တတ်ကိုင်တတ် နေတတ်ထိုင်တတ်ပါတယ်ရှင့်၊ အင်း . . .



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းလည်း သတ္တိကောင်းတယ်"

မေဆင်က မျက်ခုံးပင့်ပြီး မေးလိုက်သည်။

"အဲဒီလို စိတ်ကြိုက်မိန်းကလေးရအောင်ပဲ မိက ကြော်ငြာခေါ်ပြီး ခန့်ထားတာ မဟုတ်လား"

"သိပ်ဟုတ်တာပေါ့ရှင်၊ ဒီကြော်ငြာကိစ္စကလည်း ရှင်းနေတာပဲ၊ ကျွန်မလိုချင်တဲ့ပုံစံ၊ ကျွန်မ ကျော်ကြားမှုအတွက် အထောက်အကူရမယ့် လူမျိုး ကျွန်မ ကြော်ငြာပြီး ခေါ်ယူခန့်ထားတာပဲ၊ လက်နှိပ်စက်လောက် ရိုက်ပေးပြီး ဝတ်ကျေဝတ်ကုန် အတွင်းရေးမှူးမျိုးတော့လည်း ကျွန်မ မလိုချင်ဘူးလေ"

"နေအုံးဗျ၊ ဖြတ်လမ်းက ဖြတ်ဖို့ကို ခင်ဗျားက ဂလက်ဒီကို ညွှန်လိုက်တာနော်"

"ဟုတ်တယ်လေ..."

"ညွှန်ကြားခဲ့တာမှာလည်း လမ်းမှာ တောတွင်းအိမ်ကလေးကို ဂလက်ဒီတစ်ယောက် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားအောင်အထိ ရည်ရွယ်တယ်မဟုတ်လား"

"ဒါတော့ ရာနှုန်းပြည့် မှားသွားပြီး မစ္စတာမေဆင်"

ထိုအချိန်တွင် တံခါးခေါက်သံပေါ်လာ၏။ ဒုတိယအကြိမ် ဆက်ခေါက်၏။ ထိုနောက်တွင်ကား ဆက်တိုက်ထုသံ ပေါ်လာသည်။ မေဆင်က နားစွင့်ရင်း မိကို ပြောလိုက်၏။

"တစ်ယောက်ယောက် ရောက်မလာခင် မေးမြန်းစုံစမ်းလို့ ပြီးမယ် မျှော်လင့်ထားတာဗျာ၊ ခုတော့..."

"ရှင် ဒီလိုမျှော်လင့်ထားမှန်း ပြောပြီးပါပြီ၊ ကျွန်မကတော့ အခု မေးခွန်းကို ဖြေနိုင်မယ် မထင်ဘူး၊ ကျွန်မ ရှင့်ကို တကယ်တွေ့ချင်နေတာပါ၊ ဒါပေမယ့် ခုလို တွေ့နည်းမျိုးတော့ မဟုတ်ပေဘူးပေါ့၊ ရှင်ဟာ ကျွန်မကို အကာအကွယ်ပေးမယ့် လူလို့ မျှော်လင့်ထားတယ်၊ ခုတော့ ဒီလိုမဟုတ်တော့တဲ့အတွက် ကဲ... ရှင့်ကို ကျွန်မ ရှေ့နေအဖြစ် ငှားလို့ မဖြစ်နိုင်တော့ပါဘူး"

တံခါးထုသံ ပြင်းထန်လာသည်။

ဤတွင် မိက ထိုင်ရာမှထလျက် မေဆင်ရှေ့မှ ဖြတ်သွားပြီး တံခါး





ဖွင့်ရင်း ပြောသည်။

"ဒီမှာကိုညှိသည်၊ ဒီစည်းကမ်းတော့ ရှင် လိုက်နာဖို့ကောင်းတယ်၊ အောက်မှာ ဘယ်သူဘယ်ဝါလို့ပြော၊ ဘာကိစ္စလို့ပြော၊ ခွင့်ပြုချက်တောင်းပြီးမှ လာတွေ့ရပါတယ်၊ ဘယ့်နှယ်ရှင်၊ မပြောမဆို တံခါးလာခေါက်တယ်ဆိုတော့..."

တံခါးဝတွင် လက်ဖတင်နင်ထရက်ရောက်နေပြီး တောင်းပန်၏။

"ကျွန်တော့နာမည် ထရက်ပါ၊ လူသတ်မှုထောက်လှမ်းရေးအဖွဲ့က ရဲမှူးဖြစ်ပါတယ်၊ ခုလို ဖြစ်ရတာ ဝမ်းနည်းပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ လုပ်ငန်းသဘောက ကြိုအကြောင်းကြား ခွင့်ပြုချက် တောင်းလေ့မရှိပါဘူး၊ ကဲ ... ခင်ဗျားနဲ့ စကားပြောစရာရှိတယ်၊ ဝင်ခွင့်ပြုပါ"

"အခန်းထဲမှာ ညှိသည်ရှိနေပါတယ်ရှင်၊ ကျွန်မတစ်ယောက်တည်း မဟုတ်ပါဘူး"

"ကောင်းပါတယ် သက်သေရတာပေါ့"

ထရက်က ပြောပြောဆိုဆို အခန်းထဲ ဝင်လိုက်ရာ မေဆင်ကို လှမ်းမြင်လိုက်၏။

"အလို ရှေ့နေကြီး ပယ်ရီမေဆင်ပါလား၊ တကယ်မမျှော်လင့်ဘူးဗျာ၊ ခင်ဗျားနဲ့မှ တိုက်တိုက်ဆိုင်ဆိုင် လာတွေ့နေပြန်ပြီ"

"အမှန်အတိုင်း ပြောရရင်တော့ ဟုတ်ပါတယ်၊ ခင်ဗျား ကျုပ်နောက် ကိုလိုက်နေသလို ဖြစ်နေတယ်"

"ကဲ... မစ္စတာမေဆင်၊ ခင်ဗျားကို ကျွန်တော်ဆွဲမထားပါဘူးဗျာ၊ ကိစ္စပြီးပြီမဟုတ်လား"

မေဆင်က ခေါင်းခါပြီး ပြော၏။

"ကျုပ် မသွားနိုင်သေးဘူးထရက်၊ မိဆီကလိုအပ်တဲ့ အချက်အလက်တွေ မေးလို့မပြီးသေးဘူး၊ ခင်ဗျားကို ပြောပြဖို့လည်း ဝန်မလေးပါဘူး၊ ခင်ဗျား တစ်ယောက်တည်းတော့လည်း ဒီအချက်တွေလက်ဝါးကြီး မအုပ်နိုင်ပါဘူး"

ထရက်က မိကို စူးစူးစိုက်စိုက် လေ့လာ၏။ ဝတ်စားဆင်ယင်ထားပုံ အစ အမူအရာအဆုံး ပြီးမှ မေဆင်ကို လှမ်းပြော၏။

"မစ္စတာမေဆင်၊ ကျွန်တော်နဲ့ မိနဲ့ နှစ်ကိုယ်ချင်း မေးချင်တယ်ဗျာ၊

www.burmeseclassic.com



ခင်ဗျားတို့ နှစ်ယောက် မေးမြန်းပြီးချိန်အထိ မစောင့်နိုင်ဘူးဗျို့''

မေဆင်က မိကို ဆက်မေးလိုက်သည်။

''ဖြတ်လမ်းက ဖြတ်ဖို့ ခင်ဗျား ဂလက်ဒီကို ညွှန်လိုက်တဲ့လမ်းက တောလမ်းက တောတွင်းအိမ်ငယ်ဆီ ရောက်နိုင်တဲ့လမ်းနော် ... ''

''ဒီလို မဟုတ်ပါဘူးရှင်''

မေဆင်က ထပ်ပြောရင်း မေး၏။

''ကျုပ်သိထားတာကတော့ အဲဒီအတိုင်း ခင်ဗျား လမ်းညွှန်လိုက်တာပဲ၊ ကျုပ်အမှုသည်ကို ဆွဲပြလိုက်တဲ့ မြေပုံကြမ်း မိဆီမှာ ရှိနေပါတယ်၊ ကဲ ... ထရက်၊ ခင်ဗျားလည်းသိအောင် ကျုပ်ပြောပြမယ်၊ အဲဒီမြေပုံကြမ်းထဲက လမ်းဟာ တောတွင်းအိမ်ငယ်ဘက် တန်းနေတာပဲဗျ၊ ဒီတော့ ခင်ဗျားပါ နားလည်ထားအောင် ကြိုပြောထားဦးမယ်နော်၊ မိကို သက်သေအဖြစ် ထွက်ဆိုခိုင်းရင် ခု ကျုပ်တို့သုံးဦးတွေ့တာကို တင်ပြပြီး သက်သေ မိဟာ ဘက်လိုက်တဲ့ သက်သေဖြစ်တယ်လို့ ကျုပ် ချေဖျက်ပစ်မှာပဲ''

ထရက်က ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်ရင်း မေး၏။

''အဲဒါ ဘယ်လိုလဲ မိ ... ၊ ဟို မြေပုံကြမ်းဆိုတာလေ ... ''

''မမှန်ပါဘူးရှင် ... ၊ ဂလက်ဒီကို ကျွန်မက ဖြတ်လမ်းအကြောင်း ပြောလိုက်တာတော့ မှန်တယ်၊ တောတွင်းအိမ်ဆိုတာက အပြန်ဖြတ်လမ်းမှာ လမ်းဆုံတစ်ခုရဲ့ ဗယ်ဘက်လမ်းခွဲပဲ၊ ကျွန်မ မှာလိုက်တာက ညာဘက်လမ်းခွဲရှင့်''

''အဲဒီ မြေပုံကြမ်းက ဘာလဲ'' ထရက်က ဆက်မေးရာ မိက

''လမ်းဆုံရဲ့ ညာဘက်လမ်းခွဲဘက် လိုက်ဖို့ ညွှန်ပြခဲ့တာပါ'' ဟု ပြန်ဖြေသည်။

''ဒီလိုဆို မြေပုံကြမ်း ခဏကြည့်ပါရစေလား၊ ကဲ ... မေဆင် ထိုင်ဗျာ၊ အတူတူ ကြည့်ရအောင်၊ ဒါဆို ခုကတည်းက ခင်ဗျားပါတွေ့သွားရင် ပိုကောင်းတယ်''

''ဟိုဘက်အခန်းထဲမှာ ရှိပါတယ်ရှင်၊ တစ်ခန်းလုံး မွှေနှောက်ခံထားရတော့ ရှာပေးရင်တော့ နည်းနည်းတော့ ကြာပါ့မယ်''

''ကျုပ်တို့ပါ ကူရှာပေးပါ့မယ် မိ''





မေဆင်က ကမ်းလှမ်းလိုက်ရာ မိက လက်မခံ။

''မလိုပါဘူးရှင်၊ အခန်းထဲ ရှင်တို့ ယောက်ျားတွေ ဘယ်ဝင်လို့ ဖြစ်မှာလဲ၊ မိန်းမသားတစ်ယောက်ရဲ့ ပိုင်ခွင့်ကိုတော့ အလေးထားအုံးမှပေါ့၊ ဒါကြောင့် ရှင်တို့ နှစ်ယောက်စလုံး ကူရှာပေးစရာ မလိုဘူး''

''ကဲဗျာ.. ခင်ဗျားကိုယ်တိုင်ပဲ သွားရှာယူခဲ့ပါ၊ ကျုပ်တို့ အပြင်ကပဲ စောင့်ပါ့မယ်''

ထရက်က ဖြတ်ပြောလိုက်ချိန် မိက အခန်းထဲ ဝင်သွား၏။

နှစ်ယောက်တည်း ကျန်သောအခါ ထရက်က မေဆင် သူ့အပေါ် အထင်လွဲနေကြောင်း မေဆင်၏ အမှုသည်အတွက် ယခု သူ မြေပုံယူခိုင်းခြင်းဖြစ်ကြောင်း တောင်းပန်သည်။ မေဆင်ကလည်း အကျိုးအကြောင်း ရှင်းပြသည်။

''ကျုပ်အမှုသည်ဟာ မိရဲ့ ညွှန်ကြားချက်အရ မိရဲ့ အလုပ်အတွက် မြေပုံပါ ဖြတ်လမ်းက လိုက်လာလို့ တောတွင်းအိမ်ကို ရောက်ခဲ့တာဗျ''

ထရက်က ''ဂလက်ဒီဟာ သူ့ဘာသာသူ သူ့ကိစ္စအတွက် တောတွင်းအိမ်ငယ်ကို သွားခဲ့တာကော မဖြစ်နိုင်ဘူးလား၊ အဲဒီလိုဆို မြေပုံကြမ်းနဲ့ ဘာမှဆိုင်မှာ မဟုတ်ဘူး''ဟု ပြောသည်။

''သိပ်ဆိုင်တယ် ထရက်၊ သိပ်ဆိုင်ကြောင်း ခင်ဗျားတွေ့ရလိမ့်မယ်''

အတော်ကြာ စောင့်နေသည့်တိုင် မိ ပြန်ထွက်မလာ၍ မေဆင်က အခန်းဘက်လှမ်းကြည့်ရင်း ထရက်ကို တိုင်ပင်သည်။

''ဘယ့်နှယ်လဲ ပြောခါမှ ပြောရော၊ အထဲ ချောင်းကြည့်သင့်တယ် ထင်တယ် ထရက်၊ သက်သေခံပစ္စည်းဆိုတာအရေးကြီးတယ် မဟုတ်လား''

''မလုပ်ပါနဲ့ဗျာ၊ တော်တော်ကြာ သတင်းစာတွေထဲ ခင်ဗျားနဲ့ ကျုပ် အကြောင်း စာလုံးမည်းကြီးတွေနဲ့ ပါလာရင် ခက်နေပါဦးမယ် ... ''

''ဘယ်လိုပါနိုင်လို့လဲ ကိုယ့်လူရ''

''ရဲအရာရှိတစ်ဦး အိပ်ခန်းထဲအထိ ဝင်လာကြောင်း စာရေးဆရာမက စွဲဆိုလိုက်ခြင်းတို့၊ ရဲအရာရှိ အိပ်ခန်းထဲဝင်လာစဉ် မိမိမှန်ရှေ့၌ အဝတ်မဲ့ တလုံးဖြင့် အလှပြင်နေကြောင်း ဆိုပြီး အဲဒီဓာတ်ပုံပါ ဖော်ပြလိုက်ရင် သေရောဗျ''



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့်ဗျာ၊ ဒီမြေပုံကလေးရှာတာ ဒီလောက်တော့ မကြာသင့်ပါဘူး။ သတင်းစာထဲပါမှာ ကြောက်မနေစမ်းပါနဲ့၊ လာပါ အတူတူဝင်ကြည့်ကြတာပေါ့"

မေဆင်က ဖွတ်ပင် ဖိတ်ခေါ်၏။ ထရက်က ဟန်မပျက် ဆက်ထိုင်နေသဖြင့် မေဆင်က အခန်းထဲဝင်ရန် ပြင်လိုက်စဉ် အခန်းတံခါး ပွင့်လာသည်။ မေဆင်နှင့် မိမှာ မျက်နှာချင်းဆိုင် ဖြစ်သွား၍ မိက ပြောလိုက်၏။

"ဘယ်လိုလဲ ရွှေနေကြီးရဲ့ မိန်းမသားတစ်ဦးရဲ့ အိပ်ခန်းကို"

မေဆင်ကလည်း ချက်ချင်းမေး၏။

"မြေပုံ ဘယ်မှာလဲ"

"ဒီမှာပါရှင် ..."

မိက မြေပုံကို မေဆင့်လက်အပ်မည်ပြုရာ ထရက်က အလွန်လျှင်မြန်စွာ လှမ်းတားလိုက်ရင်း ပြော၏။

"မပေးနဲ့ မပေးနဲ့၊ မြေပုံကို မေဆင့်လက်ထဲ မပေးနဲ့ဦး၊ ခင်ဗျား လက်ထဲထားပြီး ကြည့်ပေစေ၊ ပြီးမှ ဒီမြေပုံကို ကျုပ် သက်သေခံအဖြစ် ယူထားရမှာ"

"ဘုရားသခင်ရေ ... ဒီမြေပုံက ဒီလောက်ပဲ အရေးကြီးနေလို့လားရှင်၊ ကျွန်မအထင်တော့ ဒီလောက် အရေးမကြီးပါဘူး၊ ဟိုတောင်ထိပ် ဟိုတယ်ကနေ ဒီမြို့ကို ပြန်တဲ့ဖြတ်လမ်း မြေပုံကြမ်းကလေးပဲဟာ၊ ကဲ ... ဒီလိုကြည့်၊ ကျွန်မ မြေပုံကိုင်ထားမယ်၊ မစ္စတာမေဆင်က ကျွန်မပခုံးဘယ်ဘက်က ကျော်ကြည့်၊ မစ္စတာထရက်က ညာဘက်ပခုံးပေါ်ကကြည့်"

"မိက မြေပုံကိုပြရင်း သူ့ရင်သားအလှအပကိုပါ ပြလိုဟန်တူ၏။

နှစ်ဦးသား မြေပုံကို အတန်ကြာ လေ့လာကြသည်။ ခဏအကြာ၌ ထရက်က စ,မေး၏။

"တောတွင်းအိမ်ငယ်ကို သွားတဲ့လမ်းက ဘယ်လမ်းလဲဗျ"

မိက မြေပုံကြမ်းအညွှန်းပါ လမ်းခွဲတစ်ခုကို ထောက်ပြရင်းလျက်–

"ကျွန်မ သွားနေကျကတော့ အဲဒီ လမ်းခွဲမှာ ညာဘက်လမ်းခွဲဘက် လိုက်လာတယ်"

ထရက်က ကြည့်ရင်း မိကိုလှမ်းပြော၏။





"ကဲ ... ခင်ဗျား မြေပုံထောင့်စွန်းတစ်ခုမှာ ဒီနေ့ နေ့စွဲရယ်၊ အချိန်ရယ်၊ ရေးပြီး လက်မှတ်ထိုးလိုက်ပေတော့၊ ကျုပ် အထောက်အထားအဖြစ် ယူသွားတော့မယ်၊ ဒါမှ နောင်အရှုပ်အရှင်း ဘာမှ မဖြစ်နိုင်မှာ ..."

"ဒီလိုဆို ကျွန်မကို ဖောင်တိန်တော့ ခဏငှားပါအုံး၊ ဒီည ဝတ်ရုံလွှာမှာက ဖောင်တိန်ထည့်ဖို့ အိတ်မပါဘူးရှင့်"

မိက ထရက်ထံမှ ဖောင်တိန် ခေတ္တငှားရမ်းရာ ထရက်ကလည်း ပေးရန်ပြင်၏။ သို့သော် မေဆင်က ကြားဝင်လိုက်သည်။

"ထရက်ရေ ဖောင်တိန်တော့ မပေးနဲ့အုံး ..."

မေဆင်က ပြောပြောဆိုဆို မိ၏ ညာဘက်လက်ကို မြှောက်ယူပြီး ကြည့်သည်။ လက်ညိုးလက်ခလယ်ကြား မင်စွန်းနေကြောင်း သေချာသဖြင့် မိကိုပင် လှမ်းမေး၏။

"ဘယ်လိုလဲဗျ၊ ဖောင်တိန်လဲ မလွယ်ဘူးဆိုတယ်၊ လက်မှာ မင်တွေ စွန်းလို့ပါလား"

"ဟာ ... ဒီမင် စွန်းထားတာက ကြာပါပြီရှင့်၊ မယုံရင် ဖောင်တိန်ရှိမရှိ ရှာကြည့်ချင်သေးလား မစ္စတာမေဆင်"

မေဆင်က ဘာမျှပြန်ပြောမနေပဲ၊ အခန်းထဲ စွပ်ဝင်သွားပြီး ဖောင်တိန်ရှာ၏။

"ရှင် ... ရှင် ... ဘယ့်နှယ် သူများအခန်းထဲ ပိုင်စိုးပိုင်နင်း ရှင်ဝင်ခွင့်မရှိဘူးရှင့်"

"ကျုပ် ဝင်ရလိမ့်မယ် အမိ ..."

အခန်းတွင်း ကြောင်းဆန်နေသည်မှာ မှန်၏။ သို့သော် စာရေးစားပွဲတစ်နေရာတွင် အဖုံးဖွင့်ထားသော ဖောင်တိန်တစ်ချောင်း တွေ့ရပြီး ဘေးတွင်လည်း ရေးလက်စ စာရေးစက္ကူစာအုပ်ငယ်တစ်ခုကို တွေ့ရသည်။

"ရှင် ... ရှင်၊ စားပွဲနား မကပ်နဲ့နော်၊ စာရွက်တွေကိုလည်း မကိုင်နဲ့"

မိက ဒေါသတကြီး လှမ်းအော်သည်။

"ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော် ကြည့်ရုံတင် ကြည့်မှာပါ" မေဆင်က သေသပျော့ပျော့ဖြင့် ပြောသည်။

"ကဲ ... ရှင် ဒီအခန်းထဲကပါ ထွက်သွားတော့၊ သွားဆို ခု သွား



www.burmeseclassic.com

www.burmeseclassic.com



လိုက်စမ်း၊ ကျွန်မကို ဒါမျိုးလာလုပ်လို့ မရဘူးရှင့်"

မိ၏ ဒေါသသံမှာ ပြင်းထန်လွန်းလှသည်။ မေဆင်ကလည်း လေသံအေးအေးဖြင့် လှမ်းပြောလိုက်သည်။

"ဒီမှာ မိ၊ ခင်ဗျား ဒီမြေပုံကြမ်းကို ခုလေးတင် ဆွဲလိုက်တာပါ၊ မူရင်းရှာမတွေ့လို့လား၊ ဒါမှမဟုတ် မူရင်းမပြချင်လို့လား၊ တစ်ခုခုကြောင့်ပဲ၊ ဘာ့ကြောင့်လဲဆိုတော့ ခင်ဗျား ကျုပ်အမှုသည် ဂလက်ဒီကို ပေးလိုက်တဲ့ လမ်းညွှန်မြေပုံကြမ်းမှာက ဒီလမ်းခွဲမှာ ဗယ်ဘက်ကို လိုက်ရမယ်လို့ ပြထားတယ်၊ ခု ဒီမှာကျတော့ ညာဘက်ကို ပြထားတယ်"

မိက ဖြတ်မေးသည်။

"ဒါတွေပြောနေတာ ဘာ ဘာ အဓိပ္ပါယ်လဲရှင့်၊ ဒီအမှုထဲ ကျွန်မကို ဆွဲထည့်ချင်လို့လား မစ္စတာမေဆင်"

ထရက်က မေဆင်နှင့် မိတို့ အပြန်အလှန် ပြောနေသည်ကို ငြိမ်နားထောင်နေ၏။ သို့သော် မျက်နှာမှာကား ခပ်ယဲ့ယဲ့ ပြုံးလျက် . .

မေဆင်က ဆက်ပြောပြန်သည်။

"ကျုပ်က အချက်အလက် ရနိုင်သမျှ ကြိုးစား ရှာဖွေနေတာပါပဲ၊ ဒါကြောင့် အချက်အလက် အမှန်တွေကို လိုချင်တယ်၊ သိချင်တယ်၊ ပြီးတော့မိ၊ ခင်ဗျားကို ကျုပ်သတိပေးပါရစေ၊ ဒီအမှုမှာ ခင်ဗျားကို လက်ရှောင်သွားလို့ မရနိုင်ဘူး၊ ခုဆိုရင်လည်း ကြည့်၊ ခင်ဗျား ဒီအခန်းထဲ ဝင်သွားစဉ်က လက်မှာ မင်စွန်း မရှိသေးဘူးဗျ၊ ပြန်ထွက်လာမှ မင်စွန်းလာတာ၊ ဖောင်တိန်ဘေးက စာအုပ်နဲ့ စက္ကူဟာလည်း ခုပြတဲ့ မြေပုံစက္ကူနဲ့ တစ်ရွယ်တည်း ဖြစ်နေတယ်"

"ရှင်ကတော့ ကျွန်မကို အမှုထဲ တကယ်ဆွဲထည့်နေပြီပဲ၊ မစ္စတာမေဆင်၊ ရှင်ဟာ တော်သလောက် ကြောက်စရာကောင်းတယ်၊ ကောင်းပြီလေ၊ ကျွန်မလည်း ရှင့်လိုပါပဲ၊ တော်ကြောင်း အန္တရာယ်ကြီးကြောင်း ပြရတော့မှာပေါ့"

မေဆင်က ပြန်ပြောပြန်၏။

"ကျုပ် ခု ဒီကိုရောက်နေတာ ဟို မြေပုံကြမ်း မူရင်းတွေ့ရဖို့ပါ၊ ခုဆို ရဲမှူးထရက်လည်း သက်သေရှိနေတယ်၊ အဲဒီမူရင်းဆိုတာက ဂလက်ဒီကို ခင်ဗျား လမ်းညွှန်ခဲ့တဲ့ မူရင်းကို ပြောတာပါ"

"ရှင့်အမှုသည် ဂလက်ဒီဆိုတာက အရူးပဲရှင့်၊ ကျွန်မလမ်းညွှန်တုန်း





က ဂလက်ဒီလိုက်မှတ်တဲ့ မှတ်စုရှိသေးတယ်၊ အဲဒီမှတ်စု ဘယ်မှာလည်း ဒါတွေ ဂလက်ဒီတင်ပြပါစေ၊ မှတ်စုထဲမှာ ညာဘက်လိုက်ဖို့ ပြထားတာ တွေ့ရလိမ့်မယ်"

"ဒီမှာ မိ၊ အဲဒီ မှတ်စုမှတ်ချက်တွေကို မှတ်စု စာအုပ်ထဲက တစ်ယောက်ယောက် ဆွဲဆုတ်ယူသွားပြီးပြီဗျ"

မိက တအံ့တသြ အာမေဋိတ်သံဖြင့် ပြောလာ၏။

"အလိုလေး၊ ရှေ့နေကြီးရယ်၊ ရှင်တော်တယ်၊ ထက်တယ်ဆို၊ ဒီတစ်ချီ တော့ ပြောတဲ့လူ ပြောတဲ့အတိုင်း ရှင်က လက်ခံတယ် ဟုတ်လား၊ ရှင်တို့ ယောကျ်ားတွေ၊ ဒီအတိုင်းပါပဲလေ"

"ဒီမှာ မိ၊ ဂလက်ဒီရဲ့ လက်ရေးတိုမှတ်စုဟာ ဟောဒီအခန်းထဲမှာပဲ ရှိမယ်၊ ကျုပ်တို့ ရှာကြည့်ချင်တယ်"

"ရှာနိုင်ပါသရှင် . . . ရှာနိုင်ပါတယ်"

"ကဲ . . . ဂလက်ဒီရဲ့ အခန်း ဘယ်ဟာလဲ"

မိက ညွှန်ပြရင်း ကိုယ်တိုင်ဦးဆောင်ပြီး ဂလက်ဒီ့အခန်းထဲ တံခါး တွန်းဖွင့် ဝင်သွား၏။ ၎င်းအခန်း၌ကား အားလုံးသပ်သပ်ရပ်ရပ်၊ ရှုပ်ပွေနေခြင်း လုံးဝမရှိ။

"ကဲ . . . ဒီမှာကြည့်ကြပါရှင့်၊ တစ်ခြားအခန်းတွေအားလုံး ပြောင်း ဆန်နေပေမယ့် ဒီအခန်းတော့ ရှင်းလို့ လင်းလို့ သပ်သပ်ရပ်ရပ်နဲ့၊ ကဲ . . . ၊ မစ္စတာထရက် ရှင်လည်း ရှာနိုင်ပါတယ်"

ထရက်က ဝင်ပြောသည်။

"ဟာ ကျုပ်က ဒီပွဲမှာ ပွဲကြည့်ပရိတ်သတ်ပါဗျာ၊ ပြီးတော့ ရှာဝရမ်း လည်း မပါတော့"

"အမလေးရှင် မလိုပါဘူး ကျွန်မက ခွင့်ပြုနေတာပဲဟာ၊ ဪ . . . ဟိုမှာ . . . ဟိုမှာ၊ မစ္စတာမေဆင် လိုချင်နေတဲ့ မှတ်စုစာအုပ် စားပွဲ ခုံနီးမှာ"

မိ ကိုယ်တိုင် စားပွဲထိပ်ထိ လျှောက်သွားပြီး ပွင့်လျက်ရှိနေသော မှတ်စုစာအုပ်ကိုယူလျက် ထရက်ထံပြလိုက်သည်။ မေဆင်က လှမ်းပြောသည်။

"ဂလက်ဒီ ရေးလက်စမှတ်စု ကျုပ်ကိုပြစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



မိက မှတ်စုစာအုပ် ရေးလက်စနေရာကို လှစ်ပြသည်။

"ဒီမှာ ... ဟောဒီမှာ၊ ဒီစာမျက်နှာမှာပဲ ... အဲ ... "

ပြောရင်း မိ၏ အသံ ရပ်သွားသည်။ အဘယ်ကြောင့်ဆိုသော် ရေးလက်စမှတ်စုစာအုပ် စာမျက်နှာတစ်ခုအကုန် နောက်တစ်ခုအကူး လှန်လိုက်သော စာမျက်နှာမှာ ဘာမှမရေးရသေးသော အသစ်ဖြစ်နေသည်။ ရေးလက်စ စာမျက်နှာအဆက် ဆွဲဆုတ်ခံထားရသည်။

"ဒါပေမယ့်ရှင်၊ ဂလက်ဒီ ရေးလက်စ မှတ်စုစာအုပ်ကလေးကတော့ ဒါပါပဲ မစွတာထရက်"

မိက ထရက်ဘက်လှည့်ပြောရင်း ပြလိုက်သည်။ ထရက်က မေး၏။

"မှတ်စုကို ဂလက်ဒီ ဘာနဲ့ ရေးလိုက်သလဲ၊ မင်နဲ့လား၊ ခဲတံနဲ့လား"

"ဘောလ်ပင်နဲ့ရှင့်"

ထရက်က မှတ်စုစာအုပ်ကို လှမ်းယူပြီး ကပ်လျက် ကျန်စာမျက်နှာအသစ်ကို စူးစိုက် လေ့လာသည်။ ပြီးမှ အော်ပြောလိုက်သည်။

"ကဲ ... လာကြ ... လာကြ၊ မီးရောင်အောက်မှာ ကြည့်ရအောင်"

မီးရောင်ဖြင့် ကွက်လပ်စာမျက်နှာအဖြူကို စနစ်တကျ လေ့လာသည်တွင် ဘောလ်ပင်ဖြင့် အပေါ် စာမျက်နှာ၌ ဖိရေးခဲ့သဖြင့် အောက်စာမျက်နှာပေါ်၌ အရာများ ထင်နေသည်ကို တွေ့ကြရ၏။

"ဒါဟာ ရဲအဖွဲ့ရဲ့ လုပ်နည်းလုပ်ဟန်တစ်ခုပါပဲ၊ ဒီလို စူးစိုက်ကြည့်ရင် ဒီလိုတွေ့ရတတ်ပါတယ်၊ အဲ ... ကျုပ်တို့ ဓာတ်ခွဲခန်းထဲရောက်ရင် ဒါ ... ရှင်းသွားမှာပါ"

မိကလည်း ဝင်ပြော၏။

"ဟုတ်ပါရဲ့ရှင်၊ ကွက်လပ်စာမျက်နှာပေါ်မှာ မျဉ်းရာတွေ ထင်နေတယ်နော်"

ထရက်က မှတ်စုစာအုပ်ကို သိမ်းဆည်းပြီး သူ့ကုတ်အင်္ကျီအိတ်ထဲသို့ ထိုးထည့်လိုက်လေသည်။

မိကပင် စပြောပြန်၏။

"ကျွန်မကတော့ ဂလက်ဒီ ကျွန်မကို အမှုထဲ ဆွဲအထည့်မခံနိုင်ဘူးရှင့်၊ ဒီဖောလ်ပင်အရာတွေ ကြည့်ရင် ကျွန်မ အမှန်အတိုင်းပြောတာ တွေ့





ရမှာပဲ၊ ညာဘက်လမ်းခွဲအတိုင်း လိုက်ပါလို့ အဲဒီထဲမှာ တွေ့ရလိမ့်မယ်"

ထရက်က ဂလက်ဒီ၏ အခန်းအခြေအနေကို ကြည့်ပြီး တအံ့တသြ မှတ်ချက်ချပြန်သည်။

"ဒီအခန်းထဲကျတော့ မွှေနှောက်မထားတာ တော်တော် ထူးဆန်းနေတယ်နော်၊ အဲဒီလူဟာ သူလိုချင်တဲ့ပစ္စည်း ကတိုက်ကရိုက် ရှာခဲ့ပေမယ့် ဂလက်ဒီရဲ့ အခန်းထဲမှာ အဲဒီပစ္စည်း ကိန်းသေမရှိမှန်း သိနေတဲ့လူဖြစ်မယ်"

ထိုစဉ် မိက တစ်စုံတစ်ခု ဝင်ပြော၏။

"ကျွန်မသိထားတာ တစ်ခု ရှိတယ်၊ ဟို ... စက္ကူစုတ်ခြင်းထဲမှာ လုံးထွေးပစ်ထားတဲ့ စက္ကူအစအနတွေရှိနေတယ်ရှင့်၊ အဲဒီစက္ကူစုတ်ခြင်းဟာလည်း သူ့အတိုင်း ကျန်နေသေးတယ် မဟုတ်လား"

မိက ပြောပြောဆိုဆို စက္ကူစုတ်ခြင်းဆီလှမ်းသွားပြီး အထဲ၌ တစ်စုံတစ်ခုကို ရှာသည်။

"ဟောဒီမှာ စာရွက်တွေ့ပြီ၊ ဟိုမှတ်စုထဲက ဆွဲဆုတ်ထားတာ ဖြစ်မယ်၊ ကဲ ... ကြည့်ကြစို့၊ ဘယ်သူမှား၊ ဘယ်သူမှန်သလဲ တွေ့ရမှာပဲ"

မိက သူတွေ့လာသော လုံးထွေးပစ်သည့် စက္ကူစကို ဖြေပြီးပြသည်။

"ဒီမှာကြည့်၊ ဂလက်ဒီလက်ရေးနဲ့ ရေးထားတာ၊ စရိတ်ငွေ ဒေါ်လာ ၃၀၀ ရကြောင်း၊ ကျွန်မလမ်းညွှန်ချက်ရော လက်ရေးတိုနဲ့ မှတ်ထားတာဆိုတော့ ကျွန်မတော့ မဖတ်တတ်ဖူးရှင်၊ ဒါပေမယ့်ကြည့်၊ ဟိုလမ်းဆုံမှာ ညာဘက်လမ်းလိုက်ဖို့ မှတ်ထားတယ် မဟုတ်လား"

ထရက်က စာရွက်ကို လှမ်းယူရင်း အိတ်ထဲခေါက်ထည့်ပြန်သည်။ ပြီးနောက် စက္ကူစုတ်ခြင်းထဲ တစ်ခုခု တွေ့လိုတွေ့ငြား ရှာကြည့်ပြန်၏။

မိ က ကန့်ကွက်၏။ မိန်းကလေးတစ်ယောက်၏ အတွင်းရေးကိစ္စ သိခွင့်မရှိ၊ မကြည့်သင့်ကြောင်း ပြောသည်။

သို့သော် ... ထရက်က ရှာမြဲ ရှာနေ၏။

ထိုအချိန် တယ်လီဖုန်းသံ မြည်လာ၏။ မိ ကိုယ်တိုင် သွားကိုင်နားထောင်သည်။ ထရက် ခြင်းတောင်းထဲ ရှာပြီးချိန် မိ ပြန်ရောက်လာရာ မျက်နှာမကောင်းသည်ကို တွေ့ရ၏။

"ဘယ်လိုလဲဗျ၊ ဖုန်းလာတာ သတင်းဆိုးများလား မိ" ဟု ထရက်



www.burmeseclassic.com

www.burmeseclassic.com



က လှမ်းမေးသည်။

"ရှင် ... ကျွန်မ အမူအရာ သိပ်ပျက်နေသလားရှင်"

"ဟုတ်တယ်၊ တစ်ယောက်ယောက် ခင်ဗျားမကြိုက်တာ တစ်ခုခု လုပ်လိုက်သလိုပဲ"

"ဒါ ထားပါရှင်၊ ဒါက ကိုယ်ရေးကိုယ်တာ ဖုန်းဆက်တာပါ"

"ဘယ်လောက်အထိ ကိုယ်ရေးကိုယ်တာနဲ့ ဆိုင်သလဲဗျ"

"တကယ့်ကိုယ်ရေးကိုယ်တာပါရှင်၊ ကဲ ... ကျွန်မလည်း တစ်နေ့လုံး ပင်ပန်းလှပြီ နားချင်ပါပြီ"

ထိုအချိန် တယ်လီဖုန်း ထပ်လာပြန်၏။

မိ က အကူအညီမဲ့နေသူတစ်ဦးပမာ ထရက်ကို လှမ်းကြည့်၏။ ထရက်က အလိုက်တသိပင် မေးလိုက်၏။

"ကျွန်တော် သွားနားထောင်လိုက်ရမလား"

မိ က ခေတ္တတုံ့ဆိုင်းဆိုင်း ဖြစ်နေသေးပြီးမှ ခေါင်းခါလျက် သူကိုယ်တိုင် ထသွားသည်။

ထရက်က မေဆင်ကို လှမ်းပြောလိုက်၏။

"ကြည့်ဗျ၊ စောစောက ဖုန်းထဲက ဘာပြောလာသလဲမသိဘူး။ မျက်နှာတော့ ပျက်နေတာပဲ၊ ဘယ်သူက ဘာပြောတာလည်းလို့ ကျုပ်တို့ စနည်းနာရလိမ့်မယ်ထင်တယ်"

ထိုအချိန် မိက လှမ်းပြောလာသည်။

"ဒီဖုန်းက ရဲမှူးထရက်ကို ခေါ်တာပါရှင်"

ထရက် ချက်ချင်းတယ်လီဖုန်းသွားပြောသည်။

သိပ်မကြာ၊ ပြောပြီး ပြန်လာ၏။ ပြီးမေဆင်ကိုပြောသည်။

"ကဲဗျို့ ... ကျုပ်အလုပ် ပေါ်လာပြန်ပြီဗျာ၊ သွားလိုက်အုံးမယ်၊ ကျုပ်တို့နှစ်ယောက်စလုံး ပြန်ကြပါစို့၊ မိ တစ်ယောက် တော်တော် နွမ်းနယ်သွားပုံရတယ်"

"ဟုတ်တယ်ရှင့်၊ ကျွန်မဘယ်သူ့မှလည်း မတွေ့ချင်ဘူး။ ဘယ်သူနဲ့မှလည်း စကားမပြောချင်ဘူး။ ထင်တာထက်တောင် ပိုပြီး ပန်းလာတယ်"

"စိတ်ချ မိ စိတ်ချ၊ ကျွန်တော်တို့ ပြန်ကြမယ်၊ လာ မစ္စတာမေဆင်၊





သွားကြစို့"

မိ က သူတို့နှစ်ယောက်ကို တံခါးဝထိလိုက်ပို့၏။ ဓာတ်လှေကား စောင့်နေစဉ် ထရက်က လှမ်းပြော၏။

"တယ်လီဖုန်းထဲက ဘာတွေပြောသလဲ မသိဘူးဗျို့၊ မိတစ်ယောက် အတော် အမူအရာပျက်သွားတယ်"

ကျုပ်ကလည်း ခင်ဗျားကို ဘယ်သူဖုန်းဆက်တာလည်းလို့ စဉ်းစားနေတယ်"

မေဆင်၏ အမေးကို ထရက်က အမေးဖြင့်ပြော၏။

"ဘာလဲ ကျုပ်အမူအရာပါ ပျက်နေလို့လား"

"အမူအရာတော့ မပျက်ပါဘူး၊ အတွေးအခေါ်တော့ နက်နဲသွားတယ်ထင်တယ်"

"အင်း ... ဒါ ဖြစ်နိုင်တယ်၊ မစ္စတာမေဆင်လို ရှေ့နေတစ်ယောက်လိုက်နေတဲ့ အမှုမျိုးမှာ ဒီလိုဖြစ်ကို ဖြစ်ရမယ်"

✿✿✿✿✿✿✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

✿ မေဆင်တစ်ယောက် သော့ပိုဖြင့် သူ့ရုံးတံခါး ဖွင့်ဝင်လိုက်ချိန် ဒယ်လာက ကုလားထိုင်မှ ထလာပြီး ကြိုဆို၏။

''ဆရာရေ . . . ၊ ဆရာပြန်လာနိုင်တာ ဝမ်းသာရတော့မလား''

''ဘာဖြစ်လို့လဲကွယ့်၊ ဒယ်လာရဲ့''

''မိ ဆီ ဖုန်းဆက်ကြည့်တော့ ဆရာပြန်သွားတာ ကြာပြီတဲ့၊ မဲ့မွှ ထရက်နဲ့ အတူသွားလေရဲ့ ဆိုတော့၊ အင်း . . . ဆရာ့ကို ဆွဲသွားပြီထင်နေတာ၊ ကျွန်မ တယ်လီဖုန်းတစ်လုံးနဲ့ အလုပ်ကိုရှုပ်သွားတာပဲ''

''ထရက်ဆီက ဖုန်းလာသေးလား''

''သူ့ဆီတော့ မဆက်ဘူး၊ ဆရာ့အိမ်ရယ်၊ ကားဂိုဒေါင်ရယ်၊ ဓာတ်ဆီဆိုင်ရယ်၊ ဆရာသွားလေ့ရှိတဲ့ နေရာအားလုံးတော့ ဖုန်းဆက်ကြည့်ပါတယ်''

''လမ်းမှာကားတွေ ပိတ်ဆို့နေလို့ ကြာသွားတာ၊ ဘာကိစ္စအရေးကြီးလို့လဲ''

''ပေါလ်ဒရိတ်ဆီက အရေးတကြီး ဖုန်းလာတယ်ဆရာ၊ သေသူဘယ်သူလို့ သိရပြီတဲ့၊ ဆရာပြန်ရောက်ရောက်ချင်း သူ့ဆီဖုန်းဆက်ဖို့ မှာထား



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကျွန်မ ဆက်လိုက်မယ်နော်"

ဒယ်လာက ဒရိတ်ထံ လှမ်းဆက်ရာ ချက်ချင်းလာခဲ့မည်ဟု ပြန်ပြောသည်။

"ဒယ်လာရေ ... ၊ပေါလ် ဘယ်လိုခြေရာခံထားမိတာတဲ့လဲ၊ ဒို့ သိရတာ ရဲထက်စောသလား။ နောက်ကျသလား"

"နောက်မကျဘူး၊ စောမယ်ထင်တယ်ဆရာ"

"ဘယ်လိုလုပ်ပြီး ရဲထက်စောနိုင်သလဲ မသိဘူး"

ထိုအချိန် ဒရိတ်ရောက်လာသည်။

"အလောင်း ဘယ်သူဆိုတာ သိရပြီဗျို့"

"ဘယ်သူတဲ့လဲ"

"သေသူ့အမည်က ဂျော့ရှ်မင်းလေး တဲ့၊ အမည် အပြည့်အစုံဆိုရင် ဂျိုးဇက်၊ ဟင်နီတာ၊ မင်းလေးတဲ့၊ လက်မှတ်ထိုးရင်တော့ ဂျော့လို့ပဲ ထိုးတယ်၊ ရင်းဘိုရိုဝ်သာ ဘန်ဂလိုအမှတ် ၁၂၂၀ မှာ နေတယ်၊ အခင်းဖြစ်ပွားတဲ့ တောတွင်းအိမ်ကလေးမှာ မကြာခဏသွား အနားယူလေ့ရှိသတဲ့ဗျ"

"ဟာ... ဘယ်လိုလဲကွ၊ ဘန်ဂလိုရှိရဲ့ ၊ တောတွင်းအိမ်လဲ သွား အပန်းဖြေရဲ့ဆိုတာ ဘာလဲ"

"အဲဒါ ကျွန်တော်လည်း စုံစမ်းတုန်းပဲဗျ၊ တစ်ခုတော့ ရှိတယ်၊ ဒီ ကိစ္စမှာ မိန်းမတစ်ယောက် ပါနေတယ်လို့ သိရတယ်"

"မိန်းမတစ်ယောက်မကဘူးကွ၊ အနည်းဆုံး နှစ်ယောက် ပါနေလိမ့်မယ်။ ကဲ လာ သွားကြစို့"

"ဘယ်သူ့ကားနဲ့လဲ"

"ကိုယ့်ကားနဲ့ပဲ သွားကြရအောင်"

"ဒယ်လာကို ခေါ်အုံးမလား"

မေဆင် ခေတ္တစဉ်းစားနေစဉ် ဒယ်လာက လိုက်မည်ဟု ခေါင်းညိတ် ပြလိုက်၏။

"ကဲ ... ဒယ်လာရေ၊ လက်ဆွဲအိတ်ရော မှတ်စုစာအုပ်တွေရော ယူခဲ့နော်၊ ညစာစားချိန်တော့ တော်တော်နဲ့ ရမှာ မဟုတ်ဘူး၊ အလုပ်ပြီးအောင် စောင့်ရလိမ့်မယ်"





"ရပါတယ် ဆရာ၊ စောင့်နိုင်ပါတယ်"

"ကိုင်း ဒါဆို သွားကြစို့"

ကားမောင်းလာစဉ် မေဆင်က မေးသည်။

"ဆိုပါဦး၊ ပေါလ်ရေ ဘယ်လို ဘယ်လို သိရတာလဲ"

"ကျွန်တော့်လူလွှတ်ပြီး အပင်ပန်းခံ လိုက်နိုင်ရတာပေါ့ဗျာ၊ အထောက်အထားပိုင်းကျတော့ ရဲတွေက ကျွန်တော်တို့ထက် အစုံရထားပြီးသား။ ဒီတော့ ကျွန်တော်တို့ရတဲ့နည်းက အထောက်အထားအပေါ် စဉ်းစားပြီး သဲလွန်စ ဆက်လိုက်တာပါပဲ၊ တောတွင်းအိမ်ပတ်ဝန်းကျင်မှာ တာဝန်ချခံရတဲ့ ကျွန်တော့်ရဲ့တပည့် စုံထောက်တစ်ယောက် တော်လို့ ရတာပဲ ဆိုပါတော့။ အိမ်နောက်ဖေးမှာ တညီတည်းပုံထားတဲ့ ထင်းပုံကိုတွေ့တော့ ဒါ ရောင်းတင်း ထင်းမှန်း သိလိုက်တယ်။ ဒါနဲ့ ဒီ အနီးအနား ထင်းရောင်းတဲ့လူ လိုက်စုံစမ်းတယ်။ တောလမ်းတစ်နေရာမှာနေတဲ့ အတ်ကင်ဆိုသူ ထင်းရောင်းသမားကို တွေ့ရော၊ အတ်ကင်က အိမ်ငယ်ကထင်းတွေ သူရောင်းတာလို့ ပြောတယ်။ လူကိုလည်း မှတ်မိကြောင်း ပုံပန်းသဏ္ဌာန်ပါ ပြောပြတယ်။ သူပြောတဲ့လူတာ သေသူနဲ့ တစ်ပုံစံတည်းပဲ၊ ထင်းဖိုးငွေချေတာ ချက်လက်မှတ်နဲ့ဆိုတော့ လိုလိုမယ်မယ် ဖြစ်အောင် အတ်ကင်က ကားနံပါတ်ပါ မှတ်ထားသတဲ့၊ ကားကလည်း ရွှေ နောက်ဂီယာတစ်စုံ၊ စတေရှင်ဝက်ဂွန် ဂျစ်ကားဆိုပဲ၊ အတ်ကင်ပြောတဲ့ ကား နံပါတ်အတိုင်း လိုက်တဲ့အခါ 'မင်းလေး' မှန်း သိရတာပါပဲ"

ခေတ္တနားပြီး ဒရိတ်က ဆက်ရှင်းပြ၏။

"မင်းလေးဟာ အိမ်ငယ်ကို မကြာခဏ လာတတ်သတဲ့၊ ပထမ သူ့ဘာသာသူ ထင်းခွေတယ်၊ နောက်မှ အတ်ကင်ကို သိပြီး အတ်ကင်ဆီက ထင်းဝယ်သုံးတာတဲ့"

"ကောင်းတယ်ကွာ ပေါလ်၊ မင့်လူလည်း တော်တယ်၊ ကဲ အဲဒီ လိပ်စာအတိုင်း ဆက်လိုက်ရုံပဲ"

မေဆင်သည် ပြောပြောဆိုဆို လိပ်စာပါရပ်ကွက်သို့ တန်းမောင်းသွား၏။ လိပ်စာပါ အိမ်အရောက် အကဲခတ်ကြည့်ရာ ရဲအဖွဲ့မှ ကားတစ်စီး တစ်လေမျှ မတွေ့ရသေးသဖြင့် စိတ်ချသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်တံခါးမှ လူခေါ်ခလုပ် နှိပ်လိုက်ရာ အမျိုးသမီးတစ်ဦး တံခါး ဖွင့်ပေးသည်။ ထူးခြားသည်မှာ အမျိုးသမီးသည် လက်အိတ်စွပ်ထား၏။ မေဆောင်က စ,နှုတ်ဆက်ရင်း စုံစမ်းသည်။

'မင်္ဂလာပါခင်ဗျာ၊ မစွတာမင်းလေး ဒီမှာ နေပါသလား''

''နေပါတယ်ရှင်၊ ဒါ သူ့ အိမ်ပါ''

''သူနဲ့ တွေ့ပါရစေလား''

''သူ အိမ်မှာမရှိဘူးရှင့်''

''ဘယ်ကိုများ သွားနေပါသလဲ''

''တပ်ကဆန်မြို့ဘက် သွားပါတယ်''

''တပ်ကဆန်မြို့ ဘယ်လိပ်စာမှာ သူ့ကို တွေ့နိုင်ပါသလဲ၊ ပြောနိုင်ရင် ပြောပြပါလား''

''ဒါတွေ ကျွန်မ မသိဘူးရှင်''

''ကိစ္စ အရေးကြီးနေလို့ပါ''

''ဝမ်းနည်းပါတယ်ရှင်''

''ဟိုမှာများ သူတည်းတတ်သလား''

''ကျွန်မတော့ မထင်ဘူး''

''မိတ်ဆွေတွေဆီ တည်းမယ်လား''

''ဟင့်အင်း''

''ဒါဆို ဘယ်မှာတည်းမယ် ထင်ပါသလဲ''

''တည်းခိုခန်းမှာ ဖြစ်နိုင်တယ်၊ တစ်နေရာတည်း အမြဲမတည်းဘူးရှင့်''

''ဒါဆို ခဏခဏ အဲဒီကို သွားတတ်တယ် ထင်တယ်''

''ရှင်က တော်တော်တွက်တတ်သားပဲ''

မေဆောင်က ပြုံးပြီး ဆက်မေး၏။

''မစ္စက်မင်းလေး ထင်တယ်၊ ဟုတ်ပါသလား''

''ဟုတ်ပါတယ်ရှင်''

''ဩော်... ကျွန်တော်က ပယ်ရီမေဆောင်ပါခင်ဗျား။ ဒါက ကျွန်တော့် အတွင်းရေးမှူး ဒယ်လာစထရိ၊ ဟိုဘက်က စုံထောက်ပေါလ်ဒရိတ်''

''အို... ရှေ့နေကြီး ပယ်ရီမေဆောင် ဆိုတာလား''





''မှန်ပါတယ် ခင်ဗျာ''

''အလို... ဘုရားသခင်ရေ ဘာကိစ္စများ ရှိလို့ပါလဲရှင်၊ ဩော် ... မတ်တတ်ကြီး ဖြစ်နေပါလား။ အထဲကိုကြွကြွပါ၊ ထိုင်ကြပါအုံး၊ ကျော့ကို ဘာအတွက် တွေ့ချင်တာပါလဲ''

''အင်း... အမှုတစ်ခုမှာ သက်သေ ဖြစ်လာလိမ့်မယ် ထင်ပါတယ်''

ဤတွင် မစ္စက်မင်းလေးက လက်အိတ်ချွတ်ပြီး တစ်ဦးချင်း လက်ဆွဲ နှုတ်ဆက်လျက် အထဲဖိတ်ခေါ်သွား၏။ ပယ်ရီမေဆောင့် အကြောင်း ကြားဖူး ကြောင်း၊ သဘောကျကြောင်း ပြောသွားသေး၏။ ပြောရင်းဆိုရင်း သူ့လက် သူပြန်ကြည့်မိပြီး တစ်စုံတစ်ခု သတိရဟန်ဖြင့် လက်အိတ်ပြန်စွပ်သည်။ ထို အချိန် မေဆောင်နှင့် ဒယ်လာတို့ အကြည့်ချင်းဆုံသွားသဖြင့် မှတ်စု လိုက်မမှတ် ရန် မျက်ရိပ်ပြရ၏။

မေဆောင်က စ မေးသည်။

''ကျော့ မင်းလေးက ဘာအလုပ်အကိုင် လုပ်ပါသလဲ ခင်ဗျာ''

''အရောင်းအဝယ်သမားပါပဲ၊ ကုန်သည် ဆိုပါတော့''

''ဘယ်လို အရောင်းအဝယ်မျိုးပါလဲ''

''ဒါတော့ ကျွန်မ မမေးမိလို့ မသိပါဘူးရှင်၊ လုပ်ငန်းကိစ္စ ကျွန်မက မစွက်ဖက်သလို အိမ်ကိစ္စလည်း သူက မစွက်ဖက်ပါဘူး၊ ဒါ ကျွန်မတို့ လင်မယား နားလည်မှုပါ''

''မစ္စတာမင်းလေးမှာ ပြဿနာတစ်ခုခု ရင်ဆိုင်ရတယ်များ ကြားဖူး သိဖူးပါသလား''

''ရှင်... ဒီမေးခွန်း ဘာကြောင့် မေးတာပါလဲ''

''ဩော်... သူ့အကြောင်း သိချင်လို့ပါ''

''ဒါဆို သူ့ကို မေးဖို့ကောင်းတယ်''

''ဟုတ်ကဲ့... တွေ့မေးချင်ပါတယ်၊ သူ ခရီးထွက်သွားတာ ဘယ် လောက်ကြာပါပြီလဲ''

''ဒီနေ့ တနင်္လာဆိုတော့၊ ဗုဒ္ဓဟူးနေ့ကပါ''

''အရင်အပတ် လေးရက်နေ့ကပေါ့၊ ဟုတ်လား''

''ဟုတ်ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ကားယူသွားပါသလား"

"ဟုတ်ကဲ့"

"ကိုယ်ပိုင်ကားလား"

"ဟုတ်ပါတယ်"

"စတေရှင်ဝက်ဂွန်ဂျစ်ကား ထင်တယ်"

"မဟုတ်ဘူးရှင့်၊ အိုးလ်မိုဘိုင်း အမျိုးအစားပဲ၊ သူ့မှာ ဂျစ်ကားမရှိပါလား။ ဘယ်လိုထင်လို့ပါလဲ"

"ဩော် . . . မိုင်းလုပ်ငန်းများ လုပ်သလားလို့ပါ၊ မိုင်းသမားဆိုရင်တော့ ဂျစ်သုံးတတ်လို့"

"မိုင်းလုပ်ငန်း မလုပ်ပါဘူးရှင်။ သူ့လုပ်ငန်းက ခုလုပ် ခုငွေပေါ်တဲ့ အရောင်းအဝယ်မျိုးပါ"

"တပ်ကဆန်မြို့ကို မကြာခဏ သွားတတ်သလား"

"ဟုတ်ကဲ့ ဒီလိုသွားလာနေတာပါပဲ။ သွားတဲ့လာတဲ့ အစီအစဉ်အကြောင်းတော့ ကျွန်မတောင် သိလေ့မရှိပါဘူး"

"ဘယ်လို အဆက်အသွယ်လုပ်ပြီး အရောင်းအဝယ် လုပ်ပါသလဲ"

"သူ့မိတ်ဆွေတွေက တဆင့်ပေါ့။ သူ့ဆီ ဖုန်းလာတတ်တယ်၊ ဖုန်းလာရင် ခရီးထွက်ရော၊ ဒါဆို တစ်ရက်နှစ်ရက် သုံးလေးရက် ကြာချင်လည်း ကြာတယ်၊ တစ်ခါတလေတော့လည်း မသိဘူးပေါ့"

"ခရီးဝေးဆို ခင်ဗျားကို ခေါ်မသွားဘူးလားဗျ"

"ဘာကြောင့်ခေါ်ရမှာလဲရှင့်၊ ကျွန်မ အိမ်အလုပ်တာဝန်တွေ ရှိနေတာပဲ၊ ကျွန်မ အိမ်ရှင်မပဲလေ"

"ခင်ဗျား အိမ်မှာ ကျန်ခဲ့တော့ သုံးဖို့ကော ကားရှိပါသလား"

မစွက်မင်းလေးက ခေါင်းညိတ်ပြ၍ "သွားလို့လာလို့ ဖြစ်ရုံ ကားတစ်စီးတော့ ရှိပါတယ်၊ ဒါနဲ့ ရှင်မေးတာတွေကလည်း များလှချည့်လားရှင့်"

မေဆင်ကလည်း ရယ်ပြီးပြော၏။

"ရှေ့နေဆိုတော့ မေးစရာတွေ ရှိနေတာပေါ့ဗျာ"

"အင်း . . . ရှေ့နေကြီး ပယ်ရီမေဆင်အကြောင်း ကြားဖူးဖတ်ဖူးပါတယ်ရှင်၊ တရားခွင်မှာ သက်သေကို ဘယ်လိုစိုက်ကြည့်ပြီး ဘယ်လိုမေး





လိုက်တယ်၊ ဘယ်လိုထွက်ချက်မျိုး ရလိုက်တယ်တို့ ဘာတို့ ဆိုပါတော့၊ ဒယ်လာ ဆေးရိကိုလည်း ရှင်နဲ့အတူ သတင်းစာဓာတ်ပုံထဲမှာ မြင်ဖူး၊ တွေ့ဖူးနေပါတယ်၊ ဩော် ဒီတစ်ယောက်က ဘယ်သူတဲ့၊ အလုပ်အကိုင်ကကော"

မေဆင်က ဝင်ဖြေ၏။

"စုံထောက် ပေါလ်ဒရိတ်ပါ"

"ရှင်နဲ့အလုပ်တွဲလုပ်သလား"

"တစ်ခါတလေ ဆိုပါတော့"

"အလွတ် စုံထောက်လား"

မေဆင်က ခေါင်းညိတ်ဖြေသည်။

"အင်းလေ၊ ရှင်တို့ ဒီအထိလာရတာဆိုတော့ မေးစရာတွေ ရှိအုံးမှာပဲ မေးပါရှင်၊ မေးပါ"

"ခင်ဗျား ခင်ပွန်းသည်ရဲ့ မိတ်ဆွေအပေါင်းအသင်းများကော သိပါသလား၊ ဘယ်သူတွေဆိုတာလေ"

"ဟိုတယ်ခန်းက အိမ်နီးချင်းတွေနဲ့တော့ ဆက်ဆံတာတွေ့တယ်၊ တခြားတော့ ကျွန်မတို့က အပေါင်းအသင်း အနည်းသားရှင့်"

"ခင်ပွန်းသည်ရဲ့ လုပ်ငန်းဆိုင်ရာ မိတ်ဆွေတွေကော"

အမျိုးသမီးက တယ်လီဖုန်းဘက် မေးငေါ့ပြရင်း ဖြေသည်။

"ဖုန်းနဲ့ အလုပ်လုပ်လေ့ရှိတယ်ရှင့်၊ ဖုန်းနဲ့ပဲ သူတို့ စကားပြောကြဆိုကြတယ်လေ"

မေဆင်က ခေတ္တ စဉ်းစားလိုက်၏။ ပြီးမှ ဆက်မေးသည်။

"မစွက်မင်းလေး၊ ကျွန်တော် ကိုယ်ရေးကိုယ်တာ တစ်ခု မေးပါရစေ"

အမျိုးသမီးက ရယ်ပြီးဖြေ၏။

"အမယ်လေးရှင်၊ ရှင် ရောက်စကတည်းကလည်း ဒါမျိုးတွေပဲ မေးလာတာပဲဟာ ခုမှ အဆန်းလုပ်လို့"

"သူမရှိရင်ကော ဖုန်းလာတာပဲလား"

"ဖုန်းမဆက်ပဲနဲ့တော့ သူဒီမှာ ရှိမရှိ သိနိုင်ပါ့မလားရှင်"

"သူမရှိပဲ ဖုန်းလာရင် . . . "

"ဒါက ဒီလိုရှိပါတယ်၊ သူ ဒီမှာရှိနေရင် ဖုန်း ခဏခဏလာတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မရှိရင်တော့ လာခဲ့သပေါ့"

"သူနဲ့ဖုန်းပြောတာ ယောက်ျားတွေလား၊ မိန်းမတွေလား"

"ဒါတော့ ကျွန်မ မသိဘူးရှင့်၊ သူရှိနေသရွေ့ သူပဲ ဖုန်းကိုင်တတ်တယ်၊ သူ မအားလို့ ကျွန်မကိုင်ပေးရင်တောင် သိပ်ကြိုက်ပုံ မရဘူး။ သူ့ဘာသာ ကိုင်တာများတယ်"

"ယောက်ျားတွေလား မိန်းမတွေလား"

"အများဆုံးကတော့ ယောက်ျားတွေပါပဲ၊ ဘာကြောင့်ပါလဲရှင်"

"ကျုပ်တော့ အံ့သြနေမိတယ်၊ များသောအားဖြင့် ဇနီးမယားတွေဟာ လင်သားကိစ္စ စပ်စုတတ်ကြတယ် မဟုတ်လား"

"ကျွန်မက တစ်မျိုးပါရှင်၊ သူ့အလုပ်ကိစ္စက သူနဲ့ပဲ ဆိုင်တယ်လို့ သတ်မှတ်ပါတယ်"

"မိန်းမတစ်ယောက်က ဖုန်းလာရင်ကော"

"ဒါက လုပ်ငန်းကိစ္စပဲလို့ ယူဆလက်ခံထားပါတယ်၊ ကျွန်မယောက်ျား အကြောင်းလည်း ကျွန်မ သိပါတယ်၊ လုပ်ငန်းအကျိုးအမြတ်မရှိရင် မိန်းမတွေကို သူ အကပ်မခံဘူး။ စီးပွားရေးဦးစားပေးပါတယ်"

"အိမ်တွေယာတွေကော ရောင်းဝယ်တယ်လို့ ခင်ဗျားကြားမိသလား"

"အမြတ် အမြန်ဆုံးပေါ်မယ့် အရောင်းအဝယ်ကိစ္စဆို အားလုံးလုပ်ပါတယ်"

"စာရေးဆရာတွေ၊ ဘာတွေနဲ့ကော အဆက်အသွယ် ရှိမရှိ မသိဘူးလား"

"မရှိဘူး ထင်တယ်"

"ဟိုတောင်ပေါ်စခန်းတွေ၊ ဘာတွေကော သွားပြီး အပန်းဖြေတတ်သလား"

"ဒါတွေ သူ ဝါသနာမပါဘူးရှင့်၊ စီးပွားရေးပဲလုပ်တယ်"

"သူ့ဓာတ်ပုံများ ရှိပါသလားခင်ဗျာ'

"တစ်ခုနှစ်ခုတော့ ရှိပါတယ်၊ ဒါပေမယ့် မစ္စတာမေဆင်၊ သူ့အကြောင်း၊ ကျွန်မ ဒီလောက် ရှင့်ကိုပြောပြတာတောင် သူ ကြိုက်မှကြိုက်ပါ့မလား မသိဘူး"





"အချိန် အများကြီး မကုန်ပဲ သိရတာပေါ့ဗျာ၊ ခင်ဗျားယောက်ျား အကြောင်း ကျွန်တော် မေးနေရတာက ကျွန်တော်ရှာနေတဲ့လူ ဟုတ်မဟုတ် သိချင်လို့ပါပဲ"

"ရှင် ရှာနေတဲ့လူကော ရှင်သိတယ် မဟုတ်လား"

"ဟုတ်ကဲ့"

ပုံပန်းသဏ္ဌာန် ပြောပြစမ်းပါ"

မေဆင်က ဒရိတ်ကို လှမ်းကြည့်လိုက်ရာ ဒရိတ်လည်း အလိုက်တသိပင် မှတ်စုစာအုပ် ထုတ်လှန်ကြည့်ပြီး တကယ် မှတ်သားထားသည့်ဟန်ဖြင့်ပြောသည်။

"အရပ် ငါးပေဆယ်လက်မ၊ ဆံပင်အညိုရောင်၊ ကိုယ်အလေးချိန် ၁၈၅ ပေါင်လောက်ရှိမယ်"

အမျိုးသမီးက ခေါင်းခါပြေ၏။

" အဲဒါ ကျွန်မယောက်ျား ပုံသဏ္ဌာန်မျိုး မဟုတ်ပါဘူး၊ သူက ခြောက်ပေတစ်လက်မ၊ ပေါင် ၁၈၀၊ ဆံပင်ကျဲကျဲရယ်"

"ဪ... အသက်ကော ဘယ်အရွယ်လောက် ရှိနေလဲ"

ဒရိတ်က မေး၍ အမျိုးသမီးက ချက်ချင်းဖြေ၏။

"၃၂ နှစ်လောက် ရှိပါပြီ"

"ဒါဆို မဟုတ်သေးဘူးဗျို့၊ ကျုပ်တို့တွေ့ချင်နေတဲ့ လူက အသက် ၅၀ လောက်ရှိနေပြီ"

ဒရိတ်၏ မှတ်ချက်ကြောင့် အမျိုးသမီးက ရယ်ပြီး ပြောသည်။

"မလုပ်ပါနဲ့ရှင်၊ ကျွန်မခင်ပွန်းက ၃၂ နှစ်ပဲရှိပါသေးတယ်၊ အားကစားသမား၊ ရုပ်ချောပြီး အထူးသဖြင့် ဘောလုံးသမားကောင်း တစ်ယောက်ရဲ့ အဆက်အပေါက်ရှိပါတယ်"

မေဆင်က ယခုမှ ဝင်ပြော၏။

"နေအုံးဗျ၊ အရင် လေးငါးရက်လောက်က တစ်နေရာရာမှာ မတော်တဆ ကားတိုက်မှုတို့၊ ဘာတို့ ဖြစ်ခဲ့ကြုံခဲ့ရတယ်လို့များ ခင်ဗျားခင်ပွန်းက ပြောဖူးတာရှိသလား"

"ဘာမှ ပြောသံ မကြားမိဘူးရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ ဖြစ်ရင်ကော ပြောတတ်သလား"

"ကြီးကြီးကျယ်ကျယ်ဆို ပြောပြတတ်ပါတယ်"

"ကားတိုက်မှုတစ်ခု ဖြစ်ခဲ့ပုံရတယ်ဗျ၊ ကားတစ်စီးက ဘာမှ အချက်မပြပဲ ဗယ်ဘက်က ပန်းတက်တယ်၊ ကားတိုက်မှု တော်တော်ပြင်းထန်တယ်"

"ကျွန်မယောက်ျား ကားက တိုက်တာလား၊ အတိုက်ခံရတာလား"

"ဘယ်ဟာမှမဟုတ်ဘူး၊ သူက ကားတိုက်မှု ဖြစ်တဲ့နေရာနဲ့ ကားနှစ်စီးသုံးစီး နောက်နားက . . . "

"ကျွန်မခင်ပွန်းနဲ့ တစ်ခြားတစ်ယောက်ယောက် စကားပြောလိုက်ရလို့လား"

"ဘေးက ကြည့်နေတဲ့လူတစ်ယောက်နဲ့ နည်းနည်းပါးပါးပြောသတဲ့၊ ဒီမှာတင် သူ့နာမည်ကိုလည်း မင်းလေးလို့ပြောသွားတာ၊ သူက ကားတိုက်မှု တစ်ခုလုံး မျက်မြင်တွေ့ခဲ့တယ်တဲ့၊ ဒါကြောင့် မျက်မြင်သက်သေဖြစ်နေတဲ့ မင်းလေးကို ကျွန်တော်တို့ သိပ်တွေ့ချင်နေကြတာပါပဲ"

"ဒီလိုဆို တစ်မြို့လုံးမှာရှိတဲ့ နာမည်တူတွေဆီ နှံ့နေပြီ ထင်တယ်"

"ခု ဒီက မင်းလေးကတော့ ကျွန်တော်တို့ တွေ့ချင်တဲ့ လူလို့ ထင်ပါတယ်"

"အဲဒါမှ ဒုက္ခပါပဲ၊ သူကလည်း ခရီးထွက်နေတာကိုး"

"ဘယ်တော့ပြန်လာမယ် ထင်ပါသလဲ"

"ဒါလည်း ကျွန်မ မသိပါဘူးရှင်၊ ခရီးတစ်ခါထွက်ရင် လေးငါးရက်တော့ ကြာတတ်တယ်၊ တစ်ခါတလေလည်း တစ်ပတ်ကြာတတ်တယ်၊ တစ်လထက်တော့ ပိုမကြာတတ်ပါဘူး"

"အင်း . . . ဗုဒ္ဓဟူး၊ ကြာသပတေးဆိုရင် ပြန်ရောက်နိုင်တာပေါ့"

"ဒီလိုထင်ရတာပဲ၊ ဒါပေမယ့် ရှင်တို့တွေ့ချင်နေတာ သူ မဟုတ်ဘူး ထင်တယ်"

"ဒီလောက်သိရတဲ့အတွက် ကျေးဇူးတင်ပါတယ် ခင်ဗျာ"

နှုတ်ဆက်ပြီး သုံးဦးသား ပြန်ကြ၏။

"လမ်းတွင် မေဆင်က ကားမောင်းနေရာမှ ဒရိတ်ကို လှမ်းမေး၏။

"ဟိုမိန်းမပြောတဲ့ ပုံပန်းသဏ္ဍာန်နဲ့ မင်းသိထားတာ ကိုက်ရဲ့လားကွ"





"ဟုတ်တယ်ဗျ၊ ဒီလူပဲ"

"ဒါဆို တို့ . . . အလောင်းအကြောင်း သိရပြီ၊ ဒါပေမယ့် မင်းလေးရဲ့ နောက်ကြောင်း အများကြီးသိဖို့ လိုနေတယ်၊ ဒီတော့ မင်း ဆက်လိုက်ပေအုံးတော့၊ တို့ အချိန် ဘယ်နှစ်ရက် ရအုံးမှာလဲ၊ သိပ်မရတော့ဘူး ထင်တယ်ကွ"

"သူ့အသက် ၃၂ နှစ်ဆိုတော့ စစ်မှုလည်း ထမ်းပြီးရောပေါ့၊ ဒါဆို စစ်မှုထမ်း လက်ဗွေပုံစံနဲ့ လိုက်ရင် ရဲမှူးထရက်တို့ ခုလောက်ဆို ဒီကိုတောင် ရောက်လာတော့မယ် ထင်တယ်"

ငြိမ်နေသော ဒယ်လာက ယခုမှ ဝင်ပြော၏။

"ထရက် ရောက်လာရင် ဆရာ ဘယ်လို သဲလွန်စရသလဲ တစ်အံ့တသြ ဖြစ်နေတော့မယ်နော် . . . "

"တို့ကတော့ ပြောပြရမှာပဲ၊ ဒါမှ မဟုတ်ရင် အမှုသည်က ပြောတာလို့ ဖြစ်နေမှာ"

ဒရိတ်က ထင်မြင်ချက် ဝင်ပေး၏။

"သူ့ မိန်းမ ပြောပုံထောက်ရရင်တော့ မင်းလေးလုပ်နေတဲ့ ကိစ္စဆိုတာဟာ မိန်းမကိစ္စလည်း ပါလိမ့်မယ်ထင်တယ်"

"ပါမှာပေါ့ကွာ၊ ဒီတော့ မင်းကသာ မင်းလူတစ်ယောက် တစ်ကဆန့် မြို့ဘက်လွှတ်ပြီး မင်းလေးအကြောင်း သတင်းရနိုင်သမျှ ထောက်လှမ်းပေးပါအုံး၊ နောက်ပြီးတော့ အလောင်းတွေ့ခဲ့တဲ့ အိမ်ငယ်အကြောင်း ထောက်လှမ်းပေးတဲ့ မင်းတပည့်နဲ့ ခဏတွေ့ချင်တယ်၊ သူ့ကို ဘယ်မှာတွေ့နိုင်မလဲ ပေါလ်"

"အိမ်ငယ်အောက်ဘက် မြေပြန့်က အနားယူစခန်းမှာပဲ ရှိမယ်၊ နာမည်က ကဲလ်တန်တဲ့၊ အဲဒီမှာပဲ သူ့ကို စောင့်နိုင်းထားတယ်၊ သူ့မှာ ဂျစ်ကားလည်းပါတယ်"

"ခု . . . အဲဒီကို ဘယ်လောက်ကြာကြာ မောင်းရမလဲဟေ့"

"သိပ်မကြာပါဘူးဗျ၊ နာရီဝက်အတွင်း ရောက်နိုင်ပါတယ်"

"ဆရာ တစ်ခုခု မစားတော့ဘူးလား" ဒယ်လာက ဝင်သတိပေးသည်။

"နေအုံး ဒယ်လာရေ ပြီးမှပဲ စားကြတာပေါ့၊ ကိုင်း . . . ဆက်ကြစို့"



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၈)

✿ ကဲလ်တန်ကို ဒရိုက်ပြောသည့်စခန်းတွင် အသင့်တွေ့ရသည်။ ဒရိုက်က မိတ်ဆက်ပေးပြီးချိန် မေဆင်က လိုရင်းကိုမေးသည်။

"ဟို အိမ်ငယ်အထိ တိုက်ရိုက်သွားလို့ ရမလား"

ကဲလ်တန်က ဖြေသည်။

"ကျွန်တော့ဂျစ်ကားနဲ့ဆို အဆင်ပြေပါတယ်"

"ကောင်းပြီ၊ သွားကြရအောင်၊ လိုက်ပို့ပေတော့၊ ဒါနဲ့ ဟိုရဲသား တွေကော ရှိသေးသလား"

"သွားကုန်ကြပြီဗျ၊ လက်ဗွေရာတွေရော တစ်အိမ်လုံးရော ဓာတ်ပုံ ရိုက်ယူသွားကြလေရဲ့၊ ဒီမနက် သုံးနာရီကတည်းက ပြီးလို့ ပြန်သွားကြပြီ"

အားလုံး ဂျစ်ပေါ်တက်ကြပြီး ကဲလ်တန်က မောင်းပို့၏။

"ဘယ်လောက်ဝေးလဲ၊ ဘယ်လောက် ကြာမလဲ" မေဆင် မေး၍ ကဲလ်တန်က ဖြေသည်။

"တစ်မိုင်ခွဲလောက်ပါ၊ မကြာပါဘူး"

တစ်လမ်းလုံး ဂျစ်ကားပေါ်၌ မေဆင်သည် မျက်စိမှိတ် စဉ်းစားလာ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာအရောက် ဂျစ်ကားကို ရပ်လိုက်ပြီး ကဲလ်တန်က ဆင်းရန်ပြော၏။

"ကိုက် ၁၅၀ လောက် လျှောက်လိုက်ရင် အိမ်ငယ်ကို ရောက်ပါပြီ"

ဒယ်လာ ခြေထောက် ရှုံ့ပေမည်စိုး၍ မေဆင်က ဒယ်လာ နေခဲ့ရန် ပြောရာ . . .

"ဆရာရေ့ မိနစ်အသစ် ဝယ်ရရင်လည်း ဝယ်ရပေစေတော့၊ လိုက်မှာပဲ၊ ဘယ့်နှဲ့ဆရာရယ်၊ ဆရာ့ အတွင်းရေးမှူးလုပ်နေပြီး ဒီလောက်မှ အကူအညီမပေးနိုင်ရင် ဘယ်ဖြစ်မလဲ"

အိမ်ငယ်အရောက် ကဲလ်တန်က ရှင်းပြ၏။

"ဟောဒီ ပြတင်းပေါက်ကနေ အထဲကို ကြည့်ရင်ရတယ်၊ ဒါ ထောင်ဘက်ခြမ်းပဲ၊ ဒီပြတင်းပေါက်ရှိတဲ့ အခန်းထဲမှာ လူသတ်မှု ဖြစ်တာပေါ့"

ဒရိတ်က မေဆင်ကို ခေတ္တလှမ်းတားပြီးပြော၏။

"မစ္စတာမေဆင် ကျုပ်တို့ ဒီအိမ်ထဲ ဝင်ခွင့်ရှိပါ့မလားဗျ"

"ဒီအိမ်ငယ်ပိုင်ရှင်က ဘယ်သူလဲဗျ"

"ဘယ်သိမလဲဗျ"

"ဘယ်သူ ဒီမှာနေသလဲ"

"မရှိဘူးထင်တယ်၊ ရဲတွေအဆိုအရ ဒီအိမ်ကို တစ်ယောက်ယောက်က ငှားထားသတဲ့၊ အမြဲတမ်းနေတာတော့ မဟုတ်ဘူး။ ခုတင်တွေပေါ်မှာတော့ စောင်တို့ဘာတို့ အမြဲ အသင့်ထားပထားသဗျ။ ညအိပ်ညနေ အနားယူစခန်း ထင်ပါရဲ့"

"ချစ်ရိပ်သာလား"

မေဆင်က မေးလိုက်ရာ ကဲလ်တန်က ထင်မြင်ချက်ပြော၏။

"ပြောရမှာ ခက်သားပဲ၊ ရဲတွေလည်း ဒီလိုပဲ၊ မရေမရာ ဖြစ်နေကြတယ်၊ သေသူဘယ်သူလို့ သိသွားရင်တော့ ရဲအဖွဲ့က နောက်ကြောင်း လိုက်နိုင်ပါလိမ့်မယ် ထင်တယ်"

"လက်ဗွေရာတွေကော တွေ့သလား"

မေဆင်က မေးသည်။

"နည်းတယ်၊ ရာသီဥတုကလည်း စိုစွတ် ထိုင်းမှိုင်းနေတယ် မဟုတ်လား"





"စားကြွင်းဖွားခွံ၊ ပုလင်းခွံတွေကော တွေ့ရသလား"

"တောင်ခြေအမှိုက်ပုံးထဲ သွန်လိုက်ပြီထင်တယ်၊ အားလုံးခြုံလိုက်ရင် ရဲမျက်စိထဲမှာလည်း ဒီအိမ်ငယ်ဟာ တကယ့်လျှို့ဝှက်ချက် တစ်ခုလို ဖြစ်နေတယ်ဗျ။ မကြာခင် တစ်ခုခုတော့ ဖော်နိုင်မယ်လို့ ရဲတွေ ယူဆထားကြတယ်"

မေဆင်က အထဲဝင်မည်ဟု ပြောသည်။

"ပိုင်နက်ကျူးလွန်ရာတော့ ရောက်မယ်၊ ဒါပေမယ့် ဒီလူသတ်မှုမှာ တရားခံလို့ စွပ်စွဲခံနေရတဲ့ မိန်းကလေးရဲ့ ရှေ့နေအနေနဲ့တော့ ဝင်ရမှာပဲ၊ ကြည့်ရမှာပဲ"

ပြတင်းတံခါးကို အသင့်ရှိနေသော သစ်သားချောင်းတစ်ချောင်းဖြင့် ကလန့်၍ ဖွင့်ပြီးနောက် မေဆင်က အိမ်ထဲဝင်ရန်ကြိုးစား၏။ အောက်က ပင့်ပေးကြသဖြင့် မေဆင် အိမ်ထဲရောက်သွား၏။ ဒယ်လာကလည်း သူပါ ဝင်လိုက်မည်ဆို၍ ဒရိတ်တို့က မ,တင်ပေးကြရ၏။ ဒရိတ်လည်း သူ့တပည့် အကူအညီဖြင့် အိမ်ထဲဝင်၏။

ထိုနောက် ကဲလ်တန်ပါ ခက်ခက်ခဲခဲ လိုက်ဝင်လာသည်။ ကဲလ်တန်တွင် ဓာတ်မီးပါသဖြင့် အဆင်ပြေသွားသည်။ အလောင်း လဲကျခဲ့သော နေရာကိုလည်း ကဲလ်တန်ကပင် ပြ၏။ ထိုနေရာတွင် သွေးကွက်များ ကျန်နေသေး၏။

"ခုတင်ပေါ်မှာ အိပ်ရာခင်းတော့ မရှိဘူးဗျ၊ စောင်တွေကတော့ ကောင်းတယ်၊ ခေါင်းအုံးတွေလည်း ရှိတယ်"

အိမ်ထဲရှိသမျှ နေရာများကို ကဲလ်တန်က လိုက်ပြ၏။

ထို့ကြောင့် ဒရိတ်ကမေး၏။

"မင်း အိမ်ထဲရောက်ပြီးပြီပေါ့၊ ဟုတ်လား"

"ဟုတ်တယ်၊ အိမ်ပိုင်ရှင် ဘယ်သူလဲ သဲလွန်စလိုက်ရှာတာလေ"

"လက်ဗွေရာတွေ မကျန်တော့ဘူး၊ ရဲတွေ သုတ်ပစ်ကြတယ် ထင်တယ်" မေဆင်က ထင်မြင်ချက်ပေးရာ ဟုတ်ကြောင်း ကဲလ်တန်က ပြော၏။

"မီးဖိုအထက် စင်ကလေးပေါ်၌ တစ်စုံတစ်ခု တွေ့လိုက်ရသဖြင့် မေဆင်က ညွှန်ပြရင်း မေးလိုက်၏။

"ဟိုဟာက ဘာလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"စည်သွပ်ပူးတွေ ထည့်ထားတဲ့ ဗီရိုကလေးပါ၊ အဲဒီနေရာမှာပဲ သံမဏိလက်ဖက်ရည်ကရားတစ်ခု ရှိသေးတယ်၊ ရဲတွေ တွေ့သွားပြီထင်ပါရဲ့ အဲဒါက အသစ်၊ မီးဖိုပေါ်မှာလည်း သတ္တုရေနွေးအိုး ရှိသေးတယ်ဗျ"

မေဆင်က ဓာတ်မီးဖြင့် ထိုနေရာတစ်ဝိုက် ထိုးကြည့်၏။ ပြီးမှ မေးလိုက်၏။

"မင်းစောစောကပြောတဲ့ သံမဏိလက်ဖက်ရည်အိုး မတွေ့ပါလားကွ"

"အိုးမှာ တစ်ခုခုတွေ့ရလို့ ရဲတွေ ယူသွားပြီ ထင်တယ်"

"အိုး အသစ်ဆိုတော့ သုံးမှ မသုံးတာ ဘာတွေ့စရာ ရှိမှာလဲကွ"

"အဲဒါ စဉ်းစားစရာပေါ့"

ခဏအကြာတွင် အားလုံး အိမ်ပြင်ပြန်ထွက်ခဲ့ကြ၏။ မေဆင်က **အိမ်အောက်** ညွှန်ပြရင်း မေးပြန်၏။

"ဟို အိမ်အောက်ကော ကြည့်ပြီးပြီလား"

"ဟုတ်ကဲ့၊ အစုပ်ပလုပ် ပစ္စည်းပစ္စယတွေပဲ ရှိတယ်"

"ဓာတ်မီးပေးအုံးကွာ၊ တို့ ဝင်ကြည့်ချင်တယ်"

မေဆင်ကိုယ်တိုင် လက်နှိပ်ဓာတ်မီးသုံးပြီး အိမ်အောက် **ဝင်ကြည့်သည်။** ခဏအကြာတွင် ကော်ဖီမှုန့် သံပူးဟောင်းတစ်ခုကိုင်လျက် **ပြန်ထွက်လာ၏။** လက်ဗွေရာမထင်အောင် လက်ကိုင်ပဝါခံကိုင်ရင်း ပူးအဖုံးဖွင့်သည်။ **အထဲ မီး**ထိုးကြည့်ပြီး တစ်စုံတစ်ခုတွေ့၍ ဆွဲထုတ်လိုက်ရာ အဝတ်စ **တစ်ခုဖြင့် ထုပ်ထား**သော အထုပ်ကလေးတစ်ခု ပါလာသည်။

"ဒီအဝတ်ထုပ်အထဲမှာ တစ်ခုခုရှိမယ်ကွ၊ နည်းနည်းလေးတယ်" မေဆင်ကပြောစဉ် ဒယ်လာက အဝတ်စကို ကြည့်၍ လှမ်းပြောသည်။

"အဲဒါ အမျိုးသမီးလည်စည်းပဝါပဲ ဆရာ"

မေဆင်ကိုယ်တိုင် အထုပ်ဖြေ၍ ကြည့်လိုက်ပြီး တအံ့တသြဖြစ်သွား၏။

"အမယ် ဒီပဝါက ဟိုမျောက်သုံးကောင်တံဆိပ်နဲ့ပါလား၊ မကောင်းမမြင်၊ မကောင်းမကြား၊ မကောင်းမပြော၊ မျောက်သုံးကောင် အရုပ်တွေပဲ"

ရှေး ဒဏ္ဍာရီပါ မျောက်သုံးကောင် ရုပ်ပုံများဖြစ်သည်။ တစ်ကောင်က မျက်စိပိတ်၊ တစ်ကောင်က နားပိတ်၊ တစ်ကောင်က ပါးစပ်ပိတ်ထားသော ပုံများဖြစ်၏။





ပဝါထုပ်ထဲမှ ခပ်လေးလေးပစ္စည်းတစ်ခုကို ထုတ်ကြည့်လိုက်ရာ ..."

"ဟယ် ... ဗိုင့် ၂၂ ကျည်ကတ်တစ်ခုပါလား"

မေဆင်က တအံ့တသြဖြင့် ကျည်ကတ်အဖုံးကို ဖွင့်ကြည့်သည်။ စုံထောက် ကဲလ်တန်က ထင်မြင်ချက် ဝင်ပေးသည်။

"အင်း ... ဒါ လူသတ်မှုမှာသုံးတဲ့ ကျည်ဆန်နဲ့ အတူတူပဲ၊ ဗိုင့် ၂၂ ဖိုင်ဖယ်ထဲမှာ ကျည်ဆန် ခုနစ်တောင့်ဆံ့တယ်၊ သေနတ်ကျည်ကတ်ထဲမှာ ခြောက်ခုတွေ့ရတယ်၊ တစ်ခုပဲ ပျောက်နေတာ၊ အဲဒီပျောက်နေတဲ့ ကျည်ဆံဟာ လူသတ်မှုမှာ ပစ်ခဲ့တာဖြစ်မယ်"

မေဆင်က ကျည်ကတ်ကို ကျည်ကတ်ဘူးထဲ ပြန်ထည့်၊ **ပဝါဖြင့်** ပြန်ထုပ်လျက် ကုတ်အင်္ကျီအိတ်ထဲ ထည့်သိမ်းလိုက်သည်။ ကော်ဖီမှုန့်**ဘူးကိုကား** မူလတွေ့သည့် နေရာ၌ပင် ပြန်ထား၏။ ဤတွင် ဒရိတ်က လှမ်း**မေး၏။**

"ပယ်ရီ ... ခင်ဗျား ဟိုဟာတွေ ဘာလုပ်ဖို့ အိတ်ထဲထည့်**လိုက်တာ လဲဗျ"**

"မသိသေးပါဘူးကွာ၊ ဆက်စုံစမ်းရင်း စဉ်းစားရမှာပါ"

အဲဒါ သက်သေခံပစ္စည်းလေဗျာ၊ ခင်ဗျား ဆိုင်ရာလက်အပ်**ရမှာ"**

"ဘာအတွက် သက်သေခံပစ္စည်းလဲကွ"

"လူသတ်မှုတစ်ခုရဲ့ သက်သေခံပစ္စည်းလေဗျာ"

"သူတို့အတွက် သက်သေခံမလိုပါဘူးကွာ၊ လူသတ်မှုဆိုတာ အထောက်အထား ပြနိုင်ကြပြီပဲ၊ အလောင်းလဲ ရထားပြီဥစ္စာ၊ ဘာလို သေးလို့လဲ"

"ခင်ဗျားကလည်းဗျာ၊ ကျွန်တော်ဆိုလိုတာ ခင်ဗျားသိပါတယ်၊ ဒီ ပစ္စည်းတွေဟာ တစ်စုံတစ်ယောက်ရယ်၊ လူသတ်မှုရယ်၊ ဆက်စပ်ပေးနေတယ် မဟုတ်လားဗျ"

"တစ်စုံတစ်ယောက်ဆိုတာ ဘယ်သူလဲကွ"

"ကျွန်တော်ကတော့ ဘယ်သူလို့ မပြောလိုပါဘူး၊ ဒါပေမယ့် ရဲတွေ ကတော့ ဒီပစ္စည်းတွေ့ရင် ဆက်စပ်စဉ်းစားယူမှာပေါ့"

မေဆင်က ခေတ္တစဉ်းစားပြီးမှ အားလုံးကြားအောင် ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီပစ္စည်းအကြောင်း ရဲတွေ ဘာမှ မသိနိုင်ပါဘူး၊ အနည်းဆုံးတော့ လောလောဆယ်မှာ မသိနိုင်ကြပါဘူးကွာ၊ ဒီတော့ မင်းတို့ ဒီပစ္စည်းအကြောင်း လောလောဆယ် ဘယ်သူ့မှ မပြောကြနဲ့ ကြားလား၊ ငါ့ကို ကတိပေးပါ"

ကဲလ်တန်က စပြောသည်။

"မဖြစ်ဘူး ထင်တယ်ဗျ"

"ဘာ့ကြောင့်"

"သက်သေခံပစ္စည်း ဖျောက်ဖျက်ရာ ရောက်နေမယ်"

"ကွာ . . . မင်း ဘာမှ မပြောပဲနေရင် ရပါတယ်၊ တို့အမိန့်ပေးထားလို့ မပြောရဘူးလို့ ရှင်းနိုင်ပါတယ်၊ တာဝန်အားလုံး တို့ယူတယ်၊ ဘယ့်နှယ်လဲ"

ဒရိတ်က ဝင်ပြော၏။

"ပယ်ရီ . . . ၊ ခင်ဗျား ဒီလိုမလုပ်နိုင်ဘူး ထင်တယ်၊ ဒီပစ္စည်းတွေက အရေးတကြီး သက်သေခံပစ္စည်းမျိုးဗျ"

"တို့ လုပ်ကိုလုပ်ရလိမ့်မယ် ပေါလ်၊ တာဝန်အားလုံး ကိုယ်ယူပါတယ်ကွာ"

သည်တော့မှ ဒရိတ်သည် သူ့တပည့်ကို ညွှန်ကြားသည်။

"ကောင်းပြီလေ၊ ခင်ဗျားတာဝန်ပဲ၊ ဒီတော့ ကဲလ်တန်၊ ဘယ်သူ့မှ မပြောနဲ့ပေါ့ကွာ"

ထိုနောက် မေဆင်က ဦးဆောင်လျက် ထိုနေရာမှ ထွက်ခဲ့ကြတော့သည်။

✿✿✿✿✿✿✿



## အခန်း(၉)

✿ သူတို့လူစု မြို့ထဲပြန်ရောက်ချိန် ညဉ့်အတော်နက်နေပြီ၊ ဒယ်လာက စပြောသည်။

"ဆရာရေ၊ ညဉ့်တော့နက်နေပြီ၊ ဒါပေမယ့် စားစရာတစ်ခုခုတော့ ရကောင်းပါသေးရဲ့"

"အေးပါကွာ၊ တို့အပင်ပန်းခံ၊ အငတ်ခံလိုက်တာလည်း အကျိုးရှိပါတယ်၊ ကဲ . . . စားကြမယ်၊ စားကြမယ်"

ဒရိတ်လည်း ဆာလွန်းနေပြီဖြစ်၍ အစားအသောက် အသံ ကြားလိုက်သည်နှင့် နှုတ်ခမ်းကို လျှာဖြင့်သိမ်းလျက် စိတ်ကြိုက်စားခွင့်ပြုရန် မေဆင်ကို ပြောလာသည်။ အမှုသဲလွန်စ ရရေးအတွက် အသားညှပ်ပေါင်မုန့် တစ်ဘက်က စားရင်း တစ်ဘက်က တယ်လီဖုန်းကိုင်ကာ မနေမနား အလုပ်လုပ်ခဲ့ရသည်မှာ များလှပြီဟုလည်း တညည်းညည်း တညူညူ ပြောဆိုနေသည်။

သို့ဖြင့် ဒယ်လာ၏ သဘောတူညီချက်ဖြင့် ဂိုးလ်ဒင်းဖလီဟိုတယ်ကြီးတွင် သွား၍ စားသောက်ကြရန် ရွေးချယ်လိုက်ကြသည်။ လမ်းတွင် မေဆင်က အမှုအခြေအနေကို ပြောသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ၊ မနက်ဖြန်အတွက် ခုထိ တို့ ဘာမှမစီစဥ်ရသေးဘူး။ ဂလက်ဒီအပေါ် ရဲကဆင်ထားတဲ့အကွက်ကို ဖျက်နိုင်မယ့် အချက်တွေ့ရင်တော့ ဂလက်ဒီကို တရားခွင်တင်ဖို့ တောင်းဆိုရမှာပဲ၊ တင်လာရင် ဂလက်ဒီကို လွှတ်ရင်လွှတ်ပါ၊ ဒါမှမဟုတ် စွဲချက်တင်ပါလို့လဲ တို့ကပဲ တိုက်တွန်းရမှာ၊ ဘာကြောင့်လဲဆိုတော့ ခုအချိန်ထိ ရဲအဖွဲ့က ရထားသမျှ အထောက်အထားဟာ ဂလက်ဒီကို စွဲချက်တင်လောက်အောင် မခိုင်လုံသေးဘူးလို့ တို့ထင်တယ်"

ဟိုတယ်အရောက် သုံးယောက်စာ တစ်ပွဲ မှာယူစားသောက်ကြသည်။ စားပွဲထိုးမှာ မေဆင်ကို သိပြီးဖောက်သည် ဖြစ်နေသဖြင့် တရိုတသေ နေရာချထားပေးသည်။

စားရန်သောက်ရန် ပြင်ဆင်စဥ်၌ပင် မေဆင်က အလုပ်အတွက် စိတ်စောနေသေး၏။

"ပေါလ်ရေ စားတာလည်း စားတာပေါ့ကွာ၊ ဒါပေမယ့် မင်းရုံးကိုတော့ ဖုန်းဆက်ထားအုံး၊ တို့ ဘယ်မှာရှိတယ်ဆိုတာ"

ဖုန်းဆက်ပြီးပြီးချင်း ဒရိတ်တစ်ယောက် ရေးကြီးသုတ်ပျာ ပြန်လာ၏။

"ဘာလဲဟေ့၊ သတင်း ထူးလာပြီလား"

"တော်တော့။ ခင်များကိုတောင် ပြောမပြရဲသလောက် ဖြစ်နေပြီဗျာ"

"ပြောပါကွာ၊ ဘာပဲဖြစ်ဖြစ် နားထောင်ရအောင်ပါ"

"ခင်များမှာထားတဲ့အတိုင်း ဂလက်ဒီရဲ့ တောင်ထိပ်ဟိုတယ် အဝင်အထွက် အချိန်အတိအကျ သိရအောင် တပည့်တစ်ယောက် လွှတ်ခဲ့တယ်၊ အက်ဂါကာတစ်နဲ့ ပတ်သက်လို့လည်း အမေရိကန် ရုပ်ရှင်လုပ်ငန်းကို ဖုန်းဆက်နိုင်းထားတာလည်း ရှိတယ်၊ မှတ်မိလား"

"အေးပါကွာ၊ အဲဒါ ဘာဖြစ်လဲ"

"ရုပ်ရှင်လုပ်ငန်းရုံးက အက်ဂါဆိုတဲ့လူ သူတို့ဆီမှာ မရှိဘူးတဲ့၊ ရုပ်ရှင်ကြော်ငြာလုပ်ငန်းဌာနကဆိုရင် မိကိစ္စ လိုလိုလားလားတောင် , မရှိသလိုလို ပြောသတဲ့၊ ပြီးတော့ တောင်ထိပ်ဟိုတယ်သွားတဲ့ တပည့်ကလည်း အက်ဂါကို ဆက်လိုက်တော့ ဓာတ်ဆီဆိုင်တစ်ခုမှာ လပေးစနစ်နဲ့ ဓာတ်ဆီဝယ်တဲ့ လိပ်စာတွေ့ရလို့ နေရပ်တော့ သိထားပြီ၊ လော့စ်အိန်ဂျလီမှာပဲ နေတယ်တဲ့"

"လိပ်စာ အတိအကျက . . . "





"ဒယ်လ်ရိုစ်လမ်း၊ နံပါတ် - ၁၆၃၂ က စုပေါင်းရိပ်သာ အဆောက်အအုံ တစ်ခုမှာနေတယ်တဲ့"

"ဒါဆို မိုင်ဝက်လောက်ပဲဝေးတာပဲ"

"သိပ်အရေးကြီးလို့လားဆရာ" ဒယ်လာက ဝင်မေးရာ အရေးသိပ်ကြီးကြောင်း ပြောရင်း မေဆင်က ထရန် ပြင်ပြန်၏။

ဒရိတ်က ဒယ်လာကို တိုးတိုးကပ်ပြော၏။

"ဒီလိုဖြစ်မှာ စိုးရိမ်ခဲ့တာ၊ ဟော ဖြစ်လာပြန်ပြီ"

"အေးပါကွာ၊ မကြာပါဘူး။ လာ သွားကြအုံးစို့"

မေဆင်က ပြောပြောဆိုဆို အပြင်ထွက်ရင်း ဟိုတယ်စားပွဲထိုးကို မှာခဲ့သေး၏။

"၄၅-မိနစ်တော့ ဒီစားပွဲ တို့အတွက် ထားပေးအုံးဟေ့၊ ကိစ္စအရေးကြီးလို့"

"နည်းနည်းလောက် သောက်သွားရင် ကောင်းမှာ" ဒရိတ်က ပြောသည်။

"ဘယ်ကောင်းမလဲကွ၊ အရက်နံ့ နံနေတဲ့ ပါးစပ်နဲ့ တစ်ယောက်ကို တွေ့ မေးမယ်ဆိုတာ ဘယ်နိုပ်မလဲ"

ဒရိတ်တစ်ယောက် တွန့်သွားရှာ၏။

"ဒီငတိနဲ့ တွေ့ဖို့ သိပ်အရေးကြီးတယ်၊ ရဲတွေ မတွေ့ခင် တွေ့ကြရမယ်ကွ"

အက်ဂါနေထိုင်သော အဆောက်အအုံရှေ့ ရောက်သောအခါ အဆောက်အအုံနေ လူစာရင်း လမ်းညွှန်နံရံပေါ်ရှိ အက်ဂါ၏နာမည်သေးမှ ခလုပ်ကိုနှိပ်၍ ခေါ်ကြည့်သည်။ 'ဘာဇာ' စကားပြောပေါက်မှ ထူးသံမကြားရ၍ ထို့ကြောင့် ဒရိတ်က သော့ဝိဇ္ဇာဖြင့် လှည့်ဖွင့်မည်အပြုတွင် မေဆင်က တားလိုက်၏။ "နေအုံး၊ ဒီနေရာမှာ မလိုသေးဘူး၊ တို့ကို အမှုပတ်နိုင်တယ်၊ ဒီတော့ တစ်ခြားအခန်းတွေကို ပုံမှားရိုက်ခေါ်ကြည့်အုံးမယ်"

မေဆင်က သုံး လေးခန်းကို ခလုပ်များ နှိပ်ကြည့်ရာ ကံအားလျော်စွာ အခန်းတစ်ခန်းက အခန်းတွင်းမှ ခလုပ်ပြန်နှိပ်၍ ဝင်ပေါက်တံခါးကြီးကို ဖွင့်ပေးလိုက်သဖြင့် အောက်ဆုံးထပ် ညှော်ခန်းမကြီးထဲသို့ သုံးဦးသား



www.burmeseclassic.com

www.burmeseclassic.com



ဝင်သွားကြသည်။ အက်ဂါကာလစ်၏ အခန်းမှာ ဒုတိယထပ် နံပါတ် ၂၄၂ ဖြစ်သည်။ အက်ဂါကာလစ်၏ အခန်းတံခါးသို့အသွားတွင် အခန်းတံခါးတစ်ခု ပွင့်လာကာ ခုနက ခလုပ်နှိပ်၍ ဝင်ပေါက်တံခါးဖွင့်ပေးသော အခန်းရှင် အမျိုးသမီးဖြစ်ကြောင်း ပြော၍ မေးမြန်းနေသဖြင့် အခန်းများ၌ ခလုပ်နှိပ်မိကြောင်း တောင်းပန်ခဲ့ရသေးသည်။ အက်ဂါ၏ အခန်းအနီးသို့ ရောက်သောအခါ အခန်းထဲ၌ မီးရောင်တွေ့နေရပြီး လက်နှိပ်စက်ရိုက်သံ ခပ်တိုးတိုးကြားရ၏။ ပထမ လူခေါ်ခေါင်းလောင်းတီးသည်။ ထူးသံမကြားရ၍ ဆောင့်ရွှားပြီးမှ တံခါးခေါက်လိုက်သည်။

တံခါး ဝုန်းကနဲ ပွင့်လာလျက် လူတစ်ဦး စိတ်ဆိုးမာန်ဆိုး ထွက်လာပြီး အော်ပြော၏။

"ဘယ်လိုလုပ်တာလဲဗျ။ ခေါင်းလောင်းတီးတော့ လာဖွင့်မပေးတာထည်းကဲ မတွေ့ချင်လို့ဆိုတာ သိဖို့ကောင်းတယ်၊ ကျုပ်အလုပ်များနေတယ်။ ဘယ်သူ့မှ မတွေ့နိုင်ဘူး"

"နေပါအုံးလေ၊ ခင်ဗျား အက်ဂါကာလစ် မဟုတ်လား"

မေဆင်က လှမ်းမေးလိုက်ရာ အခန်းရှင်က ဟုတ်ကြောင်း ပြော၏။

သို့သော် အလုပ်များ၍ မည်သူ့မျှ မတွေ့နိုင်ကြောင်း ဆက်ပြောပြီး တံခါးပိတ်ရန် ပြင်လိုက်စဉ် ဒရိတ်က လက်ထိုးခံထားလျက် မပိတ်နိုင်အောင် ပြုလိုက်၏။ ပြီးနောက် စုံထောက် အသိအမှတ်ပြု တံဆိပ်ကို ပြလိုက်ရာ အက်ဂါက တအံ့တသြဖြင့် မေးလိုက်သည်။

"အလို ... ဘာကိစ္စများ ထူးထူးခြားခြား ရှိလို့ပါလဲ"

"နည်းနည်းပါးပါး မေးစရာရှိလို့ပါ"

"ဒုက္ခပါပဲဗျာ၊ ကျွန်တော် အချိန်ကိုက် အလုပ်တစ်ခု လုပ်နေတာ၊ နောက်ကျတော့မှာဘဲ၊ ပြီးမှ ပြန်လာလို့ မရဘူးလား"

"ခင်ဗျားအလုပ်က ဘယ်လောက်ကြာမှာမို့လဲ"

"သန်းခေါင်ကျော်လောက်ဆို ပြီးပါပြီ"

"ဒါဆိုရင်တော့ ခင်ဗျားအလုပ်ပြီးမှာ မဟုတ်တာ သေချာနေပါပြီ၊ အဲဒီအချိန်ဆို ဒီကို ရဲတွေရောက်နေလောက်ပါပြီ"

မေဆင်၏စကားကြောင့် အက်ဂါက ပျာပျာသလဲ ဖြစ်သွားသည်။





"ဗျာ... ရဲအဖွဲ့ဝင်တွေ လာမယ်၊ ဟုတ်လား၊ ဘာကိစ္စလာမှာလဲဗျ"

"စာရေးဆရာမ မိ ကိစ္စရယ်၊ လူသတ်မှုတစ်ခု ကိစ္စရယ်"

ကြားလျှင်ကြားချင်း အက်ဂါတစ်ယောက် အမူအရာ ပျက်သလောက် ဖြစ်သွား၏။ မေဆင်ကပင် ဆက်ရှင်းပြသည်။

"တောင်ထိပ်ဟိုတယ်မှာ ဒီ တနင်္ဂနွေနေ့က ခင်ဗျားရှိခဲ့တဲ့ကိစ္စလေ။ ပြီးတော့ ဖြတ်လမ်း တောတွင်းအိမ်ငယ်မှာ အဲဒီည ဖြစ်ခဲ့တဲ့ လူသတ်မှု"

"ခင်ဗျားက ဘယ်သူမို့ ဒါတွေ လာပြောနေတာလဲဗျ"

"ကျုပ်နာမည် မေဆင်ပါ၊ ဒါက ကျုပ် အတွင်းရေးမှူး ဒယ်လား၊ ဟိုဟာက စုံထောက် ပေါလ်ဒရိတ်"

အက်ဂါသည် ပထမ ဒေါပွသွားဟန် ပေါ်လာသေး၏၊ သို့သော် မတတ်သာတော့သဖြင့် အထဲဝင်ခွင့်ပြုလိုက်ရတော့၏။ မေဆင်က အထဲရောက်ရောက်ချင်း စ မေးလေသည်။

"ခင်ဗျား အမေရိကန် ရုပ်ရှင်လုပ်ငန်းတစ်ခုရဲ့ ကြော်ငြာဌာနကဆို"

"အဲဒီလိုတော့ မဟုတ်ဘူး၊ အဲဒီ ရုပ်ရှင်လုပ်ငန်းအတွက် ကြော်ငြာပေးချင်တယ်လို့ ပြောခဲ့တာ၊ ကျုပ် လူလိမ်လူကောက်တစ်ယောက် မဟုတ်ပါဘူးဗျာ၊ တစ်ခုတော့ ရှိတာပေါ့၊ ကြော်ငြာပေးဖို့ ကူညီနိုင်ပါတယ်ဆိုပြီးတော့ ဘယ်သူ့ကိုဖြစ်ဖြစ် ကျွန်တော် တွေ့ဆုံမေးမြန်းခွင့် ရှိပါတယ်၊ ဒါ အယောင်ဆောင်တာမှ မဟုတ်ပဲ၊ ရှေ့နေတစ်ယောက်ယောက် သွားမေးကြည့်ရင် ကျွန်တော် မှန်ကန်ကြောင်း ပြောနိုင်ပါတယ်"

"ဟာ... ကျုပ်က ရှေ့နေပဲဗျ၊ ခု ကိစ္စမှာတော့ ခင်ဗျား မမှန်ဘူး ထင်တယ်"

"ကျွန်တော် ဘယ်သူပါလို့ အယောင်ဆောင်ခဲ့တာမှ မဟုတ်ပဲ၊ ကဲလေ အလုပ်ကတော့ ပျက်တာပျက်ပြီပဲ၊ ဆောင်းပါးလည်း အချိန်မီ မပို့နိုင်တော့ပါဘူး၊ ဒီတော့ ရှင်းနိုးသွားအောင် စကားပြောကြတာပေါ့၊ ကဲ ... လာ လာ"

သူကပင် ဦးဆောင်ပြီး လက်နှိပ်စက်ရှိရာ လျှောက်သွားပြီး ရိုက်လက်စ စာမူကို ဖတ်ကြည့်သည်။

"စာစောင်ထဲပါမှ ဖတ်ပါဗျာ၊ မဖတ်ပါနဲ့အုံး"



www.burmeseclassic.com

www.burmeseclassic.com



မေဆင်က မကြားဟန်ပြုလျက် အမြန်ဆက်ဖတ်ပစ်လိုက်ပြီး ပြောလေသည်။

"ဟာ... ခင်ဗျား စာရေးဆရာမ မိအကြောင်း ဆောင်းပါးရေးနေတာကိုး"

"ဟုတ်ပါတယ်၊ 'ပစိဖိတ်ကမ်းခြေ ပုဂ္ဂိုလ်ရေးရာ စာစောင်အတွက်ပါ"

"မိ ကို ခင်ဗျား ဖုန်းဆက်တုန်းက ဒါကြောင့် ရုပ်ရှင်ကုမ္ပဏီ ကြော်ငြာဌာနကလူလို့ ပြောခဲ့တာလား"

"ဒီလိုတော့ မဟုတ်ဘူးဗျ၊ အဲဒီ ရုပ်ရှင်လုပ်ငန်းကြော်ငြာအတွက် စိတ်ဝင်စားလို့ ဖုန်းဆက်ပြောခဲ့တာပါ၊ တောင်ထိပ် ဟိုတယ်မှာ အပတ်စဉ် မိ အပန်းဖြေလေ့ရှိမှန်း ကျွန်တော် သိထားတာကိုး၊ ဒါကြောင့် သူနဲ့ တွေ့ဆုံ ဆွေးနွေးမလို့ စိစဉ်တာပါ"

"အဲဒီတော့ မိက ဘာပြောသလဲ"

"သူလာမယ် ပြောတယ်"

"မလာဘူး မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါပေမယ့် သူ့အတွင်းရေးမှူး ဂလက်ဒီကို လွှတ်လိုက်တယ်လေ"

"ဝလက်ဒီဆီက သိချင်တာ အကုန်ရလိုက်ရဲ့လား"

"ရလိုက်ပါတယ်"

"ဟိုစာစောင်က ဒီဆောင်းပါးမျိုး ဘာကြောင့် လိုချင်တာတဲ့လဲဗျ"

အက်ဂါက ဒေါပွသွားပြီးဖြေ၏။

"ကျွန်တော်က အသက်မွေးဝမ်းကျောင်း စာရေးဆရာတစ်ယောက်ဗျ၊ ဆောင်းပါးခတောင် ပေးပြီးနေပြီ၊ မနက်ဖြန် မွန်းတည့်အရောက် ပို့ရမှာ၊ ရုပ်ရှင်နယ်အနုပညာနယ်မှာ အက်ဂါကာလစ်ဆိုတဲ့ ကလောင်နာမည်က ထင်ရှားပြီးသား၊ နေအုံး၊ ခင်ဗျား အခု ကျုပ်ကို ဘာအနေအထားနဲ့ အနှောင့်အယှက် လာပေးနေတာလဲဗျ"

"ကျုပ် နာမည်က မေဆင်လေဗျာ၊ ရှေ့နေ"

"အလို... နေစမ်းပါအုံး၊ ခင်ဗျားဟာ ဟိုရှေ့နေကြီး ပယ်ရီမေဆင်တော့ မဟုတ်ပါဘူးနော်"





မေဆင်က ရှေ့နေကြီး ပယ်ရီမေဆင်မှာ သူပင်ဖြစ်ကြောင်း ခေါင်းညိတ်ပြီး ဖြေလိုက်၏။

"ဘုရားသခင်၊ ဟုတ်တာပေါ့၊ ကျုပ်မှတ်မိဖို့ကောင်းတယ်၊ ကျွန်တော့် ဆောင်းပါးတစ်ခုအတွက်တောင် လာတွေ့ဖို့ ရှိနေသေးတယ်၊ တွေ့ရတာ ဝမ်းသာလိုက်တာဗျာ"

"အေးဗျာ၊ ခင်ဗျား စာရေးဆရာ ပီပီသသ တစ်ယောက်လို့ ကျွန်တော် ခံယူပါတယ်၊ ဒီတော့ တောင်ထိပ်ဟိုတယ် ခရီးစဉ်အကြောင်း နည်းနည်း ပါးပါးလောက် ပြောပြပါလား"

"ဘာကြောင့်လဲဗျာ"

"ဘာကြောင့်လဲဆိုတော့၊ အင်း ... ဟို တနင်္ဂနွေညက အဲဒီက အပြန် ဂလက်ဒီတစ်ယောက် လမ်းမှားပြီး တောတွင်းအိမ်ငယ်ဆီ ရောက်သွားရာက လူသတ်မှုတစ်ခုနဲ့ ကြုံလိုက်ရတယ်၊ ဒီကိစ္စမှာ ခင်ဗျား သိသင့်သလောက် သိထားတာတွေ ပြောပြစမ်းပါ၊ အမှုကတော့ မိ ကို ထောင်ချောက်လုပ် ထောင်တာလည်း ဖြစ်နိုင်ပါတယ်"

"အလို ... ၊ ဘုရားသခင်"

"ဟုတ်တယ်၊ ဒါနဲ့ ခင်ဗျား စောစောကပြောပါတယ်၊ ပစိဖိတ် စာစောင်မှာ ဝင်ရေးနေတယ်ဆိုတာ"

အက်ဂါက ခေါင်းညိတ်ဖြေ၏။

"ဒီဆောင်းပါးရေးဖို့ တိုက်က ညွှန်ကြားတာလား"

"ဟုတ်တယ်၊ အယ်ဒီတာလဲ ဟုတ်၊ ထုတ်ဝေသူလည်း ဟုတ်တဲ့ ဒေးလ်ရော်ဘင်ကိုယ်တိုင် ညွှန်ကြားတာ၊ အင်္ဂါနေ့ နောက်ဆုံးပို့ပေးရမယ်တဲ့၊ ဒါကြောင့် မနက်ဖြန် မွန်းတည့်လောက် စာတိုက်က ပို့ရမှာ ဖြစ်နေတယ်"

"စာစောင်တိုက်ကိုပဲ ပို့ပေးရမှာပေါ့"

"ဟုတ်ပါတယ်"

"ဟိုလူကိုယ်တိုင်က တာဝန်ပေးတာနော်"

"ဟုတ်ပါတယ်"

"ဒီလိုဆို အယ်ဒီတာ ရော်ဘင်နဲ့ ကိုယ်တိုင် ပြောရဆိုရတာပေါ့"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"လူချင်းတွေ့ ပြောတာလား၊ ဖုန်းနဲ့ပြောတာလား"

"ရော်ဘင်ကိုယ်တိုင်နဲ့ တယ်လီဖုန်းထဲမှာ ပြောရတာပါ"

"ရော်ဘင်နဲ့တွေ့ရင် ရော်ဘင်မှန်း ခင်ဗျားသိပါ့မလား"

"သိပါတယ်၊ တစ်ခါတွေ့ဖူးပါတယ်၊ စာရေးဆရာအသင်း အစည်းအဝေးတုန်းက တွေ့တာ"

"ကဲ... ဒီလိုဆို သူနဲ့ ဆက်သွယ်တဲ့ ကိစ္စတွေအကြောင်း နည်းနည်းအသေးစိတ် ပြောပြပါလား"

"ဟို... လွန်ခဲ့တဲ့ ကြာသပတေးနေ့ မွန်းလွဲပိုင်းကပါ၊ ကျွန်တော့်ဆီ ဖုန်းလာတယ်၊ ဒေးလ်ရော်ဘင်ဆီကပါပဲ၊ 'ယနေ့ရုပ်မြင်သံကြား ဇာတ်ဆောင်များ' စာစောင်မှာ ကျွန်တော်ရေးလိုက်တဲ့ ဆောင်းပါးကောင်းကြောင်း ချီးမွမ်းရင်း အဲဒီဆောင်းပါး ဖတ်ရချိန် စာရေးဆရာမ မိ အကြောင်း ကျွန်တော် ဆောင်းပါး ဆက်ရေးသင့်တယ်လို့ ပြောပါတယ်၊ ဒီအတွက် သူ ညွှန်ကြားတဲ့အတိုင်း ရေးပေးရင် ဒေါ်လာ ၁၀၀၀ ပေးပါ့မယ်တဲ့၊ စာလုံးရေ ၃၅၀၀ တည်း ရေးရမှာလို့ ဆိုတယ်၊ ဒီဆောင်းပါးရေးဖို့ ကိစ္စအတွက် သူ့စာစောင်ထိုက်က ဆောင်းပါးရှင်အဖြစ် ခံယူနိုင်ပါတယ်တဲ့၊ ဒါပေမယ့် မိကိုတော့ သူ့စာစောင်ကလို့ မပြောပါနဲ့လို့ မှာတယ်၊ တော်ကြာ တစ်ခြားစာစောင်တွေကိုပါ ဆက်ပြီး အတွေ့ခံရင် သူ နစ်နာရမယ်တဲ့"

"ဒါကြောင့် ကျွန်တော့်မှာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကြိုးစားပြီး တွေ့ဖို့ ဆက်သွယ်ယူရတာပါ၊ တောင်ထိပ်ဟိုတယ်မှာ မိ အပတ်စဉ် အနားယူတတ်တာတွေ ဘာတွေကိုလည်း ရော်ဘင်ကပဲ ဖုန်းထဲက ပြောတယ်ဗျ"

ခေတ္တနားပြီး အက်ဂါက ဆက်ပြောပြပြန်သည်။

"မိရဲ့ ဖွံ့သွားတဲ့ စာအုပ်ဟာ 'လိင်' အကြောင်း တော်တော်များတယ်တဲ့၊ မိ ကိုယ်တိုင်ကလည်း အဲဒီဘက်မှာ ဆိုရှယ်သိပ်ကျတယ်ဆိုပဲ ဒါကြောင့် ဆောင်းပါး ခေါင်းစဉ်ကိုတောင် 'အလုပ်အားရက်မှာ မိနဲ့အတူ' လို့ ခေါင်းစဉ်တပ်ခိုင်းတယ်၊ မိ ရဲ့ အဲဒီအခြေအနေအကြောင်း စာဖတ်ပရိသတ်တွေလည်း သိစေချင်ပါသတဲ့"

"ရော်ဘင်နဲ့ စကားပြောပြီးနောက်ပိုင်း ခင်ဗျားဘာတွေ ဆက်လုပ်ပါသလဲ"





"ရော်ဘင်ဆီ စရိတ် အရင်တောင်းရတာပေါ့၊ ဘယ်လောက်လိုသလဲ မေးတော့ ဒေါ်လာ ၃၅၀ လောက် လိုမယ်လို့ ပြောပြလိုက်တယ်၊ ဒေါ်လာ ၁၀၀၀ ထဲက ပြန်နှုတ်ယူပါလို့လည်း ပြောလိုက်တယ်"

"အဆင်ပြေရဲ့လား"

"ကျေနပ်လောက်ပါတယ်"

"ဒါနဲ့ ငွေပို့လိုက်ရောလား"

"လူတစ်ယောက်နဲ့ ပေးခိုင်းလိုက်ပါမယ်တဲ့၊ တစ်နာရီအတွင်း ပို့ပေးမယ်ဆိုတဲ့အတိုင်း ငွေရောက်လာတယ်ဗျာ"

"ချက်လက်မှတ်လား"

"မဟုတ်ပါဘူး၊ ဒေါ်လာ ၃၅၀ ကို စာအိတ်ထဲ ထည့်ပေးလိုက်ပါတယ်"

"ဒီတော့ ခင်ဗျား ဘာဆက်လုပ်သလဲ"

"မိ နဲ့ အဆက်အသွယ်ယူပြီး ချိန်းရတော့တာပေါ့၊ အဲဒီမှာ ကျွန်တော်က ရုပ်ရှင်လုပ်ငန်း ကြော်ငြာအတွက်ပါလို့ ပြောပြီး ချဉ်းကပ်ခဲ့ရတာပါ"

"ပြီးတော့ကော ..."

"ပြီးတော့ တောင်ထိပ်ဟိုတယ်မှာ တွေ့ဖို့ ချိန်းလိုက်တယ်လေ"

"နောက်တော့ကော ..."

"ကျွန်တော် ဟိုတယ်ရောက်တော့ သူ့ဆီ ဖုန်းဆက်တယ်၊ ဒီတော့မှ သူမလာနိုင်တော့ကြောင်း၊ သူ့ အတွင်းရေးမှူးကို လွှတ်လိုက်တဲ့အကြောင်း၊ သူ့ အတွင်းရေးမှူး ဂလက်ဒီနဲ့လည်း ကိစ္စပြီးစီးနိုင်ကြောင်း ပြောတယ်၊ ပထမ ကျွန်တော် စိတ်ပျက်သွားသေးတယ်၊ ဒါပေမယ့် ချက်ချင်း အကြံတစ်ခု ရလိုက်တယ်၊ ပထမ ဆောင်းပါးကို 'မိ ရဲ့ အတွင်းရေးမှူးနဲ့ အတူ ရက်အားတစ်နေ့' လို့ ရေးမယ်၊ ပြီးတော့မှ ကျန်တာဆက်မယ်ပေါ့၊ ကျွန်တော့်မှာက အင်မရာကအစ အစုံပါတယ်လေ၊ အင်း ... မိ အတွင်းရေးမှူးကလည်း ကျွန်တော် မေးတာတွေ တော်တော် ပြောပြနိုင်ပါတယ်၊ တစ်ချို့ဟာတွေဆို သင်တာထက်တောင် ပြောပြနိုင်ပါသေးတယ် ..."

"ဒါပေမယ့် ကျွန်တော် မိ အကြောင်း သတင်းဆောင်းပါးရေးဖို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သူ မသိပါဘူး၊ ဂလက်ဒီကလည်း မိ ရဲ့ ခွင့်ပြုချက် အပြည့်ရှိထားတာမို့ အိတ်သွန်ဖာမှောက် အကုန်ပြောပြရှာတယ်၊ ဒါကြောင့်လည်း အပြည့်အစုံ အချက်အလက် အကုန်ရခဲ့တယ် ဆိုပါတော့''

''ခင်ဗျား ပြောတဲ့အတိုင်း မှန်ရင်တော့ တော်တော်စိတ်ဝင်စားဖို့ ကောင်းတယ်၊ မမှန်ရင်တော့ ခင်ဗျား လူသတ်တရားခံဖြစ်ရတော့မယ်''

''အဲဒါတွေဟာ အမှန်ပါပဲ၊ မစ္စတာမေဆင်''

''မှန်ကြောင်း ဘယ်လို မှတ်ကျောက်တင်ကြည့်နိုင်ပါ့မလဲ''

''အယ်ဒီတာ ဖိုးလ်ရော်ဘင်နဲ့ ဆက်သွယ်ပါလား''

''ခင်ဗျား ရော်ဘင်ကို ဖုန်းဆက်လေ၊ ကျုပ် ဖုန်းထဲက မေးကြည့်မယ်''

''ဒီအချိန်မျိုးမှာ သူ့ကို ဘယ်လိုဖမ်းရပါ့မလဲ''

''ဩော်... နေအုံး၊ ကျုပ်တို့က ရှေ့နေဆိုတော့ သတင်းစာဆရာတွေနဲ့ မကင်းဘူး၊ အဲဒီ ရော်ဘင်နဲ့လည်း ဆက်သွယ်ဖူးပါတယ်၊ ဒယ်လာရေ ... ရော်ဘင်ရဲ့ ဖုန်းနံပါတ် ရှာစမ်းကွာ''

ဒယ်လာက မှတ်စုထဲတွင် ဖုန်းနံပါတ်ရှာပြီး ဖုန်းဆက်ရန် ပြင်စဉ် အက်ဂါက ဗျာဗျာသလဲ ဂရုတစိုက် ကုလားထိုင် ထိုးပေးသည်။

ဒယ်လာ ဖုန်းဆက်နေစဉ် မေဆင်က အက်ဂါကိုဆက်မေး၏။

''ဂလက်ဒီဆီက အချက်အလက်တွေနဲ့ ဆောင်းပါးကောင်းတစ်ခု ရလိုက်ရဲ့လား''

''ဟာ... အတွင်းရေးမှူးကအစ နေ့စဉ်ဘဝ အဆုံး၊ စုံလို့ပါပဲ''

ဒယ်လာ ဖုန်းဆက်သံကြား၍ အက်ဂါက ဖုန်းနံပါတ်ကို လှည့်ကြည့်သေး၏။ သို့သော် ဒယ်လာက လက်နှင့် အုပ်ကွယ်ကွယ်ပြီး လှည့်သဖြင့် မမြင်လိုက်ရ''

ရော်ဘင်နှင့် ဖုန်းအဆက်အသွယ်ရလျှင် ရချင်း ဒယ်လာက ရှေ့နေကြီး ပယ်ရီမေဆင်က စကားပြောလိုကြောင်း လှမ်းပြောကာ မေဆင်ထံ ဖုန်းလှမ်းပေး၏။

''မစ္စတာရော်ဘင်လားဗျ၊ ပယ်ရီမေဆင် စကားပြောနေပါတယ် ခင်ဗျားစာစောင်နဲ့ ပတ်သက်ပြီး တစ်ခု မေးချင်လို့ပါဗျာ''





''မေးပါဗျာ မေးပါ၊ ဝမ်းသာစရာပါပဲ၊ ဘာသိချင်သလဲ၊ စောင်ရေလား၊ ကြော်ငြာခနှုန်းလား၊ အမြတ်စာရင်းလား၊ ဘာသိချင်ပါသလဲ''

''အက်ဂါကာလစ်ဆိုတဲ့ စာရေးဆရာတစ်ယောက်အကြောင်း သိချင်လို့ပါ''

ရော်ဘင်က ခေတ္တစဉ်းစားနေပုံရပြီးမှ ပြောသည်။

''သူ့အကြောင်း သိပ်တော့ မသိဘူးဗျ၊ အနုပညာနယ်က ထင်ရှားကျော်ကြားသူတွေအကြောင်း ရေးလေ့ရှိတဲ့ စာရေးဆရာတစ်ယောက်မှန်းတော့ သိတယ်၊ ကျုပ်တို့ စာစောင်အတွက်တော့ တစ်ခါမှ ရေးမပေးဖူးပါဘူး၊ ကျုပ်တို့အတွက် ရေးပေးရင်လည်း လက်ခံမှာပါပဲ၊ ခုထိတော့ ကျုပ်တို့စာစောင်အတွက် မရေးဖူးသေးပါဘူး၊ သူကိုင်တဲ့အကြောင်းအရာကို သူ နိုင်တဲ့ စာရေးဆရာတော့ ဟုတ်ပါတယ်၊ ဒီထက်တော့ ကျုပ်မသိဘူးဗျို့၊ အရေးကြီးသလား၊ မနက်ဖြန်ညဆို စုံစမ်းပြီး ပြောပြနိုင်မယ် ထင်တယ် မစ္စတာမေဆင်''

''ခင်ဗျား သူနဲ့ စကားပြောဖူးသလား''

''မပြောဖူးပါဘူးဗျာ၊ စာရေးဆရာအသင်း အစည်းအဝေးတစ်ခုမှာတော့ သူ့ကို တွေ့ဖူးတယ်၊ အဲဒီမှာ စကားလေး ဘာလေး ပြောဖူးတာပဲ''

''ခုတလော ခင်ဗျားစာစောင်အတွက် သူ့ကို ဆောင်းပါးများ ရေးခိုင်းဖူးသလား''

''မရေးခိုင်းပါဘူး၊ ဘာကြောင့်''

''ခင်ဗျားလက်ထောက်တွေကများ ရေးခိုင်းမိပါသလား''

''ကျုပ်မသိပဲ ရေးခိုင်းလေ့ မရှိဘူး၊ တည်တည်တံ့တံ့ မဂ္ဂဇင်းဆိုတော့ ကိုယ်တိုင်သိထားဖို့ လိုတာပေါ့ဗျာ၊ အရေးပေါ်ကော်ပီလိုရင်လည်း အရေးပေါ် ရေးခိုင်းလို့ရတဲ့ စာရေးဆရာတွေ ကျုပ်မှာ ရှိနေပါတယ်''

အက်ဂါက မေဆင်အနီး ချဉ်းကပ်ပြောလာသည်။

''ကျွန်တော် နည်းနည်းပါးပါး ပြောပါရစေဗျာ''

''နေအုံး ခဏကလေး၊ ဒီမှာဗျို့ မစ္စတာရော်ဘင်၊ စာရေးဆရာ အက်ဂါကာလစ်ဟာ အခု ကျွန်တော်နဲ့ ရှိနေတယ်၊ သူက ခင်ဗျားနဲ့ စကားပြောပါရစေတဲ့ဗျာ''

ပြောပြောဆိုဆို မေဆင်က အက်ဂါကို ဖုန်းလှမ်းပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် စာရေးဆရာ အက်ဂါကာလစ်ပါ၊ စာရေးဆရာမ မိ အကြောင်း ဆောင်းပါးရေးဖို့ ခင်ဗျားနဲ့ ကျွန်တော့်အစီအစဉ်အကြောင်း မစ္စတာ မေဆင်ကို ကျွန်တော် ပြောပြပါတယ်"

တစ်ဘက်မှ ရော်ဘင်က ဘာပြောသည်မသိ၊ အက်ဂါ၏ မျက်နှာ အမူအရာ ပြောင်းသွားသည်။

"ဗျာ... ဘယ်လိုဗျ မစ္စတာရော်ဘင်... ၊ ခင်ဗျားပဲ ကျွန်တော့်ဆီ လူကြုံနဲ့ ဒေါ်လာ ၃၅၀ တောင် စရန်ပေးထားတယ်လေ၊ မိ အကြောင်း ဆောင်းပါးရေးခိုင်းတာ ခင်ဗျား မေ့သွားပြီလားဗျာ၊ ခင်ဗျားပဲ ဖုန်းနဲ့ပြောတာပဲ ဟုတ်တယ်၊ ဖုန်းထဲမှာ သူ့နာမည် ရော်ဘင်တဲ့၊ ပဓ္စိဖိတ်စာစောင် အယ်ဒီတာ နဲ့ ပိုင်ရှင်တဲ့၊ အေးဗျာ၊ မနက်မှ ပြန်စစ်ဆေးကြည့်ပါအုံး။ ဟုတ်ကဲ့၊ မစ္စတာ မေဆင်နဲ့ စကားပြောအုံးမလား"

အက်ဂါက မေဆင်လက် ဖုန်းလှမ်းပေးလိုက်ပြန်၏။

မေဆင် ဖုန်းပြန်ကိုင်လျှင်ပင် ရော်ဘင်ဘက်မှ ဆက်ပြောလာ၏။

"မစ္စတာမေဆင်၊ ဟိုလူပြောတာတွေ ကျုပ် ဘာမှ နားမလည် ဖြစ်နေတယ်ဗျို့။ ကျုပ်ဘာမှလည်း မသိဘူး၊ ဖြစ်နိုင်တာက ကလီကမာ လုပ်တတ် ယောက်က အက်ဂါကို အသုံးချဖို့ ကြိုးစားတာ ဖြစ်မယ်။ ကျုပ်ရေးခိုင်းတဲ့ အနေမျိုး လုပ်သွားတာပဲ၊ နောက်ကြောင်းတစ်ခုခု ရှိလိမ့်မယ်ဗျ၊ ကျုပ်မှာ အခက်ပဲဗျို့၊ စာရေးဆရာတွေနဲ့လည်း အမြဲဆက်ဆံနေရတော့ ဒီကိစ္စ ဒီလို ဖြစ်တာ ကျုပ်အတွက် မကောင်းဘူး"

"နေပါအုံး မစ္စတာရော်ဘင်၊ ခင်ဗျားနဲ့ အက်ဂါ ဒီဆောင်းပါးကို ဘာအစီအစဉ်မှ မလုပ်တာ သေချာတယ်နော်"

"သေချာတယ်ဗျ၊ မဂ္ဂဇင်းက ဘယ်သူမှလည်း ဒီအစီအစဉ် မလုပ် တာ သေချာတယ်၊ တကယ်လို့ ကျုပ်တို့စာစောင်က တာဝန်ပေးမယ်ဆိုရင်လည်း ကြိုတင်ငွေကို ချက်လက်မှတ်ပြေစာနဲ့ ပေးမှာပေါ့၊ ငွေသား ဘယ်ပေးမလဲ၊ တစ်ဦးဦးက ကြားကနေ တစ်ခုခုလုပ်လိုက်တာ ဖြစ်မယ်၊ ဒါကို ကျုပ်က မကြိုက်ဘူး။ ခင်ဗျားလည်း ဒီကိစ္စ နည်းနည်းတော့ စုံစမ်းပေးအုံးဗျာ"

"ဟုတ်ပြီ၊ ထူးရင် အကြောင်းကြားပါ့မယ်ဗျာ"

မေဆင်က ဖုန်းချလိုက်ပြီး အက်ဂါကို လှမ်းပြော၏။





"ခင်ဗျား ဖုန်းထဲက ပြောတဲ့လူနဲ့လည်း မတွေ့ဖူးဘူးနော်"

အက်ဂါက ခေါင်းခါပြ၏။

"အေးဗျာ၊ ကျွန်တော့်အတွက် အဆန်းဖြစ်နေပြီ၊ အရင် ၁၅ မိနစ် လောက်တုန်းကဆို ကျုပ် ဆောင်းပါးရေးရင်း ပျော်လို့ရွှင်လို့။ ခုတော့ အရက် မူးအောင် သွားသောက်ပစ်ရတော့မှာပါလား"

"ကျုပ်ဆိုရင်တော့ ဒီလိုမလုပ်ဘူးဗျာ၊ ခင်ဗျားကို ရဲတွေ လာစစ် ကောင်းစစ်မေးလိမ့်မယ်၊ ဒီပိုက်ဆံအကြောင်းလည်း ခင်ဗျား ဘာမှမသိ သေးဘူး မဟုတ်လား"

"ဘယ်သိမလဲ၊ လူကြုံနဲ့ပေးခိုင်းလိုက်တာကိုး။ ဒါပေမယ့် လာပို့တဲ့ လူကတော့ ငွေပို့လုလင်ဝတ်စုံ ဝတ်ထားတယ်"

"မြင်ရင် မှတ်မိပါ့မလား"

"မှတ်မိတယ်၊ လက်မှတ်ထိုးယူရတဲ့စာအုပ်လည်း ပါလာတယ်၊ စာအိတ်တစ်အိတ်အတွက်လို့ ရေးထားတဲ့နေရာမှာ ကျုပ်လည်း လက်မှတ် ရေးထိုးယူလိုက်တာပါပဲ"

"ဘယ်အရွယ်လောက် ရှိမလဲ"

"၄၀ကျော်၊ ၅၀ လောက်ရှိပြီထင်တယ်၊ ဘာကြောင့် ဒါတွေမေးနေ ရတာလဲဗျာ၊ ကျွန်တော့်ကို ပြောမပြနိုင်ဘူးလား မစ္စတာမေဆင်"

"ခုတော့ မပြောနိုင်သေးဘူး"

" ဂလက်ဒီကို ကျွန်တော်တွေ့ပြီး မေးချင်တယ်"

"ဂလက်ဒီ ဘယ်မှာမှန်း ဘယ်သူမှ မသိနိုင်သေးဘူးဗျ"

"မိ ရဲ့ အတွင်းရေးမှူးလုပ်တုန်းပဲ မဟုတ်လားဗျ"

"ထင်ရတာပဲ"

"အေးဗျာ၊ ဒီကိစ္စ တော်တော် စိတ်အနှောင့်အယှက် ဖြစ်သွားရတယ်၊ ကျုပ်ဆောင်းပါးအတွက် အချက်အလက်တွေလည်း တော်တော်စုံနေပြီ၊ မှတ်စု တွေလည်း အဆင်ပြေပြီ တွက်ထားတာ၊ ကျုပ်မှာ ဒီအတိုင်းဆို မြင်တာတလေး ဆောင် ဝယ်နိုင်တော့မယ်လို့ ကြည့်နေတယ် ခုတော့ ကျုပ်အိပ်မက်တွေ ရေထဲမျောပါသွားတော့တာပေါ့"

"ဆောင်းပါးကတော့ ပျက်စီးမသွားသေးပါဘူးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို . . . မဂ္ဂဇင်းကတော့ ဘယ်သုံးတော့မှာလဲဗျာ"

"ကိစ္စမရှိပါဘူး၊ ပြီးအောင်သာ ဆက်ရေးထားပါလေ၊ သတင်းစာ တစ်စောင်စောင်က သုံးနိုင်လိမ့်မယ်၊ နောက်ပိုင်း မဂ္ဂဇင်းကပါ လိုက်လာမှာပါ"

"မစ္စတာမေဆင်၊ ခင်ဗျား စိတ်မှကောင်းသေးရဲ့လားဗျာ"

မေဆင်က ဒယ်လာနှင့် ဒရိတ်တို့ကို ဦးဆောင်လျက် အခန်းတံခါး ဆီသွားရင်း ဖြေ၏။

"ကောင်းပါတယ်၊ ဒါကြောင့်ပြောတာပေါ့၊ ပြီးအောင်ဆက်ရေးပါ"

✿✿✿✿✿✿✿



# အခန်း(၁၀)

✿ မေဆင်၏ကား စထွက်ချိန် ဒရိတ်က စပြောသည်။

"ဘယ်လိုလဲဗျ၊ အခြေအနေ၊ နောက်ထပ် ထပ်လိုက်စရာတွေ ပိုလာ ပြန်ပြီထင်တယ်"

"အေးကွ၊ မြင်းပေါ်တက်စီးလိုက်တာ၊ မြင်းက စီးရင်းစီးရင်း ပိုမြန် လာနေသလို ဖြစ်နေပြီ၊ ဒါတောင် လမ်းဆုံးမမြင်ရသေးတဲ့ အခြေအနေမျိုး ခုဆို 'မင်းလေး' ဘာကြောင့် အသတ်ခံရသလဲ ဒို့မသိရသေးဘူး၊ ဘယ်သူက သတ်တာလဲ၊ ဒါလည်း မသိရသေးဘူး၊ စုံစမ်းရင်း ပိုသိလာရလေ၊ ပိုရှုတ်လာ လေ ဖြစ်နေတယ်"

ဒယ်လာက ကြားဖြတ်ပြောသည်။

"ဒါပေမယ့် ဆရာရေ၊ ဗိုက်တော့ ဖြည့်ကြအုံးစို့လား"

"စားကြရတော့မှာပေါ့ကွယ်၊ ဟိုတယ်မှာ စားပွဲလည်း ကြိုမှာထား ခဲ့တယ် မဟုတ်လား၊ ဗိုက်ဟောင်းလောင်းနဲ့ ဒီလောက်ပဲ တတ်နိုင်တော့မှာပေါ့"

မေဆင်က ပြောပြောဆိုဆို ဂိုးလ်ဒင်းဖလီ ဟိုတယ်ဆီသို့ ဦးတည် မောင်းသွားသည်။ ဒရိတ်မှာ စိတ်ချမ်းသာသွားဟန်ဖြင့် သက်ပြင်းရှည်ကြီး ချ၏။



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်၌ စားကောင်းသောက်ဖွယ်များ စားနေကြစဉ်မှာပင် မေဆင်၏ အမူအရာသည် တည်ငြိမ်လွန်းနေရာ ဒယ်လာက သူ့ဆရာ တစ်ခုခု စဉ်းစားနေမိပြီ ဖြစ်ကြောင်း သိနေ၏။

"ပြီးအောင်တော့ စားပါအုံးဆရာရဲ့"

ဒရိတ်က နားမလည်ဟန်ဖြင့် ဝင်မေး၍ ဒယ်လာက ဖြေရသည်။

"ဆရာက ဒီအချိန် သူ တစ်နေရာရာ ရောက်နေဖို့ကောင်းတယ်လို့ စဉ်းစားနေတာရှင့်"

"ဟုတ်လားဗျ။ ဘယ်နေရာလဲ မစ္စတာမေဆင်"

"စာရေးဆရာမ မိ ဆီကိုလေ"

"ညဉ့်နက်လှပြီဗျ။ ဒီအချိန်မှာ သွားလို့ မကောင်းဘူးထင်တယ်"

"ဒယ်လာကလည်း ဖြတ်မေးသည်။

"မိ ဆီ ဘာအတွက် သွားရမှာလဲဆရာ"

"ကွာ... သူ့ဝတ္ထုမှတ်မိတယ် မဟုတ်လား။ အဲဒီစာအုပ်အဖုံးက မိ ရဲ့ ပုံတူဓာတ်ပုံကော မှတ်မိလား။ ဟို... ရွက်သင်္ဘောငယ် ကုန်းပတ်လက်တန်းမှာ လေတိုက်နေတုန်း ရပ်နေတဲ့ပုံလေ"

"ဒယ်လာရော ဒရိတ်ကပါ မှတ်မိကြောင်းပြောကြ၏။

ဒရိတ်က မေဆင်၏ အမူအရာကို ကြည့်ပြီး ဒယ်လာကို လှမ်းပြောသည်။

"ဒယ်လာရေ... မြန်မြန် ဗိုက်ပြည့်အောင် ဖြည့်တော့၊ ညည်းဆရာ တစ်နေရာသွားဖို့ ပြင်နေပြီကွ"

ပြောနေတုန်း မေဆင်က စားလက်စ သိမ်းလျက် ကုလားထိုင်မှ ဖြုန်းကနဲ ထပြီး ဒယ်လာကို လှမ်းပြောသည်။

"ဒယ်လာ၊ ဒို့စားတာတွေ စိုက်ရှင်းလိုက်ပြီး ပြီးတော့ဆရာ့ကား ယူပြီး အိမ်ပြန်တော့၊ ဆရာ အငှားကားနဲ့ သွားမယ်၊ ပေါလ်ကို သူ့ရုံးမှာ ထားခဲ့"

တဆက်တည်းပင် မေဆင်က ဒရိတ်ကို ပြော၏။

"ကဲ... ပေါလ်၊ မောင်ရင်ကလည်း 'မင်းလေး' အကြောင်းအသေး စိတ်ထပ်လိုက်နိုင်းပါအုံး။ တပ်ကဆန်မြို့နဲ့ ဖွန်းနစ်မြို့အထိ မင်းတပည့်တွေကို





လွှတ်စေချင်တယ်၊ သဲလွန်စရနိုင်သမျှ စုံစမ်းခိုင်းပါ"

ဒရိတ်က စာအုပ်မျက်နှာဖုံးအကြောင်း ဆက်မေးသေး၏။ ဒယ်လာက စားမှာစားဟု ပြောယူရ၏။ ဒရိတ်က ထပ်မေးနေပြန်၍ ဒယ်လာက ဝင်ပြောရသည်။

"ရွက်လှေပေါ်က မိရဲ့ ရုပ်ပုံလွှာမှာ အထူးခြားဆုံးက ပေါင်တံအလှတွေနဲ့ မျက်လုံးပဲ၊ ဒါပေမယ့် အဲဒါတွေထက် မိရဲ့ လည်ပင်းက ပဝါအကြောင်း ဆရာတွေးနေတာ ဖြစ်မှာပါ၊ ဟုတ်တယ်မှုတ်လား ဆရာရဲ့"

မေဆင်က ခေါင်းညိတ်ပြ၏။

"အဲဒီပဝါက အရုပ်ကလေးတွေလည်း ပါတယ်လေ"

"ဟုတ်တယ်၊ အဲဒီအရုပ်ကလေးတွေဟာ ဘာအရုပ်လေးတွေလဲ မှတ်မိလား ဒယ်လာ"

"ဘာရုပ်ရယ်လို့တော့ မသိနိုင်ဘူးဆရာ"

"အေး... တို့ တောတွင်းအိမ်ငယ်အောက်က တွေ့တဲ့ ပဝါက အရုပ်ကလေးမျိုးဆိုရင် အဲဒါ အင်မတန်ကောင်းတဲ့ သဲလွန်စတစ်ခုပဲကွယ့်"

မေဆင် ပြောပြောဆိုဆို အပြင်ထွက်ရန် ပြင်တော့သည်။

"ဆရာ၊ ပြီးအောင် စားသွားအုံးလေ"

"တော်ပြီကွာ၊ တို့ မနက်မှ တွေ့ကြတော့မယ်၊ သွားပြီ"

"နေပါအုံးဆရာရဲ့ ဒီလို ညဉ့်နက်သန်းခေါင် အချိန်မျိုးမှာ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်ကွယ်၊ မိတို့ရဲ့တိုက်စောင့်စာရေးကို မျက်လှည့်ပြရမှာပေါ့၊ ဘာမှပြောမနေပဲ ရဲတွေလုပ်သလို ခပ်တည်တည် တိုက်ပေါ်တက်သွားရုံပေါ့၊ ရဲလိုလို ဘာလိုလို လုပ်ရမှာပဲ"

"ရဲ အယောင်ဆောင်မလို့လားဗျ"

"မဟုတ်ပါဘူးကွ၊ ခပ်တည်တည် တိုက်ထဲ ဝင်သွားမှာပါ။ အယောင်မဆောင်ပါဘူး။ အယောင်ဆောင်ရင်တော့ ရာဇဝတ်မှုပေါ့၊ ခုဟာက အယောင်ဆောင်မှု မဟုတ်ပဲ၊ ဘာလိုလို ညာလိုလိုနဲ့ ခပ်တည်တည် ဝင်သွားမှာပါ"

"မိ အိပ်နေရောပေါ့ ဆရာ"

မေဆင်က တစ်ခုခု သတိရ၍ သူ့အိတ်ထဲမှ ပစ္စည်းအထုပ်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ထုတ်လိုက်ပြီး ဒရိုက်ကို ပေး၏။

"ဒါ... ဗိုင် ၂၂ ကျည်ကတ်နဲ့ ဟိုလည်စည်းပဝါပဲ၊ မင်းသိမ်းထား ပေတော့၊ လုံခြုံပါစေနော်"

"'ဟာဗျာ... ဒါတော့ မလုပ်နဲ့၊ သက်သေခံပစ္စည်းတွေ ကျုပ် ရုံးထဲ မဖွက်ရဲပါဘူး"

"ဘာအတွက် သက်သေခံလဲကွ"

"လူသတ်မှုကျူးလွန်သူရဲ့ အထောက်အထား သက်သေခံပစ္စည်း တွေလေဗျာ"

"ဒီလိုမှ တို့မသိရသေးတာပဲ"

"နိုင်နိုင်လုံလုံ ယူဆနိုင်ပြီလေဗျာ"

'ရဲလက် မအပ်ခင်ကလေးပဲဟာ"

"မဖြစ်ပါဘူးဆိုဗျာ"

"တို့လေးဦးပဲ သိထားတဲ့ဥစ္စာ"

"အမယ်လေး... လေးဦးဆို နည်းလားဗျူး မိုင်းပုံပေါ် တက်ထိုင် လိုက်ရသလို ဖြစ်နေတယ်၊ ရဲဘက်က ဒါကိုသာ သိရရင် ကျုပ်တို့ ဘယ်အခြေ အနေရောက်ကုန်မလဲဗျာ၊ ဒါကြောင့် ခင်ဗျားဟာ ခင်ဗျားပဲ သိမ်းထားပေတော့"

ဒယ်လာက ကြားဝင်ရပြန်သည်။

"ဆရာရယ် ပေးပါ၊ ကျွန်မပဲ သိမ်းပေးပါ့မယ်"

မဆောင်က ခေတ္တစဉ်းစားသေး၏။ ပြီးမှ ပေးရင်း ဒယ်လာကို ပြောသည်။

"အေးကွယ်... ဒယ်လာကို ဒီအထဲ ဆွဲမထည့်ချင်ပါဘူး။ ဒါပေမယ့် ဒါတွေကို မိ အခန်းကို သွားတုန်း ဆရာ ယူမသွားချင်ဘူးကွယ်၊ လည်စည်းပဝါ နီးတယ်၊ ကျည်ခွံတွေ ထောင်ချောက်အဖြစ် လာထားတယ်လို့ စွပ်စွဲခံရနိုင်တယ်၊ တိုက်ခန်းထဲ မဝင်ခင်မှာကို အရှာအဖွေခံချင်လည်း ခံရမှာ"

"ကျွန်မ သဘောပေါက်ပါတယ် ဆရာ"

မဆောင် ဟိုတယ်မှ ထွက်ပြီး အငှားကားဖြင့် မိ နေထိုင်ရာတိုက်ခန်း သို့ သွား၏။ ကားပေါ်မှ ဆင်းချိန် ယာဉ်မောင်းကို ၁၀ ဒေါ်လာ ဆုချလျက် စောင့်နိုင်းထား၏။ တိုက်ခန်းတွင်း ခပ်တည်တည် ဝင်သွားရာ အခန်းစောင့်က





မေးရန် မော့ကြည့်သေး၏။ သို့သော် ဘာမှ မမေးလိုက်။ ဓာတ်လှေကားဖြင့် မဆောင်တက်သွားပြန်သည်။ မိ အခန်းရှေ့အရောက် ခေတ္တရပ်ပြီးမှ တံခါး နှစ်ခါ ခေါက်လိုက်လေသည်။

အမျိုးသမီးတစ်ယောက် နှုတ်မှ မကျေမနပ် ရေရွတ်ပြောဆိုသံနှင့် အတူ ရုတ်တရက် တံခါးပွင့်လာသည်။ ရဲအဖွဲ့ဝင်များ၊ သတင်းထောက်များ ထင်ပြီး ရေရွတ်နေဟန်တူသည်။ အမျိုးသမီးက မဆောင်ကို တွေ့လိုက်ရသည် နှင့် အံ့ဩသွားသည်။

"ရှင်... နောက်တစ်ခေါက် ရောက်လာပြန်ပြီလား"

"ဟုတ်ပါတယ်၊ ကိုယ်တိုင်တွေ့ ပြောချင်လို့ပါ"

"ကျွန်မနဲ့ တွေ့ ပြောပြီးပြီ မဟုတ်လားရှင့်"

"နောက်ထပ်ပြောစရာရှိလို့ပါ"

"ဘာကြောင့် ... "

မဆောင်က မိ စာအုပ်အဖုံးမှ ရုပ်ပုံအကြောင်းပြောရင်း မိကို မြှောက် ပင့် ချီးမွမ်းလိုက်ရာ မိက သဘောကျသယောင် ဖြစ်လာစဉ် မဆောင်က တကားလမ်းကြောင်း ပြောင်းလိုက်သည်။

"နေပါအုံးဗျာ၊ ဒီတံခါးဝမှာပဲ ပြောရတော့မှာလား"

"သြော်... သြော်... ဟုတ်ပါရဲ့ ကြွပါရှင် ... ကြွပါ၊ အခန်းထဲ ကြွပါ၊ အထဲမှာ ဆက်ပြောကြတာပေါ့"

မိသည် ယခုအချိန်၌ တကယ့် ညဝတ်လွှာချင်း ဝတ်ရုံကို ဝတ်ထား ပြီး ဖြစ်ရာ ကိုယ်လုံးကိုယ်ထည်အလှမှာ ပေါ်လွင်လွှန်းနေချေသည်။ အခန်း ထဲအရောက် မိကပင် စပြောလေသည်။

"ဒီညတော့ ကျွန်မဆီ လာလိုက်တဲ့ လူတွေရှင်၊ ရဲတွေရော၊ သတင်း ထောက်တွေရော စုံလို့စုံလို့၊ ကြမ်းခင်းကော်ဇော အမွေးတွေတောင် တုံး လောက်ရဲ့"

မိ ကိုယ်တိုင်က ပက်လက်ကုလားထိုင် တစ်ခုတွင် နေရာယူလိုက်ပြီး မဆောင်ကို အနီးရှိ ကုလားထိုင်၌ ထိုင်စေ၏။

မဆောင် ထိုင်ပြီးချိန် မိက ပက်လက်ကုလားထိုင်မှ မော့ကြည့်၏။ မျက်တောင်ကော့ကြီးများ ပင့်ကြည့်သော မော့ကြည့်နည်း ဖြစ်ချေ၏။



www.burmeseclassic.com

www.burmeseclassic.com



မေဆင်က စပြောသည်။

"ကဲ ... အခု ကျုပ်ပြောရမှာက ခင်ဗျားအတွက် အများကြီး အထောက်အကူရမယ့် အချက်ပဲဗျ။ အဲဒါက ဘာလဲဆိုရင် ခင်ဗျားအလှအပတွေနဲ့ ဆွဲဆောင်ရင် ဘာမဆို ဖြစ်နိုင်မယ်ဆိုတဲ့ အတွေးကိုတော့ အခု ပြောင်းလိုက်တော့ဗျာ၊ ဘာကြောင့်လဲဆိုတော့ ကျုပ် စိတ်ဝင်စားတာက ကျုပ်အမှုသည်ရဲ့ အကျိုးရယ်၊ လူသတ်မှုရယ်"

"အို ... ရှင် ... မစ္စတာမေဆင်ကလည်း ဘယ်လိုလမ်းလွဲသွားပြန်တာလဲရှင်၊ ခုအချိန် ကျွန်မဆီလာတယ် ဆိုကတည်းက ကျွန်မကို လာ စိန်ခေါ်တာ မဟုတ်လားရှင်ရဲ့ ... "

"မိက မေဆင့်အနားထိ တိုးလာသည်။

မေဆင်က မိ၏ အမူအရာကို သည်းမခံနိုင်သော ပုံစံဖြင့် ဆက်မေးသည်။

"ဒီမှာ ... မိ ခင်ဗျားရေးတဲ့ ဝတ္ထုစာအုပ် တစ်အုပ်တလေလောက် ဒီမှာ မရှိဘူးလား။ အဲဒါ ခဏကြည့်ပါရစေ"

မိက ဟက်ဟက်ပက်ပက် ရယ်ရင်း ဖြေသည်။

"ဩော် ... ရှင်ရယ်၊ ကုန်ရောင်းကိုယ်စားလှယ်ကို ပစ္စည်းပြစရာ ပါခဲ့သလားလို့ မေးသလို ဖြစ်နေပြီ"

"ဒါဆိုလည်း ကြည့်ပါရစေဗျာ"

မိက ဟန်ပါပါ နေရာမှထပြီး စာအုပ်စင်ထက်မှ စာအုပ်တစ်အုပ် သွားယူလျက် မေဆင်ကို ပေး၏။

မေဆင်က ထိုစာအုပ်ကိုကြည့်နေစဉ် မိက မေဆင်၏ ရှေ့တွင် ရပ်လျက် မေဆင့်ကို အပေါ်စီးကြည့် အကဲခတ်နေ၏။

မေဆင်က စာအုပ်ကို လှန်နေရာမှ အတွင်းမျက်နှာဖုံးရှိ ရွက်လှေ့လက်တန်းအနီး ရပ်နေသော မိ၏ ဓာတ်ပုံကို စိုက်ကြည့်နေရာက မိကဖြတ်ပြောလိုက်၏။

"ဟာ ... ဒီပုံကို ရှင်သဘောကျနေသလား။ ပေါင်တံတွေရဲ့ အနေအထား ဘယ့်နှယ်လဲ၊ လှတယ်မဟုတ်လား"

ပြောပြောဆိုဆို မိက မေဆင်၏ဘေး၌ ပူးပူးကပ်ကပ် ဝင်ထိုင်





လိုက်၏။ မေဆင်ကမူ ဓာတ်ပုံထဲက မိ၏ လည်ပင်းတွင် ပတ်ထားသည့် ပဝါကို ထောက်ပြလျက် ပြောသည်။

"ဒီပဝါကလေးက စိတ်ဝင်စားစရာပဲ၊ အရုပ်က မျောက်ရုပ်ကလေး မဟုတ်လားဗျ"

"ဟုတ်တယ်၊ ကျွန်မ ဂျပန်ကဝယ်လာတာ၊ မျောက်သုံးကောင်အရုပ် ပါတယ်လေ၊ အရုပ်တွေရဲ့ အဓိပ္ပါယ်က မကောင်းမကြား၊ မကောင်းမမြင်၊ မကောင်းမပြော လို့ဆိုပေမယ့် ကျွန်မလို စာရေးဆရာမကျတော့ မကောင်းတာမြင်၊ မကောင်းတာကြားသမျှ အားလုံး ဝတ္ထုထဲမှာ အသေးစိတ်ထည့်ရေးတတ်တယ်"

"ကျွန်တော်တော့ ဒီပဝါကို တော်တော်စိတ်ဝင်စားတယ်ဗျာ၊ ခင်ဗျားဆီမှာများ ရှိရင် ကြည့်ပါရစေလား"

"ဘာဖြစ်လို့ ကြည့်ချင်ရတာလဲ"

"ဒါက ဒီလိုပါ၊ ဒီပဝါနဲ့ပတ်သက်တဲ့ ထုတ်လုပ်မှုတံဆိပ်တို့ ဘာတို့များ ပါမပါ တွေ့မလားလို့၊ ဒါဆို ကျုပ် ပဝါဆင်တူ ချုပ်ချင်တယ်လေဗျာ"

"အမယ်လေးရှင်၊ ဆင်တူ ဘယ်တော့မှ ချုပ်လို့ မရဘူးမှတ်၊ ဂျပန်မှာတောင် ဆိုင်တစ်ဆိုင်တည်းမှာပဲ ဒီပဝါတွေ့ခဲ့တာ"

"တစ်ခြား အလားတူ ပဝါ ဒီမှာ မရှိနိုင်ဘူးပေါ့"

မိက ခေါင်းခါပြသည်။

"ဒါဆို ခင်ဗျားပဝါရှိမှရှိသေးရဲ့လား၊ ရှာကြည့်ပါအုံး"

"လာပြန်ပြီ၊ ရှင်ကလည်း ရှင်ကြည့်ချင်တိုင်း ပြောနေတာပဲ၊ မိန်းမတွေဆီက အဲလို တောင်းကြည့်လို့ ရတတ်လားရှင်ရဲ့"

"တစ်ခါတလေ ရတတ်ပါတယ်ဗျာ"

"ကောင်းပါပြီလေ၊ ကျွန်မလည်း ယူပြရမှာပေါ့"

မိ ပဝါသွားယူစဉ် မေဆင်က စီးကရက်သောက်ရင်း စောင့်နေ၏။ အခန်းထဲမှ မိ၏ ဗျစ်တောက်ဗျစ်တောက် အသံများကို ကြားရပြီး ချက်ချင်း မိ အပြင် ပြန်ရောက်လာသည်။

"ဆောရီးပဲရှင်၊ ရှင်ကြည့်ချင်လို့ ရှာခါမှ မတွေ့တော့ပြန်ဘူး၊ တစ်အိမ်လုံးလည်း မွှေနှောက်ထားတော့ တွေ့ဖို့ တော်တော် ခဲယဉ်းနေပြီ၊ လက်ဒီ



www.burmeseclassic.com

www.burmeseclassic.com



အခန်းတစ်ခုတည်းသာ အမွေမခံခဲ့ရတာ''

''ဂလက်ဒီအခန်းကျတော့ ဘာလို့ မွေမသွားတာလဲဗျ''

''ဘာကြောင့်လဲ ကျွန်မလည်း မသိနိုင်တော့ပါဘူးရှင်''

''ဘာကို ဆိုလိုတာလဲ''

''ဩော် ... ကျွန်မအခန်း ရှာတဲ့လူဟာ တစ်ခုခုလိုချင်နေတာ ဖြစ်မှာပေါ့၊ ဒါပေမယ့် ရေးကြီးသုတ်ပျာ ရှာခဲ့ပုံရတယ်၊ ဒါကြောင့် ဂလက်ဒီအခန်း မရှာဖြစ်ခဲ့တာ ဖြစ်မယ်၊ ပြီးတော့ ရှင်ပဲ တစ်ခါတုန်းက ရဲမှူးထရက်ကို ပြောဖူးတယ်မဟုတ်လား၊ ရှာတဲ့လူဟာ သူရှာတဲ့ပစ္စည်း ဂလက်ဒီအခန်းမှာ ကိန်းသေ မရှိဘူးလို့ သိပုံရတယ်၊ ဒါမှ မဟုတ် ဂလက်ဒီ အခန်းကိုဝင်ရှာရှာချင်း သူလိုချင်တာ တွေ့သွားလို့လဲ ဖြစ်နိုင်တာပဲ''

မိက မေဆင်ကို စိုက်ကြည့်ရင်း ဆက်ပြောပြန်၏။

''မှတ်ထားမေဆင်၊ ရှင်ဟာ တစ်ခါတလေတော့လည်း သိပ်တော်တာ အရှန်ပဲ''

''တစ်ခါတလေတော့ကော''

''အင်းလေ၊ တော်တာပါပဲ ရှင်''

မေဆင်က စကားဖြတ်ပြီး သူသိလိုရာအကြောင်း ဆက်မေးပြန်၏။

''ဒီပဝါကို ခင်ဗျား ဘယ်တုန်းက နောက်ဆုံးတွေ့ရမြင်ရခဲ့ပါသလဲ၊ မှတ်မိပါသလား''

''စာအုပ်မှာပါတဲ့ ဓာတ်ပုံအရိုက်ခံတုန်းက တစ်ခါ ကျွန်မသုံးတယ်၊ အဲဒီ ဓာတ်ပုံကလည်း ဆိုင်ထဲမှာ ဖန်တီးပြီး ရိုက်ထားတဲ့ ပုံပါရှင်၊ ပေါင်တံတွေ လုလုပပရအောင် ဓာတ်ပုံ ငါးဆယ်လောက် ရိုက်ယူခဲ့ကြရတယ်''

''တစ်ခြားပုံတွေက သိပ်မပေါ်ဘူးလားဗျ''

''ဟုတ်တယ်၊ တစ်ချို့ကျတော့လည်း လွန်လွန်းသွားတယ် ထင်ပါရဲ့''

''ဓာတ်ပုံရိုက်တုန်းက ဟိုပဝါသုံးတယ်နော်၊ ဓာတ်ပုံရိုက်တာ တော်တော်ကြာပြီ ထင်တယ်''

''လပိုင်းတောင် မနည်းတော့ဘူးရှင့်''

''နောက်ပိုင်းမှာကော ပဝါကို သုံးသေးသလား''

''အင်း ... နှစ်ခါ သုံးခါတော့ သုံးပါသေးတယ်၊ ဒီပဝါကိစ္စက





ဒါလောက် အရေးကြီးနေသလားရှင့်''

''ဟာ ... သိပ်အရေးကြီးတာပေါ့ဗျာ၊ ဒါနဲ့ နေပါအုံးမိ၊ ဒီည ဒီမှာ ခင်ဗျားတစ်ယောက်တည်း ဟုတ်ရဲ့လား''

''အလို ... ဘာဖြစ်လို့ မေးရတာလဲ''

''ခင်ဗျားအမူအရာနဲ့ ခေါင်းလှည့်ပုံ ငဲ့ပုံကြည့်ရတာ အခန်းထဲ အခြားတစ်ဦးဦး ရှိနေသလိုပဲ''

''နေပါအုံး ရှေ့နေကြီးရဲ့၊ ကျွန်မအခန်းကို ရှင်က စစ်လားဆေးလားတောင် လုပ်နေပါလား၊ ဘယ်လိုသဘောလဲရှင့်''

ထိုအချိန် အိပ်ခန်းတံခါး ပြန်းကနဲ ပွင့်လာပြီး အသက် ၅၀ နီးပါး တုတ်တုတ်ခိုင်ခိုင် မာကျောကျော ယောကျ်ားတစ်ဦး ထွက်လာကာ မိကို ပြောသည်။

''ကျုပ် ဒီနားမှာ ရှိနေပါမယ်''

မေဆင်က ထိုသူကို မြင်မြင်ချင်း အသိဟောင်းတစ်ဦး သဘောမျိုးဖြင့် လှမ်းနှုတ်ဆက်လိုက်သည်။

''အလို ... ဒန်းကပ်၊ ခင်ဗျား ဂရိုဂိုရီ အယ်လ်ဆင် ဒန်းကာ့ပ် မဟုတ်လား။ မင်္ဂလာပါ မိတ်ဆွေ''

''ဟုတ်ပါတယ်၊ ဒန်းကပ်ပါပဲ''

''ဒါဆိုရင် ခင်ဗျား စောစောက ကျုပ်တို့ပြောတာတွေ နားထောင်နေခဲ့တယ်ပေါ့၊ ဟုတ်လား''

''ဟုတ်တယ် မေဆင်၊ ကျုပ် ဒီအခန်းထဲမှာ စောင့်ပေးဖို့ တာဝန်ကျနေတယ်၊ အခြေအနေအရပေါ့''

''ဘယ်လိုအခြေအနေအရလဲဗျ''

''မေဆင်၊ ခင်ဗျား မသိဟန်ဆောင်နေပြန်ပြီ၊ ဒီကိစ္စတွေ ခင်ဗျား သိပါတယ်၊ ဒါကြောင့် ခင်ဗျား ဒီကိုလာပြီး ဒီအမျိုးသမီးကို မေးမြန်းနေတာကို ကျုပ်မကြိုက်ဘူးဆိုတာ ပြောလိုက်ပါပေရဲ့''

''ကျုပ် ဝမ်းနည်းပါတယ်ဗျာ''

''မိကိုပါ တောင်းပန်ရမယ်''

''ကျုပ် တောင်းပန်စရာ မလိုဘူးဗျ။ ခင်ဗျားကိုလည်း တောင်းပန်



www.burmeseclassic.com

www.burmeseclassic.com



တာ မဟုတ်ဘူး၊ ကျုပ်ပြောတာက ခင်ဗျားမကြိုက်ရင်လည်း ဝမ်းနည်းပါတယ်လို့သာ ပြောတာ"

"ခင်ဗျားဟာ ဂလက်ဒီရဲ့ ရွှေနေ မဟုတ်လား၊ ဒီတော့ မေးမဆုံး မြန်းမဆုံး။ မေးအုံးမှာပဲ မဟုတ်လား"

"အဖြစ်မှန် သိရအောင် မေးတာပဲလေ၊ ကျုပ်က မသိရ မချင်းတော့ မေးတတ်တယ်၊ အမှန်တရားဆိုတာဟာ အင်အားအကောင်းဆုံး လက်နက် မဟုတ်လားဗျ"

"အင်း... ဒါပေမယ့် ဒီလက်နက်ကို ဘယ်သူက အသုံးချနေသလဲ ဆိုတဲ့အပေါ် မူတည်သေးတယ်၊ ကဲ... အခု ဒီအခန်းကို ကျုပ်တာဝန် လွှဲယူထားပါပြီ၊ ဒီတော့"

မေဆင် စကားမပြန်နိုင်သေးမီ အခန်းတံခါးကို ဆက်တိုက် ခေါက်သံ ကြားရ၏။ မိက ဒန်းကပ်ကို လှမ်းကြည့်သည်။ ဒန်းကပ်က ခွင့်ပြုဟန် အမူအရာ ပြတော့မှ မိက တံခါး ထဖွင့်ပေး၏။ ဝင်လာသူမှာ နားရွက်ကားကား နားဆောင်းဖြားဖြား ပုံဆိုးပန်းဆိုး လူတစ်ဦးဖြစ်သည်။ မိကို ပြုံးပြပြီး နှုတ်ဆက်ရာ မိက လှမ်းပေး၏။

"ဘယ့်နှယ်လဲရှင်၊ ကြာလှချည်လား"

"တတ်နိုင်သမျှ အမြန်ဆုံးလာခဲ့တာပါ"

အခန်းထဲအရောက် ညှိသည်က ဒန်းကပ်ကို လှမ်းနှုတ်ဆက်၏။ ဒန်းကပ်က မေဆင်နှင့် မိတ်ဆက်ပေးသည်။

"သူက ဂျူလော်တန်"

မေဆင်က လက်ကမ်းပေးရင်း နှုတ်ဆက်၏။

ဂျူ က မေဆင်ကို ကြည့်ပြီးပြောသည်။

"အလို ရွှေနေကြီးပါလား" မေဆင်၏ လက်ကိုလည်း အရမ်း ဖျစ်ညှစ်ထားသဖြင့် မေဆင်ခမျာ အတော်ကြိုးစား အောင့်ထားရ၏။ ပြီးမှ ထပ်ပြောသည်။

"ရွှေနေကြီးနဲ့တွေ့ရတာ ဝမ်းသာပါသဗျား"

မေဆင်ကလည်း နှုတ်ဆက်ရင်း ပြန်မေး၏။

"ဂျူက ဒီကိစ္စ ဘယ်လိုပတ်သက်နေပါသလဲဗျို့"





ဒန်းကပ်က ဖြေသည်။

"သူက သက်တော်စောင့်ပဲ မေဆင်၊ မိ အတွက် မတွေ့သင့်တဲ့ သူ မတွေ့ရအောင် စောင့်ရှောက်ပေးရမယ့် ပုဂ္ဂိုလ်ပဲ၊ ခင်ဗျားလည်း ကျုပ်ကို ခွင့်လွှတ်ပါ၊ ပြောတာတော့ ပြောရတော့မယ်၊ ခင်ဗျားလည်း မိ အတွက် မတွေ့သင့်တဲ့ လူထဲမှာ ပါနေပါတယ်၊ ဒီတော့... "

ဂျူ က ဝင်ပြောသည်။

"မေဆင်ကို အခန်းအပြင်ထုတ်လိုက်ရမလား'

"မလိုပါဘူးကွာ ... ၊ သူ့ဘာသာ ပြန်ပါလိမ့်မယ်၊ ကြမ်းကြမ်း တမ်းတမ်း မလုပ်နဲ့ဟေ့"

"ဂျူက တာဝန်ကျေစွာ အခန်းတံခါးများ ဖွင့်ပေးသဖြင့် မေဆင်က လည်း မိ ကိုပါ နှုတ်ဆက်ရင်း ပြန်ရန်ပြင်၏။ ဤတွင် ဒန်းကပ်က ဝင်ပြော လေသည်။

"ဒီမှာ မစ္စတာမေဆင်၊ ခင်ဗျားပြောတဲ့ အခန်းဝင်မွှေသွားသူဆိုတာ ခင်ဗျား အမြင်မှား အတွေးမှားနေတယ်"

"မမှားဘူးဗျ၊ သိပ်ကို မှန်တယ်"

ဒန်းကပ်က ဂျူကို လှမ်းအမိန့်ပေး၏။

"ကဲ ... အခု မေဆင်ပြန်လိမ့်မယ်၊ နောက်ထပ် ဝင်မလာစေနဲ့ ကြားလား။ မေဆင် ခင်ဗျားလည်း ကြားတယ်နော်"

မေဆင်ကိုလည်း ခပ်မာမာလှမ်းပြောခြင်း ဖြစ်သည်။ မေဆင်က အခြေအနေကိုကြည့်ပြီး ထင်မြင်ချက်ပေးလိုက်သည်။

"ဒီအတိုင်းဆိုရင် မိ ဟာ ထင်တာထက်တောင် ပါဝင်ပတ်သက် နေပြီပဲ"

"ဂလက်ဒီကို ခင်ဗျားက လွတ်အောင် ကြိုးစားပေးနေချိန် အတွင်း မိကို ဒီအတိုင်းရှိစေရလိမ့်မယ် မေဆင်၊ ခင်ဗျားကို ကျုပ်အမြဲလေးစားပါတယ်၊ ဒါပေမယ့် မိ နဲ့ မဆက်သွယ်ပဲ ရှောင်နေပါ၊ ဒါမှ ခင်ဗျားနဲ့ ကျုပ်နဲ့ ဆက်ဆံရေး မပျက်မှာ"

မေဆင်က စကားဆက်ရန် ကြိုးစားစဉ် ဒန်းကပ်ကပင် ဂျူကို အချက် ပြလိုက်ရာ ဂျူသည် လက်ကြမ်းကြီးများဖြင့် မေဆင်၏ပခုံးကို လှမ်းဖိုင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . မစွတာမေဆောင်၊ သွားဖို့သင့်ပါပြီ"

ခပ်ဖိဖိ ဖိကိုင်သဖြင့် မေဆောင်လည်း အခန်းပြင် ထွက်ခဲ့ရသည်။ ဤတွင် နောက်ဘက်၌ တံခါး ဆောင့်ပိတ်သံ ကြားလိုက်ရတော့၏။

✿✿✿✿✿✿✿



## အခန်း(၁၁)

အကျဉ်းထောင် ထောင်ဝင်စာ အခန်း၌ မေဆောင်က ဂလက်ဒီကို သွားရောက်တွေ့ဆုံသည်။ ဂလက်ဒီကို အကဲခတ်လေ့လာနေရင်း မေဆောင်က လှမ်းပြောလိုက်၏။

"အဖြစ်မှန်အတိုင်း ပြောစေချင်ပါတယ် ဂလက်ဒီ၊ ခုကိစ္စမှာ ရှေ့နေ ဖြစ်သူဟာ ဘယ်လမ်းလိုက်ရမှန်းမသိ အကျပ်အတည်း တွေ့နေရတယ်။ ဒါကြောင့် မင်းအနေနဲ့ အမှန်အတိုင်း ဖြေရင်း စစ်ဆေးတဲ့ အရာရှိတွေကို ခင်ဗျား အပြစ်ကင်းစင်ကြောင်း ပြနိုင်ဖို့ လိုနေတယ်၊ အခြားတစ်နည်းကတော့ ဘာဆို ဘာမှအစစ်မခံပဲ ကံကိုပဲ အားကိုးရမလို ဖြစ်နေပါတယ်၊ ကံကို အားကိုး ဖို့ ဆိုတာကျတော့လည်း ရဲအဖွဲ့က မင်းကို စွဲချက်တင်နိုင်လောက်အောင် အထောက်အထား အခိုင်အမာ မတွေ့ရပါစေနဲ့လို့ ပြောရမလို ဖြစ်နေတယ်၊ ဒါကို ဂလက်ဒီ သဘောပေါက်ပါတယ်နော်"

ဂလက်ဒီက နားလည်ကြောင်း ခေါင်းညိတ်ပြ၏။

"ကဲ . . . ဒီလိုဆိုရင် နောက်တစ်နည်းကျန်တာ ပြောပြမယ် တို့ ဂလက်ဒီကို တရားခွင် တင်ခွင့်တောင်းလိုက်မယ်၊ ရုံးတော်ကို လျှောက်ယူ



www.burmeseclassic.com

www.burmeseclassic.com



ရမှာပေါ့၊ ဒီတော့မှ ရဲက ဂလက်ဒီကို ရုံးထုတ်ပြီး ဘာကြောင့် သူတို့ ထိန်းသိမ်းထားကြောင်း လျှောက်လဲချက်ပေးရမယ်၊ အထောက်အထား အခိုင်အမာပြရမယ်၊ မပြနိုင်ရင် မင်းကို သူတို့လွှတ်ရမယ်၊ ဒါကြောင့် ရဲအဖွဲ့ကတော့ အထောက်အထား အခိုင်အမာတင်မှာ သေချာတယ်၊ လူသတ်မှု တရားခံလို့ စွဲလို့ရမယ့် အထောက်အထားမျိုး တင်လာမှာ၊ ဒီလိုလုပ်လာရင် ဘာအကျိုးရှိမလဲဆိုတော့ သူ့တို့အထောက်အထားဆိုတာ ဘာတွေလဲ တို့ သိခွင့်ရမယ်၊ တစ်ခြား သက်သေတွေကိုလည်း တို့ ကြားဖြတ်မေးခွန်းတွေ မေးနိုင်မယ်။ ရဲအဖွဲ့က ဘာမှသင်မပေးနိုင်ခင် တို့က မေးခွင့်ရမှာဆိုတော့ ဟာကွက်တွေ ထောက်ရတော့မှာပေါ့။ ဒီလိုလုပ်တဲ့အတွက် ဂလက်ဒီ သဘောတူပါတယ်နော်၊ ယုံလည်း ယုံကြည်တယ်နော်"

"မစ္စတာမေဆင်ပြောတာ လုပ်တာ အားလုံးကို ကျွန်မ ယုံကြည် သဘောတူ ပါတယ်ရှင်"

ဂလက်ဒီကလည်း သဘောတူကြောင်း အဖြေပေးသည်။

"ဒီနေ့မနက် သတင်းစာ ဂလက်ဒီ ဖတ်ပြီးပြီလား"

"မဖတ်ရသေးပါဘူးရှင်"

"သေသူရဲ့ ဓာတ်ပုံဖော်ပြထားတယ်၊ အလောင်းကို ရိုက်ထားတာ ပေမယ့် လူအရှင်နဲ့တူအောင် ရဲက ပုံဖော်ထားတာပဲ၊ ရည်ရွယ်ချက်ကတော့ တစ်ယောက်ယောက် သူ့ကို မှတ်မိမယ်လို့ ယူဆထားကြပုံရတယ်"

မေဆင်က ပြောပြောဆိုဆို သတင်းစာထုတ်ပြ၏။ ဂလက်ဒီကလည်း အသေအချာကြည့်သည်။

"သူ့ကို မှတ်မိသလား၊ သိသလား"

"ရှင် ... အသက်ရှင်ရက်နဲ့ တွေ့ဖူးသလားလို့ မေးတာလား"

"ဟုတ်တယ်"

ဂလက်ဒီက ခေါင်းခါ ပြသည်။

"ဒီလိုဆိုရင် တောတွင်းအိမ်ငယ်ထဲကို မင်းရောက်တော့ တွေ့ရတဲ့ သူဆိုတဲ့ လူကိုကော အရင်က တွေ့ဖူးသလား"

"မတွေ့ဖူးပါဘူးရှင်"

"အဲဒီလူကို ဘယ်လိုတွေ့နိုင်မလဲ၊ ဂလက်ဒီများ သိနိုင်မလား၊





ညွှန်နိုင်မလား"

"မသိနိုင်ပါဘူးရှင်"

"သေသူကို တစ်ခြားနည်း ချဉ်းကပ်လေ့လာကြည့်ကြအုံးစို့၊ ဂျိုးဇက် အိဗ် မင်းလေးဆိုတဲ့ နာမည်ကို ကော ကြားဖူးသိဖူးသလား"

ဂလက်ဒီက အတန်ကြာ စဉ်းစားပြီးမှ ခေါင်းခါပြ၏။

"ကြားလည်း မကြားဖူးဘူး၊ သိလည်း မသိဖူးပါဘူး"

"ကောင်းပြီ၊ အခုသေသူဟာ 'မင်းလေး'ဆိုတဲ့လူလို့ သေချာသလောက် ဖြစ်နေပြီ၊ ရဲအဖွဲ့ထက်တောင် ကျုပ်တို့က စောပြီး သိရတယ်ဆိုပါတော့၊ ဒါပေမယ့် ခုအချိန်ဆို ရဲအဖွဲ့ကလည်း သိလောက်ပါပြီ၊ လျှို့ဝှက်ထားတာ ဖြစ်မယ်"

"သေသူ ဘယ်သူဆိုတာ ရဲကသိနေပြီပေါ့ ဟုတ်လား"

"ဟုတ်မယ်ထင်တယ်၊ ကြေတော့ မကြေညာသေးဘူး။ သူတို့လုပ်ပုံကြည့်ရတာ သေသူဘယ်သူဆိုတာ မြုပ်ထားချင်ပုံရနေတယ်၊ တစ်ခါ နောက်တစ်ခုက သတ်သူအသုံးပြုခဲ့တဲ့ ပွိုင့် ၂၂ ရိုင်ဖယ်ကို ရဲအဖွဲ့ဝင်တွေ တွေ့သွားပြီ အဲဒီသေနတ်ကိုလည်း ဂလက်ဒီကိုင်ကြည့်သေးတယ် မဟုတ်လား"

"ဟုတ်ကဲ့၊ ကိုင်ကြည့်မိခဲ့ပါတယ်ရှင်"

"ဘယ်အချိန် ကိုင်မိတာလဲ"

"လူသေအလောင်း တွေ့ရပြီးချိန် ကိုင်မိတာပါ၊ လူသတ်သမား အိမ်ငယ်ထဲမှာ ရှိနေသေးရင် ကျွန်မကိုယ်ကျွန်မ ကာကွယ်နိုင်ဖို့ သေနတ်ကို ကောက်ကိုင်လိုက်တာပါပဲ၊ ပြီးမှ ပြန်ပြီး ချလိုက်ရတယ်"

"အင်းပေါ့၊ ဒီလိုကိုင်လိုက်တော့ မင်းရဲ့လက်ဗွေရာတွေ ကျန်ခဲ့ပါ လေရော"

"ဒါပေမယ့်ရှင်၊ ကျွန်မသေနတ်ကိုင်လိုက်တာက သေတဲ့သူသေပြီး အချိန်အတော်ကြီးကြာမှပါ"

"ဟုတ်ပါလိမ့်မယ်၊ ဒါပေမယ့် လက်ဗွေရာမှာက အချိန်တို့ နေ့စွဲတို့ ရှိတာမှ မဟုတ်ပဲ၊ နောက်တစ်ခု ဟိုမြေပုံကြမ်းကိစ္စ၊ ဒီမြေပုံကြမ်းက မင်းကို မီ လမ်းညွှန်လိုက်တာနော်၊ မီဟာ ဒီအမှုထဲမှာ အတော်နက်နက်ရှိုင်းရှိုင်း ပါနေတယ် ထင်တယ်၊ ဒါကြောင့် မြေပုံကြမ်းပေးတုန်းက အခြေအနေကြောင်း



www.burmeseclassic.com

www.burmeseclassic.com



သေသေချာချာ ပြန်စဉ်းစားပါ၊ ဟို . . . လမ်းခွဲမှာ ဗယ်ဘက်သွားရမလား၊ ညာဘက်သွားရမလား၊ မိက ဘယ်လိုပြောသလဲ၊ ရဲအဖွဲ့လက်ထဲမှာ ဂလက်ဒီ လိုက်မှတ်ထားတဲ့ မှတ်စုမူရင်းရှိနေပြီ၊ မူကြမ်းမြေပုံမှာက ညာဘက်သွားဖို့ ဖော်ပြထားတယ်၊ ဗယ်ဘက်မဟုတ်ဘူး”

ဂလက်ဒီက အတန်ကြာ ပြန်စဉ်းစားနေ၏။ ပြီးမှ ပြောသည်။

“ဟုတ်တယ်၊ ဟုတ်တယ်၊ ညာဘက်လိုက်ဖို့ သူပြောခဲ့ပါတယ်၊ ဒါကြောင့် ခရီးထွက်တော့မယ့်အချိန် အဲဒီမှတ်စုပြန်ယူကြည့်တော့ မြေပုံကြမ်း စာမျက်နှာ ပျောက်နေတယ်၊ တစ်ဦးဦးက ဆုတ်ယူသွားဟန်တူတယ်၊ ဒါနဲ့ စာရေးစားပွဲပေါ်က မိ ရေးထားတဲ့ မြေပုံကြမ်းကို သွားကြည့်တယ်၊ အဲဒီမှာကျတော့ ဗယ်ဘက်သွားဖို့ ညွှန်ထားသရှင့်”

“ခုကိစ္စဟာ ဂလက်ဒီအတွက် သေရေးရှင်ရေး ဖြစ်နေပြီနော်၊ ဒီတော့ သေချာရဲ့လား”

“ဟုတ်ကဲ့၊ ကျွန်မဒီအကြောင်း အများကြီး စဉ်းစားခဲ့ပြီးပါပြီ၊ ခု ပြောရရင် မြေပုံလမ်းညွှန်တုန်းက မိ ပြောခဲ့တာ ညာဘက်လမ်းပါပဲ”

“အဲဒီမြေပုံကို မြင်ရရင် မှတ်မိပါ့မလား”

“မှတ်မိပါတယ်၊ မိရဲ့ လက်ရေးနဲ့ ဆွဲထားတာပဲ၊ မင်နဲ့ ဆွဲထားတာပါ၊ လမ်းညွှန်မြားတွေကို မင်နီနဲ့ ပြထားတယ်၊ ဪ . . . တစ်ခု သတိရပြီ၊ မိ လက်ရေးနဲ့ အဲဒီမူရင်းမြေပုံနောက်ကျောမှာ အိမ်ငယ်ကလေးတစ်လုံး ပုံကြမ်း ရှိနေတယ်၊ ခဲနဲ့မင် ရောဆွဲထားတဲ့ ပုံကြမ်းပဲ၊ ဒါကို ကျွန်မ သေသေချာချာ ကြည့်မိခဲ့တယ်”

“ဒီမြေပုံကို ပြန်တွေ့ရရင် မှတ်မိပါတယ်နော်”

“အသေအချာ မှတ်မိပါတယ်ရှင်”

“မြေပုံပေါ်က မြားတွေက ဗယ်ဘက် ညွှန်ထားတယ်နော်”

“အဲဒီအတိုင်း သေချာပါတယ်”

“ကဲ . . . နောက်တစ်ခု မေးဖို့ကျန်သေးတယ်၊ မိရဲ့ အိမ်က ခင်ဗျားရဲ့ အခန်းထဲမှာ တစ်စုံတစ်ဦး စိတ်ဝင်စားမယ့် ပစ္စည်း တစ်စုံတစ်ရာကော ရှိနေသေးလား၊ မိ နဲ့ပတ်သက်ပြီ သိချင်တာလည်း ဖြစ်ချင်ဖြစ်မယ်ပေါ့”

ဂလက်ဒီက ခေါင်းခါပြပြန်၏။





“ကဲ . . . တစ်ခု စဉ်းစားပြီး ဖြေပါအုံး၊ မိ နှုတ်ကပြောတာတွေကို ခဏခဏလိုက်မှတ်ရတယ် မှတ်လား၊ အဲဒီလို မှတ်ထားတဲ့ မှတ်စုတွေက စွန့်ပစ်လိုက်တဲ့ မှတ်စုတွေကော ရှိသလား”

“ရှိပါတယ်”

“ဘယ်လောက်များသလဲ”

“များလွန်းလို့ မှတ်တောင် မမှတ်မိချင်ဘူး”

“မှတ်မိအောင် ကြိုးစားရလိမ့်မယ်၊ ဂလက်ဒီ လက်ရေးတိုနဲ့ မှတ်စုလို လိုက်မှတ်ယူတာတွေ ရှိမှာပေါ့၊ ခု ကျုပ် စဉ်းစားမိတာ တစ်ခုက အခန်းထဲ ဝင်မွှေတာက စာရွက်တစ်ရွက် လိုချင်လို့ ဖြစ်နိုင်တယ်၊ မိ ရဲ့ ကိုယ်ပိုင်အိပ်ခန်း၊ အလုပ်ခန်းတွေထဲမှာ ရှာသွားတာပဲ၊ မတွေ့တော့မှ ဂလက်ဒီရဲ့ အခန်းထဲ ဝင်ရှာပြန်ရော၊ အဲဒီမှာ မှတ်စုစာအုပ် တွေ့သွားတယ် ထင်တယ်”

“ဒါဆို ကျွန်မလက်ရေးတိုမှတ်စုတွေကို တော်တော် ဖတ်ယူရမှာပဲ၊ ဒါမှ မဟုတ်ရင်တော့ . . . ”

“ဆက်ပြောပါ ဂလက်ဒီ၊ ဆက်ပြောပါ”

“ဒါက အရေးကြီးချင်လည်းကြီးမယ်၊ မကြီးချင်လည်း မကြီးဘူး ကျွန်မပြောပါ့မယ်၊ အရင်အပတ်ထဲတုန်းက မိဟာ စာအိတ်တစ်အိတ် ကျွန်မ လက်ထဲ ထည့်လာတယ်၊ ချိပ်ပိတ်ထားတဲ့ စာအိတ်ကြီးတစ်ခု၊ လိပ်စာကလည်း ကျွန်မနာမည်၊ ကျွန်မကို လိပ်တပ်ပြီး ပေးတဲ့စာအိတ်၊ မိရဲ့ကိုယ်တိုင်လက်ရေးနဲ့ ဖြစ်နေတယ်၊ စာအိတ်ပေါ်မှာ ဂလက်ဒီပိုင်းလ်၏ ကိုယ်ပိုင်ပစ္စည်းလို့ တိတိကျကျ ဖော်ပြထားတယ်”

မေဆင်က ချက်ချင်းဖြတ်မေး၏။

“သေတမ်းစာ များလား”

“မိကတော့ အဲလိုမပြောဘူး၊ ကျွန်မ ယူဆတာကတော့ သူတစ်ခုခု ဖြစ်ရင် ကျွန်မလုပ်ရမယ်ဆိုပြီး ကျွန်မကို ကျွန်မကို ညွှန်ကြားတာတွေ ဖြစ်မယ်၊ ကျွန်မအထင် သူနိုးရာလိုက်ပြေးပြီး အိမ်ထောင်ပြုမယ် ထင်ခဲ့တာ၊ ဒါမှမဟုတ် အဲဒါမျိုး တစ်ခုခု လုပ်မယ်ထင်တာပဲ”

“စာအိတ်လာပေးတုန်းက မိက ဘာပြောသေးလဲ”

“ကျွန်မအခြေအနေ အပြောင်းအလဲတစ်ခုခု ဖြစ်လာရင် အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



စာအိတ်ကို ဖွင့်ဖတ်ပါတဲ့''

မေဆင်က စဉ်းစားပြီးမှ ဆက်မေးသည်။

''တောင်ထိပ်ဟိုတယ်က ပြန်ရောက်ချိန် အခန်းထဲမှာ အဲဒီစာအိတ်ကို ရှာကြည့်မိသေးလား''

ဂလက်ဒီ ခေါင်းခါပြ၏။

''ဟို. . . ဒယ်လာရဲ့ အဝတ်တွေ ငှားဝတ်ပြီး ပြန်လာတုန်းကကော ကြည့်မိလား''

''မကြည့်မိခဲ့ပါဘူးရှင်၊ အမှန်ကတော့ ကျွန်မ ရှာကြည့်သင့်တယ်၊ အခန်းမွှေနှောက်ထားပြီး မဟုတ်လား။ ဒါပေမယ့်ရှင်၊ အခု ရှေ့နေကြီးမေးမှပဲ ဒီစာအိတ်အကြောင်း ကျွန်မ သတိရမိတယ်၊ လုံးလုံးကို သတိမရဘူး''

''ဒီစာအိတ်အကြောင်း ရဲတွေကို ပြောပြသေးလား''

''သတိကို မရပါဘူးရှင်''

''ကဲ ဒါဆိုလဲ မေ့ပစ်လိုက်တော့၊ ဒီကိစ္စ ဘယ်သူ့မှ နောက်ထပ် မပြောနဲ့ ကြားလား''

ဂလက်ဒီက ခေါင်းညိတ်ပြသည်။

''အခုတော့ ဒါလောက်ပဲ ကျုပ်တို့လုပ်နိုင်အုံးမယ်၊ ပဏာမကြားနာမှု ခေါ်ဖို့တော့ ကျုပ် လျှောက်ထားလိုက်တော့မယ်၊ အထက်တစ်ဆင့်မြင့် ရုံးကို တင်ဖို့အထိ လျှောက်သွားရမယ်၊ သူ ဂလက်ဒီကို စွဲနိုင်ဖို့ ဘာတွေ အထောက် အထား ရထားသလဲ သိရအောင် လုပ်ရတာပဲ၊ ဒီတော့ ကျုပ်ကို နားလည် ပါ။ စိတ်ချယုံကြည်ပါ''

''စိတ်ချပါတယ် မစ္စတာမေဆင်၊ ပြောသလို ပြောတဲ့အတိုင်း ကျွန်မ အားလုံးလုပ်သွားပါ့မယ်၊ စိတ်ချပါ''

''ကောင်းပြီ၊ နှုတ်ပိတ်နေပေတော့''

''ဩော် . . . ဟိုသတင်းထောက်တွေလာရင် ကျွန်မ ဘာလုပ်ရ မလဲ၊ ပြီးတော့ စုံစမ်းစစ်ဆေးတဲ့လူတွေ လာမေးကြ၊ စပ်စုရင်ကော ဘာလုပ် ရမလဲရှင်''

''ပြုံးပြလိုက်၊ ပြီးမှ ခပ်ပြုံးပြုံးပဲပြော၊ ကျွန်မဟာ လူသတ်မှုနဲ့ စွပ်စွဲခံနေရသူပါ။ ဒါကြောင့် ဒီကိစ္စအားလုံး ကျွန်မရှေ့နေက ပြောစရာ





မှန်သမျှ ပြောပါလိမ့်မယ်၊ ကျွန်မကတော့ သက်သေခံစင်မြင့်ပေါ် ရောက်တော့ မှပဲ ပြောပါတော့မယ်၊ ဒါတောင် ကျွန်မရှေ့နေက ပြော ဆိုမှ ပြောမှာပါ။ အဲလိုသာ ပြန်ပြောလိုက်''

''တစ်ခြား ဘာတွေပြောရအုံးမလဲ''

''အထွေထွေအခြေအနေအကြောင်း အမှုကိစ္စကလွဲလို့ ပြောနိုင် ပါတယ်။ သတင်းထောက်တွေလာရင် သူတို့ရေးလို့ကောင်းမယ့် အချက် မျိုးတွေ ပြောပြလိုက်၊ တောတွင်းအတွေ့အကြုံ မေးရင်လည်း ပြောပြလိုက်၊ မိဆီမှာ အလုပ်လုပ်ရတဲ့အကြောင်း မေးရင်လည်း ပြောပြလိုက်၊ သတင်းဇာတ် လမ်းကောင်းအဖြစ် ရေးနိုင်ကြမှာမို့ အားလုံး ပြောသာပြော။ ဒါပေမယ့်အမှန် အတိုင်းသာပြောပြနော်၊ အဲဒီထဲမှာ အမျိုးသမီး သတင်းထောက်တွေက ဂလက်ဒီရဲ့ ငယ်စဉ်က အကြောင်းတွေ ဘာတွေ မေးချင်မေးလိမ့်မယ်၊ ပြောသာ ပြောပြလိုက်''

''အမှုအကြောင်းတွေ မပြောရဘူးပေါ့နော်''

''ဟုတ်တယ်''

မေဆင်က ပြောပြောဆိုဆို မေးမြန်းပြီးပြီ ဖြစ်ကြောင်း အစောင့်ရဲ တွေကို အချက်ပြလိုက်သည်။

ထိုနေ့က မေဆင် ရုံးပြန်ရောက်တော့ ဒယ်လာက စောင့်ကြိုနေ၏။

''ဆရာ ပစ်စာတစ်စောင် ရထားတယ်''

''လာပြန်ပြီလား၊ ဘာမှ မထူးဖူးမှုတ်လား''

''ဒါက နည်းနည်းထူးခြားတယ်၊ အထူးစာဝေစနစ်နဲ့ ရောက်လာ တယ်၊ သိုက်စာအညွှန်း ဖြစ်ရင်လည်း ဖြစ်နိုင်ပါတယ်ဆရာ''

မေဆင်က မျက်မှောင်တွန့်လိုက်၍ ဒယ်လာက ဆက်ပြော၏။

''စာထဲမှာ မြေပုံတစ်ခု ဆွဲထည့်ပေးလိုက်တယ်ဆရာ၊ မိကိုယ်တိုင် ဆွဲတာလို့ဆိုတယ်၊ လက်ရေးတွေအားလုံးကလည်း မိလက်ရေးပါတဲ့၊ မြေပုံကတောတွင်းအိမ်ငယ်ကို သွားတဲ့လမ်းပြမြေပုံ နောက်ကျောမှာလည်း တောတွင်းအိမ်ငယ်ရဲ့ ပုံကြမ်းပါနေတယ်''

''အေးလေ ကြည့်ရအောင် ဘယ်မလဲ''

ဒယ်လာက စာအိတ်ပါ ယူလာပြ၏။ စာအိတ်ထဲတွင် စာတစ်စောင်



www.burmeseclassic.com

www.burmeseclassic.com



လည်းပါ၏။

ခင်မင်ရပါသော မစ္စတာ မေဆင် -

ခင်ဗျားဟာ ဂလက်ဒီအတွက် ရှေ့နေအဖြစ် တာဝန်ယူမယ်ဆိုရင် ခု ပူးတွဲဖော်ပြထားတဲ့ မြေပုံလိုအပ်လိမ့်မယ်။ ဒီမြေပုံကို အရင် တစ်နှစ်လောက်က မိ ကိုယ်တိုင်ဆွဲထားတာ။ အဲဒီကတည်းက မိဟာ အဲဒီ တောတွင်းအိမ်နဲ့ အဆက်အသွယ်ရှိခဲ့တယ်။ ဒါတွေ အားလုံး မိရဲ့လက်ရေး ချည်းပဲ၊ နောက်ကျောက တောတွင်းအိမ်ငယ် ပုံကြမ်းဟာလည်း မိရဲ့လက်ရာပဲ၊ ပန်းချီဆန်ဆန် လှလို့ဆွဲထားတာ ခင်ဗျား ပြန်လှန်မေးခွန်းတွေ မေးတဲ့အခါ လိုမှာမို့ ဒီမြေပုံကြမ်းကို ခင်ဗျားဆီ ပို့ပေးပါတယ်၊ ကျုပ်တို့အတွက် ဒီမြေပုံဟာ အသုံးမဝင်တော့ပါ။ တစ်ခုမှာပါရစေ၊ ချောချောလှလှ တောင့်တောင့် ဖြောင့်ဖြောင့် အလှအပနဲ့ မျက်ရည်ခံထိုးတာတွေနောက် ပါမသွားစေလိုပါ။ ဆက်ပြီး ဥပဒေရေးရာ တိုက်ပွဲဝင်သွားပါ။ နောက်ထပ် တွေ့လာမှာတွေကို ခင်ဗျားကိုယ်တိုင် တအံ့တသြ ဖြစ်လာပါ လိမ့်မယ်။

မေဆင်သည် စာအိတ်၊ စာနှင့်မြေပုံများကို အထူးစိတ်ဝင်တစား ရှုတစိုက် ကြည့်၏။ ထိုနောက် ဒယ်လာအား ပေါလ်ဒရိတ်ကို ချက်ချင်း ခေါ်ခိုင်း၏။ ဒရိတ်ရောက်လာချိန်အထိ မေဆင်က စာကို လေ့လာနေ၏။ ရောက်ရောက်ချင်းပင် ဒရိတ်ကမေးသည်။

"ဘယ့်နှယ်လဲဗျ၊ ညက မိနဲ့ ဟန်ကျခဲ့ရဲ့လား"

"ဘာဟန်ကျတာကို ပြောတာလဲကွ၊ အလုပ်ကိစ္စဆိုရင်တော့ သူ့အခြေအနေအကြောင်း အတော်သိခဲ့ရပါတယ်။ ညက မိဟာ တကယ် ထောင်ချောက်ထဲမှာ ချောင်ပိတ်မိပြီး နေရှာပြီဆိုရမယ်။ ကြေးစား လက်ချေသမား နပန်းဆရာတစ်ဦး သူ့နားမှာ သက်တော်စောင့်အဖြစ် ရှိတယ်။ ပြီးတော့ ဟို သူဌေးလူလည် ဒန်းကပ်လည်း အခန်းထဲမှာရှိနေတယ်။

"ဘာလူလည်လဲဗျ"

သူ့ဝတ္ထုထဲမှ ဖာတ်လိုက်မိနဲ့ ပလူးတဲ့ လူမျိုးလေကွာ"

"ဝတ္ထုထဲမှာ ပလူးတယ် ဟုတ်လား၊ ခင်ဗျားက ဝတ္ထုဖတ်ပြီး





လားဗျ"

"အပြည့်အစုံတော့ မဖတ်ရသေးပါဘူး။ ဟိုနေရာ ဒီနေရာ လျှောက်လှန် ဖတ်ကြည့်တာပဲရှိတယ်၊ လည်စည်းပဝါအကြောင်းတော့ သိခဲ့ရပါပြီ။ ဟုတ်တယ်၊ မိရဲ့ပစ္စည်းပဲ၊ ဂျပန်က ဝယ်ခဲ့တာတဲ့၊ အမေရိကန်မှာ ဒီပဝါမျိုး လုံးဝမရှိဘူးဆိုပဲ"

ဒရိတ်က အံ့သြဟန်ပြသည်။ မေဆင်ကပင် ဆက်မေးသည်။

"အေး ... ဒန်းကပ်အကြောင်း မင်းဘယ်လောက် သိထားလဲ၊ ပြောပြစမ်းကွာ"

"သိပ်တော့ များများမသိပါဘူး။ သူတကာ သိသလောက် သိပါတယ်၊ ဒီလူက နိုင်ငံရေးအရှိန်အဝါ ရှိတယ်၊ ငွေကြေးချမ်းသာတယ်၊ ကြောက်ဖို့ကောင်းတယ်၊ လူရည်လည်တယ်၊ ဝင်ငွေခွန် အရာရှိတွေတောင် လက်မှိုင်ချရတဲ့လူပဲ"

"အေး ... အခု မိကိုသူက ဆုပ်ကိုင်ထားလိုက်ပြီကွ။ သက်တော်စောင့်တောင် ငှားပေးထားတယ်၊ ဟောဒီမှာ ဒါက ဒီနေ့ စာတိုက်က ရောက်လာတဲ့ ပစ်စာတစ်စောင်။ မြေပုံလည်းပါတယ်၊ လက်ဗွေရာတော့ ထပ်မနေအောင်ကိုင်နော်၊ မင်းစိတ်ဝင်စားမှာပါကွ ... ရော့"

ဒရိတ်က စာနှင့်မြေပုံကို အသေးစိတ် လေ့လာ၏။

"ဒီမြေပုံပေါ်က လက်ဗွေရာတွေက ဂလက်ဒီရဲ့ လက်ဗွေရာတွေ ဆိုရင် ဘယ့်နှယ်လုပ်မလဲဗျ"

"ကိစ္စမရှိပါဘူးကွာ၊ မြေပုံပြပြီး တို့က မေးမှာပေါ့၊ ဒီဟာ ဂလက်ဒီ မြင်ခဲ့ရတဲ့ မြေပုံလား။ တောတွင်းအိမ်ငယ်ကို လမ်းပြထားတယ် ဆိုပြီး တို့က မေးမယ်၊ အဲသည်အချိန်မှာ အစိုးရရှေ့နေကြီး ဟင်မီတန်က သူ ကြည့်ပါရစေ ဆိုပြီး ဂလက်ဒီလက်ထဲက တစ်ဆင့်ယူကြည့်တော့မယ်။ ပြီးတော့ ပြန်ပေးမယ်၊ ဒီမှာတင် ဂလက်ဒီရဲ့ လက်ရာတွေ အများကြီးနဲ့ ဟင်မီတန်ရဲ့ လက်ဗွေရာတွေလည်း အများကြီး ရှိသွားမယ်၊ ဒီတော့ လက်ဗွေရာတွေ ရောကုန်ရောပေါ့ကွ"

"ခင်ဗျား အဲဒီလို လုပ်မလို့လား"

"ဘယ်လိုလုပ်မလဲတော့ မသိသေးဘူးပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဒရိတ်က စိုးရိမ်သော အမူအယာဖြင့် အကြံပေး၏။

"ဒီမှာချို... ပယ်ရီ၊ ခင်ဗျား ဟိုပဝါနဲ့ ပွိုင့် ၂၂ ကျည်ဆန်ခွံတွေကို ရဲအဖွဲ့လက်ထဲ အပ်လိုက်ဖို့ ကောင်းပြီထင်တယ်ဗျာ"

"ဘာကြောင့်"

"ကျွန်တော် ကြောက်တယ်ဗျာ"

"ခပ်မဆိတ်သာ နေပါကွာ၊ ကဲ... အခု တစ်ခုလုပ်ပေးပါအုံး ဟောဒီစာကို ဘယ်လိုလက်နှိပ်စက်နဲ့ ရိုက်တာလဲ၊ ကျွမ်းကျင်သူတစ်ဦး ခေါ်ပြီး စုံစမ်းပေတော့"

"ဒါ လွယ်ပါတယ်ဗျ၊ စာကိုကြည့်လိုက်တာနဲ့ ဘယ်လက်နှိပ်စက်မျိုး ဘယ်က လုပ်တာကအစ ပြောပြနိုင်ပါတယ်"

"ကဲ... ကဲ... အလုပ်စပေတော့"

"စတာက စမှာပါ၊ ဟိုပဝါနဲ့ ကျည်ဆံခွံကိစ္စ ရဲမှူးထရက်ကို ခင်ဗျား ပြောပြ အသိပေးတော့မလား"

မေဆင်က ခေါင်းခါပြ၏။

"ခုတော့ မပြောနိုင်သေးပါဘူးကွာ၊ ခုပြောရင် သက်သေခံပစ္စည်း ဖွက်ထားမှုနဲ့ ကိုင်မှာပေါ့၊ သူတို့က ဒါဟာ သက်သေခံပစ္စည်းဖြစ်ပါတယ်လို့ သက်သေပြပါစေအုံး"

"မကြောင်စမ်းပါနဲ့ဗျာ၊ မသိဘူးလို့ ခင်ဗျား ဘယ်လိုအကြောင်းပြနိုင်မလဲ"

"မင်းကို ငါ တစ်ခုမေးမယ်၊ လူသတ်သမားက အဲဒါတွေကို ဘာအကြောင်းကြောင့် အသုံးပြုခဲ့တာလဲ၊ ရာဇဝတ်မှုထဲ ဒါတွေ ဘယ်လို ပါနိုင်သလဲ"

"ဒါလည်း လွယ်ပါတယ်၊ ကျည်ဆန်တွေကို ရိုးရိုးအိတ်ထဲ ထည့်ယူခဲ့ရာက မတော်တဆ ကျပျောက်တယ် ပြောနိုင်တယ်။ ခုတော့ ပဝါနဲ့ ထုပ်လာတာ ဘယ်မှာ ကျပျောက်နိုင်မှာလဲဗျ"

"ဩော်... ဩော်၊ ဒီပစ္စည်းကို ရာဇဝတ်မှု ကျူးလွန်ခဲ့တဲ့နေရာအထိ ယူသွားတယ်၊ ပြီးတော့ အိမ်အောက် တွားဝင်သွားပြီး ထောင်ချောက်အဖြစ် ဖူးခွံထဲ ထည့်ထားခဲ့တယ်၊ ဒီလိုလား ပေါလ်ရ"





"ဗျာ... ၊ ရာဇဝတ်မှုမှာ ဒီလိုရှင်းချက် ဘယ်လိုထုတ်လို့ရမှာလဲ။ ကျုပ်အယူအဆကတော့ လူသတ်သမားဟာ အိမ်အောက်ဝင်ပြီး အချိန်ကုန်အောင် ပုန်းနေခဲ့တယ်၊ မှောက်နေတယ်၊ ဒီတော့... "

"အင်း... မင်းအဲဒီလို ဆက်စပ်စဉ်းစားနည်းကားနဲ့ စဉ်းစားနေသေး ရင်တော့ မင်းစုံထောက်လိုင်စင် ပြုတ်တော့မှာပဲ ပေါလ်ရေ့၊ ခုတိုင်းဆိုရင် မင်းက ဒါတွေကို အထောက်အထားအဖြစ်သာ လက်ခံတာမဟုတ်ဘူး။ ဒီလို ယုံကြည်နိုင်လောက်တဲ့ စဉ်းစားနည်းပါ လက်ခံထားတာကိုးကွ၊ တို့ကတော့ ဒါကို သက်သေခံပစ္စည်းအဖြစ် လုံးဝလက်မခံနိုင်ဘူးဟေ့"

"အင်း... ခင်ဗျားတွေးတာက ဒါဟာ တိုက်ဆိုင်မှု တစ်ခုလို့ ဆိုချင်တာလား"

"မှန်တယ်လေကွာ"

"ကျွန်တော်ကတော့ ဟင်မီတန်က ခင်ဗျားကို သက်သေစင်မြင့်ပေါ်တင်ပြီး မေးနေမှာတွေ၊ ခင်ဗျားက အပြစ်မရှိကြောင်း ထွက်ဆိုမှာတွေ မြင်ယောင်နေမိပြီဗျာ"

"ကဲ... ပေါလ်၊ ဟိုစာအကြောင်း အလုပ်စတော့ကွာ"

ဒရိတ်စာယူပြီး သူ့ရုံးသို့ပြန်သွားချိန် မေဆင်လည်း အလုပ်ဆက်များနေတော့၏။ နေ့လည်ပိုင်း၌ ဒရိတ်ပြန်လာပြီး စာအကြောင်း ပြောပြ၏။

"စာပေါ်မှာ ဘာလက်ဗွေမှ မတွေ့ရဘူး။ ရီမင်တန် လက်နှိပ်စက်နဲ့ ရိုက်ထားတယ်။ အမျိုးအစားကလည်း အရင် ငါးနှစ်လောက်က ထုတ်လုပ်တဲ့ လက်နှိပ်စက်"

"ဟေ... ဘာလက်ဗွေမှ မပါဘူး ဟုတ်စ"

"ဟုတ်ပါတယ်ဗျ၊ ဩော်... သုံးတဲ့လက်နှိပ်စက်ဟာ ရုံးသုံးမဟုတ်ဘူး။ အိမ်သုံး အဟောင်းထဲကပဲ၊ ရိုက်တဲ့လူကတော့ တကယ့်လက်နှိပ်စက်သမားစစ်စစ်၊ ဒါဟာ စာနဲ့ ပတ်သက်သမျှ အချက်အားလုံးပါပဲ"

"လက်ဗွေရာ လုံးဝမရှိဘူးနော်"

"မရှိပါဘူးဗျာ"

"ဒါဖြင့် ကောင်းပြီ၊ ဒီအတိုင်းခံယူပြီး အလုပ် ဆက်လိုက်ကြအုံးစို့"

✿ ✿ ✿ ✿ ✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၂)

✿ တရားသူကြီး အာဗစ်ဘဂ္ဂဘီက တရားခွင်တွင် ထိုင်လိုက်မိသည်နှင့် အမှုအကြောင်း စတင်ရှင်းပြ၏။

"ကယ်လီဖိုးနီးယား ပြည်နယ်လူထုနဲ့ ဂလက်ဒီဗို်င်းလ်တို့ရဲ့ အမှုကို ပထာမ ကြားနာဖို့ အချိန်ကျရောက်ပါပြီ၊ ဒီတော့ ရှေ့နေကြီးတို့ အသင့်ဖြစ်ကြပါပြီလား"

တရားခံရှေ့နေကြီးဖြစ်သူ မေဆင်က ဦးစွာဖြေ၏။

"ဟုတ်ကဲ့၊ အသင့်ရှိပါပြီ ရုံးမင်းခင်ဗျား"

ခရိုင် အစိုးရရှေ့နေကြီးရုံးမှ ဟင်မီတန်၏လက်ထောက် အယ်လင်တန်ဆိုသူက တရားလိုရှေ့နေအဖြစ် လိုက်ပါလာရာ ၎င်းကလည်း အသင့်ဖြစ်ကြောင်း ငေါ်ဖြေသွား၏။

"ပြည်သူတို့ဘက်က အစိုးရရှေ့နေတွေဟာ အမြဲတမ်းအသင့် ရှိနေတတ်ပါတယ်၊ ရုံးမင်းခင်ဗျား"

"ဒီလိုဆို အမှု စ,ကြားနာပါ့မယ်၊ တစ်ခုတော့ ကြိုတင် ပြောထားချင်ပါတယ်။ အမှုတွေ ရုံးတော်မှာ ကြန့်ကြာလွန်းတယ်လို့ ရုံးတော်ကို သတင်း



www.burmeseclassic.com

www.burmeseclassic.com



်နေရတော့ အမှုနဲ့ မဆိုင်တာတွေ ဘေးချိတ်ကြပါ၊ အချိန်မဖြုန်းကြပါနဲ့လို့ ရှေ့နေကြီးတို့ကို ပန်ကြားလိုပါတယ်၊ ပြီးတော့ အချိန်ကုန်သက်သာမယ့် ာစ်ခြားနည်းလမ်းများကော ရှိကြပါသလား၊ အကြံပေးနိုင်ကြပါတယ်''

အစိုးရရှေ့နေ အယ်လင်တန်က ဖြတ်ကနဲ လှမ်းလျှောက်လေသည်။

''ရှိပါတယ် ရုံးမင်းခင်ဗျား၊ အခုဆိုရင် ကျွန်တော့်လက်ထဲမှာ အမှုနဲ့ပတ်သက်ပြီး အချိုးကိုက်ဆွဲထားတဲ့ မြေပုံကြမ်းတစ်ချို့ ရှိပါတယ်၊ မြေပုံကြီးတွေလည်း ပါတယ်၊ မှုခင်းဖြစ်ပွားရာ ဒေသအကြောင်း စုံစုံစေ့စေ့ ဖော်ပြထားတဲ့ မြေပုံတွေ ဖြစ်ပါတယ်၊ ရဲအဖွဲ့ကလည်း အားလုံးကို ဓာတ်ပုံတွေ ရိုက်ယူထား ခဲ့ကြပါတယ်၊ ဒါတွေဟာ တိကျတဲ့အတွက် သက်သေခံပစ္စည်းတွေအဖြစ် ရုံးတော်က တစ်ခါတည်း လက်ခံလိုက်ဖို့ပါပဲ''

မေဆင်က တရားလိုရှေ့နေကြီး၏ သမာဓိကို ယုံကြည်သဖြင့် လက်ခံကြောင်း လျှောက်ထားလိုက်သည်။

တရားလိုရှေ့နေ အယ်လင်တန် ဆက်လျှောက်တင်၏။

''လူသတ်မှုဖြစ်တဲ့ တောတွင်းအိမ်ငယ်ကို မစ္စတာ မောရစ်ဆင်ဖင်ဒလေ ဆိုသူ ပိုင်ဆိုင်ပါတယ်၊ အရင်လ အတော်ကြာလောက်တုန်းက တစ်လဒေါ်လာ-၁၀၀ နဲ့ ငှားဖို့ ကမ်းလှမ်းလာလို့ ဖင်ဒလေက ငှားလိုက်ပါတယ်။ လဆန်း ၁ ရက်နေ့တိုင်း လခလာပေးဖို့ သဘောတူခဲ့ပါတယ်။ ငှားမယ်ဆိုတုန်းက တစ်ခေါက်၊ သူ့ဝယ်တုန်းက တစ်ခေါက်နဲ့ နှစ်ခေါက်ပဲ ရောက်ဖူးခဲ့ပါတယ်။ ငှားပြီးနောက်ပိုင်း မရောက်တော့ပါဘူး၊ ဒါကြောင့် ပိုင်ရှင်အနေနဲ့ ဘာမှ အစစ်ခံချက်မပေးနိုင်ပါဘူး။ အဲဒီအိမ်ကို ငှားတဲ့လူက ဂျီ-စီ-ချာလစ် လို့ အမည်ပေးထားပါတယ်၊ ငှားတုန်းကလည်း ဖုန်းနဲ့ ငှားတယ်၊ အိမ်ရှင်က လည်း အလုပ်များနေတော့ အိမ်ငှားနဲ့ မတွေ့ဖြစ်လိုက်ဘူး၊ လခရတဲ့နေ့က ၈ ငှားခဲ့တယ်ဆိုပါတယ်။ ဒါတွေ မှန်ကန်ကြောင်း ကျွန်တော်တို့ စုံစမ်းပြီးပါပြီ၊ ဒါကြောင့် တရားခံရှေ့နေကြီးက ဒီအတိုင်း လက်ခံပါတယ်လို့ တင်ပြပါတယ်''

''လက်မခံခင် တစ်ခုတော့ မေးပါရစေ၊ ချာလစ်နဲ့ တွေ့ဖို့အတွက် မစ္စတာဖင်ဒလေက ကြိုးစားခဲ့ဖူးပါသလား''

''ကြိုးစားခဲ့တယ်လို့ ကျွန်တော်လည်း မထင်ပါဘူးခင်ဗျာ''





''ဒီလိုဆို အိမ်ငှားရဲ့ လိပ်စာကိုကော ရခဲ့ပါသလား''

''အိမ်လခပေးတဲ့ စာအိတ်ပေါ်မှာ အိမ်ငှားရဲ့ လိပ်စာ ပါပါတယ်''

''အဲဒီလိပ်စာအကြောင်း ခင်ဗျား စုံစမ်းပြီးပါပြီလား''

''ဟုတ်ကဲ့၊ ရဲအဖွဲ့က စုံစမ်းခဲ့ပါတယ်''

''ချာလစ်နဲ့ တွေ့ခဲ့ရပါသလား''

''ခုချိန်ထိ မတွေ့ရသေးပါဘူး၊ ဒါဟာ အရေးကြီးတယ်လို့ မထင်ပါဘူးခင်ဗျာ၊ နောင် အရေးပါလာမယ်ထင်လို့ ရှာခဲ့ပါသေးတယ်၊ မတွေ့နိုင်ခဲ့ပါဘူး၊ ဒီအချက်ဟာ ခု ပဏာမ ကြားနာမှုမှာတော့ မလိုအပ်လှသေးပါဘူး ထင်ပါတယ်၊ ခု ကျွန်တော်တို့ တင်ပြချင်တာက ရာဇဝတ်မှုတစ်ခုကို တရားခံဟာ ကျူးလွန်ခဲ့တယ် ဆိုတာလောက်ပါပဲ၊ ဒါကြောင့် အသေးအဖွဲ အချက်အလက်ကလေးတွေ အသေးမစိတ်သင့်ဘူး ထင်ပါတယ်''

တရားသူကြီးကလည်း ထိုအတိုင်း တသဘောတည်း ပြောလာသဖြင့် မစ္စတာမေဆင်က တရားလိုရှေ့နေကို မေးရသည်။

''တရားလိုရှေ့နေကြီးက မှန်ပါတယ်ဆိုရင်တော့ ပိုင်ရှင် မစ္စတာဖင်ဒလေဖြစ်ကြောင်း၊ ကျွန်တော် လက်ခံနိုင်ပါတယ်၊ ဒီတော့ ဒီလို ဟုတ်မှန်ကြောင်းလည်း မစ္စတာဖင်ဒလေက သက်သေခံ ထွက်ဆိုစေလိုပါတယ်''

အယ်လင်တန်က ခုမှ စိတ်သက်သာရာ ရသွားဟန်ဖြင့် ပြောလာ၏။

''ကောင်းပါပြီ''

''ဩော် ... ခဏကလေး ခင်ဗျာ၊ တရားလိုရှေ့နေကြီးက ကျွန်တော်ပြောတာကို ဂရုစိုက် နားမထောင်လိုက်ဘူးထင်တယ်၊ ကျွန်တော် ပြောတာက မစ္စတာဖင်ဒလေ တိုက်ရိုက် သက်သေအဖြစ် ထွက်ဆိုပြီးရင် ပြန်လှန်မေးခွန်းတွေ မေးချင်ပါတယ်၊ မေးခွင့်လည်း ရှိပါတယ်''

''ကျုပ်တို့ သိသမျှ ဒီအကြောင်းအားလုံး တင်ပြထားပြီးပြီပဲဗျ''

''ကျွန်တော့်မှာ ကျွန်တော့်တာဝန် ရှိပါတယ်ခင်ဗျာ၊ ကျွန်တော်ဟာ လူသတ်မှု တရားခံလို့ စွဲချက်တင်ခံရတော့မယ့် ပုဂ္ဂိုလ်တစ်ဦးကို ကိုယ်စားပြုနေရသူပါ၊ မလိုအပ်တာတွေအပေါ် အချိန်မကုန်စေလိုပါဘူး၊ ဒါပေမယ့် ပိုင်ရှင်ဖင်ဒလေကိုတော့ ပြန်လှန်မေးခွန်း တစ်ခုနှစ်ခု မေးချင်ပါတယ်''

''အယ်လင်တန်က ချက်ချင်း တုံ့ပြန်လျှောက်တင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရုံးမင်းခင်ဗျား။ ဒီ လုပ်နည်းလုပ်ဟန်ဟာ အစဉ်အလာ မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော့်မှာ တစ်ခြားနည်းမရှိတော့ တရားခံရှေ့နေကြီး ပြောတာ လက်ခံရမလို ဖြစ်နေပါပြီ"

ဤတွင် တရားသူကြီးက ကြားဝင် အဆုံးအဖြတ်ပေးလျက် မစ္စတာဖင်ဒလေ သက်သေအဖြစ် အစစ်ခံရန် စီမံခိုင်းသည်။ မစ္စတာဖင်ဒလေ သက်သေစင်မြင့်သို့ တက်ပြီးချိန်တွင်-

တရားလိုရှေ့နေကြီးက ၎င်းအနေဖြင့် တင်ပြပြီးဖြစ်သဖြင့် တရားခံရှေ့နေကြီးကသာ ပြန်လှန်မေးခွန်းများ မေးရန် အခွင့်အရေးပေးသည်။

ဤတွင် မေဆင်က စ မေး၏။

"ကျွန်တော် အခုမေးတဲ့အခါ အိမ်ငှား ဂျီစီချာလစ်လို့ သုံးရင် အဲဒါဟာ မစ္စတာချာလစ်ဆိုသူကို ရည်ညွှန်းတာ ဖြစ်ပါတယ်။ အဓိပ္ပါယ်ကတော့ ဂျီစီချာလစ်ဆိုတာ မိန်းမလား၊ ယောကျ်ားလား တရားလိုရှေ့နေကြီး ကိုယ်တိုင်က ရှင်းထားတာ မရှိပါဘူး၊ ခင်ဗျားကို မေးစဉ်တုန်းကလည်း ရှင်းရှင်းလင်းလင်း မေးခဲ့ပုံမရဘူး။ ဒါကြောင့် ကျွန်တော် ပထမဆုံးမေးချင်တဲ့ မေးခွန်းက ဂျီစီချာလစ်ဆိုတာဟာ ယောကျ်ားလား၊ မိန်းမလား"

ဖင်ဒလေက အစိုးရရှေ့နေကြီးကို လှမ်းကြည့်ပြီးမှ ဖြေသည်။

"မိန်းမတစ်ယောက် ဖြစ်ပါတယ်ခင်ဗျား"

"ဒီမိန်းမက နာမည်အပြည့်အစုံ မပေးဘူးလား"

"အတိုကောက် ဂျီစီချာလစ်လို့ပဲ ပြောပါတယ်"

"ဒီလိုမရေမရာ၊ ဒီလိုအခြေအနေနဲ့ အိမ်ငှားချထားလိုက်တာ ထူးဆန်းမနေဘူးလား"

"တကယ် ထူးခြားခဲ့ပါတယ်၊ မစ္စတာမေဆင်"

"ဒါနဲ့တောင် ခင်ဗျား ဘာကြောင့် ငှားလိုက်ပါသလဲ"

"တောတွင်းအိမ်ငယ်ရဲ့ ငှားခတန်ကြေးက တစ်လမှ ဒေါ်လာ ၃၀ လောက်ပဲရှိပါတယ်၊ သူက ဒေါ်လာ ၁၀၀ ပေးလာတော့ သိပ်ကျေနပ်ပြီး ငှားလိုက်တာပါ"

"အိမ်ငှားခ လစဉ် လက်ခံယူခဲ့ပါသလား"

"ဟုတ်ပါတယ်"





"ချက်လက်မှတ်နဲ့ ပေးပါသလား"

"မဟုတ်ပါဘူး၊ ငွေသားနဲ့ပါ"

"ဘယ်လို ပို့ပေးပါသလဲ"

"စာတိုက်က ပြန်စာ လိပ်စာကတ်နဲ့ ပို့ပေးပါတယ်၊ စာထဲမှာလည်း ဒေါ်လာ ၁၀၀ တန် တစ်ရွက်၊ ဘယ်လအတွက် အိမ်လခအဖြစ် ပို့ပေးပါတယ်လို့ပဲ ဖော်ပြထားပါတယ်"

"လခကို ကြိုပေးပါသလား"

"ဟုတ်ကဲ့"

"တစ်ရက်နေ့တိုင်း ရတာပဲလား"

"ဟုတ်ပါတယ်"

"အိမ်ငှား ဘယ်သူဆိုတာ သိနိုင်အောင် ခြေရာခံ ကြည့်ဖူးပါသလား"

"စာထဲပါတဲ့ လိပ်စာကို ကြည့်လိုက်တာလောက်ပါပဲ"

"လိပ်စာအတိုင်း တွေ့ရောလား"

"အင်း ... လိပ်စာပေးထားတဲ့နေရာက အိမ်ငှားမြေငှား ပွဲစားဌာနရဲ့ ရုံးလိပ်စာပါပဲ၊ အိမ်လခကလည်း လစဉ်မှန်မှန်လာနေတော့ ကျွန်တော်လည်း သိပ်မကြိုးစားတော့ပါဘူး။ တော်တော်ကြာ သူ့ကို နောက်ယောင်ခံတယ် ထင်သွားရင် တစ်လ ဒေါ်လာတစ်ရာ အလကားဆုံးနေအုံးမယ်လေ"

"ပထမလအတွက် ပေးတုန်းက ဒေါ်လာနှစ်ရာတောင် မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒေါ်လာ ၁၀၀ တန် နှစ်ရွက်ပါ။ ပထမဆုံးလ အတွက်နဲ့ နောက်ဆုံးလအတွက် ကြိုပေးထားတာလေ၊ စက်တင်ဘာက စ ငှားတာပဲ"

"နောက်ဆုံးလ ဘယ်လလို့ အတည်အလင်း ပြောသလား ပါသလား"

"စက်တင်ဘာလအတွက်ရယ်၊ နောက်ဆုံးလအတွက်ရယ်လို့ပဲ ပါပါတယ်"

"ဒီတော့ မနှစ်က စက်တင်ဘာလမှာ စ ငှားလိုက်တယ်ပေါ့"

"မနှစ်က မဟုတ်ဘူး၊ တမြန်နှစ်ကပါ"

"အလို ... ဒါဆို အိမ်ငှားချထားတာ၊ တစ်နှစ်ကျော်ရှိပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"ဒါကတော့ မိန်းမလက်ရေးပဲလား"

"ဟုတ်ပါတယ်"

"ပြေစာကော ခင်ဗျားက ပြန်ပို့ပေးပါသလား"

"ပထမ နှစ်လတော့ ပို့ပေးပါသေးတယ်၊ နောက်တော့ အလကား တံဆိပ်ခေါင်းကုန်ပါတယ်၊ ပြေစာ ပြန်ပို့မပေးပါနဲ့တော့၊ ယုံပါတယ်လို့ ကျွန်တော့ဆီ ဖုန်းဆက်တယ်၊ ဒါနဲ့ မပို့တော့ပါဘူး"

"ဖုန်းနဲ့ပြောတယ်လား"

"ဟုတ်ပါတယ်"

"ဖုန်းထဲကအသံဟာ အဝေးကြီးက ပြောနေတဲ့အသံလား၊ အနီးအနားကလား၊ ဘယ်လို သတိထားမိခဲ့ပါသလဲ"

"အနီးအနားကပဲလို့ ယူဆရပါတယ်"

"ဒီလိုဆိုတော့ အခြေအနေ တစ်ရပ်လုံးက လျှို့ဝှက်သဘောကို ဆောင်နေပါတယ်၊ ခင်ဗျားကော အဲဒီလို မတွေးမိခဲ့ဘူးလား"

"ဟုတ်ကဲ့၊ တွေးခဲ့ဘူးပါတယ်"

"ဒါပေမယ့် ရှင်းအောင် မကြိုးစားခဲ့ဘူး မဟုတ်လား"

ဖင်ဒလေက ပြုံးပြီးပြောသည်။

"အင်း . . . အိမ်လခ တန်ကြေးအမှန်က ဒေါ်လာ-၂၀ ဆိုတော့ တစ်လဒေါ်လာ ၈၀ လောက် အလကားရနေတာပဲ၊ ဘာလုပ်စရာလိုသလဲဗျာ"

"ဒါနဲ့ မစ္စတာဖင်ဒလေ၊ အိမ်ငှားဆီက လာတဲ့စာတွေ အခု ရုံးကို ယူလာပါသလား၊ ယူလာရင် တင်ပြပါသလား၊ သက်သေခံအဖြစ် တင်ချင်လို့ပါ"

အစိုးရရှေ့နေကြီးက မကန့်ကွက်လိုကြောင်း ပြောသဖြင့် ဖင်ဒလေက ရုံးတော်သို့ တင်ပြလိုက်၏။

အချိန်ရသလောက် ကလေးဦပင် မေဆင်က ဒရိတ်ကို ကစ်ပြောလိုက်၏။

"ပေါလ် . . . ၊ မင်း လက်ရေး လက်နှိပ်စက် ပါရဂူကို ဒီအနားခေါ်ထားစမ်းကွာ၊ ပြီးတော့ သေသေချာချာ ကြည့်ခိုင်း၊ ခုစာဟာ တို့ရုံးကိုလာတဲ့စာနဲ့ လက်နှိပ်စက်ချင်း အတူတူပဲလားလို့"





ဒရိတ်ကို ပြောပြီးပြီးချင်း မေဆင်က မေးခွန်းဆက်မေး၏။

"ခု ဒီအမှုမှာ ခုခံဖြေရှင်းနေရသူ ဂလက်ဒီကို သိပါသလား၊ ဂလက်ဒီ စကားပြောသံကိုကော နားထောင်ဖူးပါသလား"

သက်သေက ခေတ္တ တုံ့ဆိုင်းဆိုင်း ဖြစ်သွားပြီးမှဖြေသည်။

"ဟုတ်ကဲ့"

"ရဲအဖွဲ့က စီစဉ်ပေးတာ မဟုတ်လား"

"ဟုတ်ပါတယ်"

"ဂလက်ဒီရဲအသံဟာ အိမ်ငှားတဲ့ အမျိုးသမီးရဲ့ ဖုန်းထဲကအသံနဲ့ အတူတူပဲလား"

"မတူဘူးထင်ပါတယ်"

"ဒီလောက်မေးရရင် တော်ပါပြီ၊ ခုအချိန်မှာ နောက်ထပ်မေးဖို့ မရှိသေးပါဘူး၊ ဒါပေမယ့် ရုံးတော်ကိုတော့ ကြိုပြီးလျှောက်ထားပါရစေခင်ဗျာ၊ ဖင်ဒလေရဲ့မှတ်ဉာဏ် ပြန်လည်စမ်းသပ်ဖို့ နောက်ထပ် ကျွန်တော် ထပ်ခေါ်လိုပါသေးတယ်၊ မိန်းမအသံနဲ့ ပတ်သက်လို့ပါ၊ ဒါကြောင့် ဒီအမှု စစ်ဆေးနေဆဲကလေးမှာ တရားခွင်မှာ ရှိနေစေချင်ပါတယ်၊ ဒီမှာသက်သေခံတဲ့ မိန်းမတွေထဲက ဘယ်သူ့အသံဟာ အိမ်ငှားကိစ္စ ဖုန်းထဲကပြောတဲ့အသံလဲ သိနိုင်အောင်ပါ၊ အဲဒါ ဖြစ်နိုင်ပါ့မလား၊ ဒီမိန်းမအသံ ဟုတ်တယ်လို့ ကြားရရှိနိုင် ကျုပ်ကို လက်တို့ပြောပါ"

အစိုးရရှေ့နေက ထိုကိစ္စကို ကန့်ကွက်၏။

မေဆင်က ချက်ချင်း ရှင်းလင်းသည်။

"ဟုတ်ကဲ့၊ ကန့်ကွက်မယ်ဆို ကန့်ကွက်ထိုက်ပါတယ်၊ ဒါဟာ မပတ်သက်တဲ့ မေးခွန်းလို့ ဆိုနိုင်ပါတယ်၊ ဒါပေမယ့် ဒီလိုလုပ်မှ ဒီသက်သေဟာ ဘက်လိုက်သူ ဟုတ် မဟုတ် ပေါ်လာမှာဖြစ်ပါတယ်၊ ဒီလိုလုပ်ပိုင်ခွင့် ကျုပ်မှာ ရှိနေပါတယ်"

ဤနေရာတွင် တရားသူကြီးက ကြားဝင် ရှင်းလင်းရင်း မေးခွင့်ပြုလိုက်သည်။ ထို့ကြောင့် တရားလိုရှေ့နေကြီးကလည်း ကန့်ကွက်ချက်ကို ပြန်လည်ရုပ်သိမ်းသွားသည်။ ထို့ကြောင့် မေဆင်က ဆက်မေးသည်။

"စောစောက ကျုပ်ပြောသလို ကူညီနိုင်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"လိုအပ်ရင် ကူညီလိုတဲ့ဆန္ဒ ရှိပါတယ်၊ ကျွန်တော်ဟာ အလုပ်များသူတော့ ဖြစ်ပါတယ်၊ ဒါကြောင့် တရားခွင်မှာတော့ အချိန်အများကြီး မဖြုန်းလိုပါဘူး။ ဒီတော့ ကျွန်တော်ပြောချင်တာက မစ္စတာမေဆင်၊ ကျွန်တော့်ကို တရားလိုဘက်ကခေါ်ပြီး ဂလက်ဒီရဲ့စကားပြောသံကို နားထောင်စေခဲ့ ..."

ဖင်ဒလေ၏ စကားမဆုံးမီ တရားလိုရှေ့နေကြီးက ကြားဖြတ်ဝင်ပြောသည်။

"ရှုံးမင်းခင်ဗျား၊ သက်သေဟာ မေးမြန်းတာကိုသာ ဖြေပါလို့ အမိန့်ထုတ်ပေးပါခင်ဗျား၊ သူ့ဘာသာ သူ့ဆန္ဒအတိုင်း ပြောမပြရပါဘူးလို့လည်း ညွှန်ကြားပေးပါခင်ဗျား"

တရားသူကြီးက တရားလိုရှေ့နေ၏ တင်ပြချက်ကို လက်ခံကြောင်း ဆုံးဖြတ်ပေး၏။

ဤတွင် မေဆင်က ပြုံးရင်း ပြောသည်။

"ဟုတ်ကဲ့ ရှုံးမင်းခင်ဗျား၊ ကျွန်တော် ဆက်မေးပါ့မယ်၊ ကဲ ... မစ္စတာဖင်ဒလေ၊ ခင်ဗျား ဂလက်ဒီရဲ့စကားပြောသံကို နားထောင်ခဲ့တာက တို့ အိမ်ငှားတဲ့ကိစ္စ ဖုန်းထဲက ပြောလာတဲ့ မိန်းမအသံ ဟုတ်မဟုတ် သိရအောင်မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျ"

"တစ်ခြား မိန်းမတွေအသံကိုကော နားထောင်ခဲ့သေးလား"

"ဟုတ်ကဲ့"

"အတော်များများလား"

"ဟုတ်ကဲ့"

"ဘယ်သူတွေပါလဲ"

"မစ္စက်ဂျိုးဇက်မင်းလေးရဲ့အသံပါ"

"ပြီးတော့ကော"

"စာရေးဆရာမ မိ ရဲ့ အသံပါ"

"ဒီတော့ ခင်ဗျား မှတ်မိလား"

"ဒါ ... အတိအကျ ကျွန်တော် မပြောနိုင် ဖြစ်ခဲ့ရပါတယ်"





"အတိအကျ မပြောနိုင်ပေမယ့် ဆင်ဆင်တူတာတော့ ပြောနိုင်မှာပေါ့"

"ဟုတ်ကဲ့ ... ဒါတော့ ပြောနိုင်ပါတယ်"

"ဒါဆို ... ဘယ်သူ့အသံနဲ့ တူသလဲဗျ"

"စာရေးဆရာမ မိ ရဲ့ အသံနဲ့ တူပါတယ်၊ အတိအကျတော့ မပြောရဲပါဘူးခင်ဗျာ"

"ကျေးဇူးတင်ပါတယ်၊ တော်ပါပြီ"

မေဆင်က အစိုးရရှေ့နေကြီးဘက် တစ်ဆက်တည်း လှည့်ပြောလိုက်ပြန်၏။

"နောက်သက်သေ ခေါ်နိုင်ပါပြီခင်ဗျား"

အယ်လင်တန်က မစ္စက်မင်းလေးကို သက်သေခံရန် ခေါ်ခိုင်းလိုက်၏။ ကျမ်းကျိန်ပြီးချိန် တရားလို ရှေ့နေကြီးက စ မေး၏။

"ကွယ်လွန်သူ မစ္စတာ ဂျိုးဇက်အိပ်မင်းလေးရဲ့ ဇနီး ဟုတ်တယ်နော်"

"ဟုတ်ပါတယ်ရှင်"

"ခင်ပွန်း ကွယ်လွန်သွားပြီပေါ့"

"ဟုတ်ပါတယ်"

"မသေခင် ဘယ်တုန်းက နောက်ဆုံးအဖြစ် တွေ့လိုက်ရပါသလဲ"

"ဒီလ လေးရက်နေ့ ထင်ပါတယ်"

"ကွယ်လွန်သွားတော့ကော အလောင်း တွေ့လိုက်ရပါသလား"

"ဟုတ်ကဲ့"

"အဲဒါ ဘယ်နေ့ပါလဲ"

"နောက်တစ်နေ့ဖြစ်တဲ့ အင်္ဂါနေ့ပါ"

"ဘယ်အချိန် တွေ့ရတာလဲ"

"မနက်ဖက်"

"မစ္စတာမင်းလေး ဟုတ်မှန်ကြောင်း ခင်ဗျား သက်သေခံတယ်ပေါ့"

"ဟုတ်ပါတယ်"

"ကျွပ် ... ဓာတ်ပုံပြရင် မှန်ကန်ကြောင်း ပြောနိုင်ပါ့မလား"

"ဟုတ်ကဲ့"

အစိုးရရှေ့နေက ဓာတ်ပုံထုတ်ပြရာ သူ့ယောက်ျားအလောင်း ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



မှန်ကြောင်း အစစ်ခံ၏။ ထို့ကြောင့် ထိုဓာတ်ပုံကို သက်သေခံမှတ်ပုံတင်အဖြစ် လက်ခံရန် ရုံးတော်တင်လိုက်သည်။ မေဆင်ကလည်း မကန့်ကွက်ကြောင်း လျှောက်လိုက်၏။ ထို့ကြောင့် တရားသူကြီးက လက်ခံလိုက်၏။

"ကဲ ... မစ္စတာမေဆင်၊ မေးနိုင်ပါပြီ"

မေးခွင့်ပြုသဖြင့် မေဆင်က ပြန်လှန်မေးခွန်းများ စ မေးသည်။

"ခင်ဗျား ကျွန်တော့်ကိုပြောတော့ ခင်ဗျားရဲ့ ခင်ပွန်းဟာ အာရီဇိုးနားပြည်နယ်က တပ်ကဆန်မြို့မှာဆို"

"ဟုတ်ပါတယ်ရှင်"

"တပ်ကဆန်မှာ သူမရှိဘူးဆိုတာ ခင်ဗျား သိခဲ့ပါသလား"

"ဟုတ်ကဲ့၊ ကျွန်မ ရှင့်ကိုပြောတုန်းက အဲဒီလိုပဲ အထင်ရှိခဲ့ပါတယ်"

"တစ်ခြားနေရာရောက်နေမယ်လို့ ခင်ဗျားမသိနိုင်ဘူးပေါ့"

"ဟုတ်ကဲ့"

"တပ်ကဆန်မြို့မှာ မဟုတ်ဘဲ ခင်ဗျားအိမ်နဲ့ မနီးမဝေး ဟို ... တောင်းအိမ်ငယ်မှာ ရှိနေတယ်လို့ ခင်ဗျားတစ်နည်းနည်းများ သိခဲ့ပါသလား။ သတင်းရခဲ့ပါသလား"

"သူ ဘယ်မှာ ဘာလုပ်နေမှန်းကို ကျွန်မ မသိပါဘူး၊ အဲဒီတောင်းအိမ်ငယ်ကို ဘာကြောင့် သူရောက်နေသလဲလို့ ကျွန်မ မသိပါဘူးရှင်"

မမေးလိုတော့ကြောင်း မေဆင်က ပြောသဖြင့် တရားလိုရှေ့နေက နောက်သက်သေတစ်ယောက် တင်၏။ ထိုသက်သေမှာ ရင်ခွဲရုံ ဆရာဝန် ဒေါက်တာ ဆင်မြူယယ်ဖြစ်၏။ ကျမ်းကျိန်ပြီးချိန် အစိုးရရှေ့နေက စ မေး၏။

"မစ္စတာမင်းလေး ဘယ်နည်းနဲ့ သေဆုံးခဲ့ရပါသလဲ"

"သေနတ်ဒဏ်ရာကြောင့် သေခဲ့ရတာ ဖြစ်ပါတယ်"

"ဘယ်လိုသေနတ် အမျိုးအစားပါလဲ"

"ပွိုင့် ၂၂ ရိုင်ဖယ်သေနတ်ရှည်ပါ"

"ဒဏ်ရာက ဘယ်နေရာမှာလဲ"

"ဗယ်ဘက်နဖူးကို မှန်တာပါ၊ သွေးနည်းနည်းထွက်တယ်၊ ပွဲချင်းပြီး ချက်ချင်းသေတယ်လို့ ယူဆရပါတယ်"

"သေဆုံးချိန်ကို ဘယ်လိုခန့်မှန်းပါသလဲ"





"ခွဲစိတ်တွေ့ရှိချက်များအရ အဲဒီနေ့ ညစာ ထမင်းစားပြီး တစ်နာရီအတွင်း သေဆုံးတာပါ"

"ညစာ ဘယ်အချိန်စားတယ်လို့ ခန့်မှန်းနိုင်ပါလား"

"ဒါတော့ မသိနိုင်ပါဘူးခင်ဗျာ"

"အလောင်းရဲ့ ကိုယ်ငွေ့နဲ့ အနေအထားအကြောင်း ပြောစရာများ ရှိပါသလား"

"ကိုယ်ငွေ့ တိုင်းကြည့်ပါတယ်၊ အစာစားပြီးတစ်နာရီအတွင်း သေသွားတာလို့ပဲ သိနိုင်ပါတယ်"

"ကဲ ... တရားခံရှေ့နေကြီး ပြန်လှန်မေးခွန်း မေးနိုင်ပါပြီ"

မေဆင်လည်း အခွင့်ရရချင်း စမေးသည်။

"သေဆုံးချိန် အတိအကျ မှန်းဆပြီး ပြောနိုင်လိမ့်မယ်လို့ ဒေါက်တာ ထင်ပါသလား"

"ဟုတ်ကဲ့၊ ပြောနိုင်ပါတယ်"

"ဒီလိုဆို ဘယ်အချိန်လောက် ဖြစ်မလဲ"

ဤတွင် တရားလိုရှေ့နေကြီးက မေးပြီးဖြေပြီး အကြောင်းအရာဖြစ်၍ ဖြေဖို့မလိုတော့ကြောင်း ကန့်ကွက်ရာမှ အချေအတင် ဖြစ်ကြသည်။ မေဆင်ကလည်း တရားလိုရှေ့နေကြီးသည် သက်သေ၏ အကူအညီကို ဝင်ဖျက်နေကြောင်း ချေပပြောဆိုသည်။ ထို့ကြောင့် တရားသူကြီးက ကြားဝင်ရသည်။

"ရှေ့နေကြီးတို့ ပုဂ္ဂိုလ်ရေးတွေ မပါကြပါစေနဲ့၊ ကဲ ... ဖြေနိုင်ရင် ဖြေပါ ဒေါက်တာ"

ဒေါက်တာ ဆင်မြူယယ်က ဖြေ၏။

"အထောက်အထားတော့ မပြနိုင်ဘူးပေါ့"

"ကိစ္စမရှိပါဘူး။ သေဆုံးချိန် သိရရင် တော်ပါပြီ"

မေဆင်၏ စကားကြောင့် အစိုးရရှေ့နေကြီးက ဝင်၍ကန့်ကွက်ပြန်သည်။ သို့သော် တရားသူကြီးက မေးခွင့်ပြုလိုက်၏။

"ဟုတ်ကဲ့၊ မင်းလေး သေဆုံးချိန်ဟာ မနက် အာရုံတက် ၃ နာရီလောက်မှာပါ"

"တော်ပါပြီ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



မေဆင်မေးပြီးသည်ဆိုလျှင် အယ်လင်တန်က နောက်ထပ် သက်သေ တစ်ဦး တင်ပြန်၏။

"ကျွန်တော့် နောက်ထပ် သက်သေကတော့ ဒေါ်ရော်သီဆဲလ်မာ ဖြစ်ပါတယ်"

ဒေါ်ရော်သီ ကျမ်းကျိန်ရန် လျှောက်လာရာတွင် ကိုယ်ဟန်အမူအရာ ကြကြံ့ရွရွ တစ်ကိုယ်လုံးအလှကို ဖော်လိုဟန်ဖြင့် လှမ်းလာ၏။ ကျမ်းကျိန်ပြီး လျှင်ပြီးချင်း အယ်လင်တန်က စမေးသည်။

"အလုပ်အကိုင် အမိန့်ရှိပါ ဒေါ်ရော်သီ"

"ညလုံးပေါက် ထမင်းဆိုင်မှာ အလုပ်လုပ်ပါတယ်"

"ကျွန်တော် မင်းလေးရဲ့ ဓာတ်ပုံတစ်ခုကို ပြပါ့မယ်၊ အဲဒီလူကို အရင်က မြင်ဖူး မမြင်ဖူး ဖြေကြည့်ပါ"

ပြလာသော ဓာတ်ပုံကို ကြည့်ပြီး ဒေါ်ရော်သီ ဖြေသည်။

"ဟုတ်ကဲ့၊ ကျွန်မ မြင်ဖူးပါတယ်"

"ဘယ်မှာ မြင်ဖူးတာပါလဲ"

"လဆန်း ၉ ရက်နေ့ မနက်စောစောပိုင်းက တနင်္လာနေ့ ဆိုပါ တော့၊ နှစ်နာရီလောက် ကျွန်မအလုပ်လုပ်တဲ့ ညလုံးပေါက် ထမင်းဆိုင်ကို ကားနဲ့ ရောက်လာပါတယ်"

" နောက် ဆက်ပါအုံး"

"ကျွန်မပဲ သူမှာတဲ့ စားစရာတွေ ပို့ပေးပါတယ်"

"သူက မှာတာလား"

"ဟုတ်ပါတယ်"

"ဘာတွေ မှာစားပါသလဲ"

"ဆင်းဒဝစ်အသားညှပ်မုန့်နဲ့ အာလူးကြော်ပါ၊ ခရမ်းချဉ်သော့ လည်း ပါပါတယ်"

"ဒီအတိုင်း မှာတာပဲလား"

"မှန်ပါတယ်"

"နောက်တော့ကော"

"ကျသင့်ငွေရှင်းတယ်၊ ဆုပေးတယ်၊ ပြီးတော့ ပြန်သွားတာပါပဲ"





"ဘာကားနဲ့ လာပါသလဲ၊ မှတ်မိသလား"

"ဟုတ်ကဲ့၊ ဂျစ်စတေရှင်ဝက်ဂွန်းကားနဲ့ပါ"

"ဓာတ်ပုံထဲက လူဟာ ခု ခင်ဗျားပြောတဲ့လူလို့ သေချာတယ်နော်၊ ဘယ်လိုလုပ်သိသလဲ"

"ကျွန်မ သူ့ကို သိနေတာပါရှင့်"

"လာနေကျ ဖောက်သည်လား"

"ဟုတ်ပါတယ်"

"ဘယ်နှစ်ခါလောက် သူ့ကို တွေ့ဖူးပါသလဲ"

"မမှတ်မိတော့ပါဘူး၊ တစ်ခါတလေ ၂ ရက် ၃ ရက် ဆက်လာပါတယ်၊ နောက် ၁၀ ရက်လောက် ပျောက်သွားတယ်၊ နောက်တစ်ခါ ပြန်ပေါ်လာ ပါတယ်"

"စကားတွေ ဘာတွေကော သူနဲ့ ပြောဖူးလောက်အောင် ရင်းနှီး သလား"

"ဩော် ... ဖောက်သည်ဆိုတော့ ဘောက်ဆူးလည်းရတယ် မဟုတ်လား၊ ဒီလောက်အထိတော့ ရင်းနှီးလာတယ်ပေါ့"

"သူ့နာမည်ကိုကော ခင်ဗျားသိသလား"

"ကျွန်မတို့ကတော့ ဂျိုးလို့ပဲ အတိုကောက် တရင်းတနှီး ခေါ်ကြ ပါတယ်၊ ကျွန်မတို့ကလည်း နာမည်အတိုကောက်ကလေးတွေ ရင်ဘတ်မှာ ဒီနေရာမှာ ချိတ်ထားပါတယ်"

ဒေါ်ရော်သီက ဗယ်ဘက်ရင်ဘတ်ပေါ် လက်ထောက်ပြသဖြင့် တရား သူကြီးကပင် "သိပါပြီ၊ သိပါပြီ၊" ဟု ပြုံးပြီးပြောလာရသည်၊ ဒေါ်ရော်သီသည် ထိုအမူအရာအတိုင်း ခေတ္တ ဟန်ပေးနေပြီးမှ ပြောသည်။

"မေးခွန်းတွေ ကုန်ပါပြီလားရှင်"

"ဒီဓာတ်ပုံထဲကလူကို သူ ဘယ်လိုအလုပ်အကိုင်မျိုး လုပ်တယ်၊ ဘာညာအထိ တရင်းတနှီး စကားပြော မေးမြန်းဖူးပါသလား"

"ဒါတော့ ကျွန်မလည်း မမေးမိပါဘူးရှင်"

"ခင်ဗျား အလုပ်ချိန်က ဘယ်အချိန်လဲ"

" ည ၁၂ နာရီ အလုပ်ဝင်ပြီး မနက် ၈ နာရီ ပြန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ချိန်အလှည့်အပြောင်း ရသေးသလား"

"ပြောင်းချင်ရင် ရပါတယ်၊ ဒါပေမယ့် ည ၁၂ နာရီဝင်၊ မနက် ၈ နာရီထွက် အပိုင်းကို ကျွန်မ ပိုကြိုက်တယ်"

"ကဲ... မစွတာမေဆင် ဆက်မေးပါတော့"

အစိုးရရှေ့နေကြီး အလှည့်ပြီးသွား၍ မေဆင်က ပြန်လှန်မေးခွန်း ဆက်မေးသည်။

"ဒေါ်ရော်သီ၊ ခင်ဗျား အဲဒီ ဓါတ်ပုံထဲက လူ့ရဲ့ နာမည်အပြည့်အစုံ ကို သိပါသလား"

"ကျွန်မ မသိပါဘူးရှင်"

"သူ့ကားရဲ့ ထူးခြားမှုကိုရော သတိထားမိတာ ရှိပါသလား။ နောက်တစ်တွေ့ရင် မှတ်မိလောက်တဲ့ ထူးခြားချက်ကို ပြောနိုင်ပါသလား"

"ဟုတ်ကဲ့ မှတ်မိပါတယ်။ လိုက်စင်ရဲ့ ပထမ စာသုံးလုံး (အင်အက်ဖ်အီး) ဆိုတာကို မှတ်မိနေပါတယ်။ ရှေ့ဘီးနောက်ဘီးမောင်းလို့ ရတဲ့ ဂျစ်စတေရှင်ဝက်ဂွန်း ကားမျိုးပါ။ ရှေ့ ဗယ်ဘက်မှာ နည်းနည်းချိုင့် နေတယ်၊ ဆလင်ဒါခြောက်လုံးကားပဲ"

"ကားနံပါတ်ကိုရော မမှတ်မိဘူးလား"

"ဟုတ်ကဲ့၊ လိုရမယ်ရ ရေးမှတ်ထားလေ့ရှိပါတယ်။ တစ်နေ့ ဒီလို ရေးမှတ်နေတာ တွေ့လို့တောင် သူက မသင်္ကာဖြစ်သွားသေးတယ်၊ ဘာလုပ်ဖို့ မှတ်တာလဲလို့လည်း မေးတယ်၊ ဖောက်သည်တွေရဲ့ကားကို မှတ်မိအောင် မှတ်တာပါလို့ ဖြေခဲ့ပါတယ်၊ နံပါတ်ရှေ့စာလုံးကိုစွ ရယ်စရာတောင် နောက်မိ ပါသေးတယ်"

"လာတိုင်း ဒီကားတစ်မျိုးတည်းနဲ့ပဲလား"

"ဟုတ်ကဲ့၊ ကျွန်မနဲ့ တွေ့တဲ့ အခါတိုင်းတော့ ဒီကားတစ်မျိုးပဲသုံးတာ တွေ့ရပါတယ်"

"ဟို တနင်္ဂနွေနေ့ည၊ အဲလေ တနင်္လာနေ့မနက်ဆိုပါတော့ အဲဒီညက သူလာတဲ့အကြောင်း မှတ်မိသလား"

"ဟုတ်ကဲ့ မှတ်မိပါတယ်၊ နှစ်နာရီမထိုးခင် လေး ငါးမိနစ်အလိုမှာ ပြန်သွားတယ်"





"ဘာကြောင့် အတိအကျ မှတ်မိနေတာလဲ"

"ဪ... ညက ပွဲကပြတဲ့ လူတစ်ယောက် ညတိုင်း နှစ်နာရီမှာ ကော်ဖီနဲ့ ဆင်းဒဝစ် လာလာစားတတ်တာ ရှိတယ်၊ အဲဒီညက သူမလာခင် ကလေး ဂျီးပြန်သွားလို့ ကျွန်မ အတိအကျ မှတ်မိနေတာပါပဲ"

"ဟုတ်ကဲ့ မေးခွန်း မေးပြီးပါပြီ။ ကျေးဇူးတင်ပါတယ်"

ဤတွင် အစိုးရရှေ့နေကြီးက ရုံးတော်သို့ လျှောက်ထား၏။

"ရုံးမင်းခင်ဗျား၊ ခု ကျွန်တော် နောက်ထပ်ခေါ်မယ့် သက်သေ ကတော့ သီးသန့်သက်သေ ဖြစ်ပါတယ်၊ တရားခံရှေ့နေကြီး အနေနဲ့လည်း ဟာကွက်ရှာ မေးခွန်းတွေ မေးလိုပါလိမ့်မယ်၊ ဒါကြောင့် ကျွန်တော်လည်း အကျဉ်းမေးပါ့မယ်၊ ကျွန်တော်မေးသွားတဲ့ ဘောင်အတွင်းကပဲ တရားခံရှေ့နေကြီးကလည်း မေးစေချင်ပါတယ်၊ ဘောင်ကျော်သမျှ ကျွန်တော်ကတော့ ကန့်ကွက်ရပါမယ်"

မေဆင်က ပြုံးလျက် ချက်ချင်း ထ တုံ့ပြန်၏။

"ဘယ့်နှယ် တရားလိုရှေ့နေကြီး။ ကျွန်တော်က ဟာကွက်ရှာ မေးခွန်းတွေ မေးတဲ့ထိ စောင့်ပြီးမှ ကန့်ကွက်ရောပေါ့ဗျာ၊ ခုတော့ ကြိုကြို တင်တင်ကြီးတောင် ဘောင်ခတ်နေပါကလား"

တရားသူကြီးလည်း ပြုံးပြီး ပြောလာ၏။

"ဟုတ်ပါတယ်၊ တရားခံရှေ့နေကြီးပြောတာ နည်းလမ်းကျပါတယ်၊ ဒါပေမယ့် တရားလိုရှေ့နေကြီး ရည်ရွယ်ချက်ကိုလည်း ရုံးတော်ကတော့ မှတ်သားထားပါ့မယ်"

"ဟုတ်ကဲ့ခင်ဗျား၊ ကျွန်တော် အခု သက်သေဖြစ်သူ စာရေးဆရာမ မိ ကို ခေါ်ယူပါတယ်၊ မိ ကြွပါ ခင်ဗျား"

မိသည် နောက်တော်ပါ ကိုယ်ရံတော် ဂျူ ခြံရံလျက် သက်သေစင်မြင့် သို့ လျှောက်လာ၏။

ထို့ကြောင့် အယ်လင်တန်က ဂျူ ကို လှမ်းပြောရသည်။

"မစ္စတာဂျူ၊ ခင်ဗျား တရားခွင်ထဲအထိ ဝင်ခွင့်မရှိပါဘူး၊ တိုင်တက် ခုံတန်းမှာ ထိုင်စောင့်ပါ"

ဂျူက အယ်လင်တန်ကို လှမ်းကြည့်ပြီးမှ ရှေ့ဆုံးခုံတန်း တောင့်ခွန်း



www.burmeseclassic.com

www.burmeseclassic.com



နေရာတစ်ခုတွင် အသင့်အနေအထားဖြင့် ထိုင်ချလိုက်၏။

အယ်လင်တန်ကပင် စမေးသည်။

"ခင်ဗျား နာမည်က စာရေးဆရာမ မိုဗီနိုင်း မီ နော်၊ ခု နောက်ဆုံး ထွက်နေတဲ့ 'ယောကျ်ားသားဆို နုပ်နုပ်စဉ်းပစ်' စာအုပ်က ခင်ဗျား ရေးတာ နော်"

"ဟုတ်ပါတယ်ရှင်"

"ခု တရားခံအဖြစ် တင်ပြခံနေရတဲ့ ဂလက်ဒီနဲ့ ရင်းနှီးတယ် မဟုတ်လား"

"ဟုတ်ကဲ့"

"ခင်ဗျားဆီမှာ သူ အလုပ်လုပ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ အတွင်းရေးမှူးအဖြစ်ပါ"

"ခုလ ခြောက်ရက် သောကြာနေ့ကို ပြန်စဉ်းစားကြည့်စမ်းပါ၊ မှတ်မိပါသလား"

"ဟုတ်ကဲ့"

"ကျွန်တော် မေးခွန်းမေးပါ့မယ်၊ မေးတာကိုပဲ ပြောစေချင်ပါတယ်၊ အဲဒီနေ့က ရုံးပိတ်ရက်အတွင်း ဂလက်ဒီဆောင်ရွက်ရမယ့် လုပ်ငန်းတာဝန် အကြောင်း ခင်ဗျား ဂလက်ဒီနဲ့ စကားပြောခဲ့ပါသလား"

"ဟုတ်ကဲ့"

"ခင်ဗျား သူ့ကို လုပ်ငန်းကိစ္စသုံးဖို့ ကားပေးလိုက်သလား"

"ဟုတ်ကဲ့"

"လုပ်ငန်းတာဝန်ကိစ္စကိုကော အတိအကျ ပေးအပ်ခဲ့ပါသလား"

"ဟုတ်ကဲ့"

"ဘာတာဝန်မျိုးပါလဲ"

"တောင်ထိပ်ဟိုတယ်ကိုသွားပြီး အက်ဂါဆိုတဲ့ စာရေးဆရာနဲ့ တွေ့ဖို့ပါ၊ ဒီကိစ္စမှာ ကျွန်မ နားလည်ထားတာက"

"နားလည်ထားတာတွေ၊ ဘာတွေ မပြောပါနဲ့၊ သူ့ကို ခင်ဗျား ဘာတွေ မှာလိုက်သလဲ"

"ဟုတ်ကဲ့. . . အဲဒါ ကျွန်မ ပြောမလို့ပါရှင်၊ အက်ဂါဟာ အမေရိကန်





ရုပ်ရှင်လုပ်ငန်းတစ်ခုရဲ့ ကြော်ငြာဌာနကပဲလို့ မှာလိုက်ပါတယ်"

"ဟုတ်ပါပြီ . . . မေးတာပဲဖြေပါ၊ ဂလက်ဒီ ဘယ်နေ့ ဘယ်လို ခင်ဗျားအိမ် ပြန်လာရမယ်လို့ကော ခင်ဗျား မှာလိုက်သလား"

"ဟုတ်ကဲ့"

"ဒါနဲ့ ဘယ်လိုမှာလိုက်ကြောင်း ရုံးတော်ကသိအောင် ပြောပြပါလား"

"အပြန် တောင်ဆင်းဖြတ်လမ်းက ပြန်ခဲ့ဖို့ လမ်းညွှန်ချက်တောင် ပေးလိုက်ပါတယ်"

"ဒီလမ်းညွှန်ချက် ပြောပြပါအုံး"

"ဖြတ်လမ်းကအပြန် ပထမလမ်းဆုံ တွေ့မယ်၊ ညာဘက်လမ်း ကိုလိုက်၊ ဒုတိယလမ်းဆုံမှာလည်း ညာဘက်လမ်းဆုံကိုပဲလိုက် စသည်ဖြင့် အတိအကျ လမ်းညွှန်ခဲ့ပါတယ်"

"ဒါကို ဂလက်ဒီက လိုက်ပြီး ရေးမှတ်သလား"

"ဟုတ်ကဲ့. . . ၊ ရေးမှတ်ပါတယ်"

"ကဲ. . . အခု ဂလက်ဒီရဲ့ လက်ရေးတို မှတ်စုထဲက စာရွက်တစ်ခုလို့ ယူဆရတဲ့ စာတစ်ရွက်ကို ပြပါ့မယ်၊ အဲဒီထဲက လက်ရေးကို သိပါသလား"

"ဟုတ်ကဲ့ . . . ဂလက်ဒီရဲ့ လက်ရေးဖြစ်ကြောင်း ကျွန်မ မှတ်မိပါတယ်"

"ဒီမှာရေးထားတယ်၊ ဒေါ်လာ ၃၀၀ လက်ခံရရှိပါကြောင်းတဲ့၊ အဲဒါက ဘာလဲ"

"အသုံးစရိတ်အဖြစ် ကြိုတင်ထုတ်ပေးတာပါ"

"အဲဒီရုံးပိတ်ရက်လုပ်ငန်းအတွက်လား"

"ဟုတ်ပါတယ်"

"ဂလက်ဒီရဲ့ လက်ရေးတို မှတ်စုကို မြင်ရင် သိပါ့မလား"

"ဟုတ်ကဲ့. . . ၊ သိပါတယ်"

"ဖတ်ကော ဖတ်တတ်သလား"

"အပြည့်အစုံတော့ မဖတ်တတ်ပါဘူး၊ ကျွန်မ လက်ရေးလက်ရာ ဟုတ် မဟုတ် ဆိုတာလောက်တော့ ထွက်ဆို အစစ်ခံနိုင်ပါတယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ခု ကျုပ်ကိုင်ပြတဲ့ စာရွက်ကို ဘယ်မှာတွေ့ခဲ့ရတာလဲ၊ ခင်ဗျား သိသလား။ သိရင်ပြောပြပါ"

"ဂလက်ဒီကို ကျွန်မ နေရာချထားပေးတဲ့ ကျွန်မအိမ်က သူ့အခန်း အမှိုက်ခြင်းထဲကပါ"

"ခင်ဗျားကိုယ်တိုင်တွေ့လို့ ယူခဲ့တာလား"

"ဟုတ်ပါတယ်"

"အဲဒီစာရွက်ကို ခင်ဗျားဘာလုပ်သလဲ"

"ရဲအရာရှိတစ်ဦးလက်ကို အပ်လိုက်ပါတယ်"

"ဘယ် ရဲအရာရှိပါလဲ"

"ရဲမှူး ထရက်ဖြစ်ပါတယ်"

"ဟုတ်ကဲ့ တော်လောက်ပါပြီ၊ ကဲ ... မစ္စတာမေဆင်၊ ပြန်လှန် မေးခွန်း မေးပါတော့"

မေဆင်လည်း ချက်ချင်းပင် စမေးသည်။

"အဲဒီ ရုံးပိတ်ရက်လုပ်ငန်းကိစ္စ ဂလက်ဒီနဲ့ စကားပြောကြတုန်းက တစ်ခြား ဘာတွေ ပြောခဲ့ပါသေးသလဲ"

တရားလိုရှေ့နေကြီးက ကြားဖြတ်ဝင်ပြောလာ၏။

'ရုံးမင်းခင်ဗျား။ ပြန်လှန်မေးခွန်းမေးတာကို ဘောင်ကန့်ပေးစေလို ပါတယ်၊ ကျွန်တော်မေးခဲ့တဲ့ အကြောင်းအရာလောက်ထဲမှာသာ မေးစေ လိုပါတယ် ခင်ဗျား"

မေဆင်က ပြုံးပြီး ချေပ လျှောက်လဲ၏။

"တရားဥပဒေရှိနေတာက ပြန်လှန်မေးခွန်းမေးရင် အစစ်ခံချက်ထဲ မပါတဲ့ စကားပြောခန်းအကြောင်းဆိုရင် အဲဒီစကားပြောခန်းမှာ ပြောတဲ့ အပြောအဆိုအားလုံးအကြောင်း မေးပိုင်ခွင့်ရှိပါတယ်ခင်ဗျား"

"ဟုတ်ကဲ့ ရုံးမင်းခင်ဗျား၊ ကျွန်တော်လည်း တရားဥပဒေအကြောင်း နဲ့စပ်ပါတယ်၊ ဒါကြောင့် အဓိပ္ပါယ်ကောက်ယူချက်ဟာလည်း နိုင်လုံသင့်ပါတယ်၊ ဒါကြောင့် ဘောင်ကန့်မေးစေချင်ပါတယ်"

မေဆင်က ဆက်ရှင်းပြရင်း မေးသည်။

"ကျွန်တော် ဒီမေးခွန်းကိစ္စ အစက ပြန်စ မေးလိုပါတယ်၊ အဲဒီ





နေ့က ပြောကြ၊ ဆိုကြ၊ မှာကြားကြ၊ ညွှန်ကြားကြ၊ ညွှန်ကြားကြတာ အချိန် ဘယ်လောက်ကြာပါသလဲ"

"၁၅ မိနစ်၊ မိနစ် ၂၀ လောက်ပဲကြာပါတယ်"

"သွားလာမယ့်ခရီးစဉ်၊ လုပ်ရမယ့် တာဝန်အားလုံး ပြောပြခဲ့ တယ်ပေါ့"

"ဟုတ်ကဲ့"

"တစ်ခြား ဘာတွေများ ပြောခဲ့ပါသေးသလဲ"

"ဒါလောက်ပဲ ပြောခဲ့တယ်ထင်တယ်၊ ဩော် ... တစ်ခုရှိတယ်၊ အဲဒီစာရေးဆရာ အက်ဂါဟာ မြာပွေပုံရတယ်၊ ဒါကြောင့် ကြိုတင် ကာကွယ် ဖို့တော့ အသင့်ပြင်သွားပါလို့လည်း မှာလိုက်ပါတယ်၊ ယူသွားရမယ့် အဝတ် အစား၊ ယူသွားရမယ့် ကားကအစ ကျွန်မ မှာကြားလိုက်ပါတယ်"

"ဒါပဲ ပြောကြသလား"

"ဟုတ်ကဲ့၊ ကျွန်မ ဒီလောက်ပဲ မှတ်မိပါတယ်ရှင်"

"ဟို ... အပြန်မှာ ဘယ်လို ပြန်လာရမယ်ဆိုတာ မှာလိုက် သေးတယ် မဟုတ်လားဗျ"

"ဟုတ်ကဲ့၊ မှာပါတယ်"

"အပြန်လမ်းညွှန်ချက်ပေးတော့ မှတ်မိနေတဲ့အတိုင်း နှုတ်တိုက် ပြောပြလိုက်တာလား"

"ဟုတ်ပါတယ်"

"ဒါဆို နည်းနည်းပြန်မေးပါရစေ၊ အဲဒီလို ညွှန်ကြားစဉ်က ခင်ဗျား မြေပုံကြမ်းတစ်ခု စားပွဲအံဆွဲထဲမှာ ထားတယ်၊ အဲဒီမြေပုံကြမ်းကြည့်ပြီး ခင်ဗျားလမ်းညွှန်တယ်မဟုတ်လား"

"ဟုတ်ပါလိမ့်မယ်ရှင်"

"အဲဒီမြေပုံကြမ်း အခု ဘယ်မှာလဲ"

"ဒါတော့ ကျွန်မ မသိနိုင်တော့ပါဘူးရှင်၊ ဩော် ... ကျွန်မ ရဲမှူး ထရက်ကိုများ ပေးလိုက်သလား၊ ဒါလည်း မဟုတ်ဘူး၊ ရဲမှူးထရက်ကို ပေးလိုက်တာက မြေပုံကြမ်းမိတ္တူပဲ၊ ကျွန်မမှာ အဲဒီမြေပုံကြမ်း နှစ်ခုရှိတယ်"

"ဂလက်ဒီကို ညွှန်ကြားတုန်းက သုံးတဲ့ မြေပုံကြမ်းမှာ များတာ



www.burmeseclassic.com

www.burmeseclassic.com



မြေပုံကြမ်းတစ်ခုရယ် ဆိုပါတော့"

"ဟုတ်ပါတယ်"

"နှစ်ခုလုံးဟာ အတူတူပဲပေါ့"

"ဆိုပါတော့ ရှင်"

"ဒီလ ၆ ရက် သောကြာနေ့တုန်းက ခင်ဗျားလက်ထဲမှာ အဲဒီ မြေပုံကြမ်း နှစ်ခုလုံး ရှိခဲ့တယ်နော်"

"ဒါတော့ ကျွန်မ မပြောနိုင်ဘူး ထင်ပါတယ်"

တရားလိုရှေ့နေကြီးက ဤတွင် ထကန့်ကွက်သည်။

"မေးပြီးသား ဖြေပြီးသားတွေ ထပ်မေးနေလို့ ကန့်ကွက်ပါတယ်"

ထိုကန့်ကွက်ချက်ကြောင့် တရားသူကြီးက ကြားဝင်ရတော့၏။

"မစ္စတာမေဆင် မြေပုံနှစ်ခုအကြောင်း ဒီရုံးတော်က သိစေချင်တာများ အထူးရှိနေလို့ပါလား"

"ဟုတ်ပါတယ် ရုံးမင်းခင်ဗျား"

"အဲဒီ ကန့်ကွက်ချက်ကို လက်မခံပါဘူး၊ မစ္စတာမေဆင် ဆက်မေးဖို့ ခွင့်ပြုပါတယ်"

တရားလိုရှေ့နေက ချေပလျှောက်လဲပြန်၏။

"ရုံးမင်းခင်ဗျား၊ ကျွန်တော်လည်း ဒီအချက်ကို ကြားချင်နေပါတယ်၊ ဒါပေမယ့် ဒီမြေပုံကိစ္စဟာ သိပ်ကျယ်ပြန့်သွားဖို့ ရှိနေပါတယ်၊ သိပ်လည်း ပတ်သက်ဖို့ မရှိပါဘူး"

"ကိစ္စမရှိပါဘူး၊ အရေးပါတဲ့ အချက်ကြောင့် ကျယ်ပြန့်ရင်လည်း ကျယ်ပြန့်ပါစေ၊ ရုံးတော်က မေးခွင့်ပြုတယ်"

တရားသူကြီး၏ ဆုံးဖြတ်ချက်ရပြီဖြစ်၍ မေဆင်က ဆက်မေးသည်။

"အဲဒီအချိန်က မြေပုံနှစ်ခု ခင်ဗျားဆီမှာ ရှိတယ်မဟုတ်လား"

"ဒုတိယမြေပုံက နောက်မှ ရှိလာတာပါ"

"ရဲမှူးထရက်ကို ပေးလိုက်တဲ့ မြေပုံကို ပြောတာလား"

"ဟုတ်ပါတယ်ရှင်"

မေဆင်က တရားလိုရှေ့နေကြီးကို လှမ်းမေးပြန်၏။

"ရှေ့နေကြီးကော အဲဒီ မြေပုံ ရထားပြီလား"





"ဟုတ်ကဲ့၊ ရထားပါတယ်"

"ကျွန်တော် ကြည့်ပါရစေလား"

မေဆင်က ကြည့်ခွင့်တောင်းရာ အယ်လင်တန်က ခွင့်မပြုနိုင်ကြောင်း၊ ဤကိစ္စနှင့် ဤမြေပုံ သိပ်မဆိုင်လှကြောင်း၊ ဟိုတုန်းက ရှိနေသော မြေပုံလည်း မဟုတ်ကြောင်း အကြောင်းပြ၏။

မေဆင်က ဆက်မေးသည်။

"အဲဒီမြေပုံထဲက လက်ရေးဟာ မိရဲ့ လက်ရေး မဟုတ်လား ရှေ့နေကြီး"

အယ်လင်တန် ချက်ချင်းတုန့်ပြန်လိုက်၏။

"ကျုပ်ကို မေးခွန်းမထုတ်ပါနဲ့လေ၊ သက်သေအဖြစ် ခေါ်ချင်ရင် ကျုပ်တင်ပြပြီးတဲ့အထိ စောင့်ပါ၊ ဒီတော့မှ ပြောသင့်ရင် အဲဒီမေးခွန်းကို ဖြေပါ့မယ်"

ဤတွင် တရားသူကြီးက ကြားဝင်ရပြန်သည်။

"ရှေ့နေကြီးတို့ ပုဂ္ဂိုလ်ရေးတွေ ရှောင်ကြစေချင်ပါတယ်၊ ဒီမှာ တရားလိုရှေ့နေကြီး ခင်ဗျား အဲဒီမြေပုံကို မပြချင်တာက အကြောင်းရှိလို့လား"

"ဟုတ်ကဲ့ ရှိပါတယ် ရုံးမင်းခင်ဗျား၊ ပွင့်ပွင့်လင်းလင်း ပြောရရင် ဒီမြေပုံပေါ်အခြေပြုပြီး တရားခံရှေ့နေကြီးက ချဲ့ထွင်မေးခွန်းထုတ်မှာ ဖြစ်ပါတယ်၊ ဒီမြေပုံနဲ့ပဲ ရှုပ်ထွေးအောင်လုပ်မှာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ကန့်ကွက်ရပါမယ်၊ အမှန်ကတော့ ဂလက်ဒီကို လမ်းညွှန်ချက်ပေးစဉ်က ဒီမြေပုံဟာ ရှိကို မရှိသေးပါဘူးခင်ဗျား"

"ဘယ်လို... ဒီမြေပုံ ဟိုတုန်းက မရှိသေးဘူး ဟုတ်လား"

တရားသူကြီးကပင် ပြန်မေး၏။

"မှန်ပါတယ် ရုံးမင်းခင်ဗျား၊ ဒီသက်သေဟာ မူရင်းမြေပုံကြမ်း ရှာမတွေ့လို့ ရဲမှူးထရက်အတွက် ဒီမြေပုံကြမ်း ကိုယ်တိုင် ပြန်ဆွဲခဲ့တာပါ၊ ရုံးတော်ကို အမှန်အတိုင်း လျှောက်တင်ရရင် မိ မရှိတုန်း မိ အခန်း မွှေနှောက်ခံရလို့ မူရင်းမြေပုံပါ ပျောက်သွားပါသတဲ့၊ ထရက်က ဒီမြေပုံကြမ်းအကြောင်း မေးရတာလည်း အဲဒီနေ့က မေဆင်ပါ မိအခန်းထဲမှာ ထရက်နဲ့ အတူရှိနေတယ်၊ မေဆင်က ဒီမြေပုံအကြောင်းမေးတယ်၊ ဒါကြောင့် ထရက်လည်း မြေပုံ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း မေးခဲ့ရတာပါပဲ၊ ဒီမြေပုံဟာ မမှားဘူးလို့ ကျွန်တော် သိထားပါတယ်"

တရားသူကြီးက ဆက်မေးပြန်၏။

"ဒီမြေပုံအကြောင်း ကျုပ်လည်း စိတ်ဝင်စားတယ်၊ ဒီမြေပုံဟာ ဓိ လက်ထဲမှာ ရှိနေတဲ့မြေပုံဖြစ်တယ်၊ ပြီးတော့ တောတွင်းအိမ်ငယ်ရယ်၊ အိမ်ငယ်ဆီသွားရာလမ်းရယ်၊ ဒါတွေပါနေတယ် မဟုတ်လား"

ဤတွင် အယ်လင်တန်က ဝင်လျှောက်လေ၏။

"ရုံးမင်းခင်ဗျား၊ ဒီမြေပုံဟာ အမှုနဲ့ မပတ်သက်ပါဘူး"

မေဆင်က ကြားဝင်ပြန်သည်။

"ဒါပေမယ့် ဒီမြေပုံအကြောင်း ပြန်လှန်မေးခွန်းထုတ်ခွင့် ကျုပ်မှာ ရှိပါတယ်"

"ဒါ အမှုနဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး"

အစိုးရရှေ့နေက ဆက်တိုက် ကန့်ကွက်နေရာ မေဆင်က ထိုမေးခွန်းကို ရုပ်သိမ်းကြောင်း၊ တစ်ခြားနည်း မေးမည်ဖြစ်ကြောင်း လျှောက်ရင်း ဆက်မေးပြန်သည်။

"ဟိုတစ်ချိန်က ခင်ဗျားဆီမှာ မြေပုံတစ်ခု ရှိနေတယ်နော်"

"ဟုတ်ပါတယ်"

"အဲဒီမြေပုံ ဘယ်မှာပါလဲ"

"ဒါတော့ ကျွန်မ မသိပါ"

"မြေပုံထဲ ဘာတွေပါတယ်ဆိုတာကော မှတ်မိသလား"

"သဘောလောက်ပဲ မှတ်မိပါတော့တယ်"

"မြေပုံထဲမှာ ဘာတွေ ပြထားပါသလဲ"

"တောင်ထိပ်ဟိုတယ်ကနေ တောင်ဆင်းဖြတ်လမ်းကို ဖော်ပြထားပါတယ်"

"အဲဒီမြေပုံ အခု ဘယ်မှာလဲ"

"ကျွန်မ ပြောပြီးပြီပဲ၊ ကျွန်မ မသိပါဘူးလို့၊ အဲဒီ မူရင်းမြေပုံ ပျောက်သွားပါတယ်"

"ခင်ဗျားအခန်းထဲမှာ မရှိဘူးပေါ့"





"ဟုတ်ပါတယ်"

"ဒီမြေပုံကို ပြန်တွေ့ရင် မှတ်မိပါ့မလား"

"သိပ် မှတ်မိတာပေါ့"

"မြေပုံဟာ ခင်ဗျားလက်ရေးနဲ့နော်"

ခေတ္တတွဲဆိုင်းသွားပြီးမှ ဟုတ်ကြောင်း ဖြေသည်။

"အဲဒီမြေပုံ ဘာကြောင့် ဆွဲခဲ့တာပါလဲ"

"တောင်ဆင်း ဖြတ်လမ်းအကြောင်း တစ်ယောက်ယောက်က ပြောပြလို့ ဆွဲထားခဲ့တာပါ"

"အဲဒီဖြတ်လမ်းကို ခင်ဗျားကော ရောက်ဖူးသလား"

"ဟုတ်ကဲ့၊ မကြာခဏ အဲဒီဖြတ်လမ်းကနေ ခရီးသွားဖူးပါတယ်"

"ပထမလမ်းခွဲမှာ တောတွင်းအိမ်ငယ်ကို ကျော်သွားနိုင်အောင် လမ်းခွဲအတိုင်း လိုက်ဖူးပါသလား"

"သွားဖူးမယ်ထင်ပါတယ်၊ မကြာခဏ သွားဖူးနေတော့ သိပ်တောင် မမှတ်မိပါဘူး"

"ဟို တောတွင်း အိမ်ငယ်ထဲကော ဝင်ဖူးသလား"

အစိုးရရှေ့နေက ဝင်ကန့်ကွက်ပြန်၏။

တရားသူကြီးကလည်း ကန့်ကွက်ချက်ကို လက်ခံလိုက်ကြောင်း ပြော၏။ ဤတွင် မေဆင်က တစ်မျိုးမေးပြန်၏။

"ဒါပေမယ့် အဲဒီမြေပုံကို ပြန်တွေ့ရရင်တော့ မှတ်မိပါတယ်နော်"

"ဟုတ်ကဲ့"

"အဲဒီမြေပုံ ခင်ဗျားလက်ထဲမှာ တော်တော်ကြာကြာ ရှိနေခဲ့တယ် မဟုတ်လား"

"ဟုတ်ကဲ့၊ ကျွန်မ အလုပ်စားပွဲထဲမှာပါ"

"အဲဒီ မြေပုံနောက်ကျောမှာ ပုံကြမ်းတစ်ခု ရှိနေတာကော မှတ်မိပါသလား"

ဓိ တစ်ယောက် ကသိကအောက် ဖြစ်သွားရာမှ ခေါင်းခါပြသည်။

"ကျွန်မ မမှတ်မိပါဘူးရှင်"

"ကျုပ် ပြန်ဖော်ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



မေဆင်က ပြောပြောဆိုဆို စာတိုက်မှတဆင့် ၎င်းရထားသော မြေပုံမူကြမ်းကို အိတ်ထဲမှထုတ်လျက် မိကို ပြရင်း မေးသည်။

''ဒါ ခင်ဗျားလက်ရေး မဟုတ်လားဗျ''

မိသည် မြေပုံကို ကြည့်ရင်း မျက်နှာဖြူဖပ်ဖြူရော် ဖြစ်သွား၏။ အစိုးရရှေ့နေကြီးက သူ့ သက်သေ၏ အခြေအနေကို တွေ့လိုက်ရသည်တွင် ကတိုက်ကရိုက် အမြန်လျှောက်လာ၏။ မေဆင်ကလည်း မြေပုံကို ပြန်ခေါက်ပြီး အိတ်ထဲထည့်လျက် ဆက်မေးသည်။

''အဲဒါ ခင်ဗျားလက်ရေးတွေ မဟုတ်လား''

အယ်လင်တန်က ဝင်ပြောလာသည်။

''ရုံးမင်းခင်ဗျား၊ ဒီမြေပုံကြမ်းကို ကျွန်တော်လည်း ကြည့်ခွင့်ရှိပါတယ်၊ သိလည်း သိချင်ပါတယ်''

တရားသူကြီးက မှန်ကြောင်း ခေါင်းညိတ်ပြ၏။

မေဆင်ကလည်း အကြောင်းပြ လျှောက်လဲသည်။

''ဒီမြေပုံကို အခုအချိန်မှာ ကျွန်တော် သက်သေခံပစ္စည်းအဖြစ် တင်ပြဖို့ မရည်ရွယ်သေးပါဘူး၊ မိရဲ့ လက်ရေး ဟုတ်မဟုတ်သာ မေးတာပါ''

တရားသူကြီးက မိကို လှမ်းကြည့်လိုက်ရာ မျက်နှာပျက်နေကြောင်း တွေ့လိုက်ရ၏၊ သို့ဖြင့် တရားသူကြီးက မြေပုံကိစ္စ အဆုံးအဖြတ် ပေးလာသည်။

''တရားခံရှေ့နေကြီး သက်သေကိုပြတဲ့ မြေပုံကို တရားလိုရှေ့နေကြီးလည်း ကြည့်ခွင့်ရှိပါတယ်''

မေဆင်က ပြုံးပြီးဖြေ၏။

''ကောင်းပါပြီခင်ဗျာ၊ ဒါဆိုရင် အဲဒီမေးခွန်းကို ကျွန်တော်ရုတ်သိမ်းပါတယ်''

''ဒါပေမယ့် ကျွန်တော်ကတော့ ဒီမြေပုံကို ကြည့်ချင်ပါသေးတယ်''

အယ်လင်တန်၏ စကားကို မေဆင်က ချက်ချင်းတုန့်ပြန်လိုက်၏။

''မေးခွန်း ရုတ်သိမ်းပြီးပြီပဲဗျ၊ ဒီမြေပုံကိစ္စ နောက်ထပ်မေးခွန်း မမေးတော့ဘူးလေ''

ပြောပြောဆိုဆို မေဆင်သည် ရှေ့နေကုလားထိုင်ဆီ ပြန်ထိုင်လိုက်၏။ အယ်လင်တန်က ဆက် တောင်းဆိုပြန်၏။





''ကျုပ် အဲဒီ မြေပုံကို ကြည့်ချင်ပါတယ်''

မေဆင်သည် ဤတွင် တစ်ချက်ပြုံးလျက် ရုံးတော်သို့ လျှောက်တင်လိုက်၏။

''ရုံးမင်းခင်ဗျား၊ အခုဆိုရင် ဘယ်သူဟာ ဟာကွက်ရှာ မေးခွန်းမျိုး ကြိုးစားနေကြောင်း သိသာပြီ ထင်ပါတယ်ခင်ဗျား''

ထို့ကြောင့် တရားသူကြီးက ကြားဖြတ် အဆုံးအဖြတ် ပေးပါသည်။

''ဟုတ်ပါတယ်၊ တရားလိုရှေ့နေကြီး။ ခုဆို မေးခွန်းကို ပြန်လည် ရုတ်သိမ်းသွားပြီဆိုတော့ ဒီမြေပုံကိုလည်း ကြည့်ဖို့မလိုတော့ပါဘူးလေ''

အယ်လင်တန်တစ်ယောက် ဤအဆုံးအဖြတ်ကို စိတ်မသက်မသာဖြင့် နားထောင်လိုက်ရပုံရ၏။ မေဆင်က သက်သေဘက် ထပ်လှည့်လိုက်ပြီး ထပ်မေးပြန်၏။

''မစ္စတာဖင်ဒလေ ဆိုတဲ့ ပုဂ္ဂိုလ်ကိုကော သိပါသလား၊ ဟို လူသတ်မှု ဖြစ်တဲ့ တောတွင်းအိမ်ငယ် ပိုင်ရှင်လေ၊ စောစောကပဲ အစစ်ခံသွားတဲ့ သက်သေ''

''ကျွန်မ လုံးဝ မတွေ့ဖူးပါဘူး''

''တယ်လီဖုန်းနဲ့ကော စကား ပြောဖူးပါသလား''

''တရားလိုရှေ့နေကြီးက ကြားဝင် ကန့်ကွက်ပြန်၏။ အမှုနှင့် မပတ်သက် မသက်ဆိုင်ကြောင်း တရားလိုရှေ့နေကြီး၏ အကြောင်းပြချက်ကို တရားသူကြီးကလည်း ထောက်ခံသည်။ သို့သော် တရားခံရှေ့နေသည် တရားလိုသက်သေတစ်ဦး ဘက်လိုက်ထွက်ဆိုသူ ဟုတ်-မဟုတ် သိသာအောင် ပြန်လှန်မေးခွန်း မေးပိုင်ခွင့်ရှိကြောင်းဖြင့် အဆုံးအဖြတ်ပေးသည်။ အယ်လင်တန်က ပြန်လှန်မေးခွန်းသည် ရည်မှန်းချက် အတိအကျ ရှိရန်လိုအပ်ကြောင်း ထပ်တင်ပြန်ရာ မေဆင်က အတိအကျရှိကြောင်း ရှင်းပြ၏။ သို့သော် တရားသူကြီးက တရားလိုရှေ့နေကြီး၏ ထပ်မံရှင်းပြချက်ကို လက်ခံလိုက်သဖြင့် မေဆင်က တစ်မျိုး ပြန်မေးရပြန်၏။

''ရုံးမင်းခင်ဗျား၊ ကျွန်တော် တစ်မျိုးမေးပါ့မယ်''

''ကဲ... မိ၊ ကျွန်တော် တိုက်ရိုက်ပဲ မေးပါရစေတော့၊ တောတွင်း အိမ်ငယ်ကို ပိုင်ရှင် ဖင်ဒလေဆီက ငှားတာဟာ ခင်ဗျား ဟုတ်မဟုတ် ဖြေပါ''



www.burmeseclassic.com

www.burmeseclassic.com



အယ်လင်တန်က ကန့်ကွက်ပြန်၏။ ဤတွင် တရားသူကြီးက ဤမေးခွန်းကို မေးခွင့်ပြုမည်ဟု အဆုံးအဖြတ်ပေးသည်။ ထို့ကြောင့် မေဆင်၏ မေးခွန်းကို မိက ဖြေရတော့သည်။

"ကျွန်မမှာ ဂလက်ဒီအပေါ် ရန်လိုစိတ် မရှိပါဘူးရှင်၊ ဒါကြောင့် ဘက်လည်း မလိုက်ပါဘူး။ ကျွန်မဟာ ဂလက်ဒီကိုတောင် အကာအကွယ် ပေးနေသူပါ၊ ဒါဆို ဘက်လိုက် မလိုက် မေးခွန်းပြဿနာ ရှင်းနေပါပြီ"

မေဆင်မပြောမီ တရားသူကြီးကပင် ဝင်ပြောလေ၏။

" မေးခွန်းက ဒါ မဟုတ်ပါဘူး။ တောတွင်းအိမ်ငယ်ကို အခု တရားလို သက်သေက ကိုယ်တိုင် ငှား မငှား မေးထားပါတယ်"

အယ်လင်တန်က ဝင်ရှင်းသည်။

"ဒီမေးခွန်းဟာ ဘက်လိုက်မလိုက် သိရအောင် မေးတာဖြစ်ပါတယ် ခင်ဗျား။ ဒီတော့ သက်သေဟာ ဒီကိစ္စအကြောင်း အဖြေပေးသွားပါပြီ"

သို့သော် မေဆင်ကပင် ဆက်မေးသည်။

"ကျုပ်မေးတဲ့ မေးခွန်း အဓိပ္ပါယ်ကို သဘောပေါက်ပါသလား မိ"

"သိပ် သဘောမပေါက်ပါဘူးရှင်"

"ကျုပ်မေးခွန်းက ရှင်းပါတယ်လေ၊ တောတွင်းအိမ်ငယ်ကို ပိုင်ရှင် မစ္စတာဖင်ဒလေဆီ ဖုန်းဆက်ပြီးငှားတာ ခင်ဗျား ဟုတ် မဟုတ်မေးတာပါ"

အယ်လင်တန် ကန့်ကွက်ပြန်၏။

ကန့်ကွက်ချက်ကို တရားသူကြီးကပါ လက်ခံလိုက်ရာ မေဆင်က ဆက်မမေးတော့ကြောင်း ပြောပြီး ရပ်ပစ်လိုက်၏။

ဤတွင် တရားသူကြီးသည် မေဆင်ကိုကြည့်ပြီး အနည်းငယ် စဉ်းစားလျက် လှမ်းပြော၏။

"မစ္စတာမေဆင်၊ ခင်ဗျား စောစောက တရားလိုသက်သေမိကိုပြတဲ့ မြေပုံကိစ္စ သက်သေခံပစ္စည်း မှတ်ထားစေလိုပါသလား။ အဲဒီလို ဆန္ဒရှိရင်တော့ တရားလိုရှေ့နေကို ပြဖို့လိုမယ် ထင်ပါတယ်၊ အဲဒီလိုမှ သက်မှတ်မထားရင် နောက်ပိုင်း ဒီမြေပုံပြန်ပြတဲ့အခါ အခုပြတဲ့မြေပုံ ဟုတ်မဟုတ် ပြောနိုင်မယ် မထင်ဘူး"

"မေးခွန်းကို ကျွန်တော် ရပ်သိမ်းပြီးပါပြီ"





"ဒီတော့ မြေပုံကို မှတ်တမ်းမတင်လိုဘူးပေါ့"

"ဟုတ်ကဲ့၊ ရုံးမင်းခင်ဗျား"

"ကောင်းပါပြီ၊ ဒီလိုဆိုရင် အစိုးရရှေ့နေကြီးက နောက်သက်သေ တစ်ယောက် ခေါ်ပါတော့"

အယ်လင်တန်က နောက်ထပ်သက်သေအဖြစ် ရဲမှူးထရက်ကို တင်ပြ၏။ ထရက်သည် ထုံးစံအတိုင်း ကျမ်းကျိန်ပြီး သက်သေစင်မြင့်ထက် နေရာယူသည်။ အယ်လင်တန်ကပင် စ မေး၏။

"မစ္စတာထရက်၊ ခင်ဗျား ဂလက်ဒီနဲ့ သိတယ်နော်"

"ဟုတ်ကဲ့၊ သိပါတယ်"

"ဒီလ ၈-ရက်နေ့ညနဲ့ ၉-ရက်နေ့အကူး ကာလအတွင်း ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်အကြောင်း ဂလက်ဒီ အစစ်ခံချက်ပေးတုန်းက ခင်ဗျား ကြားခဲ့ရပါသလား၊ ဒါမှမဟုတ် အနားမှာ ရှိခဲ့ပါသလား"

"ဟုတ်ကဲ့၊ ရှိခဲ့ပါတယ်"

"အစစ်ခံချက် ပေးတာလည်း ဟုတ်တယ်နော်"

"ဟုတ်ပါတယ်"

"ကောင်းပါပြီ၊ အဲဒီအစစ်ခံချက်ပေးစဉ်က ခြိမ်းခြောက်တာတို့ အပေးအယူလုပ်တာတို့ ရှိမရှိ ရုံးတော်ကို လျှောက်တင်ပါ"

"ဟုတ်ကဲ့၊ ဘာမှ မရှိပါဘူး ခင်ဗျား"

"ဒီလိုဆို အစစ်ခံချက်ဟာ သူ့သဘောအတိုင်း ပေးတာလို့ ဆိုမယ်လား"

"ဟုတ်ပါတယ်"

"ဒီလိုဆို အဲဒီ အစစ်ခံချက်ဆိုတာ ဘာတွေပါလဲ"

ဤတွင် တရားသူကြီးက ကြားဖြတ်မေး၏။

"တရားလိုရှေ့နေကြီးက အဲဒီအစစ်ခံချက် ပေးတဲ့အချိန် တစ်ခြား ပုဂ္ဂိုလ်တွေပါ ရှိတယ်လို့ ပြချင်တာလားဗျ"

အယ်လင်တန်က ခေါင်းခါပြီး ဖြေသည်။

"တရားခံရှေ့နေက ကန့်ကွက်ချင်တယ်ဆိုရင် ကန့်ကွက်နိုင်ပါတယ် ခင်ဗျား"



www.burmeseclassic.com

www.burmeseclassic.com



"မစ္စတာမေဆင် ကန့်ကွက်လိုပါသလား"

တရားသူကြီး၏ အမေးကို မေဆင်က မကန့်ကွက်လိုကြောင်း ဖြေသည်။ တရားသူကြီးသည် မေဆင်ကို အကဲခပ်နေသေး၏။ ပြီးမှ ရဲမှူး ထရက်အား မေးခွန်းကို ဖြေခိုင်းသည်။ ထရက်လည်း ဂလက်ဒီ၏ အစစ်ခံချက်ကို ထွက်ဆို၏။

ဂလက်ဒီသည် တောင်ထိပ်ဟိုတယ်မှအပြန် မီ ညွှန်ကြားချက်အတိုင်း လမ်းခွဲတစ်ခု၌ ဗယ်ဘက်လမ်း လိုက်ခဲ့ရာမှ ကားဘီးကျွံပြီး တောတွင်းအိမ်ငယ်သို့ ရောက်သွားကြောင်း၊ နောက်ဆုံး မနက်အိပ်ရာမှနိုးချိန် အိမ်ထဲလိုက်ကြည့်ရာ လူသေအလောင်း တွေ့ရကြောင်း အစအဆုံး သူမြင်ခဲ့သည့်အတိုင်း ထွက်ဆိုခြင်းဖြစ်ကြောင်း ထရက်က ပြန်ပြောပြသည်။ အိမ်ခန်းပြန်အရောက် အခန်းမှူးနောက် ခံရထားရပုံနှင့် ရှေ့နေမေဆင်ဆီ သွားတိုင်ခဲ့ပုံ၊ ဒယ်လာ၏ အဝတ်အစားများ ငှားဝတ်ခိုင်းခဲ့ပုံ၊ အသေးစိတ်လည်း ဂလက်ဒီ၏ အစစ်ခံ ချက်အတိုင်း ထရက်က ပြန်တင်ပြ၏။

အယ်လင်တန်က ဆက်မေးပြန်သည်။

"ခင်ဗျား စစ်ဆေးလို့ ထွက်လာတဲ့ အစစ်ခံချက်လား၊ လိုလိုလားလား ပြောတာကော ဟုတ်ရဲ့လား"

"ဒီလိုမဟုတ်ပါဘူး၊ လိုလိုလားလား ပူးပေါင်းဆောင်ရွက်တဲ့ သဘောလည်း မဟုတ်ဘူး၊ စစ်လို့ ထွက်လာတာလည်း မဟုတ်ပါဘူး၊ ကျွန်တော်တို့ ရှာဖွေတွေ့ရှိတဲ့ အချက်တွေအကြောင်း မေးလို့ဖြေလိုက်တာပါ"

"ဘယ်လိုအချက်အလက်တွေပါလဲ"

"ညမှာ ဂလက်ဒီရဲ့ အဝတ်အစားတွေကိစ္စ၊ ဂလက်ဒီဝတ်ထားတဲ့ အဝတ်တွေက ရှေ့နေကြီး ပယ်ရီမေဆင်ရဲ့ အတွင်းရေးမှူး ဒယ်လာရဲ့ အဝတ်တွေဖြစ်နေတာ ဘာကြောင့်လို့ ကျွန်တော်တို့ သိချင်လာတယ်၊ ဒယ်လာရဲ့အဝတ်တွေဖြစ်ကြောင်း သိရလို့ ကျွန်တော်တို့ကလည်း ရှာဝရမ်းထုတ်ပြီး ဒယ်လာရဲ့ အခန်းကို ရှာတယ်၊ ဒီတော့ ဂလက်ဒီရဲ့ အဝတ်တွေကို ဒယ်လာရဲ့အခန်းမှာ တွေ့တယ်၊ ဒါကြောင့် ကျွန်တော်တို့က မေးတဲ့အခါ စောစောကလို ဂလက်ဒီက အစစ်ခံခဲ့တာပါ"

"အစစ်ခံချက်က တစ်ခုချင်းစုပြီး ပေါင်းစပ်ထားတာလား၊ ဒါမှ





မဟုတ် တစ်ကြိမ်တည်း အစစ်ခံချက်လား"

"နည်းနည်းစီ၊ နည်းနည်းစီ ရတဲ့ အချက်အလက်တွေကို စုထားတာပါ"

"ခင်ဗျားစောစောက ပြောသွားတဲ့အချက်ထဲမှာ ဂလက်ဒီရဲ့ အဝတ်တွေကို ဒယ်လာရဲ့ အခန်းထဲမှာတွေ့တယ်ဆိုတာ ပါနေတယ်၊ အဲဒါ ဟုတ်ပါသလား"

"ဟုတ်ပါတယ်ခင်ဗျား"

"အဲဒီအဝတ် ဘယ်သူ့ဟာလို့ကော ဂလက်ဒီက ပြောသလား"

"သူ့အဝတ်တွေပါလို့ အစစ်ခံပါတယ်"

"အဲဒီအဝတ်တွေမှာ ထူးခြားချက် ဘာတွေ့ရပါသလဲ"

"ဓာတ်ခွဲခန်းကိုပို့ပြီး စစ်ဆေးခဲ့ပါတယ်"

"ဓာတ်ခွဲခန်းအထိ ခင်ဗျားလိုက်ကြည့်သလား"

"ဟုတ်ကဲ့ ၊ ရှိနေပါတယ်"

"ဓာတ်ခွဲခန်းကလူတွေက သိတာထက် ခင်ဗျား ဘာထူးခြားချက် သတိပြုမိခဲ့ပါသလဲ"

"ဂါဝန်တစ်နေရာမှာ သွေးကွက်ကြီးတစ်ခု တွေ့ရပါတယ်၊ အကျီ ဗယ်ဘက် လက်ရင်းမှာလည်း သွေးကွက်တစ်ခု တွေ့ရပါတယ်၊ ကော်လာမှာလည်း သွေးကွက်တွေ့ရပါတယ်"

"ဒီသွေးကွက်တွေကို ဓာတ်ခွဲခန်းမှာ ဓာတ်ခွဲကြည့်တယ်လား"

"ဒီလိုပဲ ထင်ပါတယ်ခင်ဗျား"

"အဲဒီအချိန်မှာ ခင်ဗျားမရှိဘူးပေါ့"

"ဟုတ်ပါတယ်"

"တောတွင်းအိမ်ငယ်ထဲက ပို့င့်-၂၂ ရိုင်ဖယ်သေနတ်မှာ လက်ဗွေရာ ရှိ မရှိ စစ်ကြည့်ပါသေးသလား"

"ဟုတ်ကဲ့ ... စစ်ကြည့်ခဲ့ပါတယ်"

"တွေ့ကော တွေ့သလား"

"ဟုတ်ကဲ့ လက်ဗွေရာ အတော်များများ တွေ့ရပါတယ်၊ ဒါပေမယ့် တစ်ခုတည်းသာ ကွဲကွဲပြားပြား သိသာပါတယ် ခင်ဗျား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကို လက်ဗွေပါရက္ခနဲ့ စစ်ကြည့်ပါသလား"

"ဟုတ်ကဲ့"

"ဘယ်သူ့ရဲ့ လက်ဗွေလို့ သိရပါသလဲ"

"ဂလက်ဒီရဲ့ ညာဘက်လက်ဗွေပုံစံ ဖြစ်ပါတယ်ခင်ဗျား"

"ဂလက်ဒီရဲ့ အစစ်ခံချက်ကို တောတွင်းအိမ်ငယ်မှာ အရင်က ရှိနေခဲ့ဖူးတဲ့ တစ်ခြားလူတစ်ယောက်ရဲ့ ထွက်ဆိုချက်နဲ့ တိုက်ကြည့်မိပါသလား"

"တတ်နိုင်သမျှတော့ စစ်ဆေးကြည့်ပါတယ်"

"ဂလက်ဒီရဲ့ ထွက်ချက် မမှန်ဘူးလို့ ထောက်ပြနိုင်တာ တွေ့ရပါသလား"

ဤမေးခွန်းကို လိုရာဆွဲမေးသော နိမိတ်ပြမေးခွန်းဟု အကြောင်းပြလျက် မေဆင်က ကန့်ကွက်၏။ အယ်လင်တန်က ထို့ကြောင့် ထိုမေးခွန်းကို ရုပ်သိမ်းသည်။

"ဂလက်ဒီရဲ့အစစ်ခံချက် မှန်တဲ့အထောက်အထား တွေ့ပါသလား"

"လုံးဝမတွေ့ပါ ခင်ဗျား"

"ကဲ ... အခုတိုင်းဆိုတော့ ဒီကိစ္စ ပိုရှင်းသွားအောင် တရားခံ ရွှေနေကြီး မေဆင်ကပဲ ဆက်လက်မေးမြန်းပါတော့ ခင်ဗျား။ မစ္စတာမေဆင် ပြန်လှန်မေးခွန်း မေးနိုင်ပါပြီ"

အယ်လင်တန်က ပြောလိုက်သည်နှင့် မေဆင်ကလည်း ပြုံးပြီး တုံ့ပြန်လိုက်သည်။

"မေးစရာ လုံးဝမရှိပါ"

"ဒီတော့ မစ္စတာထရက်၊ ကိစ္စပြီးပါပြီ၊ တရားလိုရှေ့နေကြီးကပဲ နောက်ထပ် သက်သေတစ်ဦး တင်ပါတော့"

တရားသူကြီးက ဝင်ပြောလိုက်၏။

အယ်လင်တန်ကလည်း ချက်ချင်းပြန်လည် လျှောက်ထားလိုက်၏။

"ရုံးမင်းခင်ဗျား၊ တရားလိုဘက်မှာ နောက်ထပ် တင်ပြဖို့ တရားလို ပြသက်သေ မလျှောက်တော့ပါဘူး။ ဒီတင်ပြသလောက် သက်သေတွေရဲ့ ထွက်ဆိုချက်နဲ့ပဲ၊ ဂလက်ဒီအပေါ် လူသတ်မှုဖြင့် စွဲချက်တင်ခွင့်ပြုဖို့ လျှောက်





ထားပါတယ်၊ ခုဆိုရင် ဂလက်ဒီဟာ လူသတ်မှုနဲ့ ပတ်သက်နေကြောင်း ယူဆနိုင်လောက်အောင် အကြောင်းချင်းရာ ခိုင်လုံနေပါပြီခင်ဗျား"

မေဆင်က ချက်ချင်းနေရာမှ ဖြတ်ကနဲထလိုက်ပြီး လျှောက်ထားလိုက်၏။

"ရုံးမင်းခင်ဗျား၊ ခု တင်ပြသွားတဲ့ အတိုင်းဆိုရင် ဂလက်ဒီအပေါ် လူသတ်မှုနဲ့ ပတ်သက်ရာ ပတ်သက်ကြောင်း အထောက်အထား မရှိတဲ့အတွက် ဒီအမှုကို ရုံးတော်က ပလပ်သင့်ပါကြောင်း လျှောက်ထားပါတယ် ခင်ဗျား"

တရားသူကြီးသည် ခေါင်းခါပြနေရာ မေဆင်ကပင် ဆက်လက် လျှောက်ထား၏။

"တရားလိုပြသက်သေ တင်ပြချက်တွေနဲ့ ပတ်သက်လို့ ကျွန်တော် ချေပ လျှောက်လဲလိုပါတယ်"

"ချေပလျှောက်ထားဖို့ မလိုတော့ဘူးထင်ပါတယ်၊ တရားလို ဘက်က လူသတ်မှုအတွက် သက်သေတင်ပြထားပြီးပဲ၊ ဥပမာ ဂလက်ဒီဟာ လူသတ်မှုဖြစ်တဲ့ တောတွင်းအိမ်ငယ်မှာ လူသတ်မှုဖြစ်ချိန် ရှိနေခဲ့တယ်၊ လူသတ်လက်နက်ပေါ်မှာလည်း ဂလက်ဒီရဲ့လက်ဗွေရာတွေ့တယ်၊ ဂလက်ဒီရဲ့ အဝတ်အစားတွေ အပေါ်မှာလည်း သွေးကွက်တွေ တွေ့တယ်၊ လူသတ်မှု အကြောင်း အာဏာပိုင်တွေဆီ မတိုင်ခင် ရှေ့နေနဲ့ တိုင်ပင်တယ်၊ ပြီးတော့ တစ်ဆင့်မြင့်ရုံးကို ဒီအမှုမတင်ခင် တရားလိုဘက်က နောက်ထပ် အထောက် အထားတွေလည်း တင်ပြအုံးမှာပဲ၊ အထူးသဖြင့် ဂလက်ဒီရဲ့ အစစ်ခံချက် တွေထဲက အချက်အလက်တွေ ဖြစ်လိမ့်မယ်။ အခု ပဏာမကြားနာမှု အဆင့်မှာတော့ ခုလောက်တင်ပြတာဟာ ခိုင်လုံနေပါပြီ၊ တစ်ခုတော့ရှိတယ်၊ တရားခံရှေ့နေကြီးက တရားခံပြ သက်သေတွေ တင်ပြချင်တယ်ဆိုရင်တော့ တင်ပြခွင့်ရှိပါတယ်"

မေဆင်က ကြားဖြတ် တင်ပြလိုက်သည်။

"အခုဆို ၁၂- နာရီထိုးတော့မှာဆိုတော့ နေ့လည် ရုံးနားချိန် ဖြစ်နေပါပြီ"

"ဟာ ... အမှုတွေ အများကြီး ရှိနေပါတယ်၊ နောက်မှပဲ အခြား ဆက်စစ်သွားပါမယ်" တရားသူကြီးက ရှင်းပြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ဆက်မေးပါရစေ၊ တရားခံဘက်က သက်သေ တင်ပြစရာ များ ရှိပါသလား"

"ရှိနေပါတယ် ခင်ဗျား"

"ဒီလိုဆို ခေါ်လေ . . . ၊ ပထမဆုံးသက်သေ စခေါ်ပေတော့ မစ္စတာ မေဆင်"

"ဟုတ်ကဲ့ . . . ၊ ကျွန်တော်ရဲ့ ပထမဆုံး သက်သေအဖြစ် ရဲမှူး ထရက်ကို ခေါ်ပါရစေ"

တရားသူကြီးက ရဲမှူးထရက်အမည်ကို ခေါ်၏။

"ရဲမှူးထရက် ရှေ့ကိုကြွပါ၊ တရားခံရှေ့နေကြီးက သူ့သက်သေ အဖြစ် ခေါ်ထားပါတယ်"

အယ်လင်တန်တစ်ယောက် တအံ့တသြဖြစ်နေပြီး ရဲမှူးထရက်နှင့် အမြှန်အလှန် ကြည့်မိကြသည်အထိ ဖြစ်သွား၏၊ သို့သော် မနေသာ၍ သက်သေ ခေါ်ချိန်ဘက် လျှောက်လာရသည်။

တရားသူကြီးက စပြောသည်။

"ရဲမှူးထရက်က ကျမ်းကျိန်ပြီးသားပဲ၊ ဒီတော့ မစ္စတာမေဆင် တစ်ခါတည်း မေးပေတော့"

မေဆင်ကလည်း ချက်ချင်းစမေးသည်။

"တနင်္လာနေ့က မိုးတိတ်သွားချိန် ခင်ဗျား တောတွင်းအိမ်ငယ်ကို ရောက်သွားတယ် မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျား"

"အဲဒီအချိန်က ဂလက်ဒီရဲ့ အစစ်ခံချက်ကို ရပြီးပါပြီလား"

"မရသေးပါဘူး။ နောက်မှ ရတာပါ"

"အဲဒီ တနင်္လာနေ့မှာပဲ မဟုတ်လား"

"ဟုတ်ပါတယ်"

"တောတွင်းအိမ်ငယ် အနီးတဝိုက်မှာ ကားဘီးရာတွေကို စစ်ဆေး ကြည့်မိပါသလား"

"တတ်နိုင်သမျှ စစ်ကြည့်ပါတယ်"

"ဒီကိစ္စအကြောင်း တရားလိုရှေ့နေကြီးက တိုက်ရိုက်မေးခွန်း





မေးချိန်မှာ ထည့်မမေးသွားဘူးနော်၊ ဒါကြောင့် အဲဒီကားဘီးရာတွေအကြောင်း ပြောပြဖို့ အခုမှပဲ မေးပါရစေတော့"

အယ်လင်တန် ချက်ချင်းထ ကန့်ကွက်၏၊ မေဆင် အချိန်ဆွဲလိုသော ကြောင့် မေးခြင်းဖြစ်သည်ဟု တင်ပြ၏။ မေဆင် တင်လိုက ဂလက်ဒီကို သက်သေအဖြစ်တင်လျက် ထွက်ဆိုချက်ရရန်သာ ဖြစ်သည်ဟုလည်း အကြောင်းပြ၏။ ဤတွင် တရားသူကြီးက အဆုံးအဖြတ်ပေးလာသည်။

"ဒါက တရားလိုရှေ့နေကြီးရဲ့ အမြင်ပဲ၊ တရားခံရှေ့နေကြီးက အခုဆို အနီးအနားမှာ ကျန်ခဲ့တဲ့ ကားဘီးရာတွေအကြောင်း မေးနေတယ်၊ ရုံးတော် ကလည်း ဒါကိုသိချင်နေတယ်၊ ဒီအကြောင်း တရားလိုရှေ့နေကြီးက ဘာကြောင့်မမေးခဲ့သလဲလို့ အံ့သြနေရပါတယ်၊ ဒါကြောင့် အယ်လင်တန်ရဲ့ ကန့်ကွက်ချက်ကို လက်မခံနိုင်ပါ၊ ဒီတော့ ရဲမှူးထရက်၊ တရားခံရှေ့နေကြီး မေးတာကို ဖြေပါ"

"ဟုတ်ကဲ့၊ တောတွင်း အိမ်ငယ်ပတ်လည်မှာ ကားဘီးရာတွေ အများ ကြီးရှိခဲ့ပါတယ်၊ ကားလမ်းပေါ် အသွားအပြန် သွားထားတာတွေ အများကြီး ပါပဲ၊ ဒါကြောင့် မခွဲခြားနိုင်ဖြစ်ခဲ့ရပါတယ်"

တရားသူကြီးက စိတ်ဝင်စားလာဟန်ဖြင့် ကိုယ်ကို ရှေ့သို့ ညွတ်လျက် လှမ်းမေးသည်။

"ဒီကားတွေဟာ မိုးရွာပြီးမှ ဖြတ်သွားတဲ့ ကားတွေလား"

"ဟုတ်ပါတယ်၊ ရုံးမင်းခင်ဗျား"

"ကားဘီးရာတွေ ဘယ်လောက်အထိ လတ်လတ်ဆတ်ဆတ် ရှိသေး သလဲ၊ ခင်ဗျား ဆုံးဖြတ်နိုင်ပါသလား"

"မြေကြီးပျော့သွားချိန် ထင်နေတာတွေပါခင်ဗျား"

"တနင်္ဂနွေနေ့ညက လမ်းပေါ်က ဗွက်ထဲမှာ ကားတစ်စီး ဗွက်နစ်ခဲ့တဲ့ အထောက်အထားကော တွေ့ပါသလား"

"ရွှံ့ဗွက်တစ်ခုတော့ ရှိပါတယ်၊ ကားဘီးနစ်တဲ့ပုံလည်း တွေ့ရပါတယ်၊ ဘယ်တုန်းက နစ်ခဲ့တာလဲတော့ ပြောနိုင်ဖို့ မရှိပါဘူး။ ကားဘီးရာတ ထပ်မှ မက ဘီးရာတွေပါ၊ ဒါကြောင့် ဘယ်ကားလို့လည်း ပြောဖို့ခက်နေပါတယ်"

"ကားဘီးရာတွေ အကြောင်း ဂလက်ဒီရဲ့ ကားဘီးတွေနဲ့ စစ်ဆေး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါသလား''

''ဟုတ်ကဲ့၊ စစ်ကြည့်ပါတယ်''

''ဟုတ် မဟုတ် ပြောနိုင်ပါသလား''

''ဟုတ်ကဲ့၊ ပြောနိုင်ပါတယ်''

''ဒီဗွက်ထဲက ဖြတ်ပြီး အတက်လမ်းကို သွားတာကျတော့ ဗွက်မနစ်ဘူးလား''

''ဒါက ကျွန်တော် တွေ့တဲ့အတိုင်း အစစ်ခံရတာပါခင်ဗျား''

''တရားသူကြီးသည် မေးရင်း မကျေမနပ်ဖြစ်နေ၏။ ဤတွင် မေဆင်က ကြားဝင်မေး၏။

''တစ်ခြား ကားဘီးရာတွေ အများကြီးရှိတယ် မဟုတ်လား''

''ဟုတ်ကဲ့''

''ခြေရာတွေကော''

''ဟုတ်ကဲ့ အများကြီးရှိပါတယ်၊ ဒါပေမယ့် ခွဲခြားနိုင်လောက်အောင် ရှင်းလင်းတော့ပါဘူး''

''ဂလက်ဒီရဲ့ ခြေရာကော တွေ့ပါသလား''

''မပြောနိုင်လောက်အောင် ဖြစ်နေပါတယ်၊ ခြေရာတွေက ပါးကုန်လို့ပါ။ ဥပမာ မိန်းမခြေရာဆို မိန်းမတစ်ယောက်မကရဲ့ ခြေရာတွေကို တွေ့ရပါတယ်၊ ဒါပေမယ့် ခွဲခြားမရနိုင် ဖြစ်ခဲ့ရပါတယ်''

''ယောက်ျားခြေရာကော တွေ့ပါသလား''

''ဟုတ်ကဲ့''

''ဘယ်နှစ်ခုလောက်ရှိသလဲ''

''လူဘယ်နှစ်ယောက်လို့ ဖြေရမှာလား''

''ဟုတ်ပါတယ်၊ လူဘယ်နှစ်ယောက်ရဲ့ ခြေရာလဲ''

''ဒါလည်း မပြောနိုင်ပါဘူး၊ အဲဒီနားမှာ ယောက်ျားခြေရာတွေရော မိန်းမခြေရာတွေရော အများကြီး တွေ့ရပါတယ်၊ အတိအကျတော့ မပြောနိုင်ပါဘူး''

''ကဲ . . . ဒါထားတော့ ကားဘီးရာတွေကကော''

''ဟုတ်ကဲ့၊ ကားဘီးရာတွေ ရှိနေပါတယ်''





''ဘီးရာအသစ်တွေကော တွေ့မိလား''

''ဟုတ်ကဲ့ ရှိပါတယ်''

''အဲဒီ ကားဘီးရာတွေ ဘယ်ဟာပြီးမှ ဘယ်ဟာ ဒီလမ်းပေါ်ရောက်ခဲ့တယ်လို့ ခွဲခြားနိုင်ပါ့မလား''

''မခွဲနိုင်ပါဘူး ခင်ဗျား''

''ဂျစ်ကားဘီးရာကော တွေ့မိလား''

''ဟုတ်ကဲ့၊ တစ်ချို့ဘီးရာတွေက ဂျစ်ကား ဘီးရာတွေပါ၊ ဒါပေမယ့် ကားအသွားအလာများတော့ ဘီးရာတွေ ရှုပ်နေပါတယ်''

''အသွားအလာ များတယ်ဆိုတာ ဘာကိုပြောတာလဲ''

''ဂလက်ဒီရဲ့ကား၊ အပါအဝင် ကားတော်တော်များများ အဲဒီလမ်းပေါ်မှာ သွားထားပါတယ်''

''ဟို . . . မိုးမှန်တိုင်းကျတဲ့ ကာလအတွင်းကလား''

''ဒီလိုတော့ ကျွန်တော်တို့ ပြောလို့မရပါဘူး''

''ဒါဆိုရင် ကားဘီးရာ အသစ်အဟောင်း မခွဲနိုင်ဘူးပေါ့၊ ဒီလိုလား''

''ဟုတ်ပါတယ်၊ အများစုကတော့ ဘီးရာအသစ်တွေပါလို့ ကျွန်တော် ထင်ပါတယ်''

ဤတွင် အယ်လင်တန် ကြားဝင်လာသည်။

''ရှုံးမင်းခင်ဗျား၊ ခုအဖြေ နောက်ဆုံးအပိုင်ကို ပယ်ဖျက်စေလိုပါတယ်၊ မေးခွန်းနဲ့ မသက်ဆိုင်လို့ပါ''

မေဆင်က ချေပ၏။

''ဒါ သိပ်ပတ်သက်ပါတယ် ခင်ဗျာ၊ နောက်တစ်ခုနဲ့ ကျွန်တော် ထောက်ပြပါ့မယ်၊ ရဲမှူးထရက် ရဲအရာရှိလုပ်သက် ဘယ်လောက်ရှိပါပြီလဲ''

ဤအခါတွင်လည်း အယ်လင်တန် နေရာမှခုန်ထပြီး ကန့်ကွက်ပြန်၏၊ တရားသူကြီးကိုယ်တိုင် ယခုအကြိမ်၌ ပြုံးလာလျက် ကြားဖြတ် အဆုံးအဖြတ်ပေးသည်။ ထို့ကြောင့် မေဆင်က ဆက်မေးရန် ဖြစ်သော်လည်း တစ်နာရီခွဲထိ ရုံးနားမည်ဟု တရားသူကြီးကပြောလေရာ မေဆင်ကပင် စစ်ဆေးဖွယ်ရာ အနည်းငယ်ရှိသဖြင့် နှစ်နာရီတွင်မှပြန်စရန် ပန်ကြား၏။ တရားသူကြီးက ပထမ စဉ်းစားနေသေး၏။ ပြီးမှ တရားသူကြီးက မေဆင်ကို မေး၏



www.burmeseclassic.com

www.burmeseclassic.com



"မစ္စတာမေဆင်၊ မွန်းလွဲပိုင်းမှာ အမှုပြတ်နိုင်ပါ့မလား"

"ပြတ်နိုင်မယ် ထင်ပါတယ်ခင်ဗျ"

သို့ဖြင့် နှစ်နာရီအထိ ရုံးတော် ခေတ္တနားမည်ဟု တရားသူကြီးက ကြေညာ၏။ တရားသူကြီး ရုံးထဲမှ ထွက်သွားချိန်၌ အယ်လင်တန်က မေဆင်ကို 'ရီ'သည်။

"ရဲမှူးထရက်ကို သက်သေခံနိုင်းတာ အချိန် စိတ်ကြိုက်ဆွဲလိုက်တာပဲပေါ့၊ ဟုတ်လား"

မေဆင်ကလည်း ပြန်ခွပ်၏။

"ကျုပ်ထင်တာက ထရက်ကို ခင်ဗျား ပြန်လှန်မေးခွန်း မေးမယ် တွက်ထားတာဗျ"

အယ်လင်တန်က မတတ်သာတော့၍ ရယ်ပြီးဖြေရသည်။

"ကျုပ် ထရက်ကိုမေးတာက ခင်ဗျားတွက်ထားသလောက်ပဲ မေးလိုက်တာပါ"

"ကျုပ်ကတော့ တရားသူကြီးကိုယ်တိုင် အထောက်အထားကို မြင်လာစေချင်တယ်လေဗျာ"

အယ်လင်တန်က ဆက်မေးပြန်သည်။

"နေပါအုံးဗျ၊ ခင်ဗျား ဘာကြောင့် အချိန်ဆွဲနေရတာလဲ"

'ကျုပ်ကိုယ်တိုင်တောင် ဘာကြောင့်လို့ မသိပါဘူးဗျာ"

မေဆင်က သရော်တော်တော် ပြုံးဖြေရင်း ဒယ်လာကို တစ်ဆောက်တည်း လှမ်းပြောလေသည်။

"ဒယ်လာရေ ... လာဟေ့၊ တစ်ခုခု သွားစားကြရအောင်၊ ပေါလ်ကော ဘယ်မှာလဲ"

"ဖုန်းဆက်နေတယ်ဆရာ"

"သူ့ခေါ်ပြီး သွားကြစို့ ့နေပါအုံး ကားထဲမှာ ဓာတ်ဆီကျန်သေးရဲ့လား"

"တိုင်ကီ လေးပုံတစ်ပုံပဲ ရှိတော့တယ်ဆရာ"

"ဆီဖြည့်ရမယ်ဟေ့၊ ဒီနေ့မွန်းလွဲပိုင်း အသုံးလိုလိမ့်မယ်"

အယ်လင်တန်က ကြားသဖြင့် လှမ်းလှောင်သည်။





"လုပ်ပါ၊ လုပ်ပါ၊ ဆီဖြည့်ပြီး လှည့်လိုက်ကြပါအုံး၊ ကျုပ်တို့ကို ဒီလိုလှန့်လို့တော့ မရဘူးဗျို့၊ ခင်ဗျားတရားခံမကို သက်သေစင်မြင့်ပေါ် မတင်ရဲတိုင်း အချိန်ဆွဲနေတာ မဟုတ်လား"

"ဒါဆို လောင်းလိုက်ကြရအောင်လား"

"ဒေါ်လာ ၅၀ ကြေးဗျာ"

"၅၀ နဲ့ ၁၀၀ တောင် လောင်းရဲပါရဲ့ဗျာ၊ ဒါပေမယ့် ဒီလောက်အသေးအဖွဲ လောင်းကြေးမျိုးတော့ ဝါသနာ မပါဘူးဗျ၊ ကဲ ... ဒယ်လာရေ သွားကြစို့၊ ပေါလ်ကိုပါ ရှာခေါ်ခဲ့၊ တစ်ခုခုသွားစားကြမယ်"

✿✿✿✿✿✿✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

✿ ကား ဓာတ်ဆီထည့်ရန်၊ အင်ဂျင်ဝိုင်ဖြည့်ရန်၊ ရေဖြည့်ရန်၊ ဘက်ထရီစစ်ရန် အားလုံးအပ်ပြီးချိန် သုံးဦးသား ဟိုတယ်တစ်ခုခုတွင်း ဝင်ခဲ့ကြသည်။

မေဆင်က ဒရိုက်ကို စမေး၏။

''နေပါအုံးကွ၊ ဟိုလက်ရေးပါရုပ်က ဘယ်မှာလဲ''

''ရှိပါတယ်၊ မလိုသေးလို့ပါ၊ လက်နှိပ်စက်ကိစ္စကတော့ သိရပါပြီ၊ အိမ်ငှားခပြေစာ ရိုက်တဲ့စက်က စမသ်-ကိုရိုနာအမျိုးအစားပဲ''

''မီ အခန်းထဲမှာ အဲဒီစက်မျိုး မဟုတ်လား''

''ဟုတ်ပါတယ်ဗျ၊ အိမ်ငှားတာလည်း မီပါပဲ''

''နေပါအုံးကွ၊ ဟို တောတွင်းအိမ်ငယ်ငှားတဲ့ အပေးအယူ အဆက်အသွယ်ကိစ္စ တို့ ဒီထက် ပိုသိချင်သေးတယ်၊ မီက အိမ်ငှားတယ်၊ သေသူ 'မင်းလေး'လဲ အဲဒီအိမ်ကို အသွားအလာ များတယ်။ ဟော့ ... ဘာ လဲကွ ပေါလ်၊ ဘာ စိုးရိမ်နေတာလဲ အမူအရာက ... ''

''ဘာမှတော့ မဖြစ်ပါစေနဲ့ မျှော်လင့်ရတာပဲ''

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ပြောစမ်းပါအုံး"

"ဟုတ်ကဲ့၊ ကျွန်တော် အရင်မေးပါရစေ၊ အယ်လင်တန်က သူ့ဘက်က အပြစ် တင်ပြလိုက်ပြီးပြီ၊ နောက်ထပ် သက်သေမတင်တော့ဘူးလား"

"ဂလက်ဒီကို အပိုင်မိနေအောင် နောက်ထပ် အထောက်အထား ရှာနေသေးတယ်၊ တို့ နည်းဗျူဟာကတော့ အထောက်အထား ရနိုင်မှု စုထားမှာဘဲ၊ တရားသူကြီး သဘောထားကလဲ ဂလက်ဒီ သက်သေအဖြစ် ထွက်ဖို့ လမ်းဖွင့်ထားပါသေးတယ်"

"သက်သေအဖြစ် အစစ်ခံရင် ဂလက်ဒီအတွက် ကောင်းပါ့မလားဗျ"

"နည်းနည်းကလေးမှ မကောင်းတာ အမှန်ပဲ၊ တရားသူကြီးကတော့ ဂလက်ဒီရဲ့ ထွက်ချက်ကို ယုံကြည်တယ်ထားအုံး၊ ဂလက်ဒီကတော့ ငြိနေပြီးသားပဲ၊ ဂလက်ဒီရဲ့ ထွက်ချက်မှန်ရင် တော်ရဲ့ ပြဿနာက ဒီထွက်ချက်ဟာ တကယ်အမှန်လား၊ လန်ကြုတ်လား၊ ဒီတော့ ဒီအမှု ဂျူရီတွေဆီ တင်တဲ့အခါ ဂျူရီလူကြီးတွေက တရားသူကြီးရဲ့ အဆုံးအဖြတ်ကို ကျေနပ်အောင်လည်း တရားသူကြီး တစ်ချို့က ကြိုးစားရသေးတယ်၊ ဒီမှာတင် သံသယအကျိုး ပေါ်လာရင် တရားခံ ခံစားခွင့် ရှိပြန်ရော၊ ဒါပေမယ့် သက်သေတင်ပြချက်တွေမှာ တစ်ခုနဲ့တစ်ခု ဆန့်ကျင်နေရင်တော့ တရားသူကြီးက အဆုံးအဖြတ်အတွက် ဂျူရီဆီတင်ရတာပဲ၊ တစ်ခုတော့ ရှိတယ်၊ အစိုးရရှေ့နေဟာ အထောက်အထား မပြနိုင်ရင်တော့ အမှုကို ရုပ်သိမ်းသွားနိုင်တယ်၊ တရားသူကြီးကျတော့ နောက်ထပ် ဘာအထောက်အထားတွေ ရှိအုံးမယ်လို့ မသိနိုင်သူ ဆိုတော့ တစ်မျိုးပေါ့"

"နေအုံးဗျို့၊ ကျုပ်စိုးရိမ်နေတာက ဟို စုံထောက်ကဲလ်တန် ကိစ္စပဲဗျ"

"ဘာဖြစ်လို့လဲ"

"ဒီနေ့မနက် သတင်းထောက်တစ်ယောက်ကို ပြောနေတာ ကြားခဲ့ရတယ်၊ သူ ဒီအတိုင်းရေငုံနေရင် ကျည်ဆံအခွန်နဲ့ လည်စီးပဝါကိစ္စဟာ သူ့စုံထောက်လိုင်စင်ကိုပါ ထိခိုက်ဖို့ ရှိနေဟန် ပြောသံကြားရသဗျ၊ အမှုသည်အပေါ် သစ္စာရှိရမှာ မှန်ပေမယ့် တရားဥပဒေအပေါ်လည်း ထောက်ထားရမယ် ပြောနေတယ်"

"ဒီလောက်တောင် စိုးရိမ်နေတယ်ပေါ့"





"ဟုတ်တယ်ဗျ၊ သတင်းထောက်ကလည်း ကဲလ်တန်ပြောတဲ့ သတင်း နောက်ဆက်တွဲအဖြစ် ကျွန်တော့ရုံးကိုတောင် ဖုန်းဆက်မေးပါသေးတယ်၊ သတင်းအနံ့ ရထားကြပြီ ဆိုပါတော့၊ ဒါကြောင့် ကဲလ်တန်ကို တစ်မနက်လုံး ရှာခိုင်းနေတာ မတွေ့ရသေးဘူးဗျ၊ သူ့အိမ်ကလည်း ကဲလ်တန်အစိုးရ ရှေ့နေကြီးဆီ သွားသတဲ့၊ ကဲ ... မှတ်ကရော့"

"ဟော ... ဒီလိုတောင်လားကွ"

ဒယ်လာပင် သူ့ဆရာကို စိတ်မကောင်းစွာ လှမ်းကြည့်သည်။ ထိုအချိန် ဟိုတယ်တွင်း ရောက်လာကြပြီဖြစ်၍ စားစရာ မှာကြ၏၊ အတွင်းကျကျ အခန်းတွင် စားခြင်းဖြစ်၏။

"ဟိုတယ်မန်နေဂျာမှာလည်း ရင်းနှီးနေသူဖြစ်၍ မေဆင်တို့အတွက် သီးသန့် စီစဉ်ပေးသည်။ အခန်းအတွင်း၌ တယ်လီဖုန်းလည်း ရှိနေ၏။ နေသားတကျ ထိုင်ကြပြီးနောက် မေဆင်က ဒရိတ်ကို လှမ်းပြောသည်။

"မင်း ရုံးကို ဖုန်းဆက်ပေတော့၊ ကဲလ်တန်အကြောင်း သိနိုင်သမျှ ရအောင်စုံစမ်းကွာ"

"အယ်လင်တန်က ဒီကျည်ဆံတွေရင် သက်သေခံအဖြစ် တင်မှာ သေချာသလားဗျ"

"သိပ်သေချာတာပေါ့ကွာ၊ တစ်ခါမဟုတ်ဘူး၊ ကြုံကြိုက်တိုင်း အထောက်အထားအဖြစ် သုံးမှာ၊ ကဲလ်တန်ကိုလည်း သက်သေအဖြစ် တင်မှာပဲ၊ ထွက်ချက်မှတ်တမ်း ယူထားမှာပေါ့၊ ဒီနည်းနဲ့ တို့ကို သူကိုင်မိထားရင် တို့ရဲ့ ပြန်လှန်မေးခွန်းတွေ အရာမထင် ဖြစ်သွားနိုင်တာပေါ့၊ ဟော့ ... တစ်ခုတော့ ရှိသေးတယ်၊ ဟိုလူ တောတွင်းအိမ်ငယ်ထဲမှာ ဂလက်ဒီနဲ့ တွေ့လိုက်တယ်ဆိုတဲ့ 'လူ'ဘယ်သူလဲဆိုတာ တို့ မသိကြရသေးဘူးကွ၊ အဲဒီလူသာ လူသတ်သမား မဟုတ်ရင်တော့ တစ်နေရာရာက ပေါ်လာမှာ သေချာတယ်"

"အိမ်ငယ်ထဲမှာ တကယ် တစ်ခြားလူတစ်ယောက် ရှိမယ်လို့ ခင်ဗျား တွက်ထားသလား"

"ရှိကိုရှိတယ်ကွ၊ ဂလက်ဒီက အသေအချာ ပြောထားတာပဲ"

"လက်ဗွေရာလေးတောင် မကျန်တော့လည်း ခက်သားပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ၊ လက်ဗွေရာဆိုလို့ ဂလက်ဒီရဲ့ လက်ဗွေရာတစ်ခုထဲ သေနတ်ပေါ်မှာ တွေ့ရတယ်၊ ဂလက်ဒီပြောတော့ တစ်ခြားအခန်းတွေထဲလဲ သူ ရောက်တာပဲဟာ၊ အဲဒီနေရာတွေမှာကျတော့ ဂလက်ဒီရဲ့ လက်ဗွေရာကို မတွေ့ရဘူးတဲ့၊ အဲဒါ ဘာကြောင့်လဲ စဉ်းစားစရာ ဖြစ်နေတယ်"

"ဗျာ... ဒီအချက် ကျုပ်တစ်ခါမှ ထည့်မစဉ်းစားမိဘူး။ ဒီအတိုင်းဆိုရင်ဂလက်ဒီရဲ့ လက်ဗွေရာကို တစ်ယောက်ယောက်က ဖျောက်ဖျက်ပစ်တယ် ဆိုချင်တာလား"

"သိဝ်ကိုဖြစ်နိုင်စရာရှိတယ်၊ လက်ဗွေရာ အတော်များများကို တစ်ယောက်ယောက်က တမင်လာဖျောက်ဖျက်ပစ်ခဲ့တာပဲကွ"

သူတို့စကားကောင်းနေစဉ် အနီးသို့ စားပွဲထိုး ရောက်လာလျက် မစ္စတာမေဆင်အတွက် ဖုန်းလာနေကြောင်း ပြော၏။ ဤဟိုတယ်၌ မေဆင် ရှိနေမှန်း ကိန်းသေ သိနေသူတစ်ဦးက ဆက်ခြင်းဖြစ်ကြောင်းလည်း ပြောပြသည်။ မေဆင်၊ ဒယ်လာနှင့် ဒရိတ်တို့ အပြန်အလှန် အကြည့်ချင်းဆုံသည် အထိ တအံ့တဩ ဖြစ်ကြရသည်။ မေဆင်ကပင် စမေးသည်။

"ဒယ်လာရော၊ ပေါလ်ရော တို့ ဒီမှာရှိနေမယ်လို့ ကစ်ဦးဦးကို ပြောပြီးသလား"

"အလိုလေးဗျာ၊ ဒီကိုလာမယ်ဆိုတာတောင် မသိခဲ့ပါဘူး။ ခင်ဗျားပဲ ခေါ်လာတာ"

ဒရိတ်က စကားဖြင့် ငြင်းသကဲ့သို့ ဒယ်လာက ခေါင်းခါငြင်းသည်။

"ဒါဆို တို့ ဒီမှာရှိမယ်ဆိုတာ ဘယ်သူသိနေသလဲ"

ဟိုတယ်စားပွဲထိုးက ဖြတ်မေးသည်။

"မစ္စတာမေဆင်ဒီမှာမရှိဘူးလို့ ကျွန်တော် ပြန်ပြောလိုက်ရမလား ခင်ဗျာ"

"မလုပ်နဲ့ ... မလုပ်နဲ့၊ တို့ လက်ခံစကား ပြောပါ့မယ်"

ပြောပြောဆိုဆို လာနေသော ဖုန်းကို မေဆင်ကိုင်နားထောင်လိုက်သည်။ တဘက်မှ ယောကျ်ားတစ်ဦး အသံတိုးတိုးဖြင့် မေးသည်။

"မစ္စတာမေဆင်လား"

"ဟုတ်ပါတယ်... မေဆင်ပါ၊ ခု မေးနေတာကကော ဘယ်သူပါလဲ"





"ကျွန်တော့် နာမည် မပြောပါရစေနဲ့၊ သတင်းတစ်ခုပေးချင်လို့ပါ၊ ဟိုတောတွင်းအိမ်ငယ်ထဲမှာ လက်ဗွေရာရှာတော့ ရဲအဖွဲ့ဝင်တွေသိတဲ့ လက်ဗွေရာတစ်ချို့ကို တွေ့ခဲ့ပါတယ်၊ တစ်ယောက်ယောက်က လက်ဗွေရာ တော်တော်များများကို တစ်ခုခုနဲ့ ဖျက်ထားတယ်ဗျ၊ အဲ... မီးဖိုအထက်က စင်ပေါ်မှာ သံမဏိဒယ်အိုးတစ်လုံးရှိတယ်၊ ဒန်အိုးမဟုတ်ဘူးနော်၊ အဲဒီ သံမဏိအိုးမှာ"

မေဆင်က ခေတ္တ ကြားဖြတ်ပြော၏။

"နေအုံးဗျို့၊ တစ်ခြားလိုင်း လာပူးနေတယ်"

အမှန်စင်စစ် မေဆင် ပရိယာယ်ဆင်ခြင်းသာ ဖြစ်သည်။ ပေါလ် ဒရိတ်ကို ညွှန်ကြားလို၍ အချိန်ယူလိုက်ခြင်း ဖြစ်သည်။

"ကဲ ... ပေါလ်ရေ အရေးကြီးတယ်ဟေ့ ... ၊အခုဆက်တဲ့ဖုန်း ဘယ်ကလဲ ချက်ချင်းလိုက်စမ်း"

ညွှန်ကြားပြီးချိန် မေဆင်က ဖုန်းမှ လက်ခွာပြီး စကားဆက်ပြောရန်ပြင်သည်။ သို့သော် တစ်ဘက်မှလည်း ပါးလွန်း၏။

"ဒီမှာမစ္စတာမေဆင်၊ ခင်ဗျား သိပ်လျှင်တယ်ပေါ့လေ၊ ခုနက စကားပြောဖြတ်လိုက်တာက ကျုပ် ဘယ်ကဆက်တာလဲ စုံစမ်းခိုင်းတယ် မဟုတ်လား။ မလုပ်နဲ့၊ မကြိုးစားနဲ့၊ မရဘူး။ ကဲ ... ဆက်သာနားထောင်၊ စောစောက ပြောတဲ့ သံမဏိဒယ်အိုးပေါ်မှာ လက်ဗွေရာတွေ ရှိနေတယ်၊ အဲဒီလက်ဗွေ ဘယ်သူ့လက်ဗွေရာမှန်း ရဲအဖွဲ့လည်း လိုက်လို့မရ ဖြစ်နေတယ်၊ ဒီတော့ ရဲမှူးထရက်ကို အဲဒီလက်ဗွေတွေတင်ပြနိုင်း၊ ကိုင်း ... ခုကအစ အလုပ်စပေတော့၊ မစ္စတာမေဆင်"

ချက်ချင်း တစ်ဘက်မှ ဖုန်းချသွားသည်။

ထို့ကြောင့် မေဆင်ကလည်း ဖုန်းချလိုက်တော့၏။

"သတင်းလားဆရာ'

"သတင်းလောက်တင်မကဘူး ဒယ်လာရေ၊ တို့လိုချင်သိချင်နေတဲ့ ကိစ္စတစ်ခုပါ သိလိုက်ရတယ်၊ ဒါ တို့အတွက်တော့ တကယ့် ထွက်ပေါက် ပဲကွယ့်"

"ဘယ်လိုအချက်လဲဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားတစ်ယောက်ရဲ့အသံပဲ"

ဟု အစချီလျက် ဖုန်းထဲမှ အကြောင်းအားလုံး ပြန်ပြောလိုက်ရာ ဒယ်လာက ဆက်မေးတော့၏။

"အဲဒါ... တစ်ခုခု အသုံးဝင်မယ် ထင်လို့လား ဆရာ"

"တစ်ခုခု ဘယ်ကမလဲ၊ အများကြီး၊ အများကြီး။ ဒါပေမယ့် အဲဒါ ထက်ဆိုးနေတာ ရှိနေပြန်ပြီ"

"ဘယ်ဟာလဲဆရာရဲ့"

"ခု ဖုန်းဆက်တဲ့သူပေါ့၊ သူ ဘယ်သူလဲ၊ ဒါတွေ ဘယ်လိုလုပ် သူ သိနေသလဲ၊ ခု တို့ ဒီဟိုတယ်မှာ ရှိနေတာတောင် သူသိနေတယ်ဆိုတော့"

ထိုအချိန် ဒရိတ်ပြန်ရောက်လာ၏။

"မစ္စတာမေဆင်၊ ခင်များလူက လည်လွန်းတယ်ဗျာ၊ အစောကြီး ဖုန်းပြန်ချသွားတယ်"

"အေးဟေ့... ဒါထားလိုက်ပါတော့၊ တို့သိချင်တာတွေ သူ့ဆီက ရလိုက်ပါပြီ၊ ဒါပေမယ့် တို့ဒီဟိုတယ်မှာ ခုအချိန် ရှိနေမယ်လို့ သူ ဘယ်လိုလုပ် သိသလဲကွာ၊ မင်း စဉ်းစားကြည့်စမ်း၊ တို့ ဒီဟိုတယ်ကို နောက်ဆုံးအချိန်ကျမှ ရွေးလိုက်တာလည်း မင်းအသိ၊ တို့ကို နောက်ယောင်ခံလိုက်နေပြီ ထင်တယ်"

"ဖြစ်နိုင်တယ်ဗျ"

"တော်ရုံလူတော့ မဟုတ်နိုင်ဘူးကွ၊ တော်တော်ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ် ဖြစ်မယ်၊ အေးလေ ခု ၁၅ မိနစ်လောက် အချိန်ကုန်သွားပြီ၊ သွားကြမှပဲ လူစုံတော့ ခွဲမယ်ဟေ့၊ ဒယ်လာက ညာဘက် လမ်းလိုက်၊ တို့က တည့်တည့် သွားမယ်၊ လမ်းမှာတွေ့သမျှ အများသုံး တယ်လီဖုန်းရုံတွေမှာ စုံစမ်းပေတော့၊ စောစောက ယောက်ျားတစ်ယောက်ယောက် တယ်လီဖုန်းပြောမပြော၊ ပြောရင် အရပ် ၆ပေလောက်၊ ပခုံးကျယ်ကျယ် ခါးသေးသေး၊ ဆံပင်ကောက်ကောက် မဲမဲ၊ မျက်လုံးပြာ စူးရှရှနဲ့လူ ဟုတ်မဟုတ် စုံစမ်း၊ မျက်လုံးအိမ်စူးရှတာဟာ သူ့ထူးခြားချက်၊ ကဲ... ကဲ... သွားပေတော့"

အခန်းထဲမှ ချက်ချင်း ထွက်လာကြပြီးနောက်၊ ဟိုတယ်စောင့်ကို ၁၀-ဒေါ်လာဆုချလျက် ထမင်းစားခန်းကို စောင့်ပေးထားရန် မှာခဲ့သေး၏။

မေဆင်သွားရာဘက်၌ ပထမဖုန်း၊ ဒုတိယဖုန်းအထိ သဲလွန်စ





မရသေး။ တတိယဖုန်းတွင်ကား မေဆင်မေးသော ပုံသဏ္ဍာန်နှင့်လူသည် ဖုန်းကားမပြော၊ သို့သော် ကားတစ်စီးဖြင့် ရောက်လာလျက် ဘေးနားတွင် ရပ်ထားကြောင်း ဖုန်းရုံစောင့်က ပြော၏။ ဤတွင် ၅-ဒေါ်လာဆုချလျက် အသေးစိတ်ဆက်မေးပြီး ရှာဖွေရာ အနီးရှိကားတန်းထဲတွင် ထိုကားကို တွေ့လိုက်ရသည်။ သို့ဖြင့် ကားတွင်းရှိ လက်ကိုင်ဝှေပေါ်မှ ကားပိုင်ရှင်၏ ကိုယ်ရေးမှတ်တမ်းအကျဉ်းကို မေဆင် ရလိုက်သည်။

မစ္စတာရစ်ချတ်ကျီမင်း၊
အမှတ် ၂၉၁၂
မတ်စ်ဝုဒ်တိုက်တန်း
ဟူသောလိပ်စာဖြစ်သည်။

ရလျှင်ရချင်း ဖုန်းရုံဆီပြန်သွားမေးသေး၏။ သို့သော် ဘာမျှနောက် ထပ် မသိရသောအခါ ဟိုတယ်သို့ ဖုန်းလှမ်းဆက်ပြီးမှာသည်။ ဒရိတ်နှင့် ဒယ်လာတစ်ဦးဦး ပြန်ရောက်လျှင် သူ့ဆီ ချက်ချင်း ဖုန်းပြန်ဆက်ရန် ဖုန်းနံပါတ် ပါ မေဆင်က ပေးထားလိုက်သည်။

မေဆင်သည် စောင့်နေရင်း အိတ်ထဲမှ သက်သေခံ ခေါ်ယူသော ပုံစံစာရွက်အလွတ်တစ်ရွက် ချက်ချင်းနှိုက်ထုတ်လျက် ရစ်ချတ်ကျီမင်း၏ အမည်နှင့် လိပ်စာကို ရေးထည့်သည်။ တရားရုံးသို့ချက်ချင်းပြန်ရောက်လာပြီး တရားခံပြသက်သေအဖြစ် အစစ်ခံရန် ခေါ်ယူခြင်း ဖြစ်သည်။

၁၀ မိနစ်အကြာတွင် မေဆင်ထံ ဖုန်းလာ၏။ ဒရိတ်ထံမှ ဖြစ်ပြီး ဘာသဲလွန်စမှ မရကြောင်း၊ ဖုန်းရုံ ၁၀ ခုခန့်အထိ စုံစမ်းခဲ့ကြောင်း ပြောလာ၏။

"ကိစ္စမရှိဘူးဟေ့၊ တို့သဲလွန်စ ရလိုက်ပြီ၊ ကဲ... အခုနောက်တစ်ခု လုပ်ရမယ်၊ လူတစ်ယောက်ကို ရုံးပေါ်လာခဲ့ဖို့ လှမ်းခေါ်ရင် ဘယ်လောက် ကြာမလဲကွ"

"၁၅ မိနစ် အလွန်ဆုံးပါပဲ"

"ဒီလိုဆို ဟောဒီလိပ်စာ မင်းလူတစ်ယောက်ကိုလွှတ်ပြီး ပို့နိုင်း၊ တို့ ဒီဖုန်းမှာပဲ ဒီလူကို စောင့်နေမယ်၊ ဒယ်လာ လာရင် မင်းနဲ့အတူ စားနေခြီး တို့နောက်မှ လာခဲ့မယ်၊ မင်းပြန်လာရင်တို့ဆီချက်ချင်း ဖုန်းဆက်နော်"

www.burmeseclassic.com

www.burmeseclassic.com



မေဆင်စောင့်ရင်း ၁၀ မိနစ်ခန့်အကြာတွင် အရပ်ရှည်ရှည် လူတစ်ဦး စောစောက ကားအနီး ရောက်လာ၏။ အကဲခတ်နေရာမှ ကားမထွက်မီ ထိုသူ့အနား ကပ်သွားလျက် မေဆင်က စနူတ်ဆက်၏။

"မစ္စတာ ဂျီမင်း မဟုတ်လား"

မေဆင်က ပြောပြောဆိုဆို သူ့တွင် ရေးဖြည့်ထားပြီး ဖြစ်သော သက်သေခံခေါ်စာရွက်ကို လှမ်းပေးလိုက်၏။

"ဒါက ဘာလဲဗျ"

ဂျီမင်းက ထိုမျှပြောလိုက်နိုင်လျက် စာရွက်ကို ကြည့်ပြီး မေးလိုက်ရာ မေဆင်က ဖြေသည်။

"ခု မွန်းလွဲပိုင်း တရားရုံးတော်မှာ အမှုတစ်ခုအတွက် သက်သေခံလာဖို့ပါ ခင်ဗျား။ အမှုက လူသတ်မှုပါ၊ ဂလက်ဒီဆိုတဲ့ ကလေးမ တရားခံဖြစ်နေရတဲ့အမှုလေ၊ ရုံး နှစ်နာရီမှာ ပြန်စပါမယ်"

စာရွက်မှ လက်မှတ်ကိုကြည့်ပြီး ထိုလူက တအံ့တဩ ဖြစ်သွားသည်။

"ဗျာ ... ခင်ဗျားက ရှေ့နေကြီး ပယ်ရီမေဆင် ဟုတ်လား"

"ဟုတ်ပါတယ် ... ခင်ဗျာ"

"ဒုက္ခပဲဗျို့၊ ဒီမှာ မစ္စတာမေဆင်၊ ခင်ဗျား ကျုပ်ကို ဘယ်လို သဲလွန်စ ရသလဲဗျာ၊ ခင်ဗျားကိုတော့ ကျုပ် အံ့ဩအောချရတော့မယ် ထင်တယ်၊ ကျုပ် ဘယ်နားဘယ်လို လစ်ဟင်းသွားသလဲ မသိတော့ဘူး။ ပြောစမ်းပါအုံးဗျာ၊ ကျုပ်ကို ဘယ်လို ခြေရာခံမိသလဲလို့"

"ရုံးမှာ သက်သေခံပြီးရင် ပြောပြပါ့မယ်"

"ကျုပ် သက်သေခံလို့ မဖြစ်ဘူးဗျ၊ မစ္စတာမေဆင်"

"ဘာ့ကြောင့်ရမလဲ၊ တရားရုံးစာချွန်နဲ့ ခေါ်ထားတာလေဗျာ"

"အင်း ... အဲဒီ စာချွန်ကိုတောင် ကျုပ် လျစ်လျူရှုရတော့မယ် ထင်တယ်"

"ဗျာ ... ဒီလိုလား"

"ဟုတ်တယ် မစ္စတာမေဆင်၊ ကျုပ်အတွက် အခက်အခဲ ရှိနေတယ်၊ ဒီတော့ မစ္စတာမေဆင် နားလည်ပါတယ်နော်"

"ဒါပေမယ့်ဗျာ၊ ခင်ဗျား အသက်မွေးဝမ်းကျောင်း ဘာဖြစ်နေနေ





သက်သေခံတော့ လာမယ်ထင်တာပါတယ်"

"တစ်ခြားနည်းနဲ့ တစ်မျိုး ရှင်းကြရအောင်ဗျာ၊ အဲဒီလို မကောင်းဘူးလား"

မေဆင်က ချက်ချင်း တုံ့ပြန်၏။

"အေးဗျာ၊ အမှန်ကတော့ ဒီနေ့ နှစ်နာရီမှာ ခင်ဗျား တရားရုံး ရောက်နေရမှာပဲ၊ မရောက်နိုင်လောက်အောင် တစ်ခြားအကြောင်းတစ်ခုခု ရှိရင်လည်း တရားသူကြီးကို အမှုရက်ချိန်း တောင်းရတော့မှာပေါ့"

"ကျုပ်အစစ်ခံချက် ဘယ်လိုဟာမျိုး ဖြစ်လိမ့်မယ်ဆိုတာလဲ ခင်ဗျား မသိသေးဘူး၊ မစ္စတာမေဆင်"

"မေဆင်က ခပ်ရှည်ရှည် ရှင်းပြလိုက်၏။

"သိပါတယ်ဗျာ၊ ခင်ဗျားထွက်ဆိုချက်မှာ ခင်ဗျားဟာ ဂလက်ဒီ တောတွင်းအိမ်ငယ်ပေါ် ရောက်လာတဲ့ညက အဲဒီအိမ်ထဲမှာ ရှိနေတယ်၊ ဂလက်ဒီ အစစ်ခံချက်တွေ အားလုံးမှန်တယ်၊ အဲဒီည သန်းခေါင်ကျော်မှာ ခင်ဗျား အပြင်ထွက်ပြီး ဂလက်ဒီရဲ့ကားကို ပြန်လှည့်ပေးထားတယ်၊ ခင်ဗျား ဂျစ်ကားကိုသုံးပြီး ဖွက်ထဲက ဆွဲတင်တာ ဖြစ်ရင်လည်း ဖြစ်မယ်၊ အိမ်ထဲက လက်ဗွေရာအားလုံးကို ခင်ဗျားပဲ ပွတ်တိုက်ပြီး ဖျောက်ဖျက်ခဲ့လိမ့်မယ်၊ ပြီးတော့မှ မီးဖိုကမီး ငြိမ်းသတ်ပြီး ဂလက်ဒီအိပ်ပျော်နေတုန်း အိမ်ထဲက ခင်ဗျား ထွက်သွားခဲ့တာ၊ တစ်ခြားဘာတွေ ခင်ဗျား သက်သေခံ ထွက်ဆိုနိုင်အုံး မလဲတော့ မသိသေးဘူး။ ဘာပဲဖြစ်ဖြစ် ခင်ဗျားထွက်ချက်ဟာ ဂလက်ဒီအတွက် တော့ အထောက်အကူရမယ်လို့ ကျုပ် မျှော်လင့်တယ်၊ ဒါမှမဟုတ်ရင် တော့ ခင်ဗျားကိုပဲ လူသတ်သမားအဖြစ် ကျုပ် စွဲချက်တင်ရလိမ့်မယ်ဗျို့၊ ကဲ ... ကျုပ်ကို ခွင့်ပြုပါအုံး"

မေဆင်ကပြောပြောဆိုဆို ဟိုတယ်ဆီ ပြန်သွားတော့သည်။ ဟိုတယ်ထဲ ပြန်ရောက်ချိန်တွင် ဒယ်လာနှင့် ဒရိတ်တို့ စားနင့်နေကြပြီဖြစ်၏။

ဒယ်လာက ဦးစွာ စ မေးသည်။

"ဘယ်လိုလဲ ဆရာ"

"ဒရိတ်ရေ၊ မင်းလူလာရင် ပြန်လွှတ်လိုက်တော့၊ တို့ကိုယ်တိုင် အဲ့လူ ကို တွေ့လိုက်ရပြီ၊ မြန်မြန်စားကြစို့၊ နှစ်နာရီမထိုးခင် ရုံးကို ထွက်ရအောင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်နှင့်ရမယ်ကွ''

ယခုတစ်ကြိမ်၌ ဒရိုက်က ပြန်စ မေး၏။

''ဘာတွေ စဉ်းစားထားလို့လဲဗျ''

''ရုံးရောက်တော့ တွေ့မှာပေါ့၊ အရပ်ရှည်ရှည်လူတစ်ယောက် ဝတ်ကောင်းစားလှနဲ့ လက်ဆွဲသေတ္တာတစ်လုံး ဆွဲလာရင်းရုံးမှာ တို့ကိုလာတွေ့ ပါလိမ့်မယ်၊ အယ်လင်တန်တွင်မက သူ့ဆရာ ဟင်မီတန်ပါ ရောက်လာလိမ့်မယ် ထင်ပါတယ်''

အံ့အားသင့်နေသော ဒရိုက်ဘက်သို့ ဒယ်လာက လှမ်းကြည့်ပြီး ပြောလိုက်သည်။

''ဒီလိုကိုးရှင့်၊ ဟို... တောတွင်း အိမ်ငယ်ထဲမှာ ဂလက်ဒီနဲ့အတူ နေခဲ့တဲ့ ပုဂ္ဂိုလ်နဲ့ ဆရာတွေ့ခဲ့ရပြီ ဖြစ်လိမ့်မယ်၊ ကဲ... ရှင်းပလား''

✿✿✿✿✿✿✿



**အခန်း(၁၄)**

✿ ထိုနေ့က နှစ်နာရီမထိုးမီ ၁၀ မိနစ် အချိန်၌ ပယ်ရီမေဆင် တရားခွင် ခန်းမတွင်း ဝင်ရောက်လာသည်။ တံခါးပေါက်အနီး ထိုင်နေသော အရပ်ရှည်ရှည် ကျကျနနဝတ်စားထားသူ ပုဂ္ဂိုလ်တစ်ဦး လက်ဆွဲအိတ်ဆွဲလျက် မေဆင်ထံ လျှောက်လာပြီး နှုတ်ဆက်မေးမြန်းသည်။

''မစ္စတာမေဆင် ထင်ပါတယ်''

''ဟုတ်ပါတယ်''

မေဆင်က ချက်ချင်း အဖြေပေးလိုက်သည်။

''ကိုယ်တိုင်ပဲ မိတ်ဆက်ပါရစေတော့၊ ကျွန်တော့် နာမည် အာဝင် ဖြစ်ပါတယ်''

မေဆင်က လက်လှမ်းပေး နှုတ်ဆက်ရင်း စနည်းနာသည်။

''ဟုတ်ကဲ့၊ ကီစွ''

ထိုပုဂ္ဂိုလ်က ဘေးဘီကြည့်လျက် သူ့အိတ်ထဲမှ ရွှေသားရင်ထိုး တံဆိပ် တစ်ခုကို ထုတ်ပြ၏။

တံဆိပ်ကို မေဆင်က အသေအချာ စူးစမ်းကြည့်ရှုသည်။ ဤတွင်



www.burmeseclassic.com

www.burmeseclassic.com



အဝင်က စကားဆက်၏။

"ကျွန်တော်တို့ လူတစ်ယောက်ကို မစ္စတာမေဆင်က သက်သေခံဖို့ ခေါ်ထားတာ ရှိပါသလား"

မေဆင်က မသိလေဟန် ပြန်မေးသည်။

"ဗျာ ... "

"ဟုတ်ပါတယ်၊ မစ္စတာဂျိမင်းကို ခင်ဗျား ခေါ်ထားတာလေ"

"အော် ... ဒီလူက ခင်ဗျားတို့ ဌာနကလား"

"ဟုတ်ကဲ့၊ ဒါကြောင့် သူ့ တရားခွင်မှာ သက်သေခံလို့ မဖြစ်တဲ့ အခြေအနေပါ၊ မစ္စတာမေဆင်"

"ဘာကြောင့် ပါလဲဗျာ"

"အင်း ... အကြောင်းကတော့ သိပ်အရေးကြီးတဲ့ တာဝန်တစ်ခု ကျွန်တော်တို့ လျှို့ဝှက်ထမ်းဆောင် နေရဆဲဖြစ်ပါတယ်၊ ဒီတော့ ဂျိမင်းဟာ တရားခွင်မှာ သက်သေအဖြစ် သက်သေခံလိုက်ရင် အားလုံး ရေစုန်မျော ကုန်တော့မယ်ဗျာ"

"ဘယ်လို ရေစုန်မျောမှာလဲဗျ"

"လုပ်ငန်းတစ်ခုလုံး ရေစုန်မျောတော့မှာပေါ့"

"အေးဗျာ၊ ဂျိမင်း သက်သေလာ မခံနိုင်ဖြစ်ရင် ကျုပ်အမှုသည်ရဲ့ ဘဝ ရေစုန်မျောရတော့မယ်၊ ဒါလည်း ထည့်စဉ်းစားပါအုံးဗျာ"

"အင်း ... ခုအချိန်မတိုင်မီ အတော်ကြာအထိတော့ မစဉ်းစား မိခဲ့တာ အမှန်ပါ၊ ခုတော့ ထည့်စဉ်းစားပါတယ်"

"ဒီတော့ ... "

မေဆင်က မေးသည်။

"ခုဟာက ပဏာမ ကြားနာမှုအဆင့်ပဲရှိသေးတာ၊ လူသတ်မှုမှာ တရားခံလို့ စွပ်စွဲခံရသူကို စွဲချက်တင်နိုင်လောက်အောင် အထောက်အထား အဆက်အစပ် တင်ပြနိုင်သလား၊ ဒါပဲလုပ်ကြအုံးမှာ၊ တရားလိုရှေ့နေဘက်က လည်း ဒီရုံးမှာ တရားခံကို အပြစ်ပေးလို့မရသလို ခင်ဗျားကလည်း ကွင်းလုံး ကျွတ် လွှတ်စေလို့ မရနိုင်ဘူးလေဗျာ၊ ဒီတော့ ဒီမှာ မစ္စတာမေဆင်၊ ကျုပ်တို့ အပေးအယူ လုပ်ကြရအောင်"



"ဘယ်လို အပေးအယူပါလဲ"

"ဂျိမင်းကို တရားသူကြီး အခန်းထဲမှာ သက်သေခံနိုင်းလို့တော့ ရမယ်၊ ခင်ဗျားကရော၊ တရားလိုရှေ့နေကရော အဲဒီမှာ မေးခွန်းတွေမေးနိုင် ပါတယ်၊ သူကလည်း အဲဒီမှာ အစစ်ခံချက်ပေးမှာပေါ့၊ အဲဒီအစစ်ခံချက်ကို အများသိ ထုတ်ပြန်လို့တော့ မဖြစ်ဘူးဗျ၊ မှတ်တမ်းတင်လို့ မဖြစ်ဘူးဗျ၊ တရားသူကြီး ကတော့ ဒီထွက်ချက်ကို ရယူစဉ်းစားနိုင်ပါတယ်"

မေဆင်က ခေါင်းခါပြသည်။

"ဘာဖြစ်လို့လဲဗျ"

မေဆင်က အချက်ကျကျပင် ပြန်ဖြေ၏။

"ဒါဟာ တရားဥပဒေကြောင်းအရ လုပ်ရိုးလုပ်စဉ်မဟုတ်လို့ပါပဲ၊ ဒီသက်သေကို ကျွန်တော်က မေးခွန်းတွေ ထုတ်ချင်ပါတယ်၊ မေးစရာတွေ အများကြီးရှိနေပါတယ်၊ တောတွင်းအိမ်ငယ်မှာ အမှန်တကယ် ဘာတွေ ဖြစ်ခဲ့သလဲ၊ ဒါတွေကို တရားခံ ဖြစ်နေရှာသူလည်း ကြားစေချင်တယ်၊ ဥပဒေ အရ သူ့ခမျာ ကြားပိုင်ခွင့်လည်း ရှိတာကိုး၊ ဒီအခွင့်အရေးကို ကျွန်တော့် သဘောနဲ့ ကျွန်တော်က အဆုံးရှုံးခံလိုက်လို့ တရားခံမှာ ကြိုးစင်တက်လိုက် ရမယ်ဆိုရင် ကျွန်တော် ဘယ်အခြေအနေ ရောက်သွားပါမလဲ"

"ဒါပေမယ့်ဗျာ သိပ်တော့ မထူးခြားပါဘူး၊ ဒီလိုလုပ်ကြစို့ဗျာ၊ တရားခံအတွက် ရုံးမှတ်တမ်းတင်သူကို ထွက်ချက်လိုက်မှတ်နိုင်းထားရင်ကော၊ ဂျိမင်း ကို သက်သေစင်မြင့်ပေါ် မတက်စေချင်ဘူး၊ သတင်းစာထဲ ဓာတ်ပုံတွေ ဘာ တွေ မပါစေချင်ဘူး၊ သတင်းစာထဲ ပါသွားရင် ကျုပ်တို့လုပ်ငန်းကြီး တစ်ခုလုံး ထိခိုက်တော့မယ်"

"ဒီလိုလုပ်လို့ကော မရဘူးလား၊ ဂျိမင်းကို ကျွန်တော်နဲ့ တွေ့ခွင့် ကော မပေးနိုင်ဘူးလား၊ ဆက်သွယ်လို့ကော မဖြစ်ဘူးလား"

"ဒါလည်း ကျုပ်က ခွင့်မပြုနိုင်လို့ပဲဗျ"

"ဘာကြောင့်မတွေ့နိုင်းချင်တာလဲ"

"ဒီကိစ္စ ကျုပ်အမေရိကန်ပြည်ထောင်စုအစိုးရအထိ လှမ်းအစီရင် ခံပြီးပြီ၊ ညွှန်ကြားချက် နောက်ထပ်မရသေးဘူး၊ အမိန့်မရသေးသရွေ့ ဂျိမင်းကို သက်သေခံခွင့်ရော၊ တွေ့ခွင့်ရော မပေးနိုင် ဖြစ်နေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲဗျာ၊ တရားခံအဖြစ် စွပ်စွဲခံနေရသူ ဘာဖြစ်ဖြစ်ဆိုတဲ့ အဓိပ္ပါယ်လား"

မေဆင်၏ အချက်ကျကျ မေးခွန်းကို အာဝင်က ဝန်ခံရှာသည်။

"ဒါလည်း ကျုပ် စဉ်းစားပြီးပါပြီ၊ ဂျီမင်းရဲ့ ထွက်ချက်ဟာ ခင်ဗျား အမှုသည်အတွက် တစ်ချက်ကလေးမှ အကျိုးမရှိနိုင်ပါဘူးဗျာ"

"ဘာကြောင့် မရှိရမှာလဲ"

"ဂလက်ဒီကိုယ်တိုင် 'မင်းလေး'ကို သတ်ခဲ့တာဖြစ်မှာပါ"

"ဒါတော့ ကျွန်တော် လက်မခံနိုင်ပါဘူး။ ဂျီမင်းအခု ဘယ်မှာလဲ"

"လိုအပ်ရင် ခေါ်ယူနိုင်ပါတယ်"

မေဆင်က တစ်ဆင့်လျှော့ အဆိုပြုလာသည်။

"ဒီလိုလုပ်ရအောင်ဗျာ၊ တရားသူကြီးရဲ့ ကိုယ်ပိုင်အခန်းထဲမှာပဲ ဂျီမင်းကို ထွက်ဆိုခိုင်းမယ်၊ ရုံးမှတ်တမ်း ဝန်ထမ်းလည်း ခေါ်ထားမယ်၊ တရားခံအဖြစ် စွပ်စွဲခံရသူကိုလည်း ခေါ်ထားမယ်၊ ဘီးလစ်စာရေးကြီးလည်း ရှိမယ်၊ ထွက်ဆိုရာမှာ ခင်ဗျားတို့ လုပ်ငန်းတာဝန်ပိုင်းအရ စုံစမ်းသိရှိထားတဲ့ ကျောထောက်နောက်ခံ အချက်အလက် အားလုံးလည်း ထွက်ဆိုပေးရမယ်"

အာဝင်က ခေါင်းခါပြီး ပြောသည်။

"သိထားသမျှတော့ ဖြေလို့ မဖြစ်ဘူးထင်ပါတယ်၊ အတတ်နိုင်ဆုံး လုပ်ပေးနိုင်တာကတော့ တောတွင်းအိမ်ငယ်မှာ ဟိုညက ဖြစ်ပျက်ခဲ့သမျှ အားလုံး ထွက်ဆိုဖို့လောက်ပဲ ဖြစ်မယ်ဗျာ"

"ဪ... အဲဒီညက ဂျီမင်းဟာ တောတွင်းအိမ်ငယ်မှာ ရှိနေတယ်ပေါ့"

မေဆင်၏ အမေးကို အာဝင် ဟုတ်ကြောင်းဖြေသည်။

"သူက အဲဒီမှာ ဘာလာလုပ်တာလဲဗျ"

"အထောက်အထား ရှာနေတာ"

"ဘာအမှု အတွက်လဲ"

"ဒီမေးခွန်းကို အခုမဖြေပါရစေနဲ့အုံးဗျာ"

ဤတွင် မေဆင်က မျက်မှောင်ကြုတ်ပြောတော့သည်။

"ဒီလိုဆိုလည်း ခင်ဗျားလူကို ခု ၂ နာရီမှာ ဒီရုံးကို လာခိုင်းပေ





တော့၊ သက်သေခံခိုင်းရတော့မှာပဲ၊ ကျုပ်လည်း ဘာမှ မတတ်နိုင်တော့ဘူး"

"ဟာ ... နေပါအုံးဗျာ၊ ကျုပ်အခု ခင်ဗျားကို ကောင်းကောင်း မှန်မှန် ချဉ်းကပ်နေတာပါ"

"ဗျာ ... တရားခံရှေ့နေအပေါ် အကျပ်ကိုင်တဲ့ ချဉ်းကပ်နည်းလားဗျ၊ ကျုပ်ကတော့ အမှုသည်တစ်ယောက်ရဲ့ ရှေ့နေဆိုတော့ ကျုပ်အမှုသည် အတွက် အဓိကဆောင်ရွက်ပေးရမှာပဲဗျို့ ..."

"တကယ်လုပ်တော့မှာလား မစ္စတာမေဆင်၊ ဒီလိုလုပ်ပါလား ဗျာ၊ တရားသူကြီးရဲ့ သီးသန့်အခန်းထဲမှာ ထွက်ဆိုတာကို အရင်ကြည့်ပါအုံး။ လိုတဲ့အချက် ခင်ဗျား မသိရသေးဘူးဆိုရင် လုပ်ရိုးလုပ်စဉ်ကိစ္စ ဆက်ဆွေးနွေး တာပေါ့၊ ဘယ့်နှယ်လဲ"

"အမှုသည်အတွက် ကျေနပ်လောက်ဖွယ်ရှိရင် ဖြစ်ပါတယ်"

မေဆင်၏ သဘောတူညီချက် ရချိန် အာဝင်က နာရီကြည့်လိုက်ပြီး ပြော၏။

"ကဲ... ကျုပ်တို့ အချိန်လည်း သိပ်မရှိတော့ဘူး"

"နေအုံး၊ ဒီအစီအစဉ်အကြောင်း တရားသူကြီး သိပြီးပြီလားဗျ"

"မချဉ်းကပ်ရသေးဘူး"

"ခရိုင်တရားသူကြီးကော သိပြီးပြီလား"

"ဒါတော့ သူနဲ့တွေ့ပြီးပြီ၊ ခင်ဗျား စာချွန်ပေးပြီး ၁၀ မိနစ်အကြာ သွားတွေ့ရတာပေါ့၊ သူလည်း သိပ်စိုးရိမ်နေတာ"

"အင်း... နေ့လည်စာ စားချိန်ကလေး အနှောင့်အယှက် ဖြစ်သွား ရှာမှာပေါ့"

"ခင်ဗျားကြောင့် လူ တော်တော် များများ နေ့လည်စာတောင် လွတ်တယ်ဗျာ မစ္စတာမေဆင်"

"ကဲ... လာ၊ တရားသူကြီးအခန်းထဲ သွားကြစို့၊ အယ်လင်တန် ပါ ရှိနေရင် ကောင်းမယ်ထင်တယ်"

မေဆင်က အဆိုပြုသည်။

"သူတင်မကပါဘူး။ ဟင်မီတန်ကိုယ်တိုင် ရောက်လာပါလိမ့်မယ်"

"အလို ... ခင်ဗျားဘက်က လက်နက်လွှဲသူ အပြည့်အစုံနဲ့ပါလား"



www.burmeseclassic.com

www.burmeseclassic.com



မစ္စတာအာဝင်”

“ဒါပေါ့ဗျာ၊ ဒီမှာ ရန်ကုန်သမျှ အကြီးဆုံး လက်နက် လူသူ အပြည့် အစုံ ခေါ်ထားရတယ်”

မဆေင်က ဂလက်ဒီဆီ သွားတွေ့လိုက်သေး၏။ ပြီး တိုးတိုးလေး ပြောသည်။

“ဂလက်ဒီရေ၊ တောတွင်းအိမ်ငယ်ထဲမှာ ကလေးမ တွေ့ခဲ့တဲ့လူ ရှာလို့ရပြီ ... ”

“ရှင်၊ ... တွေ့ပြီ ဟုတ်လား၊ ဒါဆို ကျွန်မထွက်ချက် မှန်ကန်ကြောင်း ပြနိုင်မှာပေါ့နော် ... ”

“နေအုံးကွယ့်၊ ဒီလူက ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်နဲ့ လွှတ်ထားတဲ့ လျှို့ဝှက် အထူးစုံထောက်ဖြစ်နေတယ်၊ သူတို့က သူတို့ ကိစ္စတစ်ခု အတွက် ထောက်လှမ်းနေတာတဲ့၊ တို့ကို သိခွင့်ပေးမှာလည်း မဟုတ်ဘူး။ ခု သူ့ကို သက်သေခံဖို့ တို့ ဆင့်ခေါ်ထားပြီ၊ သူ့နာမည် ရစ်ချတ်ဂျိမင်း တဲ့”

ထိုနောက် မဆေင်က သူ့အစီအစဉ်အားလုံးကို ဂလက်ဒီအား ပြောပြလိုက်သည်။

“ကျွန်မကတော့ ရွှေနေကြီးကိုပဲ အဓိကထားပါတယ်ရှင်”

“အေးပါ၊ တို့ကလည်း ဒါကို ကလေးမ နားလည်ထားစေချင်တာပါပဲ”

“ကျွန်မကော နားထောင်ရမလား”

“တို့က ကလေးမပါ နားထောင်ခွင့်ပြုဖို့ တင်ပြထားပါတယ်”

မဆေင်က နာရီကြည့်လျက် အာဝင်ကို အချက်ပြပြီး အာဝင်နှင့်အတူ တရားသူကြီး၏ အခန်းတွင်း ဝင်သွားကြသည်။

အယ်လင်တန်နှင့် ခရိုင်တရားသူကြီး ဟင်မီတန်တို့ ရောက်နှင့် နေကြချေပြီ။

တရားသူကြီးက စကား စ ပြောသည်။

“အခြေအနေအကြောင်း ကျုပ် သိထားရပါပြီ၊ ဥပဒေကြောင်း အရ ကတော့ ကြားနာမှုဟာ အများပြည်သူတွေရဲ့ မျက်မှောက်မှာပဲ လုပ်ရပါတယ်၊ ပြီးတော့ သက်သေတွေဟာလည်း တရားခံအဖြစ် စွပ်စွဲခံနေရသူရဲ့ မျက်မှောက် မှာပဲ အစစ်ခံ ထွက်ဆိုကြရပါတယ်–



မဆေင်က ကြားဝင် ထင်မြင်ချက်ပေးသည်။

“ဟုတ်ပါတယ် တရားသူကြီးမင်းခင်ဗျား၊ ကျွန်တော့် စိတ်ထဲမှာလည်း အဲဒီအတိုင်း ခံယူထားပါတယ်”

“ဒီတော့ မစ္စတာမဆေင်၊ တရားသူကြီးအခန်းထဲမှာ ထွက်ဆိုမှာကို လက်ခံမှာလား”

“ဟုတ်ကဲ့၊ စမ်းကြည့်ပါမယ်၊ ကျွန်တော် သိချင်တာတွေ မသိရ ရင်တော့ တရားခွင်ပဲ ပြန်တင်ရမှာပါပဲ၊ တရားခွင်မှာ ကျွန်တော် မေးရမှာပါပဲ”

ဟင်မီတန်က ကြားဝင်ပြော၏။

“ဒီနည်းဟာ မမျှတဘူးထင်ပါတယ်၊ မစ္စတာမဆေင်”

“ဘာကြောင့်လဲဗျ”

“ခင်ဗျား အတွက်ချည်း ဖြစ်မနေဘူးလား။ အတွင်းခန်းထဲမှာ ထွက်ချက်အားလုံးကို ခင်ဗျားနားထောင်မယ်၊ ပြီးတော့ မကျေနပ်ဘူးဆိုပြီး အပြင်ခန်းမှာ ထပ် အစစ်ခံနိုင်းမယ် ... ”

“အဲဒီတော့ကော ဘာဖြစ်သလဲဗျ။ အထဲတစ်ခါပြော၊ အပြင်တစ်ခါ ပြော မပြောရဘူးလား”

“ဒါကြောင့် ခင်ဗျားအတွက်ချည်းလို့ ကျုပ် ပြောနေတာပေါ့၊ မစ္စတာ မဆေင်”

ဟင်မီတန်က ခပ်ဖိဖိပြောလာရာ မဆေင်က အပြတ်ပြောလိုက် တော့၏။

“ဒီလိုဆိုလည်း မစခင်ကတည်းက ကိစ္စပြတ်ပြီပဲ၊ ဒီတော့ ဒီတရား သူကြီးအတွင်းခန်းမှာ စစ်နေဖို့ မလိုတော့ဘူး။ တရားခွင်ပဲ ဝင်မယ်”

အာဝင်က ချက်ချင်း ကြားဝင်သည်။

“နေပါအုံးဗျာ၊ မစ္စတာ ဟင်မီတန်ကလည်း သိပ်ပြီး ရှေ့နေဆန် လွန်းနေတယ်၊ ဖြစ်လာမယ့် အခြေအနေကို သိပ် ပုံကြီးချဲ့လွန်းနေသဗျ”

“ဟာ ... မစ္စတာအာဝင် ခင်ဗျား။ မဆေင်နဲ့ ဆက်ဆံရတဲ့အခါ အဲဒီလိုတော့ လုပ်မှ မလုပ်ရင် သူက ပိုရှုပ်တတ်တယ်ဗျ”

“ဒါထားပါတော့ဗျာ၊ ခု ဒီလိုလုပ်ကြရအောင်ပါ”

အာဝင်က စောစောက အစီအစဉ် အကြောင်း ပြန်ရှင်းပြသည်။

ရည်မှန်းဦးတာပေ

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ဟင်မီတန် ကြားဝင်ပြန်၏။

"မစ္စတာမေဆင်ကို ခင်ဗျား လိုက်လျှောလွန်းနေတယ်ဗျ။ ဒီလိုဆိုရင် မေဆင်က အကွက်စေ့စေ့ အနိုင်ယူသွားလိမ့်မယ်"

"အင်း . . . ၊ အခြေအနေက အဲဒီလောက်အထိတောင် မပေးဘူး မစ္စတာ ဟင်မီတန်"

"ဒီလိုဆိုလည်း တရားခံ စွပ်စွဲခံနေရတဲ့သူကိုပါ အထဲခေါ်ပြီး နားထောင်နိုင်းပစေပေါ့"

တရားသူကြီးက ချက်ချင်း ဂလက်ဒီကို ခေါ်လာနိုင်းလိုက်သည်။ တစ်ချိန်တည်းမှာပင် အာဝင်ကလည်း သူ့လူ ဂျိမင်းကို သွားခေါ်၏။ ရုံးထဲ ပြန်အဝင် ဂျိမင်းနှင့် ဂလက်ဒီတို့ ဆုံနေကြရာ အမျိုးသားကပင် နှုတ်ဆက်လိုက်၏။

"ဟယ်လို . . . လှမိမယ်ကလေးပါလား"

ဂလက်ဒီလည်း အလိုက်တသိ လက်ထိုးပေးလျက် လက်ဆွဲနှုတ်ဆက်ရင်း ပြောရှာ၏။

"ရှင် တစ်နေ့နေ့ တရားခွင် လာရှင်းမှာပါလို့ ကျွန်မ တွက်ထားပြီးသားပါ"

"ဝမ်းနည်းပါတယ်ဗျာ . . . ၊ ကျွန်တော် ရှင်းနိုင်လိမ့်မယ် မထင်ပါဘူး"

ဤတွင် တရားသူကြီးက ကြားဝင်ပြီး အခြားစကား မပြောရန် ပန်ကြားလျက် ရုံးမှတ်တမ်း ဝန်ထမ်းကို ခေါ်ယူသည်။

"ကဲ . . . မှတ်တမ်း စာရေး မလာမချင်း ကြားစကားတွေ အသာထားကြပါအုံး။ ပြီးတော့ အခြေအနေက သိကြတဲ့အတိုင်းပါပဲ၊ ခု သက်သေခံမယ့်သူဟာ ပြည်ထောင်စုအစိုးရရဲ့ လျှို့ဝှက်စုံထောက်တစ်ဦး ဖြစ်နေပါတယ်၊ လျှို့ဝှက်ကိစ္စ တာဝန်တစ်ခု ဆောင်ရွက်နေသူလည်း ဖြစ်ပါတယ်၊ ဒါကြောင့် သူ့ကို တရားခွင်တင်လို့ မရပါဘူး။ ဒါပေမယ့် ဒီအမှုမှာ သူလည်း သိသင့်သလောက် သိထားသူဆိုတော့ မျက်မြင်လည်းဖြစ်နေတော့ တရားခံရှေ့နေက သက်သေအဖြစ် တင်လိုတယ်၊ အခြေအနေကမပေးဘူး၊ ဒါကြောင့် ဒီအတွင်းခန်းမှာ ထွက်ဆိုနိုင်းရမှာပါ ရှေ့နေကြီးတို့ ဘယ်လိုသဘောရပါသလဲ"





ဟင်မီတန်က စ ကန့်ကွက်သည်။

"ကျွန်တော် ဒါကို အတည်မပြုလိုဘူး၊ ဒါပေမယ့် အကျပ်ကိုင်ခံနေရပါတယ်"

မေဆင်က သဘောတူကြောင်း ပြောလိုက်၏။

"ကဲ . . . ဒီက ဂလက်ဒီကော သဘောတူရဲ့လား"

"ကျွန်မရှေ့နေ သဘောတူရင် ပြီးပါတယ်၊ အားလုံးပုံပြီး ရှေ့နေလက်အပ်ထားပြီးသားပါရှင်"

"ဒီလိုဆိုရင် မစ္စတာဂျိမင်းက အစစ်ခံချက် ထွက်ဆိုပေတော့၊ ထွက်ဆိုချက်ပြောပြီးရင် တရားလိုရှေ့နေ၊ တရားခံရှေ့နေကြီးတွေက မေးခွန်းထုတ်နိုင်ပါတယ်"

အာဝင်ကြားဝင်သည်။

"အားလုံးတော့ ထွက်ဆိုမှာ မဟုတ်ပါဘူး။ တစ်ချို့အချက်တွေ လျှို့ဝှက်ထားရပါအုံးမယ်"

"ချန်တော့ မချန်ပါနဲ့၊ ချန်တာဆို ကျွန်တော်လက်မခံနိုင်ပါဘူး။ တစ်ခုတော့ရှိတယ်၊ ခု ထွက်ဆိုချက်ကို သာမန်ထွက်ဆိုချက် အဖြစ်သာ မှတ်တမ်းတင်ပြီး မေးကြမြန်းကြမှာပါ၊ အထောက်အထား ရရုံလောက်ပါပဲ"

"ဒါဆို ဖြစ်ပါတယ်၊ ကဲ . . . စ ကြစို့"

အာဝင်က စမည်ပြုစဉ် တရားသူကြီးက မေးသည်။

"သက်သေကို ကျမ်းမကျိန်နိုင်းဘူးလား"

"သက်သေမှမဟုတ်ဘဲ၊ အဖြစ်အပျက်ကို ပြောပြရုံပဲဟာ"

အာဝင်၏စကားကို မေဆင်က ဖြတ်ပြော၏။

"ကျမ်းကျိန်စေချင်ပါတယ် ခင်ဗျား"

"ဟာ . . . မစ္စတာမေဆင်၊ ခင်ဗျား တယ်ခက်တဲ့လူပဲဗျာ"

"ရှေ့နေဆိုတာ လိုအပ်လာရင် ဒီထက် တိကျရပါလိမ့်အုံးမယ်၊ ဒီတော့ အလုပ်ဖြစ်မလား၊ မဖြစ်ဘူးလား"

မေဆင်စကားကြောင့် ဟင်မီတန်က ကြားဝင်၍ ထောင်ပေးပြန်၏။

"ကျုပ်မပြောဘူးလားဗျ၊ အစ က"

အာဝင်လည်း မတတ်နိုင်တော့သဖြင့် သူ့လူကို ကျမ်းကျိန်စေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျမ်းကျိန်ပြီးသည်နှင့် ဂျိမင်းက စတင်ထွက်ဆိုသည်။

"ကျွန်တော်တို့အဖွဲ့ဟာ အခွန်ကိစ္စနဲ့ ပတ်သက်ပြီး စုံစမ်းထောက်လှမ်း နေကြပါတယ်၊ စာရေးဆရာမ မီဟာ 'ယောက်ျားသားဆို နပ်နပ်စဉ်းပစ်' ဝတ္ထုထဲမှာ အခွန်တိမ်းရှောင်ပုံတွေအကြောင်း ကိုယ်တွေ့ထည့်ရေးထားတာတွေ့ရပါတယ်၊ ဒါကြောင့် ကျုပ်တို့က ဒီကိစ္စ လိုက်စုံစမ်းခဲ့တာပါပဲ၊ မီကို ပထမ စုံစမ်းခဲ့ပါတယ်၊ မီဟာ တောတွင်းအိမ်ငယ်ကို မကြာခဏလာတဲ့ အကြောင်းလည်း သိခဲ့ရပါတယ်၊ ဒါကြောင့် အဲဒီတောတွင်းအိမ်ငယ် အကြောင်း ထောက်လှမ်းစုံစမ်းဖို့ ကျွန်တော် တာဝန်ပေးခံခဲ့ရပါတယ်၊ ဒါနဲ့ လဆန်းတစ်ရက် တနင်္ဂနွေနေ့ညက အဲဒီတောတွင်းအိမ်ငယ်ကို ကျွန်တော်သွားခဲ့တယ်၊ အိမ်ထဲ မှာ စာရွက်စာတမ်း အထောက်အထား ဘာရှာတွေ့နိုင်မလဲ ရှာတယ်၊ ည ၁၀ နာရီမှာ ရောက်တယ်၊ အေးလွန်းလို့ မီးဖိုမီးမွေးတယ်၊ အလုပ်စရုံပဲ ရှိသေးတယ်၊ ခြေသံတစ်ချက်ကြားပြီး တံခါးလာခေါက်တော့တာပဲ၊ စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရပါတယ်၊ ဒါနဲ့ လုပ်လက်စတွေ ဖုံးတန်ဖုံး ဖွက်တန်တာတွေ ဖွက်ပြီး တံခါးဖွင့်ပေးလိုက်တော့ ဂလက်ဒီကို တံခါးဝမှာတွေ့ရတယ်၊ သူ့တာအီး ဖွက်နစ်နေလို့ ကူပေးပါပြောတယ်၊ ကျွန်တော်ကလည်း ဂလက်ဒီဟာ မီရဲ့ အတွင်းရေးမှူးမှန်း ချက်ချင်းသိလိုက်သဗျ၊ ဒါကြောင့် ကျွန်တော်တော့ ထောင်ချောက်ထဲမိနေပြီလို့တောင် ယူဆလိုက်မိပါရဲ့၊ ဒါကြောင့် ဂလက်ဒီ အဲဒီည အဲဒီမှာတည်းမယ် အိပ်မယ်ဆိုတော့ ကျွန်တော်မလိုလား ဖြစ်ခဲ့မိပါတယ်၊ အဲဒီလိုနဲ့ မသင်္ကာဖြစ်ပြီးတော့ ဂလက်ဒီလည်း ရေချိုးရော အပြင်မှာ အခြားလူ ထားခဲ့ မထားခဲ့၊ ကျုပ်ကိုထောင်ဖမ်းတာ ဟုတ်မဟုတ်၊ အပြင်ထွက် အခြေ အနေကြည့်ရတယ်၊ ကျုပ်ထင်တာက မုဒိန်းမှု၊ ဒါမှမဟုတ် ဖောက်ထွင်း ဝင်ရောက်မှု အကွက်ဆင်ခံရပြီလို့ တွက်ထားတာ၊ အိမ်ထဲကို ရှာဖွေဝရမ်းမပါဘဲ ကျုပ် ဝင်ခဲ့တာကိုး"

မေဆင်က ကြားဖြတ်ပြောသည်။

"ဂလက်ဒီ ရောက်လာပြီး နောက်ပိုင်း ခင်ဗျား ဘာလုပ်တယ်ဆိုတာ အတိအကျ သိပါရစေ"

"ဂျိမင်းက ခေတ္တတုန့်ဆိုင်းသွားပြီးမှ ရှင်းပြ၏။

"ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ပြောပါမယ်၊ ကျွန်တော် ထောင်





အဖမ်းခံရတာ ဟုတ်မဟုတ်သိချင်နေတော့ ဂလက်ဒီအဝတ်တွေ ချွတ်ပြီးတော့ ရေချိုးနေချိန်ဟာ ကျုပ်နောက်ကို သူ မလိုက်နိုင်တဲ့အချိန်မို့ အဲဒီအချိန်မှာ အိမ်ပြင်ထွက်ပြီး၊ စနည်းနာတာပါပဲ"

ဂလက်ဒီက ကြားဝင် ဖွစ်စွဲလိုက်ပြန်သည်။

"ရှင် ... ရှင် ... ကျွန်မ ရေချိုးနေတာကို ချောင်းကြည့်တာ မဟုတ်လား"

တရားသူကြီးက ကြားဝင်တားမြစ်ရသည်။ တရားခွင် မဟုတ်သော်လည်း၊ တရားသူကြီးနှင့် ရှေ့နေများရှေ့ အစစ်ခံထွက်ဆိုခြင်း ဖြစ်သဖြင့် တရားခံကမေးလိုလျှင် ရှေ့နေမှတဆင့် မေးရန် ညွှန်ကြားခြင်းဖြစ်၏။

ဂျိမင်းက ဆက်လက်ထွက်ဆို၏။

"ဂလက်ဒီ ရေချိုးနေတာလည်း သေချာရော ကျွန်တော် ဂလက်ဒီ ပြောတဲ့ သူ့ကား ဖွက်နစ်တာ ဟုတ်မဟုတ် သွားကြည့်တယ်။ မီရဲ့ စတေရှင်ဝက်ဂွန်းကား ဖွက်နစ်နေတာ အမှန်ပါပဲ၊ မတော်တဆလည်း ဖြစ်နိုင်တယ်၊ တကယ်အကွက်ဆင်တာလည်း ဖြစ်နိုင်တာပဲ၊ ဒါနဲ့ အိမ်ဘက်ဆီ ပြန်လာပြီး အကြာကြီး လှည့်ပတ်ကြည့်နေသေးတယ်၊ ဘေးက ချုံတွေလည်း ကြည့်ရတယ်၊ ဘယ်သူမှ မရှိမှန်းသေချာတော့မှ ကျွန်တော် အိမ်ပေါ်တက်ခဲ့တယ်၊ ပြီးတော့ ဂလက်ဒီ အိပ်ပျော်ချိန်အထိ ဘာမှ ဆက်မလုပ်ပဲ စောင့်နေခဲ့ရတယ်၊ သူလည်း အိပ်သွားပုံရရော ကျွန်တော် သူ့ကားဆီပြန်သွားပြီး ဖွက်ထဲကဆွဲထုတ်၊ ကားကို ခေါင်းတစ်ဘက် ပြန်လှည့်ထားပေးလိုက်တယ်၊ သော့ရော ဘာရော အသင့်ထားပေးခဲ့ပါတယ်"

မေဆင်က ဖြတ်မေးသည်။

"ပြီးတော့ကော ဘာဆက်လုပ်သလဲ"

"အိမ်ငယ်ဆီပြန်သွားတယ်၊ တစ်ပတ် ပတ်ကြည့်တယ်၊ အားလုံး ပုံမှန်အတိုင်း တွေ့ရတော့မှ မီးလင်းဖိုမီးသတ်ခဲ့တယ်၊ ပြီးတော့ ကျုပ်ဂျစ်ကား ကိုယ်တိုင်မောင်းပြီး မြို့ထဲပြန်ခဲ့ပါတယ်၊ မြို့ထဲရောက်တော့ တွေ့သမျှ အထက်ကို အစီရင်ခံစာ ရေးတင်လိုက်တယ်"

"အစီရင်ခံစာထဲမှာ ဂလက်ဒီကို အိမ်ငယ်မှာ တွေ့ရတဲ့အကြောင်း ထည့်ရေးသေးသလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ရေးပါတယ်"

"အထက်က ခင်ဗျားကို ဘာညွှန်ကြားသလဲ၊ ရေငုံနှုတ်ဆိတ်နေဖို့ ပြာသလား"

"ကျွန်တော်တို့က ညွှန်ကြားချက်အတိုင်း လုပ်ရသူပါ"

ဟင်မီတန်က ကြားဖောက်၏။

"ကိစ္စမရှိပါဘူးလေ၊ ဒါတွေဟာ တစ်ဆင့်ကြားတွေပဲ"

မေဆင်က ဂျီမင်းအား ဆက်မေးလိုက်ပြန်သည်။

"တောတွင်းအိမ်ငယ်ကို ဘာကြောင့် စိတ်ဝင်စားခဲ့ရပါသလဲ"

အာဝင်က ကြားဝင်သည်။

"ဒီမေးခွန်းကိုတော့ ကျွန်တော်ဖြေပါရစေလား။ မစ္စတာမေဆင်"

"ဟာ . . . မဖြစ်ဖူးထင်တယ်၊ မစ္စတာ အာဝင်၊ ခင်ဗျားက ကျမ်းကျိန် ထားသူမှ မဟုတ်တာ"

တရားသူကြီးက ဝင်ပြောလာခြင်းဖြစ်လေသည်။

မေဆင်က အခြေအနေကို တင်ပြပြန်သည်။

"ခု ကျွန်တော်တို့လုပ်နေတာက တရားခွင်မှ မဟုတ်ပဲ၊ တရားသူကြီး ခင်ဗျား။ ဖြေချင်ရင်လည်း ဖြေနိုင်ပါတယ်"

"ဟုတ်ပြီလေ၊ ဖြေချင်ရင် ဝင်ဖြေပါ"

ခွင့်ပြုချက်ရသဖြင့် အာဝင်က ဝင်ပြော၏။

"ကျွန်တော်တို့ သိထားသလောက်မှာ စာရေးဆရာမ မိဟာ ကျွန်တော်တို့အခွန်ငွေကိစ္စနဲ့ပတ်သက်ပြီး စုံစမ်းနေတဲ့လူတစ်ချို့နဲ့ အဆက်အသွယ်ရှိနေတာ သိပါတယ်၊ မိ ကိုယ်တိုင်လည်း ဒီအခွန်တိမ်းရှောင်မှုမှာ ရှုပ်ရှုပ်ယှက်ယှက် ပါဝင်နေတယ်လို့ ယူဆပါတယ်၊ မိ ဒီလို ပါနေသလို မိန်းမလှလေးတွေလည်း ဒီကိစ္စထဲမှာ ပါနေတာ သိရပါတယ်၊ ပိုပြီးသေချာအောင် ကျွန်တော်တို့ သိလိုကြပါတယ်၊ ဒီအချိန်မှာ မိဟာ 'မင်းလေး'နဲ့ အဆက်အသွယ်ဖြစ်လာပြီး တောတွင်း အိမ်ငယ်မှာ ချိန်းတွေ့ပါတယ်"

"ချစ်ရေးချစ်ရာ ချိန်းဆိုတွေ့ဆုံခြင်းလား"

တရားသူကြီးက ဖြတ်မေးလိုက်ရာ အာဝင်က ဆက်လက်ထွက်ဆို၏။

"ဒါတော့ တိတိကျကျ ပြောရရင် ကျွန်တော်မသိပါဘူး။ ဒါကိုလည်း





ကျွန်တော် စိတ်မဝင်စားပါဘူး။ ကျွန်တော်တို့ စုံစမ်းနေတာက တစ်ခြားကိစ္စကိုး၊ 'မင်းလေး'ဆိုသူကလည်း နှစ်ဘဝ ကျင်လည်နေသူ ဖြစ်ကြောင်း တွေ့ရတယ်၊ အိမ်ကထွက်တော့ လုပ်ငန်းကိစ္စလို့ အကြောင်းပြတယ်၊ လုပ်ငန်းကိစ္စက တစ်ခါတလေပါ၊ ကျန်တဲ့အချိန်ပိုင်းမှာတော့ ဂျိုးဟားဂိုးဆိုတဲ့ နာမည်နဲ့ ဂန်ဒါရာ တိုက်ခန်းမှာ တိုက်ခန်းတစ်ခန်းငှားပြီး အချိန်ဖြုန်းနေထိုင်လေ့ရှိတယ်၊ တိုက်ခန်းက သီးသန့် ကားဂိုဒေါင်ပါ အသင့်ရှိတယ်၊ ကျွန်တော်တို့ စုံစမ်းစစ်ဆေးတဲ့အခါ မင်းလေးဟာ အဲဒီကားဂိုဒေါင်မှာ ဂျစ်စတေရှင်ဝက်ဂွန်းကားတစ်စီး သီးသန့်ထားတာတွေ့ရပါတယ်၊ သူ့ မူလနာမည်နဲ့ဝယ်ပြီး မူလလိပ်စာအတိုင်း လိုင်စင်ယူထားတယ်၊ ဒီမှာတင် ကျွန်တော်တို့လည်း မင်းလေးကို နောက်ယောင်ခံလိုက်ခဲ့ရပါတယ်၊ ဒါကြောင့်လည်း တောတွင်းအိမ်ငယ်အကြောင်း သိလာရတာပါပဲ၊ ခုအချိန် ကျွန်တော်တို့ ဒီလောက်ပဲ ထွက်ဆိုနိုင်အုံးမယ် ထင်ပါတယ်၊ တရားသူကြီးမင်းခင်ဗျား"

ဤတွင် ဟင်မီတန်က ဖြတ်မေးလိုက်၏။

"တောတွင်းအိမ်ငယ်ကို ငှားတာက မိ မဟုတ်လား"

"ယူဆနိုင်ပါတယ်၊ ကျွန်တော်တို့ကတော့ အတည်မပြုရဲပါဘူး"

မေဆင်က ဂျီမင်းကို လှမ်းမေးလိုက်ပြန်သည်။

"ခင်ဗျား တောတွင်းအိမ်ငယ်ထဲရောက်ပြီး မကြာခင် ဂလက်ဒီ ရောက်လာတော့ ခင်ဗျား ထောင်ချောက်အထောင် ခံလိုက်ရပြီလို့ ယူဆလိုက်တယ်ဆိုတာ မှန်ရဲ့လား"

"ထောင်ချောက်ထဲ တန်းဝင်ခဲ့ပြီလို့ ထင်ခဲ့ပါတယ်"

ဂျီမင်းကလည်း ဝန်ခံရင်း ဆက်ပြော၏။

"ဂလက်ဒီဟာ မိရဲ့ အတွင်းရေးမှူးမှန်း မှတ်မိနေတော့ ထောင်ချောက်ခံရတာ သေချာတယ်လို့ ပိုပြီးတွက်မိတယ်"

"ဒါပေမယ့် ဂလက်ဒီက အမှန်တကယ် ကားဘီးဖောက်နစ်လို့ဆိုတာလည်း သိလာရော ခင်ဗျားခံယူချက် ပြောင်းသွားတယ် မဟုတ်လား"

"အဲဒါ ဘာကိုဆိုလိုတာလည်း ခင်ဗျား၊ ကျွန်တော် ဂလက်ဒီအပေါ် မဟုတ်မတရားဘာမှ မလုပ်ခဲ့ပါဘူး မစ္စတာမေဆင်၊ ကျွန်တော်တွေ့သွားတာတောင် ဘယ်နည်းဘယ်ပုံ တွေ့တာလဲလို့ တအံ့တသြ ဖြစ်နေရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



အာဝင်က မေဆင်ကို ကြားဝင်ပြောသည်။

"မစ္စတာမေဆင်၊ ကျွန်တော်တို့ဘက်က အများနည်းအောင် ပူးပေါင်းဆောင်ရွက်နေပြီပဲ၊ တစ်ခုတော့ ကျွန်တော်တို့ကို ပြောပြပါလား။ ဂျိမင်းကို ခင်ဗျား ဘယ်လို ခြေရာခံမိခဲ့ပါသလဲ"

မေဆင်က အေးစက်စက် အမူအရာဖြင့် အာဝင်ကို ကြည့်ရင်းပြောသည်။

"ဗျာ ... ၊ ခင်ဗျားတို့ ကျွန်တော့်ကို ကူညီဆောင်ရွက် ပေးနေတာလည်း မရှိပါလား။ ဒါကြောင့် ကျွန်တော်ကလည်း ခင်ဗျားတို့ကို ကူညီသင့် မကူညီသင့်တောင် စဉ်းစားနေရတယ်"

တခန်းလုံး ခေတ္တ ငြိမ်သက်သွားသည်။

ခဏကြာမှ ဂျိမင်းက ဂလက်ဒီကို လှမ်းပြောလိုက်သည်။

"မစ္စဂလက်ဒီ၊ ကျွန်တော် ဘယ်လိုခံစားရမယ်ဆိုတာ ခင်ဗျား နားလည်မယ် ထင်ပါတယ်"

"ဟုတ်ကဲ့ရှင့် ဒီလိုဖြစ်နေရတာ ကျွန်မ နားလည်စာနာမိပါတယ်ရှင်"

ဟင်မီတန်က ကြားဝင် နောက်လိုက်ပြန်သည်။

"တရားသူကြီးမင်းခင်ဗျား။ အတွင်းခန်း ထွက်ဆိုချက်ဟာ ပုဂ္ဂိုလ်ချင်း ဆွေးနွေးပွဲပုံစံ ဖြစ်လာနေပါပြီ၊ ကျွန်တော်တို့ ခွင့်မပြုသင့်ဘူး ထင်ပါတယ်"

"ဘာကြောင့် ခွင့်မပြုနိုင်ရမလဲဗျ။ ဒါ တရားခွင်မှာ စစ်ဆေးနေတာမှ မဟုတ်ပဲ၊ သိပ်တရားဝင် ဖြစ်ချင်ရင်တော့ တရားခွင် ပြန်သွားကြရအောင်လေ"

မေဆင်က ချက်ချင်း တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

"ဟာ... သိပ်သဘောကျသွားတာပေါ့ဗျာ၊ ကဲ... လာ၊ တရားခွင်သွားကြစို့"

"ဟင်မီတန်ကလည်း မခေ၊ သို့သော် အာဝင်က ကြားဝင်လာသည်။

"ခင်ဗျားတို့ကတော့ သိပ်ဟုတ်ပေါ့၊ ကျုပ်အတွက်က မဖြစ်ဘူးဗျ၊ တရားသူကြီးမင်း ခင်ဗျား။ ကျွန်တော်တို့ ဌာနအတွက် အခက်အခဲကို တရားသူကြီးမင်း မြင်နိုင်ပါတယ်ခင်ဗျာ၊ ဂျိမင်းကို သက်သေစင်မြင့်ပေါ် ဘယ်လိုမှ တင်လို့မရတဲ့ အခြေအနေရှိနေပါတယ်၊ လျှို့ဝှက်ကိစ္စ၊ လျှို့ဝှက်ဆောင်ရွက်နေရသူလည်း ဖြစ်နေလို့ပါ"





မေဆင်က ဂျိမင်းကို ဖြတ်မေးလိုက်ပြန်သည်။

"ခင်ဗျား လျှို့ဝှက်ထောက်လှမ်းရေး လုပ်နေသလား"

"ဟုတ်ပါတယ်၊ ဒါမှမဟုတ်ရင် သက်သေစင်မြင့်"

ဂျိမင်း၏ စကားမဆုံးခင် တရားသူကြီးက ဝင်မှတ်ချက်ချသည်။

"အေးဗျာ၊ ဒီလိုဖြစ်နေတော့ တရားရုံးအနေနဲ့ ဂလက်ဒီရဲ့ ဖတ်လမ်းကိစ္စ အမှန်သိခွင့် ဆုံးရှုံးနေတာပေါ့၊ တစ်ခုတော့မေးပါရစေ မစ္စတာဂျိမင်း။ မင်းလေးကို ဘယ်သူ သတ်သွားတယ်လို့ ခင်ဗျား မှန်းဆပြောနိုင်ပါ့မလား။ ဒီကလေးမ ဂလက်ဒီ မသတ်ဘူးလို့ သိရရင် အခြေအနေတစ်မျိုး ဖြစ်လာမှာကိုး"

"ဟုတ်ကဲ့၊ ကျွန်တော် တွေးမိတာတော့ ရှိပါတယ်"

ထိုအချိန်၌ မေဆင်က ဟင်မီတန်ကို လှမ်းမေးလိုက်သည်။

"ဒီမှာ မစ္စတာဟင်မီတန်၊ ခင်ဗျားလူတွေ တောတွင်းအိမ်ငယ်မှာ လက်ဗွေရာတစ်ချို့ တွေ့ထားတယ် မဟုတ်လားဗျ"

ဟင်မီတန် ခေါင်းညိတ်ဖြေ၏။

"ဟုတ်လား။ တစ်ချို့လက်ဗွေရာတွေသာ ဂလက်ဒီရဲ့ လက်ဗွေရာတွေမဟုတ်လား"

"ဟုတ်ပါတယ်"

"တစ်ခြားလက်ဗွေရာတွေလည်း တွေ့တယ်မဟုတ်လား"

"ဒါတော့ ရဲမှူးထရက်ကိုမေးရင် ကောင်းမယ်"

"ဒီကို ခေါ်လိုက်လေဗျာ၊ ကျုပ် မေးကြည့်မှာပေါ့"

ဤတွင် ဟင်မီတန်က ကန့်ကွက်ပြန်သည်။

"တရားသူကြီးမင်းခင်ဗျား။ ခုဆို တရားခံရှေ့နေကြီးမေဆင်ဟာ 'ဟာကွက်ရှာ'နည်းပရိယာယ်အတွက် ဒီနေရာကို အသုံးချနေပါပြီ၊ ဒါကြောင့်"

မေဆင်က ဖြတ်မေးလိုက်ပြန်သည်။

'တရားလိုဘက်မှ ဘယ်လိုအထောက်အထားတွေ ရှိနေသလဲလို့ ကျုပ် မရှာစမ်းစေချင်ဘူး မဟုတ်လားဗျ"

"ဒါ သိပ်ဟုတ်တာပေါ့ဗျာ"

ဤတွင် မေဆင်က တရားသူကြီးဘက် လှည့်လျှောက်လဲသည်။



www.burmeseclassic.com

www.burmeseclassic.com



"တရားသူကြီးမင်းခင်ဗျား၊ ခု တရားလိုရှေ့နေကြီး ပြောသွားတဲ့ အချက်ဟာ တရားစီရင်ရေးမှာ တကယ်မမျှမတ သဘောထား ဖြစ်နေပါတယ်၊ ကျွန်တော်တို့ဟာ တရားစီရင်ရေးစနစ် မှန်ကန်ရေးအတွက် တာဝန်အပ်နှင်းခံရသူတွေဖြစ်လို့ တာဝန်ရှိနေကြပါတယ်၊ ဒါကြောင့်တောတွင်းအိမ်ငယ်မှာ အမှန်တကယ် ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ကျွန်တော်တို့ စူးစမ်းကြည့်ရပါမယ်၊ ခု တရားခံအဖြစ် စွပ်စွဲခံနေရသူ အပြစ်ရှိရင်လည်း ရှိသလို၊ မရှိရင်လည်း မရှိသလို ဖြစ်ရမှာပါ"

ဟင်မီတန်တစ်ယောက် လည်ချောင်းရှင်းပြီးမှ စကားပြောရသည် အထိ ဖြစ်လာရ၏။

'အခုအခြေအနေဟာ ထူးခြားတဲ့အခြေအနေပါ၊ ဒါကြောင့် ထုံးတမ်းစဉ်လာအတိုင်း တရားခွင်မှာ စစ်တာပဲ ပိုကောင်းမယ်ထင်ပါတယ် ခင်ဗျား"

အာဝင်က ဝင်ကန့်ကွက်ပြန်၏။ တရားခွင်ဝင်ရန် လုံးဝမဖြစ်နိုင်ကြောင်း ယခင်အတိုင်း တင်ပြကန့်ကွက်ခြင်း ဖြစ်သည်။

ထို့ကြောင့် တရားသူကြီးကပင် ဟင်မီတန်ကို လှမ်းမေး၏။

"မစ္စတာအာဝင် တင်ပြတဲ့ အခြေအနေအကြောင်း သိပါတယ်နော်"

"ကျွန်တော့်ကို ဒီအကြောင်း ဘယ်သူက ဘာမှပြောမထားလို့ ကျွန်တော် ဘာမှ မသိရပါဘူးခင်ဗျာ"

အာဝင်က ထပ်ရှင်းသည်။

"ကျုပ်တို့ကလည်း ခင်ဗျားရုံးကိုလာပြီး ဒီအကြောင်းရော တစ်ခြား ကျုပ်တို့ ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေအကြောင်းပါ ပြောမနေနိုင်ဘူး ထင်ပါတယ်၊ ခင်ဗျားခွင့်ပြုချက်ယူပြီးမှ လုပ်စရာလည်း မလိုဘူးထင်ပါတယ်"

"ကျုပ်ကတော့ မကြိုက်တာ မကြိုက်တာပဲဗျ"

ဟင်မီတန်ကလည်း တုံ့ပြန်၏။ ဤတွင် မေဆင်က ပြုံးပြီး တရားသူကြီးကို လှမ်းပြော၏။

"တရားသူကြီးမင်းခင်ဗျား၊ ခုဆို ကျွန်တော်တို့ အတွင်းခန်းထွက်ဆိုချက် အခြေအနေဟာ ကောင်းနေပါတယ်၊ အမှုနဲ့ပတ်သက်တဲ့ အခြေခံအချက်ကိုလည်း ရနေပါပြီ၊ ဒါကြောင့် ရဲမှူးထရက်ကို ဒီအခန်းထဲခေါ်ပြီး လက်တွေ





ရာတွေကိစ္စ မေးကြည့်ချင်ပါတယ်"

"ကျုပ်လည်း ဒီအကြောင်း နောက်ထပ်သိချင်နေပါတယ်၊ ကဲ အစိုးရရှေ့နေကြီး ခင်ဗျားရဲ့ရုံးဟာလည်း တရားဥပဒေရဲ့ မှန်ကန်မှုအတွက် တာဝန်ရှိပါတယ်၊ အစိုးရရှေ့နေဆိုတာဟာ အမှန်တော့ တရားလိုကို ကိုယ်စားပြုရတာ လည်း မဟုတ်ပါဘူး။ ကိုယ်တိုင်တရားလို ဖြစ်တာတော့ ဖြစ်ပါတယ်၊ ဒါပေမယ့် ဥပဒေဘောင်ကသာ ရပ်တည်ရပါမယ်၊ တရားစီရင်ရေးရဲ့ အမြင့်ဆုံးစံ ဖြစ်ရပါမယ်"

ဟင်မီတန်သည် မေဆင်ကို စိတ်ဆိုးမာန်ဆိုး ကြည့်ပြီးမှ တရားသူကြီးကို ပြောသည်။

"တရားသူကြီးမင်းခင်ဗျား၊ တစ်ခြားလူတွေနဲ့ ဆက်ဆံရမှာတော့ တရားသူကြီး ပြောသလို ဟုတ်ပါတယ်၊ ဒါပေမယ့် မစ္စတာမေဆင်နဲ့ ဆက်ဆံတဲ့အခါတော့ ဒီလို မရပါဘူး၊ သူက ပရိယာယ် ကြွယ်လွန်းပါတယ် ခင်ဗျား"

တရားသူကြီးက ပြုံးရင်း ဘီလစ်စာရေးကို လှမ်း အမိန့်ပေး၏။

"ရဲမှူးထရက်ကို အထဲခေါ်ခဲ့ပေးပါ"

ဂျီမင်းက မေဆင်ကို လှမ်းမေးပြန်၏။

"ကျွန်တော့်ကို ဘယ်လို ခြေရာခံမိပါသလဲ ခင်ဗျာ၊ ကျွန်တော် သိဝ် သိချင်နေပါတယ်"

"ကျွန်တော်လည်း သိချင်နေပါတယ်"

အာဝင်ကပါ ဝင်ထောက်သည်။

"ဟုတ်ကဲ့၊ တစ်နေ့နေ့တော့ ကျွန်တော် ပြောပြပါမယ်၊ ခု လာမယ့် မိနစ်ပိုင်း အဖြစ်အပျက်တွေ ပေါ်လည်း တည်နေပါသေးတယ်"

ဟင်မီတန်က ထိုင်ရာမှ ဒေါသတကြီး ထလိုက်ပြီး သူ့လက်ထောက် ကို လှမ်းပြောသည်။

"ကဲ ... အယ်လင်တန်၊ မင်း ဒီကိစ္စကို ကိုင်နိုင်ပါတယ်ကွာ၊ ဆက်ကိုင်လိုက်ပါတော့၊ တို့ သွားစရာ ရှိနေတယ်၊ ကဲ ... အားလုံးကိုလည်း နှုတ်ဆက်ပါတယ်"

ချက်ချင်းပင် တရားသူကြီးကလည်း လှမ်းပြောလိုက်၏။

"နေအုံးဗျ၊ ခု အခြေအနေက တရားလိုဘက်က တစ်ခုခု အရေးပါ



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ချက်ချရမယ့် အခြေအနေမျိုး ရောက်နေတယ်၊ မစ္စတာဟင်မီတန် အလုပ်များနေတာကိုလည်း သိပါတယ်၊ ဒါပေမယ့် ခဏတော့ ဆက်ရှိနေသင့်ပါတယ်"

"ဟုတ်ကဲ့ခင်ဗျာ၊ နေဆိုလည်း နေပေးပါမယ်"

ဟင်မီတန်သည် ပြောပြောဆိုဆို သူ့လက်ထောက်အနီးသွားလျက် တီးတိုးတိုင်ပင်၏။ ထိုအချိန်၌ ဂျိမင်းကလည်း အခွင့်ကောင်း လက်လွှတ်မခံပဲ ဂလက်ဒီအနီးအထိ ကုလားထိုင်ရွှေ့ယူလျက် စကားပြောသည်။

"ကျွန်တော် သိပ် စိတ်မကောင်းဖြစ်ရပါတယ် ဂလက်ဒီ၊ ကျွန်တော့်အပေါ် နားလည်နိုင်ပါမယ် ထင်ပါတယ်"

"ကိစ္စမရှိပါဘူးရှင်၊ ကျွန်မလည်း ဘယ်လိုမှ သဘောမထားပါဘူး"

"ဒီလိုဆို ကျေးဇူးတင်ပါတယ်ဗျာ"

"ဒါပေမယ့် ရှင့် ထွက်ချက်ထဲမှာ ကျွန်မကို ထိခိုက်တာ တစ်ချက်ပါတယ်ရှင့်"

"ဗျာ... ဘယ်ဟာပါလဲ"

"ကျွန်မရေချိုးတာ သေချာတဲ့အထိတောင် ကြည့်နေတယ်ဆိုတော့ ကျွန်မ အဝတ်အားလုံးချွတ်တာ ရှင်ကြည့်နေတယ် မဟုတ်လား"

"ဂလက်ဒီ ဘာကို ဆိုလိုပါသလဲဗျာ"

"ရှင်... ကျွန်မအဝတ်ချွတ်တာကို ခန်းဆီးမရှိတဲ့ ပြတင်းပေါက်ကနေ ချောင်းကြည့်ခဲ့တာလေ"

ဂျိမင်းက ခေါင်းခါပြီး ဖြေသည်။

"ဟာ... မဟုတ်ရပါဘူးဗျာ၊ ကျွန်တော်ပြောတာက ရေချိုးသံကြားတဲ့အထိ စောင့်နားထောင်တာကို ပြောတာ"

"တကယ် ပြတင်းက ချောင်းမကြည့်ဘူးပေါ့"

"ဟုတ်ပါတယ်ဗျ မကြည့်ပါဘူး"

ဂလက်ဒီက ပြုံးရင်း ပြောလိုက်သည်။

"ဒါဆို ရှင် အခွင့်အရေးတစ်ခု လွှတ်သွားတာပေါ့ရှင့်"

ထိုအချိန် တယ်လီဖုန်းမြည်လာသည်။ တရားသူကြီးက နားထောင်လိုက်ရင်း အစိုးရရှေ့နေကြီးအတွက်ဟု ခေါ်ပေး၏။ ဟင်မီတန်က နားထောင်





လိုက်သည်။

"ဟဲလို... ဟုတ်ပါတယ်"

နှစ်မိနစ်မျှ နားထောင်ပြီးမှ တစ်ဘက်သို့ လှမ်းပြော၏။

"ကဲ... ခုချက်ချင်း ဒီကို ခေါ်ခဲ့ပေတော့"

ဖုန်းချလိုက်ချိန်မှစ၍ ဟင်မီတန်၏မျက်နှာ၌ အပြုံးပန်းများ ပွင့်လာနေချေသည်။ ထို့ကြောင့် အားလုံးကြားအောင်လည်း ပြောလိုက်သည်။

"ကောင်းတယ်ဗျို့၊ ဆက်ပါ၊ ဆက်ပါ၊ ကျုပ်လည်း ကျုပ်အတွက် နိုင်ဖဲ ရလိုက်ပါပြီ"

ချက်ချင်း သူ့လက်ထောက်ထံ လျှောက်သွားလျက် တီးတိုးလည်း တိုင်ပင်သည်။ ထိုအချိန် ရဲမှူးထရက် ရုံးအတွင်းခန်းထဲ ရောက်လာစေသည်။ တရားသူကြီးက စိတ်ခေါ်ထိုင်ခိုင်းရင်း အခြေအနေကို ရှင်းပြောသည်။

"ဒီတော့ ကျုပ် သိထားရတာက တောတွင်းအိမ်ငယ်မှာ ရဲမှူးကိုယ်တိုင် တစ်ခြားလက်ဗွေရာတွေ တွေ့တယ်ဆို၊ အဲဒါတွေကို အရေးတကြီး ထည့်မစဉ်းစားပဲ ထားတယ်ဆို"

"ကျွန်တော်တို့ လက်ဗွေရာအချို့ တွေ့တာဟုတ်ပါတယ်"

"ဘယ်နှစ်ခုလောက် ရှိမယ်ထင်ပါသလဲ"

"ဂလက်ဒီရဲ့ လက်ဗွေရာအချို့ရယ်၊ ယောကျ်ားလက်ဗွေရာ တချို့ရယ် ဒါတွေ တွေ့ပါတယ်၊ ခု ပြောနိုင်တာက ယောကျ်ားလက်ဗွေရာဟာ ဟို... မစ္စတာဂျိမင်းရဲ့ လက်ဗွေရာ ဖြစ်မယ်ထင်ပါတယ်၊ တစ်ခြားလက်ဗွေရာ တစ်ခုလည်း ရှိသေးတယ်၊ မိန်းမတစ်ဦးသို့မဟုတ် ကလေးတစ်ဦးရဲ့ လက်ဗွေရာလို့ ပါရဂူတွေက ယူဆတယ်"

ဂျိမင်းက မေဆင်ကိုလှမ်းကြည့်သည်။ မေဆင်က ထရက်ကို လှမ်းမေးလိုက်၏။

"မိန်းမလက်ဗွေရာဆိုတာ စာရေးဆရာမ မိရဲ့ လက်ဗွေရာ ဟုတ်မဟုတ်စစ်ဆေးမိပါသလား"

"ဟုတ်ကဲ့ စစ်ကြည့်ပါတယ်၊ မဟုတ်ပါဘူး"

"ဒါဆို ဘယ်သူ့လက်ဗွေရာလို့ကော သိပါပြီလား"

"မသိပါဘူးခင်ဗျား"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းကောင်းကော ထင်ကျန်ရစ်ခဲ့ရဲ့လား"

"တစ်ခုက တော်တော်ရှင်းရှင်းကြီး ထင်ကျန်ခဲ့ပါတယ်"

"ဘယ်နေရာမှာ တွေ့ရတာပါလဲ"

"မီးဖိုပေါ်က စင်ပေါ်မှာ ဒယ်အိုးနှစ်လုံးရှိပါတယ်၊ ဒန်ဒယ်အိုးနဲ့ သံမဏိဒယ်အိုးပါ၊ ဒန်အိုးက အသုံးများပြီး၊ သံမဏိဒယ်အိုးက အသုံးနည်းပုံရပါတယ်၊ အဲဒီ သံမဏိအိုးဖုံးပေါ်မှာ လက်ဗွေရာ အထင်အရှား တွေ့ထားပါတယ်၊ ဒါဟာ ဂျီမင်းရဲ့လက်ဗွေ ဖြစ်ပါလိမ့်မယ်"

"ဟုတ်ကဲ့ ကျွန်တော် သံမဏိအိုးအဖုံးကို လှန်ကြည့်မိခဲ့တယ်"

"နောက် လက်ဗွေရာတစ်ခုကတော့ မိန်းမ၊ သို့မဟုတ် ကလေး တစ်ယောက်ရဲ့ လက်ဗွေရာပါပဲ"

"အဲဒါ ဂလက်ဒီရဲ့ လက်ဗွေရာ မဟုတ်ဘူးမို့လား"

"လုံးဝ မဟုတ်ပါဘူးခင်ဗျား"

"မိရဲ့လက်ဗွေရာလည်း မဟုတ်ဘူးနော်"

"ဒါလည်း မဟုတ်ပါဘူး"

ဤတွင် တရားသူကြီးက မေဆင်ကို လှမ်းပြောလိုက်၏။

"မစ္စတာမေဆင် မိ သက်သေခံနေတုန်း ခင်ဗျား စာရွက်တစ်ခု ပြတော့ မိ မျက်နှာပျက်သွားတာ ကျုပ် သတိထားမိခဲ့သဗျ၊ ကဲ ... အဲဒါ ခင်ဗျားဆက်ကောက်ပေတော့"

မေဆင်က ပြုံးပြီး ပြန်လျှောက်တင်၏။

"ဟုတ်ကဲ့ခင်ဗျာ၊ တရားခွင်နည်းဗျူဟာအချို့ ရှိပါတယ်၊ ရှေ့နေက အဲဒါကို သုံးရပါတယ်ခင်ဗျား"

တရားသူကြီးက ဆက်ပြော၏။

"ကျုပ်ကတော့ မကျေနပ်သေးဘူးဗျာ၊ မိ ကိုပါ ဒီအတွင်းခန်းထဲ ခေါ်ရင် ကောင်းမယ်၊ မေးခွန်းတစ်ချို့ ကျုပ်ကိုယ်တိုင်လည်း မေးချင်နေတယ်၊ ကဲ ... ဘီးလစ်စာရေးကြီး၊ မိကို သွားခေါ်ပေးဗျာ"

အယ်လင်တန်က ချက်ချင်းထပြီး သူ့ သဘောထားကို တင်ပြ၏။

"ဒါကြောင့် ကျွန်တော်တို့ စောစောက လျှောက်တင်ခဲ့တာပါ၊ ခုဆို ဒီအတွင်းခန်းကိစ္စဟာ အတော်ကျယ်ပြန့်လာနေပါပြီ"





တရားသူကြီးကလည်း ချက်ချင်း အဖြေပေးသည်။

"ကိစ္စမရှိပါဘူးလေ၊ တရားစီရင်ရေး မှန်ကန်မှုအတွက် တစ်နေရာမှာ မရနိုင်ရင် ရနိုင်တဲ့နေရာအထိ လိုက်ရတော့မှာပေါ့"

ထိုအချိန် ဂလက်ဒီတစ်ယောက် သတိထားလိုက်မိသည်မှာ ဂျီမင်းက သူ့ကို စိုက်ကြည့်နေခြင်း ဖြစ်၏။ ဂလက်ဒီလည်း ပြန်ပြီး ပြုံးပြလိုက်ပါ၏။

ဂျီမင်းက အာဝင်ကို တစ်ခုခုပြောရန် ပြင်သေး၏။ သို့သော် မပြောဖြစ်၊ ဟင်မီတန်လည်း သူ့လက်ထောက်ကို တိုးတိုး တိုင်ပင်ပြီးနောက် တရားသူကြီးထံ လျှောက်တိုင်လိုက်၏။

"ကောင်းပါပြီ၊ တရားသူကြီးမင်းခင်ဗျား၊ ခုဆိုရင် ကျွန်တော် ကိုယ်တိုင် ဝင်ပါရတော့မှာပါပဲ"

"ဒီလောက်လည်း မဟုတ်ပါဘူးလေ၊ ကျုပ်တို့က ပဟေဠိ အခြေအနေရဲ့ အခြေခံကို လိုက်နေတာပါ"

"ဟုတ်ကဲ့ ... ဒါပေမယ့် ... "

တရားသူကြီးက ဖြတ်ပြောသည်။

"ကဲ ... ဒီအခြေအနေ ရောက်နေပြီဆိုတော့ မစ္စတာမေဆင် ကလည်း အပေါ်စီးရနေပြီဆိုတော့ တစ်မျိုးဖြစ်နေတယ်၊ ဒါပေမယ့် တစ်ဦးနဲ့တစ်ဦး ပူးပေါင်းဆောင်ရွက်မှုဆိုတာက နှစ်ဘက်နှစ်လမ်းသွား ဖြစ်ကြောင်း ကျုပ်ကတော့ ပြရမှာပဲ ... "

ဟင်မီတန်က ကြားဖြတ် လျှောက်တင်လာပြန်၏။

"ဒါပေမယ့် တရားသူကြီးမင်းခင်ဗျား၊ ခုဆိုရင် သိပ်အရေးကြီးတဲ့ သက်သေတစ်ယောက် ကျွန်တော် တင်နိုင်ပါပြီ၊ ဒီသက်သေရဲ့ ထွက်ချက်အရ မစ္စတာမေဆင်ကို ကျွန်တော် ရှေ့နေကျင့်ဝတ်ဖောက် ဖောက်ဖျက်မှု သက်သေခံပစ္စည်း ထိမ်ချန်ထားမှုတွေနဲ့တောင် အရေးယူနိုင်ပါလိမ့်မယ် ခင်ဗျား"

တရားသူကြီးက သဘောတူသည်။

"သက်သေရှိရင် တင်လေဗျာ၊ အမှုပြန်ဖွင့် တင်ခွင့်တောင်းပေး ပါမယ်"

"ဟုတ်ကဲ့ ကျွန်တော့်သက်သေ ခုလောက်ဆို ရုံးခန်းထဲ ရောက် လာပါပြီ၊ သူ့နာမည် ကဲလ်တန် ဖြစ်ပါတယ်၊ ဘီးလစ်စာရေးကြီး ခေါ်ပေး

www.burmeseclassic.com

www.burmeseclassic.com



ပါခင်ဗျား"

ဟင်မီတန်က အောင်ပန်းအကြည့်ဖြင့် မေဆင်ကို လှမ်းကြည့်သည်။ မေဆင်၏ အမူအရာကား မထူးခြား။ တရားသူကြီးမှာမူကား အနည်းငယ် စိတ်အနှောင့်အယှက် ဖြစ်သွားဟန်ဖြင့် စားပွဲကို လက်ချောင်းကလေးများဖြင့် ပုတ်နေသည်။ ဘိလစ်စာရေးကြီးက ကဲလ်တန်ကို အတွင်းခန်း ခေါ်သွင်းလာ၏။ ဟင်မီတန်က ချက်ချင်း စကားစသည်။

"ကဲ . . . ဟောဒီ ကဲလ်တန် ဆိုသူပါ၊ သူဟာလည်း စုံထောက်တစ်ယောက် ဖြစ်ပါတယ်၊ ပေါလ်ဒရိတ်ရဲ့ စုံထောက်ဌာနမှာ တာဝန်ထမ်းဆောင်နေတယ်၊ ဒရိတ်ရဲ့ စုံထောက်ဌာနဆိုတာ ပယ်ရီမေဆင်ရဲ့ အသုံးတော်ခံဌာန ဖြစ်ပါတယ်"

တရားသူကြီးက ကြားဖြတ်ဝင်ပြော၏။

"ကဲလ်တန်ဆီက အစစ်ခံချက် ယူမယ်ဆိုရင် ကျမ်းကျိန်နိုင်းဖို့ လိုမယ်"

ဟင်မီတန်က သဘောတူကြောင်း ပြောပြီး ကဲလ်တန်ကို ကျမ်းကျိန်စေ၏။ ထို့နောက် ဟင်မီတန်ကပင် စမေး၏။

"ခင်ဗျား အလုပ်အကိုင်က ဘာလဲ"

"ကျွန်တော် စုံထောက်တစ်ယောက်ပါ"

"ဒရိတ်ရဲ့ စုံထောက်အဖွဲ့မှာ အလုပ် လုပ်သလား"

"ဟုတ်ပါတယ်"

"တာဝန်မကြာခဏ ပေးခံရတယ်လား"

"ဟုတ်ကဲ့"

"ဒီလ ကိုးရက်နေ့က တာဝန်ပေးခံခဲ့ရပါသလား"

"ဟုတ်ကဲ့"

"လူသတ်မှုဖြစ်ခဲ့တဲ့ တောတွင်းအိမ်ငယ်ကို မကြာခဏရောက်နေသလား"

"ဟုတ်ကဲ့"

"အဲဒီကိုသွားရတဲ့ အခြေအနေအကြောင်း ပြောပြပါလား"

"သေသူဘယ်သူဖြစ်ကြောင်း စုံစမ်းပေးဖို့ တာဝန်ပေးခံရပါတယ်၊





ဒါကြောင့် သွားပြီး စုံစမ်းခဲ့ပါတယ်"

ကဲလ်တန်က မေဆင်တို့ရောက်လာပြီး လိုက်ပြနိုင်း၍ လိုက်ပြကြောင်း။ ထို့နောက် လျှောက်ကြည့်ကြပုံအကြောင်း ပြောသွား၏။

"လျှောက်ကြည့်တော့ ဘာတွေ့သလဲ"

"ကျွန်တော်တော့ ဘာမှမတွေ့ပါဘူး။ မစ္စတာမေဆင်တော့ တွေ့တယ်"

"ဘာတွေ့သလဲ"

"အိမ်အောက်ထဲမှာ သံဗူးခွံတစ်ခု၊ ဗူးခွံထဲမှာက လည်စည်းပဝါနဲ့ ထုပ်ထားတဲ့ ပွိုင့်-၂၂ ရိုင်ဖယ်ကျည်ဆန်ဗူးငယ်တစ်ခု"

"အဲဒီ ကျည်ဆန်တွေက လူသတ်သမားသုံးတဲ့ ပွိုင့်-၂၂ သေနတ်ကျည်ဆန်တွေပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်"

"ဒီလောက်စိတ်ဝင်စားစရာကောင်းတဲ့ သက်သေခံပစ္စည်းတွေကို မေဆင်က ဘာလုပ်သလဲ"

"သူ့အိတ်ထဲ ထည့်လိုက်ပါတယ်"

"ဟို လည်စည်းပဝါဟာ ထူးဆန်းတဲ့ အဆင်ဆန်းဆို"

"ဟုတ်ပါတယ်၊ ဒဏ္ဍာရီ မြောက်သုံးကောင်တံဆိပ်နဲ့ပါ"

"ပိုးပဝါလား"

"ဟုတ်ပါတယ်"

ဟင်မီတန်က ချက်ချင်း တရားသူကြီးဘက် လှည့်လျှောက်ထား လိုက်၏။

"တရားသူကြီးမင်းခင်ဗျား။ ဒီအတိုင်းဆိုရင် ရှုထောင့်အသစ်တစ်ခု တွေ့လာရပါပြီ၊ ခုပဲ ကျွန်တော်တို့တစ်တွေဟာ တရားစီရင်ရေးစနစ် မှန်ကန်ဖို့ အကြောင်းတွေ ပြောနေကြပါတယ်၊ ဟော ခုပဲ ဒီမှာ သက်သေခံပစ္စည်း ထိမ်ချန်မှု ဖြစ်နေပါပြီ၊ ဒီပဝါအကြောင်း ဆက်ပြီးရင် ဟောဒီ မိ နေတဲ့ တအုပ်အဖုံးက မိရဲ့ ဓာတ်ပုံကို ကြည့်စေချင်ပါတယ်၊ ပုံထဲမှာပါတဲ့ ပဝါဟာ ခုပြောတဲ့ ပဝါပါပဲ၊ ဒါကြောင့် ဒီပဝါရယ်၊ ဟို ပွိုင့်-၂၂ ကျည်ဆန်ဗူးငယ် တင်ပြဖို့ မစ္စတာမေဆင်ကို ကျွန်တော် တောင်းဆိုလိုပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



တရားသူကြီးက မေဆင်ကို လှမ်းကြည့်ပြီးမေးသည်။

"မစ္စတာမေဆင်၊ ကြားပါတယ်နော်"

မေဆင်က ခေါင်းညိတ်ဖြေ၏။

"ဟုတ်ကဲ့ တရားလိုရှေ့နေကြီး ပြောတာတွေကော၊ သက်သေထွက်ချက်တွေကော ကြားပါတယ်ခင်ဗျား။ ဒါပေမယ့် ဒီသက်သေရဲ့ ထွက်ချက်ကို အပြီးသတ် အမှန်လို့ မသတ်မှတ်ခင် တရားခံရှေ့နေကို ပြန်လှန် မေးခွန်း မေးခွင့်ပြုရပါမယ်"

"ဟာ . . . ခွင့်ပြုမှာပေါ့ဗျာ၊ နားလည်မှု အလွဲလွဲအမှားမှား မဖြစ်အောင် ရုံးတော်ကလည်း ရှင်းပေးရမှာပါ"

ထို့ကြောင့် မစ္စတာမေဆင်က ပြန်လှန်မေးခွန်း စမေးသည်။

"မစ္စတာကဲလ်တန် ခင်ဗျားဟာ ကျုပ်တို့မလာခင်ကတည်းက ဟိုတောတွင်းအိမ်ငယ်ကို ရောက်ဖူးနေတယ်နော်"

"ဟုတ်ပါတယ်"

"ဒရိတ်ရဲ့ စုံထောက်ဌာနအတွက် တာဝန်ယူဆောင်ရွက်ပေးနေတယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ခုထိလည်း ဒရိတ်အပေါ် သစ္စာရှိဆဲလို့ ကျွန်တော် ခံယူပါတယ်၊ ဒါပေမယ့် သက်သေခံပစ္စည်းကိစ္စမှာတော့ ကျွန်တော် ကြောက်တယ်ဗျာ၊ ကျွန်တော့်မှာက သားနဲ့သမီးနဲ့ဇနီးနဲ့ဆိုတော့ စုံထောက်လိုင်စင်ကလေး ပြုတ်သွားမှဖြင့်"

"ဒါတွေထားပါတော့လေ၊ အပိုတွေလည်း ဒီမှာ အစစ်ခံထွက်ဆိုစရာ မလိုပါဘူး၊ မေးတဲ့မေးခွန်းနဲ့ မေးတာကိုသာ ဖြေပါ။ ဟိုတောတွင်းအိမ်ငယ်ကို အရင်ကတည်းက ရောက်ခဲ့ပြီးပြီနော်"

"ဟုတ်ပါတယ်ခင်ဗျား"

"မြေအနေအထားတွေ ဘာတွေလည်း သိထားပြီနော်"

"ဟုတ်ပါတယ် ခင်ဗျ"

"ဟို ပြတင်းပေါက်တစ်ခု အကြောင်းလည်း ပါတယ်နော်။ အပြင်က ဖွင့်လို့ရတယ်လေ"

"ဟုတ်ပါတယ် ခင်ဗျ"





"ရဲအဖွဲ့တွေ ပထမဆုံးအကြိမ် ရောက်လာစဉ်ကတည်းက အဲဒီပြတင်းပေါက် ဖွင့်နေတယ် မဟုတ်လား"

"အဲဒီလိုပဲ ထင်ပါတယ်"

"ကျုပ်တို့ရောက်လာတော့လည်း အဲဒီပြတင်းပေါက်ကို ခင်ဗျားပဲ ဖွင့်ပေးလို့ ကျုပ်တို့အထဲဝင်ခဲ့ရတယ် မဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျ"

"ပြတင်းပေါက်ကို ခင်ဗျား ဘယ်လိုဖွင့်ပါသလဲ"

"တုတ်တစ်ချောင်းနဲ့ ကလန့်ဖွင့်ယူရပါတယ်"

"တုတ်သုံးပြီး ခင်ဗျားကိုယ်တိုင် ဖွင့်ယူရတာ မဟုတ်လား"

"ဟုတ်ပါတယ်"

"အဲဒီတုတ် ဘယ်ကရသလဲ"

"အိမ်အပြင် ပြတင်းပေါက်နားက တွေ့ရတာပါ"

"တံခါးဖွင့်ဖို့ အနေတော် အတိုင်းအတာအတိုင်း တွေ့ရတယ်နော်"

"ဟုတ်ပါတယ်ခင်ဗျ"

"ကျုပ်တို့ အိမ်ထဲဝင်ပြီး လျှောက်ကြည့်ကြတယ်နော်၊ အဲ ရဲအဖွဲ့ဝင်တွေ ဝင်ရှာပြီးမှ မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါထက် ကျုပ်တို့ အိမ်အပြင် ပြန်ထွက်လာကြတဲ့အချိန် အိမ်အောက် ကြည့်ချင်သေးတယ်လို့ ကျုပ်က ပြောတယ်၊ နောက် အိမ်အောက် လျှောက်ကြည့်ကြတော့ ကော်ဖီသံပူးခွံတစ်ခု တွေ့တယ်၊ အဲဒီထဲမှာ ဟိုလည်စည်းပဝါနဲ့ ကျည်ဆန်ခွံတွေ တွေ့ရတယ် မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျ"

"ကျည်ဆံဗူးက အပြည့်လား"

"မဟုတ်ပါဘူးခင်ဗျာ၊ ကျည်ဆန်ဗူးထဲမှာ ခုနစ်တောင့် ရှောနေပါတယ်၊ သေနတ်ထဲက ကျည်ဆန်မဂ္ဂဇင်းထဲကျတော့ ခြောက်တောင့်ပဲ တွေ့ရပါတယ်၊ တစ်တောင့်ရှောနေပြန်ပါတယ်၊ အဲဒီတစ်တောင့်ဟာ မင်းလေးကို ပစ်သွားတဲ့ တစ်တောင့်ပဲပေါ့"

"အဲဒီတုန်းက အဲဒီပစ္စည်းတွေကို သက်သေခံပစ္စည်းတွေအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပြောတာဆိုတာ ရှိခဲ့ပါသလား''

''ဟုတ်ကဲ့ ပြောခဲ့ပါတယ်၊ မစ္စတာဒရိတ်ကဆိုရင် ဒီပစ္စည်းတွေ ာက်ဆိုင်ရာလက် အပ်ရမယ်လို့ပြောတယ်၊ ဒါပေမယ့် ခင်ဗျားက အဲဒီ ည်းတွေကို အိတ်ထဲထည့်လိုက်ပြီး 'ကျုပ်တာဝန်ယူ သိမ်းထားမယ်' လို့ လည်း ပြောခဲ့တယ်''

''ကျေးဇူးတင်ပါတယ်၊ တော်ပါပြီ၊ မေးစရာ မကျန်တော့ပါဘူး''

တရားသူကြီးက အံ့သြဟန်ဖြင့် မေဆင်ကို လှမ်းမေး၏။

''ဒါပဲလားဗျ၊ မစ္စတာမေဆင်''

''ဟုတ်ကဲ့၊ တရားသူကြီးမင်းခင်ဗျား၊ သူ့ကိုတော့ ဒီလောက်ပဲ မေးချင်ပါတယ်၊ ဒါပေမယ့် ဒီပစ္စည်းနဲ့ ပတ်သက်လို့ ရဲမှူးထရက်ကိုတော့ ကျွန်တော် အချက်တစ်ချက် မေးချင်ပါသေးတယ် ခင်ဗျား''

တစ်ဆက်တည်းမှာပင် မေဆင်က ထရက်ကို လှမ်းမေးသည်။

''ကဲ– ရဲမှူးကြီး၊ ခင်ဗျား ကျမ်းကျိန်ပြီးသားပဲ၊ တိုက်ရိုက်ဖြေလို့လည်း ရပါတယ်၊ ကျွန်တော်မေးချင်တာက ဒီလိုပါ၊ လူသတ်မှုဖြစ်သွားခဲ့တဲ့ တော တွင်း အိမ်ငယ်ကို ခင်ဗျားရောက်ခဲ့ဖူးပြီနော်''

''ဟုတ်ပါတယ်''

''ဘယ်နေ့က ပါလဲ''

''လဆန်း ၉ ရက်နေ့၊ မနက် ၁၀–နာရီလောက်ကပါ''

''အထောက်အထား သက်သေခံပစ္စည်း သဲလွန်စသွားရှာတာ မဟုတ်လား''

''ဟုတ်ပါတယ်''

''မတွေ့မိပဲ မျက်စိလျှမ်းကျန်ခဲ့တာတွေ ဘာတွေများရှိပါသလဲ''

''မရှိဘူးလို့ ထင်ပါတယ်''

''ဟို အိမ်အောက်မှာရှိတဲ့ ကော်ဖီသံပူးခွံထဲကကို သေသေချာချာ ကြည့်မိပါသလား''

''ဟုတ်ကဲ့၊ ဂရုတစိုက်ကြည့်ရှုခဲ့ပါတယ်''

''ဘာမှ မတွေ့ခဲ့ဘူး မဟုတ်လား''

''ဟုတ်ကဲ့၊ ဘာမှ မတွေ့ခဲ့ပါဘူး ခင်ဗျ''





ရဲမှူးထရက်၏ ထိုအဖြေမှာ အစိုးရရှေ့နေကြီး ဟင်မီတန်အတွက် မိုးကြိုးပစ်ခံရသည့်အလား တုန်လှုပ်သွားသွားစေခဲ့သဖြင့် ဟင်မီတန်က ထရက်ကို လှမ်းအော်ပြောသည်။

''ဒီမှာ ရဲမှူး၊ ခင်ဗျား ဒီသံပူးခွံထဲမှာ ဘာမှမတွေ့ခဲ့ပါဘူးလို့ ကျုပ်ကို ဘာကြောင့်မပြောခဲ့တာလဲဗျ''

''ဗျာ ... ဒီကော်ဖီပူးထဲက ပစ္စည်းတွေအကြောင်းဟာ သက်သေ ခံ ပစ္စည်းအသစ်တွေ့တာလို့ ခင်ဗျားကကော ကျုပ်ကို ဘာကြောင့် ပြောမပြ ခဲ့သလဲ''

ရဲမှူးကလည်း ပြန်အော်လိုက်ရာ ဟင်မီတန်က ရှင်းပြရ၏။

''ဒီသက်သေခံပစ္စည်းကိစ္စက ခုလေးတင်ကမှ ကျုပ်သိရတာဗျ''

ထရက်က မေဆင့်ဘက်လှည့်ကြည့်ပြီးမှ ဟင်မီတန်ကို တုံ့ပြန်သည်။

''ဒီမှာ အစိုးရရှေ့နေကြီး၊ ဒီအတိုင်းဆိုရင် ခင်ဗျားထက် မစ္စတာ ပယ်ရီမေဆင်က ကျုပ် လုပ်ငန်းတာဝန်ပိုင်းကိစ္စမှာ ကျုပ်အစွမ်းအစကို ပို ယုံကြည်နေပုံရသေးတယ်''

မေဆင်ကလည်း ချက်ချင်း တရားသူကြီးဘက် လှည့်ပြောလေသည်။

အဲဒါပဲကြည့်တော့ တရားသူကြီးမင်းခင်ဗျား၊ ကျွန်တော်ဟာ ရဲမှူး ထရက်အပေါ် အပြည့်အဝယုံကြည်မှု ရှိပါတယ်၊ ခု ဒီလည်စီးပဝါနဲ့ ကျည်ဆံ ကိစ္စမှာ ရဲအဖွဲ့တွေ ရှာစဉ်က သံပူးခွံထဲ ဘာမှ မတွေ့ရဘဲ နောက်မှ တွေ့ရတာကို ထောက်ရင် ဒါဟာ နောက်မှ လာထားပြီး တစ်စုံတစ်ယောက်ကို ထောင်ချောက် ထောင်တာလို့ ကျွန်တော်သိလာခဲ့ပါတယ်၊ ရဲမှူးထရက်ကလည်း ဒီလောက် ပေါ့ဆသူမဟုတ်ကြောင်း ကျွန်တော် ယုံကြည်ပါတယ်''

ဟင်မီတန်က ထပ် ကြိုးစား တင်ပြလိုက်သေး၏။

''တရားသူကြီးမင်း ခင်ဗျား၊ ဘာပဲ ပြောနေနေ ဒီပစ္စည်းတွေဟာ သက်သေခံအထောက်အထား ပစ္စည်းတွေပဲ ဖြစ်နေဆဲပါ ခင်ဗျား''

တရားသူကြီးက ဖြတ်မေးသည်။

''ဘာအတွက် အထောက်အထား သက်သေခံပစ္စည်းလဲဗျ''

''လူသတ်မှုအတွက် အထောက်အထား သက်သေခံပစ္စည်းပေါ့ဗျာ''

တရားသူကြီးက သူ့အမြင်ကို ရှင်းရှင်းပြောပြလာသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်ဟုတ်နိုင်ပါ့မလဲဗျ။ ဒီပစ္စည်းတွေကို လူသတ်မှုဖြစ်ပြီး နောက်ပိုင်းကျမှ အိမ်အောက်မှာ လာထားကြောင်း ခုထွက်ဆိုချက်တွေအရ သိထားပြီပဲ၊ ဒါပေမယ့် ခုဆိုရင် ဒီရုံးတော်ဟာ အဲဒီလည်စည်းပဝါကိစ္စ စိုးရိမ်လာမိတယ်၊ ဒီပဝါဟာ စာရေးဆရာမ မိရဲ့ ပဝါ မဟုတ်ဘူးလား''

ဟင်မီတန်က ခေါင်းညိတ်ဖြေသည်။

ဤတွင်မေဆောင်က ချက်ကောင်းကိုင်လိုက်ပြန်သည်။

''အခု အစိုးရ ရှေ့နေကြီး တင်ပြလာတဲ့ သက်သေခံအထောက်အထားပစ္စည်းရဲ့ အဓိပ္ပါယ်ကို ကြည့်ရင် ဒီလူသတ်မှုကိစ္စမှာ စာရေးဆရာမ မိ ပတ်သက်ပါဝင်လာနေပါတယ်၊ ဒါကြောင့်ကျွန်တော့်အမှုသည် ဂလက်ဒဟာ လူသတ်မှုနဲ့ မပတ်သက်တော့တဲ့ အဓိပ္ပါယ်လည်းရှိလာပါတယ်၊ ဒါကြောင့် မစ္စတာဂျိမင်းကို ကျွန်တော် မေးခွန်းတစ်ခု မေးချင်ပါတယ်''

တစ်ဆက်တည်းပင် ဂျိမင်းကို မေဆောင်ကမေး၏။

''မစ္စတာဂျိမင်းခင်ဗျား၊ လူကြီးမင်းဟာ အခွန်တော်မပေးဆောင် တိမ်းရှောင်လိမ်လည်မှုကိစ္စအတွက် တစ်စုံတစ်ဦးအကြောင်း စုံစမ်းနေတယ် မဟုတ်ပါလား''

''ဟုတ်ကဲ့၊ ဝင်ငွေခွန်တိမ်းရှောင်မှုနဲ့ တစ်ခြားဥပဒေဆန့်ကျင်မှုတွေ အကြောင်းပါ စုံစမ်းနေတာပါ''

''အဲဒီ တစ်စုံတစ်ယောက် ဆိုတာ မစ္စတာ ဂရိဂိုရီအယ်လ်ဆင်ဒန်းကပ် ဆိုသူများလားဗျာ''

မစ္စတာအာဝင်က ကြားဝင် ဟန့်တားလိုက်၏။

''ဒီမေးခွန်းကို မဖြေပါနဲ့''

''ဘာကြောင့် မဖြေရမှာလည်းဗျ''

''ခုအချိန် ဒီအကြောင်း သတင်းမပြန့်စေလိုသေးပါဘူး၊ ဒီအကြောင်း ကျုပ်တို့လက်ထဲမှာ အမှုတွဲ အပြည့်ရထားပါပြီ၊ ဒါပေမယ့် ခု သတင်းပြန့်သွားရင် ကျုပ်တို့အစီအစဉ်တွေ ပျက်စီးသွားနိုင်ပါတယ်''

ဤတွင် တရားသူကြီးက ကြားဝင်ရသည်။

''စာရေးဆရာမ မိကို ကျုပ်လည်း မေးခွန်းတစ်ချို့ မေးချင်တယ်ဗျာ၊ ဟိုကိစ္စဗျာ – မစ္စတာမေဆောင်၊ ခင်ဗျားတရားခွင်မှာ မိကို စာရွက်





တစ်ခု ပြဖူးတယ် မဟုတ်လား၊ အဲဒီစာရွက်ကိစ္စပဲ၊ အဲဒီစာရွက်ဟာ တောတွင်းအိမ်ငယ်ကိုသွားတဲ့ မြေပုံကြမ်း ဟုတ် မဟုတ် မေးကြည့်ချင်တယ်''

မေဆောင်က ချက်ချင်းဖြေသည်။

''တရားသူကြီး၊ ထင်တဲ့အတိုင်း မှန်ပါတယ်ခင်ဗျား၊ အဲဒီစာရွက်ဟာ တောတွင်းအိမ်ငယ်ကို သွားဖို့ လမ်းပြမြေပုံကြမ်း ဖြစ်ပါတယ်''

''နေအုံးဗျ၊ အဲဒီမြေပုံကြမ်းမှာ ၁၅– မိုင်ကျော် မှတ်တိုင်လမ်းခွဲ အကြောင်း ပြထားတယ်မဟုတ်လား''

''ဟုတ်ပါတယ် ခင်ဗျ''

''မြေပုံထဲက လမ်းခွဲအရောက် ဘယ်ဘက်လိုက်ရမလား၊ ညာဘက်လိုက်ရမလား၊ ဘယ်လို ညွှန်းထားပါသလဲ''

''မြားပြထားတာကတော့ ဘယ်ဘက်လမ်းလိုက်ဖို့ အထင်အရှားပါပဲ ခင်ဗျ''

''ဒီလိုဆိုရင် မစ္စတာမေဆောင်၊ ခင်ဗျားမှာ ခင်ဗျားအမှုသည်အတွက် တာဝန်ရှိလာပါပြီ၊ ဒီသက်သေ မိဟာ ရုံးတော်မှာ လိမ်လည် ထွက်ဆိုခဲ့တဲ့အတွက် မိကို ဥပဒေကြောင်းအရ ခင်ဗျားတရားဆိုင်အရေးယူသင့်ပါပြီ''

''ခင်ဗျာ၊ ကျွန်တော်က ဘာကြောင့် သူ့ထွက်ဆိုချက်ကို တရားဆိုင်ရမှာလဲ၊ မိက ထွက်ဆိုထားတယ်မဟုတ်လား၊ ဂလက်ဒီကို အပြန့်ဖြတ်လမ်းအတွက် သူလမ်းညွှန်ချက်ပေးခဲ့ပါသတဲ့၊ ဂလက်ဒီကလည်း သူ့ကို မိက လမ်းညွှန်ချက်ပေးတယ်လို့ ပြောခဲ့ပြီးပါပြီ၊ လမ်းညွှန်မြေပုံကြမ်းကို စားပွဲပေါ် စာရွက်တွေထဲက ယူပေးတယ်လို့ ဂလက်ဒီထွက်ဆိုပြီးပါပြီ၊ ဒါပေမယ့်လည်း မြေပုံထဲမှာ ဘယ်ဘက်လမ်း လိုက်ရမယ်လို့ ပြထားတဲ့အတွက် မိကိုယ်တိုင် အဲဒီလမ်းလိုက်ခဲ့တယ်လို့ မယူဆနိုင်ပါဘူး၊ မိဟာ လမ်းကြောင်းကို မေ့နေလို့ ပြန်ကြည့်တာလည်း ဖြစ်နိုင်ပါတယ်၊ အဲဒီလမ်းခွဲမှာ ညာဘက်လမ်း လိုက်ရမယ်လို့ ဂလက်ဒီကို မိက လမ်းညွှန်ခဲ့တယ်လို့ ကျွန်တော်လက်ခံယူဆထားပါတယ်''

''အေးဗျာ... ကျုပ်ကတော့ မိကို ဒီကိစ္စ ထပ်မေးကြည့်ချင်နေတယ်''

အာဝင်က ကြားဝင်လာပြန်သည်။

''တရားသူကြီးမင်းခင်ဗျား၊ မိကို ဒီအခန်းထဲ ခေါ်ယူရင် [illegible]ကို



www.burmeseclassic.com

www.burmeseclassic.com



အတွေ့ခံလို့ မဖြစ်ပါဘူးခင်ဗျား ကိုမင်းကို မိ မတွေ့စေလိုပါဘူး"

တရားသူကြီးက သူ့သဘောထား ပြောပြလာသည်။

"အေးဗျာ ... တဖြည်းဖြည်းနဲ့ ရှုပ်ကုန်ပြီ"

ထိုနောက် အစိုးရရှေ့နေကြီးဘက် လှည့်ပြောလိုက်ပြန်သည်။

"ဒီမှာမစ္စတာ ဟင်မီတန်၊ ခုတိုင်းဆိုရင် ခင်ဗျားဟာ ဂလက်ဒီကို ဒီအမှုကနေ လွှတ်လိုက်ပြီး အစိုးရဘက်သား ကိုမင်းတို့နဲ့ လက်တွဲဖော်ထုတ် သင့်ပြီးထင်တယ်"

ဟင်မီတန်က ခပ်အေးအေးပင် တုံ့ပြန်၏။

"ဒါပေမယ့် တရားခံအဖြစ် စွပ်စွဲခံရသူ လုံးဝအပြစ်ကင်းစင်ကြောင်း ကျွန်တော်ကိုယ်တိုင်ကျေနပ်ပါမှ ကျွန်တော့်ရုံးက အမှုရုပ်သိမ်းပေးလေ့ရှိ ပါတယ်၊ ဒါကြောင့်ပါ"

တရားသူကြီးက ဆက် အကြံပေးပြန်သည်။

"ခင်ဗျားအခု အမှု ရုပ်သိမ်းနိုင်ပါပြီ၊ နောင်မှ တစ်ခါ ဒီကလေးမမှာ အပြစ်ရှိတယ်လို့ တွေ့လာရင် ခင်ဗျားထပ်ပြီး အရေးယူဖမ်းဆီးနိုင်တာပဲဗျ၊ ခင်ဗျားမှာ အမှု ပြန်ရုပ်သိမ်းခွင့်လည်း ရှိနေတာပဲ"

"ဒီလိုလုပ်ရင် အများပြည်သူနဲ့ ဆက်ဆံရေးကိစ္စ ထိခိုက်ရှိ ရှိနေပါတယ်"

"အင်းလေ ... ခင်ဗျား ရုံးအကြောင်း သတင်းစာတွေက ဝေဖန် ရေးသားမှာကို တရားစီရင်ရေး စနစ်အပေါ် ဝေဖန်မှာထက် ခင်ဗျားက စိုးရိမ်နေပုံရနေပါကလား"

"ဒီလို ပြောပိုင်ခွင့်မရှိပါဘူး။ ဒါ မတရားပြောတဲ့ အမိပ္ပါယ် ဖြစ်နေ ပါတယ်"

ဤတွင် တရားသူကြီးက ချက်ချင်း ကြေငြာလိုက်တော့၏။

"ဒီလိုဆိုလည်း တရားခွင်မှာပဲ အမှုပြန်စစ်တာ ပိုကောင်းမယ်၊ ကျုပ်လည်း တရားသူကြီးအဖြစ် ပြောနိုင် ဆိုနိုင်မယ်၊ ဒါမှလည်း နှစ်ဘက် ရှေ့နေတွေက အလေးထားလေးစား ဆက်ဆံကြပါလိမ့်မယ်။ မစ္စတာကိုမင်း တစ်ယောက် တရားခွင်ကို မလာဖို့ ကျွန်တော်ခွင့်ပြုထားမယ်၊ အတွင်းခန်းထဲ မှာတော့ ရှိနေပါအုံး။ အင်း ... တရားခံရှေ့နေက တရားခွင်ကိုခေါ်ပြီး





သက်သေခံ ပေးပါလို့ ဖွင့်ပြောလာရင်တော့ ကျုပ်လည်းမတတ်နိုင်ဘူး။ တရားခွင်ကို ခင်ဗျား လာအစစ်ခံပေးရတော့မယ်"

အာဝင်က ချက်ချင်း ကြားဝင်ရှုပြန်သည်။

"တရားသူကြီးမင်းခင်ဗျား။ ဒီလို လုံးဝမဖြစ်နိုင်ပါကြောင်း ကျွန်တော် အမျိုးမျိုး ရှင်းပြခဲ့ပြီးပါပြီ"

"ဟုတ်ကဲ့၊ ကျုပ်လည်း ကြားခဲ့ရပြီးလို့ သိထားပြီးပါပြီ၊ ဒီတော့ ပြည်ထောင်စုအစိုးရအတွက် ဒီကိစ္စ ဒီလောက်အရေးကြီးနေတယ်ဆိုရင် အစိုးရရှေ့နေကြီးက ဂလက်ဒီရဲ့အမှု ရုပ်သိမ်းပေးဖို့ကိစ္စ ဟင်မီတန်ကို ခင်ဗျား ဘာကြောင့်မပြောနိုင်ရမလဲဗျ"

အာဝင်က ချက်ချင်း တုံ့ပြန်လျှောက်တင်၏။

"မစ္စတာဟင်မီတန်ရဲ့ သဘောထားကို တရားသူကြီးမင်း သိထား ပြီးပြီပဲ"

ဤစကားကိုကြားသည့်တွင် တရားသူကြီးမင်းက ကုလားထိုင်မှ ရုတ်တရက် ထလိုက်ပြီး အဆုံးအဖြတ်တစ်ခုချမှတ် ပြောဆိုလိုက်သည်။

"ကဲ ... ဒီအတိုင်းဆိုရင်တော့ ကျုပ်တရားခွင်မှာပဲ အမှုကို ကြားနာတော့မယ်၊ ရုံးတော် ထုံးတမ်းအစဉ်လာအတိုင်း လုပ်ရတော့မှာပေါ့၊ ရုံးတော်က မိကို မေးခွန်းတစ်ချို့ ထပ်မေးဖို့ ဆင့်ခေါ်မယ်၊ နှစ်ဘက်ရှေ့နေ တွေ ပြန်လှန်မေးခွန်း မေးခွင့်ရှိမယ်၊ မိကို ဆင့်ခေါ်တာက တရားလိုပြသက် သေအဖြစ် ပြန်ခေါ်မှာပဲ၊ ဒါကြောင့် နိမိတ်ပြ မေးခွန်းမျိုးမေးရင်တော့ တရား ခံအပေါ် မလိုတမာပြုတယ်လို့ ရုံးတော်က ယူဆမယ်၊ ကဲ ... လူကြီးမင်းတို့ ကျုပ်တို့ ဒီအမှုကို တရားခွင်မှာပဲ ရုံး ထုံးတမ်းစဉ်လာအတိုင်း ကြားနာ တော့မယ်"

✿ ✿ ✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၅)

တရားသူကြီး မစ္စတာဘဂ္ဂဘီသည် တရားခွင်ကုလားထိုင်ပေါ် ထိုင်ပြီးသည်နှင့် စတင်ကြေငြာပြောဆို၏။

"အခု ရုံးပြန်အတက် နည်းနည်းနောက်ကျသွားရတဲ့အတွက် သက်ဆိုင်သူ အားလုံးကို တောင်းပန်လိုပါတယ်၊ ကိစ္စတစ်ခု ရုတ်တရက် ခေါ်လာလို့ အတွင်းခန်းမှာ ဒီကိစ္စ ဆွေးနွေးနေရလို့ ဖြစ်ရတာပါ၊ အခုဆိုရင် တရားလိုဘက်က ပဏာမ ကြားနာမှု ဆိုင်ရာတင်ပြ ပြီးဆုံးခဲ့ပါပြီ၊ ဒါကြောင့် တရားခံအပေါ် စွဲချက်တင်သင့် မတင်သင့်ကိစ္စ ရုံးတော်ရဲ့ အမိန့်ကို တောင်းခံထားပြီး ဖြစ်နေပါပြီ၊ ဒါပေမယ့် ရုံးတော်ကတော့ တရားလိုဘက်က တင်ပြထားခဲ့သမျှ အထောက်အထားတွေအပေါ်မှာ ကျေနပ်ခြင်း မရှိသေးပါဘူး။ ဒါကြောင့် တရားလိုပြသက်သေ တစ်ယောက်ကို ရုံးတော်ကပဲ ပြန်ခေါ် သက်သေအဖြစ်နဲ့ ထပ်မေးချင် စစ်ချင်ပါသေးတယ်၊ ဒီတော့ မစ္စမိ၊ ခင်ဗျား သက်သေ ခံစင်မြင့်ပေါ် ခေတ္တလာပါ၊ ကျမ်းကျိန်ပြီးသူဖြစ်လို့ တိုက်ရိုက် ဖြေနိုင်ပါတယ်"

စာရေးဆရာမ မိ သက်သေစင်မြင့်လက် လျှောက်လာနေသည်ကို



www.burmeseclassic.com

www.burmeseclassic.com



တရားသူကြီးက စိုက်ကြည့်လေ့လာနေ၏။ မိနှင့်အတူ မိ၏ ကိုယ်ရံတော်အစောင့် ဆိုသူ ဂျူလည်း ပါလာ၏။ ဂျူမှာ ရှေ့ဆုံးခုံတန်းအစွန်းတွင် အသင့်အနေအထားဖြင့် ယခင်အတိုင်း နေရာယူလိုက်၏။ ဤတွင် တရားသူကြီးက မိကို စမေး၏။

"စာရေးဆရာမ မိ၊ ခင်ဗျားအနားမှာ အမြဲပါနေတဲ့ ပုဂ္ဂိုလ်ကြီးဟာ ခင်ဗျားရဲ့ ကိုယ်ရံတော်သက်တော်စောင့်အဖြစ် လိုက်ပါနေတာပါလား"

"ဟုတ်ပါတယ် ရုံးမင်းရှင့်"

"ခင်ဗျား ဘာအတွက်စိုးရိမ်ပြီး ကိုယ်ရံတော်အဖြစ် သူ့ကို ထားရပါသလဲ"

"ကျွန်မ အကြီးအကျယ် နှောင့်ယှက်ခံနေရလို့ပါရှင့်၊ လူအတော်များများက ကျွန်မဆီ ချဉ်းကပ်ပြီး သူတို့မှတ်တမ်းစာအုပ်မှာ လက်မှတ်ထိုးနိုင်းတာတို့၊ ကျွန်မ မတွေ့ချင်သူတွေက ကျွန်မကိုတွေ့ချင်ကြတာတို့၊ အဲဒီလို အနှောင့်အယှက်တွေ ကြုံနေရပါတယ်"

"ဒီအခြေအနေကို ကျုပ်နားလည်ပါတယ်၊ ဒါပေမယ့် ကျုပ်သိချင်တာက ခင်ဗျားမှာ ကိုယ်ရံတော်ထားရလောက်အောင် တစ်ခြား ကြောက်နေရတဲ့ ကိစ္စတစ်ခုခုများ ရှိနေပါသလား"

"အဲဒီလိုမရှိပါဘူး ရုံးမင်းရှင့်"

"ခင်ဗျားကို မစ္စတာမေဆင် ပြန်လှန်မေးခွန်း ထုတ်တုန်းက စာရွက်တစ်ခုကို ပြပြီးမေးခဲ့တာ မှတ်မိပါသလား"

"ဟုတ်ကဲ့"

"အဲဒီစာရွက်ကိုကော ခင်ဗျား မှတ်မိပါသလား"

မိ တစ်ယောက် အမှုအရာ ပျက်သည်အထိ ဖြစ်သွားလျက် ခေတ္တတုံ့ဆိုင်းဆိုင်း ဖြစ်သွားပြီးမှ အဖြေပေးနိုင်ရှာ၏။

"မှတ်မိတယ် ထင်ပါတယ်ရှင့်"

"အဲဒီစာရွက်ဟာ ခင်ဗျားကိုယ်တိုင် ရေးဆွဲခဲ့တဲ့ ခင်ဗျားလက်ထဲမှာပဲ ရှိခဲ့တဲ့ မြေပုံကြမ်းမဟုတ်လား"

"ကျွန်မလက်ထဲမှာတော့ ဒီစာရွက် ကြာကြာမရှိခဲ့ပါဘူးရှင့်၊ မစ္စတာမေဆင်ပြတုန်းက ကျွန်မ တစ်ချက်လှမ်းကြည့်ခဲ့ရတာပါပဲ"





"ဒါပေမယ့် မှတ်မိလိုက်တယ် မဟုတ်လား"

"ဟုတ်ကဲ့၊ ဒါတော့ဟုတ်ပါတယ်"

"အဲဒီမြေပုံကြမ်းဟာ တောင်ထိပ်ဟိုတယ်ကနေ လူသတ်မှုဖြစ်ခဲ့တဲ့ တောတွင်းအိမ်ငယ်သွားတဲ့ ဖြတ်လမ်းပြ မြေပုံမဟုတ်လား၊ တိုက်ရိုက်ပြောရင်တော့ တောတွင်းအိမ်ငယ်ဘက် သွားတဲ့လမ်းကို ညွှန်ကြားတဲ့ မြေပုံပေါ့"

ဤတွင် ဟင်မီတန် ကြားဝင်ကန့်ကွက်၏။

"ရုံးမင်းခင်ဗျား၊ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ အထောက်အထားတွေကို ပြဿနာဘောင်အတွင်းမှာပဲ ရှိနေစေခဲ့ပါတယ်၊ အလားတူပဲ ပြဿနာကိုလည်း သူ့အကျိုးအကြောင်းခြင်းရာလောက် အတွင်းမှာပဲ ရှိစေပါတယ်၊ ဒါကြောင့် သက်သေတစ်ယောက်ကို ရုံးတော်က ဝင်ရောက်စွပ်ဖက်မေးမြန်းတာမျိုးကို ကျွန်တော် မနှစ်သက်ပါဘူး၊ ဒါကြောင့် ပြဿနာက ဒီတောတွင်းအိမ်ငယ်ကို ရောက်သွားအောင် ဂလက်ဒီကို လမ်းညွှန်လိုက်သလား၊ လမ်းမညွှန်လိုက်ဘူးလား၊ တစ်ခါ ဒီအထောက်အထားဟာလည်း ဂလက်ဒီကိုယ်တိုင် ရဲအရာရှိထံမှောက် အစစ်ခံထားတဲ့အချက်ကို အထောက်အကူပြုမှသာ လက်တွေ့အသုံးချလို့ ရပါမယ်"

တရားသူကြီးက ချက်ချင်းပင် ဟင်မီတန်ကို လှမ်းမေးသည်။

"ရုံးတော်က သက်သေကို ပြန်ခေါ်သက်သေအဖြစ် ခေါ်ပြီး မေးမြန်းတာကို ခင်ဗျား ကန့်ကွက်နေသလားဗျ"

"ဟုတ်ကဲ့၊ ကျွန်တော်ကန့်ကွက်နေတာပါ"

"ဘယ်အချက်အပေါ် အခြေခံပြီး ကန့်ကွက်နေတာပါလဲ"

"မသက်ဆိုင်လို့၊ မပတ်သက်လို့၊ အချက်အလက်မကျလို့ ဖြစ်ပါတယ်"

"ကဲ . . . ခင်ဗျားကန့်ကွက်ချက်ကို ရုံးတော်က လက်မခံနိုင်ပါဘူး ဒီတော့ မိ မေးခွန်းကို ဖြေပါ"

မိက သည်တော့မှ မေးခွန်းကို ဖြေရသည်။

"ဟုတ်ကဲ့ရှင့်၊ အဲဒီစာရွက်ဟာ မြေပုံတစ်ခုဖြစ်တယ်လို့ ကျွန်မထင်ပါတယ်၊ မြေပုံထဲမှာ ဗယ်ဘက်လမ်းသွယ်ဘက်ကို လိုက်ဖို့ မြားပြထားတယ် ထင်ပါတယ်၊ ကျွန်မ ဂလက်ဒီကို လမ်းညွှန်ခဲ့တာကတော့ ညာဘက်လမ်းသွယ်



www.burmeseclassic.com

www.burmeseclassic.com



ိက်ဖို့ပဲ ဖြစ်ပါတယ်ရှင့်''

''ကဲ ... အဲဒီမြေပုံကြမ်းစာရွက်ကို ဂလက်ဒီက ဘာကြောင့် ့မှတ်စုထဲက ဆုတ်ပစ်ပြီး အမှိုက်ခြင်းထဲ ထည့်ခဲ့ရတာလည်း။ အဲဒါကော ျား သိသလား''

''ဂလက်ဒီ ဆုတ်ပစ်တာ မဟုတ်ဘူးထင်ပါတယ်''

''ခင်ဗျားပဲ အမှိုက်ခြင်းထဲမှာ ဒီမြေပုံစာရွက် တွေ့ခဲ့တာ မဟုတ်လား''

''ဟုတ်ပါတယ်ရှင့်''

''ဒီလိုဆို မှတ်စုစာအုပ်ထဲ ဒီစာရွက်ကို ဘယ်သူက ဆုပ်ပစ်ခဲ့သလဲ၊ ခင်ဗျား သိပါသလား''

မိသည် သက်ပြင်းရှည်ကြီး ချလိုက်ပြီးနောက်မှ အဖြေပေးရှာ၏။

'ဟုတ်ကဲ့ သိပါတယ်၊ ဆုတ်ပစ်ခဲ့သူဟာလည်း ကျွန်မကိုယ်တိုင် ဖြစ်ပါတယ်ရှင်''

''ခင်ဗျားကိုယ်တိုင် ဟုတ်လား''

''ဟုတ်ပါတယ်ရှင့်''

''ဘာကြောင့် ဒီလိုလုပ်တာပါလဲ''

''အဲဒီဖြတ်လမ်းအကြောင်း ကျွန်မ သိနေတယ် ဆိုတဲ့ အထောက်အထား မရှိတော့အောင်လို့ပါ''

''ဩော် ... ခင်ဗျား အဲဒီတောတွင်းအိမ်ငယ်ကို အရင်ကတည်းက ရောက်ဖူးနေတယ်ပေါ့''

''ဒီမေးခွန်းကိုဖြေဖို့ ကျွန်မ ငြင်းဆိုလိုပါတယ်''

''ဘယ်လို အကြောင်းပြမလဲ''

''ဒီမေးခွန်းကြောင့် ကျွန်မကို တရားခံအဖြစ် ဆွဲထည့်နိုင်လို့ပါ''

''ခုအခြေအနေမှာတော့ ခင်ဗျားကို အခြေခံဥပဒေပါ အဲဒီအခွင့်အရေးမျိုး ရုံးတော်က ပေးနိုင်မယ်မဟုတ်ပါဘူး။ ဒါကြောင့် ခင်ဗျား ငြင်းဆန်မှုကို ရုံးတော်က လက်မခံနိုင်ပါဘူး''

ထိုအချိန်၌ နားထောင်နေသော ပရိသတ်ထဲမှ လူတစ်ဦး မတ်တတ်ထလျက် ရုံးမင်းထံ ကြားဖြတ်လျှောက်တင်လာ၏။

''ရုံးမင်းခင်ဗျား၊ ကျွန်တော် နည်းနည်းလျှောက်တင်လိုပါတယ်၊





ကျွန်တော့်အမည် ဝင်ဒဲလ်-ပါနဲလ်-ဂျာဗစ် ဖြစ်ပါတယ်၊ မစ္စမိကို ကိုယ်စားပြုပြီး လျှောက်တင်လိုခြင်း ဖြစ်ပါတယ်၊ ခုအတိုင်းဆိုရင် မိရဲ့ငြင်းဆန်မှုကို ရုံးတော်က အဓိပ္ပါယ်ကောက်လွဲနေတယ် ထင်ပါတယ်ခင်ဗျ။ ကျွန်တော်အခု လျှောက်တင်နေတာဟာ အခုစစ်နေတဲ့ လူသတ်မှုနဲ့ မပတ်သက်ပါဘူး။ တစ်ခြားတစ်ခုခုနဲ့ ပတ်သက်ပါတယ်၊ အဲဒီတစ်ခြားတစ်ခုက ပြည်ထောင်စုအစိုးရက စုံစမ်းနေတဲ့ အမှုကိစ္စပါ၊ အဲဒီအမှုနဲ့ ဆက်စပ်လို့ မိရဲ့ရှေ့နေအဖြစ် ကျွန်တော် ကိုယ်စားပြု လျှောက်တင်ခြင်း ဖြစ်ပါတယ်ခင်ဗျား''

တရားသူကြီးက သက်ပြင်းချပြီး ပြန်ပြောသည်။

''ခုလိုဆိုတော့ ကိစ္စက ပိုရှုပ်ထွေးလာနေပြီလို့ ရုံးတော်က သဘောရပါတယ်၊ ဒါကြောင့် ဒီကိစ္စကို အခုရုံးက အဆုံးအဖြတ်မချမှတ်မီ အခြေအနေနဲ့ ပတ်သက်ပြီး ပြန်ရှင်းဖို့လိုပါလိမ့်မယ်၊ ကဲ ... ဒီတော့ သက်ဆိုင်သူအားလုံး ဒီကြားနာမှုကို ရုံးချိန်းနှစ်ပတ်လောက် ရက်ရွှေ့မှာ သဘောတူကြပါသလား အမှန်ကတော့ ဒီအခြေအနေမှာ ရက်ချိန်းရွှေ့ဖို့ကိစ္စကို တရားခံ ဖြစ်နေရသူကိုယ်တိုင်က ခွင့်တောင်းရမှာပါ၊ တရားလိုဘက်ကလည်း သဘောတူဖို့ လိုပါလိမ့်မယ်''

ဟင်မီတန်က လှမ်းမေး၏။

''ရက်ချိန်းကာလအတွင်း တရားခံအဖြစ် စွပ်စွဲခံရသူကို အချုပ်ထဲမှာပဲ ထားမှာပါလား''

''ကိုယ်တိုင် ခံဝန်ချုပ်နဲ့ လွှတ်ထားပါမယ်''

''ဒါဆို ကျွန်တော် ကန့်ကွက်ပါတယ်''

မေဆင်က ကြားဖြတ်ပြောလာ၏။

''ကျွန်တော့ကို မေးပါရစေ၊ သက်သေ မိကို ကျွန်တော် တစ်ခု မေးပါရစေ''

''မေးပါ ... မေးပါ''

တရားသူကြီးက ခွင့်ပြုလာသဖြင့် မေဆင်က မိကိုမေး၏။

''မိ ခင်ဗျားဟာ အကြီးအကျယ် ခြိမ်းခြောက်ခံနေရတဲ့ မိန်းမသား တစ်ဦးမို့ အကြီးအကျယ်ကြောက်လန့် စိုးရိမ်နေတယ် မဟုတ်လား''

မိက ထိုမေးခွန်းကို မဖြေနိုင်ဖြစ်နေသည်။ ထို့ကြောင့် မေဆင်သ



www.burmeseclassic.com

www.burmeseclassic.com



ခပ်မေးသည်။

"ဟုတ်တယ် မဟုတ်လား၊ဗျ မစ္စမိ"

စောစောက ကြားဝင်လာသော ဂျာဗစ်ဆိုသူက ဝင်ပြောလာပြန်သည်။

"ရှုံးမင်းခင်ဗျား ဒီမေးခွန်းဟာ ဒီအမှုနဲ့ လုံးဝ လုံးဝ အဆက်အစပ် မရှိပါဘူး"

တရားသူကြီးက ထိုကိစ္စကို ဝင်ပြီး အဆုံးအဖြတ်ပေးလိုက်၏။

"ခင်ဗျားကန့်ကွက်ချက်ကို ရုံးတော်က လုံးဝလက်မခံပါ။ ခု ကြားနာမှုမှာ ခင်ဗျားဟာ တရားဝင် လုံးဝပတ်သက်သူလည်း မဟုတ်၊ အခြေခံ ဥပဒေပါ အခွင့်အရေးနဲ့ ပတ်သက်လို့တော့ ခင်ဗျား မိကို အကြံပေးနိုင်ပါတယ်၊ ဒါကြောင့် ခင်ဗျား ဒီကြားနာမှုမှာ ဘာမှဝင်စွက်ဖက်ခွင့်မရှိလို့ ခင်ဗျား တန့်ကွက်ချက်ကို ရုံးတော်က ပယ်ပါတယ်၊ ကဲ ... တစ်ခြားဘယ်သူက မှလည်း မကန့်ကွက်ကြနဲ့တော့၊ မိ မေးခွန်းကိုသာ ဖြေပါ"

"မေးခွန်းဟာ ဘယ်လိုမှ မပတ်သက်ပါဘူးခင်ဗျား"

ဂျာဗစ်က ထပ်ပြောနေပြန်သဖြင့် မေဆင်က ခပ်ရှင်းရှင်းပင် တင်ပြလိုက်တော့၏။

"ဒီမှာ မိ၊ ဟောဒီ ကိုယ်ရုံတော်အစောင့်ဟာ ခင်ဗျားကိုယ်တိုင်က တာဝန်ပေးထားသူလည်း မဟုတ်ပါဘူး။ အဲဒါ မှန်ရဲ့လား၊ တစ်ယောက်ယောက်ကငှားပြီး ခင်ဗျားကို စောင့်ကြပ်နိုင်းထားတာပဲ၊ ခင်ဗျားကို ကာကွယ်ပေးဖို့လည်း မဟုတ်ဘူး။ အဲဒါ ... ခင်ဗျား တစ်စုံတစ်ခု ထွက်ဆိုချက် မပြုနိုင်အောင်လို့ စောင့်ကြည့်ခိုင်းထားတာ၊ ဒါကော မှန်ပါသလား"

မိတစ်ယောက် ဘာမှမပြောနိုင် ငြိမ်နေသည်။

ထို့ကြောင့် မေဆင်ကပင် ဆက်ပြော၏။

"ဒီမှာ မိ၊ ခင်ဗျားကိုယ်တိုင် အန္တရာယ်ရှိနေပြီဆိုတာ သိနေခဲ့လို့ ခင်ဗျားသေတမ်းစာလို စာတစ်စောင် ရေးခဲ့တယ် မဟုတ်လား၊ ခင်ဗျားသေသွားရင်ဖြစ်ဖြစ်၊ ပျောက်သွားရင်ဖြစ်ဖြစ်၊ အဲဒီစာကို အာဏာပိုင်တွေလက်ထဲ ထည့်ပေးဖို့ ရေးခဲ့တာလေ၊ အဲဒီစာကို ခင်ဗျားပစ္စည်းတွေ ရှာမတွေ့နိုင်အောင် ဂလက်ဒီရဲ့ ပစ္စည်းတွေထဲမှာထားဖို့ ဂလက်ဒီကို ပေးထားတယ်မဟုတ်လား။ ခင်ဗျား တစ်ခုဖြစ်သွားတယ်ဆိုရင် ဂလက်ဒီက ဒီစာကိုတွေ့မယ်၊ တွေ့ရင်





ဖတ်ကြည့်ပြီး အာဏာပိုင်တွေလက်ထဲ အပ်နိုင်အောင် စီစဉ်ခဲ့တယ် မဟုတ်လား ... မိ"

မေဆင်က ခေတ္တနားပြီး ဆက်ပြော၏။

"ပြီးတော့ ခင်ဗျား ကိုယ့်အခန်းမှာ ကိုယ်မရှိအောင် **တစ်စုံတစ်**ယောက်က တောင်ထိပ်ပဟိုတယ်ကို ခင်ဗျားသွားဖြစ်အောင် စီစဉ်တယ် **မဟုတ်**လား။ ခင်ဗျားအခန်းမှာ ခင်ဗျားမရှိတုန်း သူတို့ရှာဖွေမယ်၊ ဒါကြောင့် **ခင်ဗျား** အခန်း ဖွေနှောက်ခံထားရတာ တွေ့တုန်းက ခင်ဗျားချက်ချင်း **ဂလက်ဒီရဲ့** အခန်းထဲကိုပြေးပြီး စောစောကစာ ရှိမရှိ ကြည့်တယ်မဟုတ်လား။ ဒါပေမယ့် စာမရှိတော့တာ ခင်ဗျားတွေ့ခဲ့ရတယ်လေ"

ဤနေရာအရောက် ဂျာဗစ်က ကြားဝင်လာပြန်သည်။

"ရှုံးမင်းခင်ဗျား၊ ခုပြောနေတာတွေဟာ ကြားနာနေတဲ့ အမှုနဲ့ ဘာမှ မဆိုင်ပါဘူး။ သက်သေကို ပြန်လှန်မေးခွန်း ထုတ်ဟန်နဲ့ အမှန်တော့ သက်သေကို ကြိုးချည်နေတာပါ၊ တရားလိုရှေ့နေဘက်က မကန့်ကွက်လို့ ဆက်မေးနေတာဟာလည်း သက်သေကို ညှင်းဆဲသလို ဖြစ်နေပါတယ်၊ ဒါကြောင့် ... "

တရားသူကြီးက ဝင်ပြော၏။

"သက်သေက မဖြေနိုင်ဘူးလို့ မငြင်းသေးပါဘူးလေ"

ထို့ကြောင့် ဖြေရန် မေဆင်က ထပ်မေးသည်။

မိ ကလည်း မဖြေနိုင်ပဲ ငြိမ်နေဆဲ ဖြစ်၏။

ဤတွင် မအောင့်နိုင်တော့သည့်အလား တရားသူကြီးကပင် **တရား**ခွင်သို့ ကိုယ်ကိုကိုင်းညွတ်လျက် မိ ကို လှမ်းပြော၏။

"သက်သေ မစ္စမိ၊ ခု ခင်ဗျားရောက်နေတဲ့ နေရာဟာ **တရားရုံး**တော်တစ်ခုဖြစ်တယ်၊ တရားဥပဒေစိုးမိုးရေး စီရင်နေတဲ့ တရားရုံးတော်**ဖြစ်**ပါတယ်၊ ဒါကြောင့် ခင်ဗျားမှာ အန္တရာယ်ရှိနေပြီလို့ စိတ်ထဲမှာ **စိုးရိမ်နေမိ**တယ်ဆိုရင် ဒါမှမဟုတ် ပြင်ပပုဂ္ဂိုလ်အုပ်စုတွေက ခြိမ်းခြောက်**နေပြီလို့** ခံယူမိလာရင် အဖြစ်အပျက်အားလုံးကို ဒီရုံးတော်ကို ထုတ်ပြော**ပြပါ**။ ရုံးတော်အနေနဲ့ အကြံပေးပါရစေ၊ ပြီးတော့ ဥပဒေနဲ့ငြိစွန်းတဲ့ **ကိစ္စတွေ**ကြောင့် ဥပဒေအပြင်မှာပဲ ခိုလှုံရာရှာမယ်ဆိုရင် ခင်ဗျားလုံခြုံမယ် **မဟုတ်ဘူး**



www.burmeseclassic.com

www.burmeseclassic.com



ပို့ပြီး အန္တရာယ်ကြီးလာရုံပဲရှိမယ်၊ ဒါကြောင့် ခင်ဗျား ထုတ်ပြောသင့်တယ်"

ဤအချိန်တွင်ကား မိက ချက်ချင်းပင် တုံ့ပြန်လာတော့၏။

"ဟုတ်ကဲ့ ရုံးမင်းရှင်၊ ကျွန်မ အဖြစ်အပျက်ကို ကျွန်မ ရုံးတော်မှာ ထုတ်ဖော် တင်ပြချင်ပါပြီ၊ ကျွန်မအတွက် အကာအကွယ်လည်း ရယူလိုပါတယ်၊ တရားရုံးက ကျွန်မကို အကာအကွယ်ပေးဖို့ ပန်ကြားလိုပါတယ်"

"ဘယ်သူတွေရဲ့ အန္တရာယ်ကနေ အကာအကွယ် ပေးရမှာလဲ"

တရားသူကြီးက ဖြတ်မေးလိုက်ရာ မိက ချက်ချင်း ဖြေ၏။

"ကျွန်မကို ခြိမ်းခြောက်နေသူတွေဟာ ဂရိုရီ-အယ်လ်ဆင်-ဒန်းကပ် ဆိုသူရယ်၊ ခု ကြားဝင်ပြောနေတဲ့ ရှေ့နေ ဝင်ဒဲလ်ဂျာဗစ်ရယ်၊ ဟောဒီ ကျွန်မကိုယ်ရံတော်ဆိုတဲ့ ဂျူရယ်၊ ဒီလူတွေ ဖြစ်ပါတယ်၊ သူတို့ရန်က အကာအကွယ်ပေးဖို့ပါပဲ၊ ရှေ့နေဂျာဗစ်ဆိုတာကလည်း တစ်ခြားလူ မဟုတ်ပါဘူး၊ ဂရိုရီ-အယ်လ်ဆင် ဒန်းကပ်ရဲ့ ရှေ့နေဖြစ်ပါတယ်"

"ဂျာဗစ်က လှမ်းအော် ပြောပြန်သည်။

"ရုံးမင်းခင်ဗျား၊ ကျွန်တော် ရှေ့နေတစ်ယောက် အနေနဲ့ ဒီကိစ္စ သိချင်ပါတယ်၊ သိခွင့်လည်း ရှိပါတယ်"

တရားသူကြီးကလည်း ဂျာဗစ်ကို ချက်ချင်း လှမ်းအော်ပြော၏။

"ဒီမှာ ခင်ဗျား ထိုင်နေပါ၊ ဒီသက်သေရဲ့ တင်ပြချက်ကို ကျုပ် စိတ်ဝင်စားတယ်၊ ကဲ... မိ ဆက်ပြောပါ"

"ဟုတ်ကဲ့... ကျွန်မ ဆက်ပြောပါ့မယ်ရှင်၊ ကျွန်မဟာ... ဂရိုရီဒန်းကပ်နဲ့ ရင်းနှီးသူဖြစ်ပါတယ်၊ တစ်ခြားလူတွေနဲ့လည်း ရင်းနှီးဖူးပါတယ်၊ ဒါပေမယ့် ဒန်းကပ်လိုတော့ မဟုတ်ကြပါဘူး၊ ဒန်းကပ်ဟာ ရက်စက်ကြမ်းကြုတ်တယ်၊ ဘက်စုံအားကောင်းတယ်၊ ကျွန်မကိုလည်း မြေအောက်လောကနဲ့ ပတ်သက်တဲ့ ကိစ္စတွေမှာ အသုံးချခဲ့ပါတယ်ရှင့်"

ဂျာဗစ်က ကြားဝင်ပြောလာပြန်၏။

"ဒီမှာမိ၊ ခင်ဗျား ဘာတွေပြောနေတယ်ဆိုတာ ကိုယ်တိုင်ကော သိရဲ့လား"

တရားသူကြီးက ဂျားဗစ်ကို သည်းမခံနိုင်သည့်အလား လှမ်း၍ တားမြစ်လိုက်သည်။





"'ဒီမှာ မစ္စတာ ဂျာဗစ်၊ ခင်ဗျား ငြိမ်ငြိမ်ထိုင်နေပါ၊ ခင်ဗျားက ပြောတော့ ဒီသက်သေရဲ့ ရှေ့နေလို့ ပြောတယ်၊ တစ်ခါ ဒီသက်သေက ပြောတော့ ခင်ဗျားရဲ့အန္တရာယ်က ကာကွယ်ပေးပါတဲ့၊ ဒီတော့ သက်သေကို ရုံးက တရားဥပဒေအရ အကာအကွယ်ပေးရပါမယ်၊ ဒါကြောင့် နောက်ထပ် ခင်ဗျား တစ်ခွန်းပြောလာရင် ခင်ဗျားကို ရုံးတော်ကို မထေမဲ့မြင်ပြုမှုနဲ့ ထောင်ချပစ်လိုက်မယ်၊ ကဲ... မိ၊ ခင်ဗျား ဆက်လက်ထွက်ဆိုပါ"

မိက သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်ပြီး ဆက်ပြောသည်။

"အသတ်ခံရသူ မင်းလေးဟာ ဥပဒေပြင်ပဂိုဏ်းထဲမှ ပါဝင်နေသူ ဖြစ်ပါတယ်၊ အသေးစိတ်တော့ ကျွန်မ မသိပါဘူး၊ ဂိုဏ်းရဲ့ အသေးစိတ် အကြောင်းကို မင်းလေးသိတယ်၊ ကျွန်မနဲ့မင်းလေးဟာ တောတွင်းအိမ်ငယ်မှာ တွေ့လေ့ရှိတယ်၊ တစ်ခါတလေ ကျွန်မတို့ အတူတူနေကြပါတယ်၊ တစ်ခါတစ်ခါမှာ ကျွန်မ ငွေအလုံးလိုက် အရင်းလိုက် အဲဒီအိမ်ငယ်မှာပဲ လက်ခံရယူပါတယ်၊ မီးဖိုအထက် စင်မြင့်ပေါ်က သံမဏိဒယ်အိုးထဲမှာ နှိုက်ယူရတာပါ"

"အဲဒီ ငွေလုံးငွေရင်းကို ခင်ဗျားက ဘာလုပ်သလဲ"

"မစ္စတာဂရိုရီဒန်းကပ် လက်ထဲ ပို့ပေးရပါတယ်"

"ပြီးတော့ကော"

"တဖြည်းဖြည်းနဲ့ လုပ်ငန်းအပေါ် ငြီးငွေ့လာလို့ ကျွန်မ အဲဒီ လုပ်ငန်းထဲက ထွက်ဖို့ ကြိုးစားခဲ့ပါတယ်၊ ဒါပေမယ့် မရတော့ပါဘူး၊ ကျွန်မ တော်တော် ကျုံ့နေပါပြီ၊ ကျွန်မ ပိုပြီးတော့လည်း လန့်လာတယ်၊ ဒါကြောင့် မစ္စတာမေဆင်ပြောတဲ့ စာမျိုးတော့ ကျွန်မရေးပြီး ဂလက်ဒီကို ပေးထားတယ်၊ တောင်ထိပ်ဟိုတယ်မှာ တွေ့ဖို့ချိန်းထားတဲ့ ကိစ္စကိုလည်း ကျွန်မ သံသယ ဖြစ်လာတယ်၊ ဒါကြောင့် ကျွန်မကိုယ်စား ဂလက်ဒီကို လွှတ်လိုက်တာပါ၊ ကျွန်မကတော့ အခြေအနေကို ရိပ်မိပြီး ကြောက်လာတာနဲ့ တစ်နေရာမှာ သွားပုန်းနေခဲ့တယ်"

'ခင်ဗျား ကြောက်နေရတာ ဘယ်သူ့ကိုလဲ၊ ဒန်းကပ်ကိုလား"

"အတိအကျတော့ ပြောလို့မရပါဘူး"

"ဒီလိုဆို ဘယ်သူတွေကိုလဲ"

"ဒါကို ကျွန်မ ဖွင့်မပြောပါရစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



တရားသူကြီး မျက်မှောင်တွန့်သွားချိန် မေဆင်က ဝင်လျှောက်တင်သည်။

"ကျွန်တော် မေးခွန်းတစ်ခု မေးပါစေခင်ဗျာ"

"ခင်ဗျား အခြေအနေအားလုံးကို ရှင်းပြနိုင်မယ်လို့ ထင်လို့လား"

တရားသူကြီးက ပြန်မေး၏။

"ဟုတ်ကဲ့ ... ရှင်းပြနိုင်မယ် ထင်ပါတယ်"

သို့ဖြင့် မေဆင်က မိ ကို ကြားဖြတ်မေးတော့သည်။

"ဒီမှာ မိ၊ ခင်ဗျားက မှုယာမာယာသုံးပြီး မင်းလေးကို ချဉ်းကပ်ဆက်ဆံခဲ့တယ် မဟုတ်လား"

"ဆိုပါတော့ရှင်"

"ဒါပေမယ့် တဖြည်းဖြည်းနဲ့ မင်းလေးဟာ ခင်ဗျားနဲ့ ချစ်ကြိုက်သွားကြရော မဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"ဒါကြောင့်များ မင်းလေးအသတ်ခံရတယ်လို့ ခင်ဗျားမထင်မိဘူးလားဗျ"

"ဒါ ... ဒါတော့ ... ကျွန်မ မသိနိုင်ပါဘူးရှင်"

ဤတွင်မေဆင်က ရုံးမင်းထံ တိုက်ရိုက်လျှောက်တင် ပြောကြားရှင်းပြသည်။

"ရုံးမင်းခင်ဗျား၊ ဒီ သက်သေမိကို တောင်ထိပ်ဟိုတယ် လာဖို့ချိန်းတာဟာ မိမရှိချိန် မိအခန်းကို မွှေနှောက်ရှာဖွေချင်လို့ တမင်လာတစ်ဦးဦးက စီစဉ်ခဲ့တာပါ၊ မွှေနှောက်ရှာဖွေချင်တဲ့လူကလည်း မိ ရေးခဲ့တဲ့ ဟို ... စာကို ရချင်လို့ပါပဲ၊ ကျွန်တော့အထင် အဲဒီလို စာရေးထားတဲ့အကြောင်း မိက မင်းလေးကို ထုတ်ပြောခဲ့ဘူးတယ်ထင်တယ်၊ အဓိပ္ပါယ်ကတော့ မိကို ဖျောက်ဖျက်ပစ်လိုက်ရုံနဲ့ ဂိုဏ်းကိစ္စ နှုတ်ဆိတ်သွားမယ် မဟုတ်ဘူးလို့ မိက မင်းလေးတို့ကို သိထားစေလိုဟန်တူတယ်၊ မင်းလေးကလည်း မိ သူ့ကို ဒီလိုပြောဘူးကြောင်း သူ့ဂိုဏ်းကို အကြောင်းကြားမှာပဲ၊ တကယ်လို့များ တောင်ထိပ်ဟိုတယ်ကို မိ ကိုယ်တိုင်သွားခဲ့မိရင် တစ်နည်းနည်းအသတ်ခံရမှာ သေချာတယ်၊ အထူးသဖြင့် မိရဲ့ကား တောင်အောက် ရောက်





သွားတဲ့နည်းမျိုးနဲ့ မိကို အစဖျောက်ပစ်ကြမှာ၊ ဒါကြောင့် တောင်ထိပ်ဟိုတယ်မှာ ဆောင်းပါးရှင်နဲ့တွေ့ဖို့ဆိုတဲ့ အစီအစဉ်ဟာ အမှန် စင်စစ် မိကို ထောင်ချောက်ထောင်တာပဲ၊ မိ တစ်ယောက် သူ့အခန်းက ထွက်လာတာနဲ့ တစ်ပြိုင်နက် မိ အခန်းကို ရှာတဲ့လူတွေက ရှာကြမယ်၊ ဟို စာကို တွေ့လိုက်ရင် တွေ့ချိန်မှာ မိအသက် အန္တရာယ် စပြီဆိုပါတော့၊ မိ အခန်းကို တကယ်လည်းရှာရော စာကိုတော့ တွေ့တယ်၊ ဒါပေမယ့် မိဟာ မူလအစီအစဉ်အတိုင်း တောင်ထိပ်ဟိုတယ်ကို ရောက်မသွားဘူး၊ ကြောက်ပြီး သွားပုန်းနေခဲ့တာကိုး၊ ပုန်းတယ်ဆိုပေမယ့်လည်း ဂလက်ဒီပြန်ရောက်ချိန် မိဟာ သူ့အခန်းကိုပြန်ပြီး ဂလက်ဒီနဲ့တွေ့ဖို့က ရှိသေးတယ်၊ ဒါကြောင့်အခန်းကို ပြန်တယ်၊ အခန်း မွှေနှောက်ခံရရုံတင်မကဘူး၊ မိ ပြန်ရောက်တယ်လို့လည်း သက်ဆိုင်သူတွေ သိလည်းသိရော မိကို စောင့်ရှောက်ပေးဖို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ကိုယ်ရံတော်တစ်ယောက် မိဆီလွှတ်ထား နေရာချထား လိုက်ပြန်တယ်၊ အမှန်က မိ တစ်ယောက် သက်ဆိုင်ရာ အာဏာပိုင်တွေနဲ့ မဆက်သွယ်နိုင်တော့အောင်လုပ်ထားတာပဲ၊ မိ တစ်ယောက် အခု ဒီရုံးတော်မှာ ထုတ်ဖော်ခွင့်ရတာဟာ ပထမဆုံးအကြိမ် အဖြစ်မှန်တွေကို ထုတ်ပြောခွင့်ရတာပဲလို့ ကျွန်တော်ထင်ပါတယ်"

တရားသူကြီးက နားထောင်နေရာမှ ဖြတ်မေးသည်။

"ဒီမှာ မစ္စတာမေဆင်၊ တစ်ခု ပြောနိုင်ရင် ပြောစမ်းပါ၊ မင်းလေးကို ဘယ်သူသတ်တယ်လို့ ခင်ဗျား ထင်ပါသလဲ"

"ကျွန်တော် စွပ်စွဲတာတော့ မဟုတ်ဘူး၊ ထင်မြင်ချက်ကို လျှောက်တင်ပါ့မယ်၊ ဟို ... သံမဏိဒယ်အိုးပေါ်က မိန်းမလက်ဗွေရာတစ်ခုဟာ ဘယ်သူ့လက်ဗွေရာလို့ အတိအကျ ရဲက မပြောနိုင်သေးပါဘူး၊ မိအခန်းကို တစ်ဦးဦးက ပထမမွှေနှောက်ခဲ့ရာမှာ မိရဲ့ ဟိုစာကို တွေ့သွားတယ်၊ အဲဒါဟာ အမှန်ပြောရရင် မိရဲ့ သေတမ်းစာလို့ ဆိုနိုင်ပါတယ်၊ မိဟာ တစ်နည်းနည်း သေဘေးကို ရင်ဆိုင်ရတော့မယ့် အခြေအနေ ရှိနေပါတယ်၊ ဒါပေမယ့် နောက်ပိုင်းမှာ တစ်ဦးဦးက မိအခန်းကို ဖောက်ထွင်း ဝင်ရောက်ခဲ့ပြန်တယ်၊ အဲဒီနောက်ဝင်တဲ့လူကအခန်း မွှေနှောက်ခံထားရပြီဆိုတာ တွေ့ရတယ်၊ အဲဒီလူက မိအခန်းကို ထပ်ရှာတော့ တောတွင်းအိမ်ငယ်သွားတဲ့ လမ်းညွှန်



www.burmeseclassic.com

www.burmeseclassic.com



မြေပုံကြွမ်းရယ် ဟို မျောက်သုံးကောင်အရုပ်နဲ့ လည်စည်းပဝါရယ် ရယူသွားတယ်၊ ဒီပစ္စည်းနှစ်ခု ယူသွားချိန်ဟာ မင်းလေးအသတ်ခံရပြီးချိန် ဖြစ်ပေမယ့် ဂလက်ဒီအခန်းကို ပြန်မရောက်သေးတဲ့ တနင်္လာနေ့မနက်ပိုင်း မတိုင်မီ ဖြစ်ရမယ်''

မေဆင်က ခေတ္တနားပြီး ဆက်ပြော၏။

''ရဲအဖွဲ့ဝင်တွေ မီ အခန်းရှာဖို့ ဝင်တော့ တံခါးသော့ဖျက်ဝင်ထားတာ တွေ့ကြရတယ်၊ အခန်းထဲကို တစ်ဦးဦးက တစ်ခါမွှေနှောက်ရှာဖွေပြီး နေပြီ၊ ကျွန်တော် စုံစမ်းသိရှိထားသမျှကတော့ မီအခန်းကို လူနှစ်ဦး သီးခြားဖောက်ထွင်းဝင်ရောက် ရှာဖွေခဲ့ကြတယ်၊ လည်စည်းပဝါကို မီအခန်းထဲက ရယူသွားချိန်ဟာ ရဲအဖွဲ့က လူသတ်မှုဖြစ်ကြောင်းတောင် မသိသေးခင် ဖြစ်မယ်၊ လည်စည်းပဝါကို ယူသွားရတဲ့ ရည်ရွယ်ချက်ကတော့ လူသတ်မှုထဲ မီကို ဆွဲထည့်ချင်လို့ပါပဲ၊ ဒါကြောင့် ဒီမှာကောက်ချက်ဆွဲနိုင်တာက မီရဲ့ လည်စည်းပဝါကို ယူသွားသူဟာ မင်းလေးကိုသတ်တဲ့လူ ဖြစ်ရမယ်''

''သတ်တဲ့လူ ဘယ်မှာလဲဗျ မစ္စတာ မေဆင်''

တရားသူကြီးက ဖြတ်မေးလိုက်ပြန်ရာ မေဆင်က သူ့သဘောထား ပြောပြ၏။

''ကျွန်တော့်အထင် သေချာတယ်လို့ မပြောရဲပေမယ့် ဒီရုံးတော်ကို တော့ ကျွန်တော် အကြံပြုနိုင်တာ ရှိပါတယ်၊ ရဲမှူးထရက်က သေသူမင်းလေး ရဲ့ ဇနီး မစ္စက်မင်းလေးရဲ့ လက်ဗွေကို ယူပြီး တောတွင်းအိမ်ငယ် မီးဖိုအထက် သံမဏိဒယ်အိုးက လက်ဗွေပုံစံနဲ့တိုက်ကြည့်ရင် တူနေတာ တွေ့ရပါလိမ့်မယ်''

တရားသူကြီး မျက်မှောင်ကြုတ်ပြီး ထောက်ခံလာ၏။

''ဒီအတွေး ဖြစ်နိုင်စရာရှိတယ် ရဲမှူးထရက်၊ ခင်ဗျားအခု မစ္စတာ မေဆင်ပြောတဲ့ လက်ဗွေတွေ ယှဉ်ကြည့်ပြီးပြီလား''

ထရက်က ခေါင်းခါပြသည်။

ထိုအချိန်၌ မစ္စက်မင်းလေးက နားထောင်နေသော ပရိသတ်ထဲမှ ခုန်ထလိုက်ပြီး လှမ်းအော်ပြော၏။

''မစ္စတာမေဆင်၊ ရှင် ကျွန်မကို လူသတ်မှုနဲ့ စွပ်စွဲလို့ မရဘူးရှင်၊ တကယ်ပဲ ဟို တောတွင်းအိမ်ငယ်ကို သွားခဲ့တယ် ထားပါအုံး၊ လူသတ်မှု





ကျူးလွန်တယ်လို့ ဘယ်လိုမှ အထောက်အထား မရှိဘူးရှင့်''

ချက်ချင်း မေဆင်က တုံ့ပြန်လိုက်၏။

''အင်း ... အထောက်အထားကတော့ ခင်ဗျား လိမ်နေတယ်ဆိုတာပဲဗျ''

မစ္စက်မင်းလေးသည် ခေတ္တ တွေ့ဆိုင်းဆိုင်း ဖြစ်သွားပြီး နောက် ချက်ချင်း တစ်စုံတစ်ခုကို တွေးမိဟန်ဖြင့် ရုံးပြင်ပသို့ ထွက်ပြေးတော့၏။ ရဲမှူးထရက်က မစ္စက်မင်းလေးကို ဖမ်းဆီးရန် ကုလားထိုင်မှ တစ်ဝက်ထပြီးသည်အထိ ဖြစ်သွားလေ၏။ သို့သော် ဘာမှ မလုပ်ပဲ ပြန်ထိုင်နေလိုက်သည်။ ဤတွင် တရားသူကြီးကပင် ရဲမှူးထရက်ကို လှမ်းအော်ပြောလိုက်၏။

''ဘယ်လိုလဲဗျ၊ ရဲမှူးကြီး၊ ထွက်ပြေးတဲ့ ဟိုမိန်းမကို လိုက်မဖမ်းဘူးလားဗျ''

''ခု မဖမ်းသေးပါဘူး ရုံးမင်းခင်ဗျား''

''ဗျာ ... မေးစမ်းပါရစေအုံး ဘာကြောင့်ပါလဲ''

''ဒါကတော့ မစ္စက်မင်းလေး ကိုယ်တိုင် ပြောသွားတဲ့အတိုင်းပါပဲ၊ တောတွင်းအိမ်ငယ်မှာ တွေ့ရှိတဲ့ လက်ဗွေရာအရ မစ္စက်မင်းလေး လိမ်နေတယ်ဆိုတာ ဟုတ်ပေမယ့် သူ့ကို လူသတ်မှုနဲ့ မစွဲနိုင်သေးဘူးလေ၊ တော ... အခုတော့ သူ ထွက်ပြေးတယ်၊ ဒီလို ထွက်ပြေးတဲ့အချက်ကို အစိုးရရှေ့နေကြီး မစ္စတာ ဟင်မီတန်တို့က လူသတ်မှုစွဲချက်တင်တဲ့အခါ အထောက်အထားအဖြစ် တင်နိုင်တာပေါ့၊ ဒါကြောင့် မိုက်မဲစွာ ထွက်ပြေးအုံးမယ်ဆိုရင် ပြေးပါစေအုံးလို့ ကျွန်တော် ပြေးခွင့်ပေးလိုက်ပါတယ်၊ မဖမ်းနိုင်သေးခင် ပြေးပါစေအုံး ခင်ဗျား''

ရုတ်တရက် စိတ်အနှောင့်အယှက် ဖြစ်သွားရှာသော တရားသူကြီးမှာ ယခုမှ ပြုံးနိုင်လာပြီး ရဲမှူးထရက်အပေါ် မှတ်ချက်ချလိုက်ရှာ၏။

''အေးဗျာ... ကိုယ့်လုပ်ငန်းခွင်မှာ ကျွမ်းကျင်လိမ်မာတဲ့ အရာရှိမျိုးတွေ လုပ်ငန်းတာဝန် ထမ်းဆောင်နည်းကို ဒီလိုမျက်မြင်တွေ့ရပြန်တော့လည်း ပီတိဖြစ်စရာပေပဲ''

✿ ✿ ✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၆)

✿ ပယ်ရီမေဆင်၊ ဒယ်လာနှင့် ဒရိတ်တို့သုံးဦး မေဆင်ရုံးခန်းအတွင်းစားပွဲကြီး၌ မျက်နှာချင်းဆိုင် ထိုင်မိကြသောအခါ ဒရိတ်က စ မေးသည်။

"လုပ်စမ်းပါဦးဗျ ပယ်ရီ...၊ လူသတ်တရားခံ ဘယ်သူဆိုတာ ဘယ်လိုလုပ် သိလိုက်သလဲ၊ ကျွန်တော်တို့ကို ပြောပြပါလား"

"ဘယ်လိုလုပ်သိသလဲတောင် မသိတော့ပါဘူးကွာ။ တစ်ခုတော့ ရှိတယ်၊ တဖြည်းဖြည်းတော့ သင်္ကာယန မကင်းပို့ဖြစ်လာနေခဲ့တာကွ၊ ဥပမာ စာရေးဆရာမ မိကို လူသတ်မှု တရားခံဖြစ်လာအောင် တစ်စုံတစ်ယောက်က အကြီးအကျယ် ကြိုးစားပြီး ထောင်ချောက်ဆင်နေတာ တွေ့ရတယ်၊ ဘယ်လောက်အထိ ထောင်ချောက်ဆင်ခဲ့သလဲဆိုတော့ အထောက်အထား တစ်ခုနဲ့မဟုတ် အခြားတစ်ခုနဲ့ မိအပေါ် အမှုပတ်လာအောင် အကွက်ဆင်ခဲ့တယ်၊ သဘောကတော့ကွာ... သားကောင်ကြီးကြီးမားမားရဖို့ အမဲလိုက်တဲ့အခါ ပစ်လိုက်တဲ့ကျည်ဆံ လွဲသွားလေမလား စိုးရိမ်စိတ်ကြီးပြီး ဆင့်ဆင့်ပစ်တယ်မဟုတ်လား၊ ခုလည်း ဒီလိုပဲကွ၊ တစ်ခုနဲ့အမှုမပတ်ရင် နောက်တစ်ခုနဲ့ ပတ်အောင်ကို အကြီးအကျယ် ကြိုးစားခဲ့တာ တွေ့ရတယ်၊ ပထမဆုံး ဒီ စာ



www.burmeseclassic.com

www.burmeseclassic.com



တစ်စောင်ရတယ်၊ လက်နှိပ်စက်နဲ့ ရိုက်ထားတဲ့ စာပဲ၊ စာနဲ့အတူ မြေပုံကြမ်း တစ်ခုလည်း ပါလာတယ်၊ ဒီမြေပုံကြမ်းကလည်း မိအခန်းထဲက တိတ်တဆိတ် ရယူသွားခဲ့တဲ့ မြေပုံကြမ်း၊ မင်းလေးရဲ့အိမ်ကို ဒို့သွားကြတော့ မင်းလေးရဲ့ နီး မစွက်မင်းလေးနဲ့တွေ့တော့ သူက ဘာပြောသလဲ၊ အိမ်တွင်းသန့်ရှင်းရေး လုပ်နေပါသတဲ့၊ ဒါပေမယ့် ရာဘာလက်အိတ်ကြီး စွပ်ထားတာ သတိထား မိသလား၊ တို့နဲ့ တွေ့နေချိန် လက်အိတ်ချွတ်လိုက်တော့ လက်ချောင်း ထိပ်ကလေးတွေမှာ မင်ခံကြိုးခွေက စွန်းထားတဲ့ မင်ရာတွေ တွေ့လိုက်ရတယ်၊ လက်အိတ်စွပ်ပြီး အိမ်သန့်ရှင်းရေးလုပ်နေတဲ့အခါ ဘယ့်နှယ်လုပ်ပြီး လက်ထိပ်ကလေးတွေ မင်ခံမင်စွန်းနိုင်မှာလဲ၊ အဲဒီ မင်စွန်းနေတဲ့ လက်ထိပ် ကလေးတွေကို သူ့ဘာသာသူ ပြန်သတိထားမိတော့ ချက်ချင်း လက်အိတ် ပြန်စွပ်လိုက်တယ်၊ ဒီထူးခြားချက် အဓိပ္ပါယ်ကို အဲဒီတုန်းက တို့လည်း မတွေး ခဲ့မိဘူး၊ နောက်မှပြန်တွေးရင်း သတိပြုမိလာတာ၊ တို့ဆီ လက်နှိပ်စက် ရိုက်ထားတဲ့ စာလာပို့တဲ့လူဟာ မိကို လူသတ်မှုထဲ ဆွဲထည့်ချင်နေတဲ့လူပဲ၊ တစ်ခါ ပို့င့်-၂၂ ကျည်ဖူးကို မိရဲ့ လည်းစည်းပဝါနဲ့ ထုပ်ပြီး ကော်ဖီသံဗူးခွံ ထဲထည့်၊ တောတွင်းအိမ်ငယ်အောက် ပစ်ထားခဲ့တာလည်း မိကို လူသတ်မှုထဲ ဆွဲထည့်ဖို့ ကြိုးစားခဲ့တဲ့ နောက်တစ်ချက်ပဲ၊ နောက်တစ်ခုက မိဟာ မင်းလေး နဲ့ ပထမတော့ လုပ်ငန်းသဘောမှာ မှုရာမာယာနှောပြီး ဆက်ဆံခဲ့တာလည်း ဖြစ်ချင်ဖြစ်မယ်၊ ဒါပေမယ့် မိကိုယ်တိုင်လည်း ချစ်ရေးချစ်ရာဘက် စိတ်သန် လွန်းသူဆိုတော့ မင်းလေးနဲ့ ငြိသွားရောဆိုပါတော့ ၊ မစွက်မင်းလေးက မိ လောက် ဆွဲဆောင်မှု မရှိရှာသူမဟုတ်လား၊ အဲဒီတင် မသင်္ကာရာက မစွက် မင်းလေးဟာ သူ့ယောက်ျားကို ခြေရာခံပါလေရော၊ မိနဲ့ မင်းလေးတို့ကလည်း သူတို့ဇာတ်လမ်း သူတို့လုံလုံပြီလို့ အထင်ရှိနေပေမယ့် တောတွင်းအိမ်ငယ်မှာ သူတို့ ချစ်စခန်းဖွင့်လေ့ရှိတာကို မစွက်မင်းလေးက သိသွားရော၊ ဒါနဲ့ မစွက်မင်းလေးဟာ တစ်နေ့မှာ ပို့င့်-၂၂ ရိုင်ဖယ်ကိုယူပြီး တောတွင်း အိမ်ငယ် ကနေ သွားပြီးချောင်းနေခဲ့ပုံရတယ်၊ အဲဒီည သန်းခေါင်ကျော်လောက် မင်းလေး ရောက်လာပြီး အိပ်ခန်းထဲလည်း ဝင်ရော၊ ကိုက် ၃၀ အကွာလောက်ကနေ မစွက်မင်းလေးက သူ့ယောက်ျားသူ ပစ်သတ်လိုက်တာပဲ၊ ပြတင်းပေါက်က ဖွင့်ထားတော့ အဲဒီမြင်ကွင်းအတိုင်း ပစ်သတ်တာဖြစ်မယ်၊ ပြီးတော့ သေနတ်က





လက်ဗွေရာတွေကို သုတ်ပစ်တာဖြစ်မယ်၊ ပြီးတော့ မင်းလေး သေနေတဲ့ အခန်းထဲ သေနတ်ကို သွားထားခဲ့တယ်၊ သေချာတော့မှ အိမ်ကို ပြန်ခဲ့ပြီး မိကို လူသတ်တရားခံဖြစ်အောင် အကွက်ဆင်တော့တာကိုး၊ လူ သတ်မှု ဖြစ်တဲ့အချိန်ကို ခန့်မှန်းရရင် ကျွမ်း အိမ်ငယ်ကပြန်သွားချိန် ဂလက်ဒီလည်း အိပ်မောကျသွားချိန် ဖြစ်ပုံရတယ်၊ ဂလက်ဒီဟာ မင်းလေးရဲ့ ကားသံကို ကြားချင်လည်း ကြားမယ်၊ ဒါပေမယ့် အိပ်တစ်ဝက် နိုးတစ်ဝက် အချိန် ဖြစ်နိုင်တယ်၊ သေနတ်သံကိုတော့ မကြားနိုင်ဘူး၊ အပြင်ကပစ်တာကိုး၊ ပြီးတော့ ယမ်းအားနည်းတဲ့ သေနတ်အမျိုးအစားနဲ့ တစ်ချက်တည်း ပစ်လိုက်တာမို့ မကြားနိုင်တာပေါ့၊ တစ်ဖက်ခန်းထဲမှာ အဲဒီအချိန်က ဂလက်ဒီအိပ်ပျော်နေတာ မစွမင်းလေး လုံးဝသိပုံမရဘူး၊ သူ့ယောက်ျားကို လည်း ပစ်သတ်ပြီးရော တောတွင်းအိမ်ငယ်ထဲ ဝင်တယ်၊ သေနတ်ကို အလောင်းနားမှာ ထားတယ် ပြီးတော့ ဟိုရှာဒီရှာလုပ်တယ်၊ မီးဖိုအထက် စင်ပေါ်က သံမဏိဒယ်အိုးကိုလည်း အဖုံးဖွင့်ကြည့်တယ်၊ အထဲမှာ ငွေတွေ တွေ့တော့ ယူပြီးအိမ်ပြန်သွားတယ် ဒီငွေတွေဟာ မင်းလေးက မိ ယူဖို့ ထားပေးတဲ့ငွေတွေပဲ၊ အမှုအကြောင်း မစွက်မင်းလေး စောင့်နားထောင်နေတုန်း ရဲအဖွဲ့က မိ အပေါ် သင်္ကာမှု မကင်းကြောင်း တစ်စုံတစ်ရာ မကြားရတော့ မိအပေါ် အမှုပတ်အောင် အကြံအဖန်တွေ ထပ်စီစဉ်တယ်''

ငြိမ်နားထောင်နေသူ ဒယ်လာက ယခုမှဝင်၍ မှတ်ချက်ချသည်။

''ဆရာရယ်၊ ဆရာ ရှင်းပြတော့လည်း အလွယ်ကလေးပါလား။ ကဲ တွေ့တယ်မို့လား၊ ဆရာရှင်းပြတော့လည်း ဘယ်လောက်လွယ်သလဲ''

ဒယ်လာက ဒရိတ်ကို လှမ်းပြောလိုက်ခြင်း ဖြစ်သည်။ ဒရိတ်လည်း ယခုမှ ဖြတ်မေးသည်။

''ဒါနဲ့နေပါဦးဗျ၊ မိနဲ့ ဂလက်ဒီကော နောက် ဘာဖြစ်မယ်ထင်သလဲ''

''မိအတွက် မပူပါနဲ့ကွ၊ ဟို ပြည်ထောင်စုအစိုးရ စုံထောက်အာဝင်နဲ့ ရဲအုပ်နှစ်ယောက် ရုံးခန်းထဲကနေ မိကို စောင့်ရှောက်ပြီး ခေါ်သွားတယ် မဟုတ်လား၊ ခုလောက်ဆို မိဟာ ပြည်ထောင်စုတရားရုံးမှာ ဖြောင့်ချက်ပေး နေရောပေါ့၊ ဂရိဂိုရီဒန်းကပ်ဆိုရင်လည်း လွှတ်ရာလွှတ်ကြောင်း အကြီး အကျယ် ကြိုးပမ်းနေရှာပြီပေါ့၊ ဂလက်ဒီအတွက်လည်း ပူစရာမလိုဘူး



www.burmeseclassic.com

www.burmeseclassic.com



ခုအချိန်လောက်ဆိုရင် ဂလက်ဒီဟာ ဂျိမင်းနဲ့ ပြန်ပေါင်းထုပ်ပြီး အဖွဲ့ကျ နေလောက်ပါပြီ''

မေဆင်၏ စကားအဆုံး၌ ဒယ်လာက အားလုံးခြုံပြီး ကောက်ချက် တစ်ခု ချလိုက်သည်။

''ဆရာရေ ဒီအမှုသွား အမှုလာမှာ ခြုံပြီး ဥပဒေသထုတ်လိုက်ရင် ချစ်ခန်းကြိုက်ခန်းဝတ္ထု ရေးချင်တဲ့ စာရေးဆရာမ ငယ်ငယ်ရွယ်ရွယ်တွေ လက်တွေ့ ကွင်းဆင်းတဲ့အခါ သတိထားရမယ်နော် ဆရာ''

မေဆင်က ချက်ချင်း သူ့ထင်မြင်ချက်ကို ပြောပြသည်။

''အဲလို မဟုတ်ဘူးကွယ့် ဒယ်လာရဲ့ မိဟာ အမှုထဲက လွတ်လာမှာပါ။ ပြစ်ဒဏ်ခံရမှာက ဂရီဂိုရီဒန်းကပ်ပဲ၊ ဥပဒေသ ကောက်ချက်ဆွဲသင့် တာကတော့ ဥပဒေကို ဆန့်ကျင်လုပ်ကိုင်ရင်း ဥပဒေလက်တံ အောက်က လွတ်အောင် မဟုတ်တရား ကြိုးပမ်းနည်းဟာ ဘယ်တော့မှ မအောင်မြင်နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ ဥပဒေဆိုတာဟာ မဟုတ်က ဟုတ်ကလုပ်ကြံ ပြဌာန်းထားတာမှ မဟုတ်ပဲ''

✿✿✿✿✿✿✿

– ပြီးပါပြီ –

အားလ်စတင်လေ ဂဒ္ဒနာ

မောင်ဝံသ(မြန်မာပြန်သူ)

● ● ● ● ● ● ● ● ● ● ● ● ● ●



## ရည်မွန်ဦးစာပေမှ ထွက်ရှိပြီးစာအုပ်များ

| | | |
|---|---|---|
| ၁။ | ညီသော်လှ | အမေရိကန်ဘီလျံနာ (၄၀) |
| ၂။ | ကြည်အေး | ကျွန်မပညာသည် |
| ၃။ | တင့်ဖော် | ရာဘီမြစ်ကိုဖြတ်သန်းခြင်းနှင့် အိန္ဒိယဝတ္ထုတိုများ |
| ၄။ | ကြည်အေး | မီး |
| ၅။ | ကြည်အေး | အပြင်ကလူ |
| ၆။ | မြတ်ငြိမ်း | ဘဝကိုကြက်ခြေခတ်ခဲ့ရပေမဲ့ |
| ၇။ | စိတ်ကြိုက်ဝတ္ထုတိုစု | ပန်းတို့၏ရနံ့ |
| ၈။ | စိတ်ကြိုက်ဝတ္ထုတိုစု | စံပါယ်ပွင့်ဝေဝေ |
| ၉။ | မြသန်းတင့် | ကြာညိုနံ့သင်းသောရေဝတီမ |
| ၁၀။ | မောင်ဝံသ | ရွှေနေကြီး ပယ်ရီမေဆင်နှင့် လျှို့ဝှက်သော စာရေးဆရာမ အမှု |

www.burmeseclassic.com